မဟာသဒ္ဓမ္မဇောတိကဓဇ

# တက္ကသိုလ်သျှင်သီရိ

(ဓမ္မာစရိယ ဘီအေ)

## လူသားပတ်ဝန်းကျင်ရှိ

# ဘုမ္မစိုး-ရုက္ခစိုးနတ်များ



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

မဟာသဒ္ဓမ္မဇောတိကဓဇ

# တက္ကသိုလ်ညှင်သိရိ

(ဓမ္မာစရိယ ဘီအေ)

## လူသားပတ်ဝန်းကျင်ရှိ

# ဘုန်းတိုး-ပညာတိုးနည်းများ

ရတော်ဝင်ဖြိုးစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း။

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၄၄၈၀၇၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၅၂၂၀၇၀၇

| | | |
|---|---|---|
| အဖုံး ပန်းချီ | - | ကိုနိုင်လင်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၃၀၀) |
| | | ၈၈၊ ၃ထပ်(ညာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မှုရွှေပုံနှိပ်တိုက်) |
| | | ၈၀/ခ၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းပလင် | - | ကိုဦးနှင့် ညီများ |
| တအုပ်ချုပ် | - | ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၆၀၀ ကျပ် |

# မာတိကာ


၁။ အမှာစာ ၁

အခန်း (၁)

၂။ နတ်ယုံကြည်ကိုးကွယ်မှုအစ

- ခေတ်ဦးလူသားများ၏ယုံကြည်အားထားရာရှာမှု ၁၇
- လူသားများ နတ်ကိုးကွယ်ဖြစ်ပေါ်မှုအစ ၂၁
- မြန်မာတို့နတ်ကိုးကွယ်မှုအစ ၂၅
- အနော်ရထာမင်းလက်ထက် နတ်များအနေအထား ၂၈
- ပုဂံခေတ်မှသည်ကုန်းဘောင်ခေတ်ထိ နတ်ပူဇော်မှုအခြေအနေ ၃၄

## အခန်း (၂)

၃။ **လူသားပတ်ဝန်းကျင်ရှိနတ်များ**

- နတ်ဟူသည် ၄၅
- နတ်အမျိုးမျိုးဖြစ်ပေါ်မှု ၄၇
- နတ်အမျိုးအစား(၃)မျိုး ၅၀
- နတ်စည်းစိမ်ချမ်းသာ ၅၂
- လူသားဝန်းကျင်ရှိ စတုမဟာရာဇ်
  လက်အောက်ခံနတ်များ ၅၄
- လူသားဝန်းကျင်ရှိ ဘုမ္မစိုး၊ ရုက္ခစိုးနတ်များရှိပုံ ၆၄
- ဘုမ္မစိုး၊ ရုက္ခစိုးနတ်များဟူသည် ၆၉
- ကိုယ်စောင့်နတ် ၇၂
- ဝလာဟက (အာကာသစိုးနတ်များ) ၈၂
- အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊
  မြို့ရွာစောင့်နတ်များ ၈၅

## အခန်း (၃)

၄။ **နတ်များပူဇော်ပသမှု**

- ကျမ်းဂန်လာအဆိုအမိန့်များ ၉၁
- ဆရာတော်များ၏အဆိုအမိန့်များ
  (က) ရှင်မဟာသီလဝံသနှင့်ရှင်မဟာရဋ္ဌသာရ ၉၅
  (ခ) လယ်တီဆရာတော် ၁၀၀
  (ဂ) မင်းကွန်းတိပိဋကဆရာတော် ၁၀၁

(ဃ) ရွှေဟသ်ာဆရာတော် (စစ်ကိုင်း) ၁၀၁
(င) နမားဆရာတော် ၁၀၂
(စ) သုတေသနသရုပ်ပြဆရာတော်
ဦးသြဘာသ ၁၀၃
(ဆ) မဟာဂန္ဓာရုံဆရာတော်ဦးဇနက ၁၀၆
(ဇ) နတ်ကိုပူဇော်ပသတင်မြှောက်မှု ၁၁၁
(ဈ) နတ်ကိုးကွယ်သူသရဏဂုံပျက်-မပျက် ၁၁၄

(၇)

## အခန်း (၄)

၅။ ဘုမ္မစိုး၊ ရုက္ခစိုးနတ်များ
ကူညီစောင့်ရှောက်ခံရသူများ
- ရုက္ခစိုးနတ်တို့ကို မေတ္တာပို့၍
ရဟန္တာဖြစ်ရသော ရဟန်းငါးရာ ၁၂၅
- မြစ်စောင့်နတ်တို့ကို အမျှပေးဝေ၍ရသော
ကောင်းကျိုးချမ်းသာ ၁၃၁
- ကြက်ဆူပင်စောင့် နတ်တို့ကိုပူဇော်၍
ရသော ကောင်းကျိုးချမ်းသာ ၁၃၄
- ပေါက်ပင်စောင့် ရုက္ခစိုးကို ပူဇော်၍
ရသော ကောင်းကျိုးချမ်းသာ ၁၃၆
- သီလရှိသူကို စောင့်ရှောက်သော
သမုဒ္ဒရာစောင့်နတ် ၁၃၈
- သီလရှိသော ဆတ္တာသည်ကြောင့်
နတ်ကအများကို စောင့်ရှောက်မှုပေးခြင်း ၁၄၁

- ထီး၊ ဖိနပ်လှူခဲ့ဖူး၍ သမုဒ္ဒရာစောင့်
နတ်သမီးက စောင့်ရှောက်ခြင်း ၁၄၄
- ဆွေမျိုးနတ်တို့ကို စောင့်ရှောက်မှုပေးသော
အင်ကြင်းပင်စောင့် ရုက္ခစိုးနတ် ၁၄၈
- ပြည့်ရှင်မင်းကိုဆုံးမသောတည်ပင်စောင့်
ရုက္ခစိုးနတ် ၁၅၀
- နတ်ကကောင်းကျိုးပေးသောအိပ်မက် ၁၅၃
- ရှင်သာရိပုတ္တရာအတွက် ဝင်ပူးဆွမ်းချက်
ခိုင်းသောရုက္ခစိုးနတ် ၁၅၄
- နတ်ပေးမုန့်ကိုစားရသောအနုရုဒ္ဓါမင်းသား ၁၅၆
- နတ်တို့ချစ်သောဝိသာခမထေရ် ၁၆၀
- မဟာသမယသုတ်ကိုချစ်ခင်မြတ်နိုးသော
ကံ့ကော်ပင်စောင့်နတ်သမီး ၁၆၃
- ရုက္ခစိုးနတ်ကလမ်းပြလိုက်ပို့ခံရသောတောင်တန်း
သာသနာပြုဆရာတော် ပုသိမ်ဦးဝိမလ ၁၆၆
- ရုက္ခစိုးနတ်ကူညီပေးခံရသော
ဘိုင်ဘင်ဆရာတော် ၁၇၀
- လယ်တီပဏ္ဍိတဦးမောင်ကြီးနှင့်ရုက္ခစိုးနတ်ကြီး ၁၇၃
- ကျောင်းစောင့်နတ်ကယ်တင်ပေးခဲ့ရသော
ဒက္ခိဏာရုံဆရာတော် ဦးစန္ဒိမာ ၁၇၆
- အနာထပိဏ်သူဌေး၏တံခါးစောင့်နတ် ၁၈၀
- ရွာစောင့်နတ်ကကူညီပေးခံရသူ ၁၈၇
- နတ်ပေးအိပ်မက်ကြောင့် ပျက်စီးရသော
ဆရာတော် ၁၈၉

## အခန်း (၅)


၆။ **ပိဋကတ်နှင့်ဓာတ်တော်လာ ဘုမ္မစိုး၊ ရုက္ခစိုး နတ်များ**

- သက်ရှိမိန်းမကို ခေါ်ယူပေါင်းသင်းသော ရုက္ခစိုးနတ် ၁၉၃
- ပြိတ္တာဘဝမှ ရုက္ခစိုးနတ်ဖြစ်ရသော ရုက္ခစိုးနတ် ၁၉၇
- အရှင်လတ်လတ် ရုက္ခစိုးနတ်ဘုံရောက်ရသူ ၂၀၀
- တော၌ တရားအားထုတ်နေသော ရဟန်းတော်များနှင့် ဘုမ္မစိုးနတ်ကြီး ၂၀၄
- သစ်ပင်ခုတ်သောရဟန်း နှင့်ရုက္ခစိုးနတ်သမီး ၂၀၆
- အဝတ်မစီး မြင်းစီးဘုမ္မစိုးနတ် ၂၀၇
- မတကဘတ်၌ ဆိတ်သတ်အလှူနှင့် ရုက္ခစိုးနတ်၏တရား ၂၀၉
- သတ္တဝါတို့အားသတ်၍ နတ်ပူဇော်မှု အကျိုးမရှိပုံကိုဟောသော ရုက္ခစိုးနတ် ၂၁၁
- ဗျိုင်းမိုက်ကို လည်ဖြတ်သော ပုဇွန်လုံးပညာရှိပုံကို ကျူးရင့်ကြွေးကြော်သော ရုက္ခစိုးနတ် ၂၁၃
- ညီညွတ်စွာ ယှဉ်တွဲနေသော သစ်ပင်ကို လေကြီးမဖြိုနိုင်ပုံကို ဟောသောရုက္ခစိုးနတ် ၂၁၆
- ကြောက်ရွံ့ထိတ်လန့်နေသော ဆင်ပြောင်ကို ဆုံးမသောရုက္ခစိုးနတ် ၂၁၈
- မြေခွေးလှည့်စားခံရသော ပုဏ္ဏားကို ဆုံးမသော ရုက္ခစိုးနတ် ၂၁၉

- မဆိုင်ဘဲ ဝင်စွက်သောမြေခွေးကို ဆုံးမသော
ရက္ခစိုးနတ် ၂၂၁
- တန်ခိုးကြီးသော ရက္ခစိုးနတ်ထက် ဉာဏ်ရှိသော
ကျူပင်စောင့်နတ် ၂၂၂
- ရေ-ကုန်နှစ်ပါးစုံ ပျက်စီးရသော တံငါကို
ဆုံးမသော ရက္ခစိုးနတ် ၂၂၄
- ကျီးမိုက်တို့ကိုချမ်းသာစေသော
သမုဒ္ဒရာစောင့်နတ် ၂၂၆
- အလှပြိုင်သောငါး၊ လိပ်နှင့်ရက္ခစိုးနတ် ၂၂၈
- ကြက်မုဆိုးနှင့် တောကြက်တို့၏ အဖြစ်
အပျက်ကို တွေ့ရှိရသောရက္ခစိုးနတ် ၂၂၉
- သားရဲတို့ကိုထွက်စေသဖြင့် ဘုံပျက်ရသော
ရက္ခစိုးနတ်များ ၂၃၀
- ဝက်ခေါင်းဆောင်ကို ချီးကျူးသော ရက္ခစိုးနတ် ၂၃၂
- မြေခွေးနှင့်ကျီးတို့ကို ဆုံးမသော
သပြေပင်စောင့် ရက္ခစိုးနတ် ၂၃၅
- ဂုဏ်မဲ့ချင် ဂုဏ်တင်ဆိုသော ကျီးနှင့်မြေခွေးကို
ဆုံးမသော ကြက်ဆူပင်ရက္ခစိုးနတ် ၂၃၆
- သနားကြင်နာသော ရက္ခစိုးနတ်နှင့်
ရက်စက်သော ရက္ခစိုးနတ် ၂၃၇
- သမုဒ္ဒရာရေသောက်မှုကို တားမြစ်သော
ကျီးမိုက်ကို ဆုံးမသော သမုဒ္ဒရာစောင့်နတ် ၂၄၁
- တမာပင်စောင့် ရက္ခစိုးနတ်နှင့်
ညောင်ဗုဒ္ဓဟေပင်စောင့် ရက္ခစိုးနတ် ၂၄၂

- ကျားနှင့်ခြင်္သေ့ မိတ်ဆွေပျက်မှုကို ပြလုပ်သော
မြေခွေးအား ဆုံးမမှုကို သာဓကဆောင်သော
ရက္ခစိုးနတ် ၂၄၄
- ငှက်မငယ်ကို စိုးရွံ့သော ရက္ခစိုးနတ် ၂၄၇
- ကြို့ပင်ကောက် ရက္ခစိုးနတ်နှင့် ဝက်ဝံတို့
ပဋိပက္ခနှစ်ဦးနှစ်ဝပျက်စီးရ ၂၄၈
- ဓမ္မနတ်သားနှင့် အဓမ္မနတ်သား ၂၅၀

ဆ ဆ ဆ

# အမှာစာ

စာရေးသူသည် မယ်လမုအဘိဓမ္မာသင်တန်းတွင် သင်တန်းနည်းပြဆရာအဖြစ် အဘိဓမ္မာနှင့် ဋီကာကျော်များ ပို့ချပေးခဲ့ရပါသည်။ အဘိဓမ္မာ-ဝိထိမုတ်ပိုင်း (ဘုံပိုင်း) အရောက်တွင် ၄ ရဲဘုံ၊ နတ်ဘုံများနှင့် နတ်များအကြောင်းကို သင်ကြားသောအခါ သင်တန်းသား ဦးအောင်သန်း(လ/ထညွှန်မှူး-ငြိမ်း)နှင့် ဒေါက်တာသန်းလွင်(မိုးကေသီဦးဆေးခန်း)တို့က သူတို့နတ်ကို မကိုးကွယ်ကြောင်း၊ အိမ်မှာ နတ်အုန်းသီးမရှိကြောင်းနှင့် နတ်တင်မှု၊ ပသမှုများမရှိကြောင်းနှင့် ဤနတ်များသည် အသေဆိုးနှင့် သေကြပြီး အသားစိမ်းစား၊ အရက်သောက်နေကြသော နတ်များ၊ သူများ သားမယားကို ကြာခိုသောနတ်များ၊ သူများ သားမယားကို လိပ်ပြာလုသည်ဆိုပြီး တော်ကောက်လက်ထပ်ကြ၍ ငါးပါးသီလပင် မလုံခြုံသော နတ်များဖြစ်၍ ကျွန်တော်တို့ ထိုနတ်များကိုမကိုးကွယ်ကြောင်းပြောကြားပြီး ဆရာကြီးရဲ့အယူအဆလည်းပြောပါ ဦး ဟုဆိုလာပါသည်။

**တော်ဝင်မြို့မ စာတစ်ပိုဒ်**

ဒေါက်တာသန်းလွင်မှာ စာရေးသူအိမ်သို့ ရောက်ဖူးသူ ဖြစ်၍ "အဲ. . . အဲ ဆရာ့အိမ်မှာ အုန်းသီးဆွဲထားတာ၊ မြင်းဖြူရှင် တင်ထားတာ ကျွန်တော်တွေ့တယ်။ ဆရာကတော့ ဒါတွေကို လက်ခံဘယ်ပေါ့ "

ဟု ထပ်ဆင့်ပြီးရယ်မောပြောဆိုပါသည်။

"သင်တန်းသားများ ယခုနတ်ပြည်ခြောက်ထပ် နတ်များ ကိုတော့သိကြပြီး အဘိဓမ္မတ္ထသင်္ဂဟက ဆိုတာက သိပ်ကျဉ်းလွန်း တယ်။ အကျယ်ကိုသိချင်သေးတယ် ဆိုလျှင်တော့ သျှင်သီရိ ရေးတဲ့ "လူနတ်ပြဟ္မာဟူသည်" စာအုပ်ကိုဝယ်ဖတ်ကြပါ။ ယခု ကျွန်တော် တို့ နတ်မကိုးကွယ်ပါဘူး။ အိမ်မှာ နတ်မထားပါဘူးဆိုတဲ့ ဒေါက် တာနှင့် လက်ထောက်ညွှန်မှူးတို့ကို ကျွန်တော်ကမေးလိုပါသည်၊ စတုမဟာရာဇ် နတ်အနွယ်ပင်တွေကို သိပါသလား။ ဘုမ္မစိုး ရုက္ခစိုး ဆိုတဲ့ လူ့ပတ်ဝန်းကျင်မှာရှိနေကြတဲ့ နတ်တွေကိုကော သိကြ ရဲ့လား။ ပရိတ်တွေကို ရွတ်ဖတ်ကြတဲ့အခါမှာ နတ်တွေကို ဘာ ပြုလို့ သမန္တာစက္ကဝါဠေသု ဆိုပြီးဖိတ်ကြားနေပါသလဲ၊ ဝိနိပါတက အသူရာနတ် ဆိုတာတွေရှိနေတာကိုကော သိရဲ့လား၊ မကိုးကွယ် ဘူးဆိုတာ ဘယ်နတ်ကိုမကိုးကွယ်တာလဲ၊ အိမ်တွေမှာ အုန်းသီး ဆွဲနေကြတဲ့နတ်ကကော ဘယ်အမျိုးအနွယ်၊ ဦးမင်းကျော်၊ မင်းကြီး မင်းလေးတို့၊ မြင်းဖြူရှင်တို့၊ အမေဂျမ်းတို့၊ အမေရေယာဉ်တို့ ဆိုတဲ့

ယနေ့မြန်မာတွေလေးစားပြီး တွင်ကျယ်နေတဲ့ နတ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကကော ဘယ်နတ်အမျိုးအနွယ်လဲ၊ သူတို့ကို ကိုးကွယ်ရမှာလား၊ ပူဇော်ပသရမှာလား၊ သူတို့ကကော ဘာလုပ်ပေးနိုင် သလဲ၊ ဘုရားက ဗလိနတ်စာပေးပါလို့ ဘာကြောင့် ဟောကြားထားပါသလဲ”

ဟု စာရေးသူက မေးခွန်းတွေထုတ်ပါသည်။

“ဆရာ. . . ကျွန်တော်တို့ အဲဒီလောက်တော့ နားမလည်ဘူး၊ ကျွန်တော်တို့ မကိုးကွယ်၊ မတင်ထားတာကတော့ အရက်သောက်၊ အသားစိမ်းစား၊ သူများမယားကြာခိုတဲ့နတ်၊ အသေဆိုးနဲ့သေပြီး အုန်းဆွဲနေတဲ့နတ်၊ အဲဒီနတ်တွေကို ပြောတာ”

ဟု ဒေါက်တာသန်းလွင်က အဖြေပေးပါသည်။

“ဆရာ. . . အဲဒီလို နတ်အမျိုးအစားတွေ ကွဲပြားအောင်ရေးပြပြီး ဘယ်နတ်ကို ကိုးကွယ်သင့်တယ်၊ ပူဇော်သင့်တယ်၊ ဘယ်နတ်ကိုတော့ မကိုးကွယ်သင့်၊ မပူဇော်သင့်ဘူး၊ နတ်ဟာ ရတနာသုံးပါးထက်မမြတ်ဘူးဆိုတာ အားလုံးသော ဗုဒ္ဓဘာသာဝင်တွေသိအောင် ရေးပြသင့်ပါတယ်”

ဟု လက်ထောက်ညွှန်မှူး ဦးအောင်သန်းက ထပ်မံအကြံပြု ဆွေးနွေးပါသည်။

ထိုဆွေးနွေးချက်များပေါ် မူတည်၍ စာရေးသူသည် ဤ

"လူ့ပတ်ဝန်းကျင်ရှိ ဘုမ္မစိုး၊ ရုက္ခစိုးနတ်များ" စာအုပ်ကို ပိဋကတ်တော်လာ အထောက်အထားများကို အခြေခံပြီး ရေးသားပြုစုထုတ်ဝေလိုက်ရပါသည်။

ဤစာအုပ်တွင် လူသားတို့ ပတ်ဝန်းကျင်ရှိ ဘုမ္မစိုး၊ ရုက္ခစိုးနတ်များ၊ ဝိနိပါတိက အသူရာနတ်များ အကြောင်းနှင့် ထိုနတ်များမည်သို့မည်ပုံ ဆက်ဆံသင့်ပုံ၊ ပူဇော်ပသသင့်ပုံ၊ နတ်ကို ရတနာသုံးပါးထက်လွန်၍ မကိုးကွယ်သင့်ပုံ၊ အားမထားသင့်ပုံ၊ မိတ်ကောင်းဆွေကောင်းအဖြစ်သာ ထားသင့်ပုံတို့ကို ဇာတ်နိပါတ်တော်လာ အဖြစ်အပျက်များနှင့် ယှဉ်စပ်ပြီး မီးမောင်းထိုးပြထားပါသည်။

လူသားပတ်ဝန်းကျင်ရှိနတ်များကို လူသားတို့သိစေပြီး အမှား-အမှန် အကောင်းအဆိုးကိုခွဲခြားတတ်သိစေလိုပါသည်၊ ဤသို့သိရှိကြပြီးလျှင် ရတနာသုံးပါးကို အလေးအနက်ထား၍ နတ်များကို မိတ်ကောင်းဆွေကောင်းအဖြစ်ထားပြီး ကုသိုလ်ပြု အမျှပေးဝေမှုကို ပြုတတ်ကြပါလျှင် စာရေးသူ၏ စေတနာရည်ရွယ်ချက် ပြီးမြောက်မည်ဟု ယုံကြည်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဆွေးနွေးခဲ့ကြသော ဒေါက်တာသန်းလွင် (မိုးကောသီဦးဆေးခန်း)၊ ဦးသန်းအောင် (လက်တောက်ညွှန်မှူး-ငြိမ်း၊ နိုင်ငံတော်ကောင်စီရုံး) တို့အားလည်း

ကောင်း၊ လိုအပ်သော အချက်အလက်များကို စာအုပ်စာတမ်း များမှ ကူးယူရေးသားပေးကြသော သမီးငယ် မစန္ဒာမြင့် (B.Com) နှင့် ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြု အပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်ဿျင်သိရိ
(ဓမ္မာစရိယ ဘီ–အေ)

ဦးကိုကိုမြင့်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း–၆၉၀၃၂၄

အခန်း ( ၁ )

# နတ်ကိုးကွယ်ယုံကြည်မှုအစ

**ခေတ်ဦးလူသားများ၏ ယုံကြည်အားထားရာရှာမှု**

နတ်ကိုးကွယ်မှုဝါဒသည် ယခုမှ ပေါ်ပေါက်လာသည် မဟုတ်ပါ။ လူ့သမိုင်းနှင့်အတူ ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ဆိုရပါမည်။

ဘာသာတရားများ မပေါ်ပေါက်မီက လူသားတို့သည် အားထားကိုးကွယ်ရာ ကိုးကွယ်မှုအမျိုးမျိုးကို ရှာဖွေခဲ့ကြပါသည်။

ဤတွင် ကိုးကွယ်ရာဘာသာတရားကို ရှာဖွေပြီး တည်ထောင်ကြသော လူသားများ၏ဘဝကို လေ့လာကြည့်ပါက . .

ဤကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါ အားလုံးတို့တွင် လူသားဟူသော သတ္တဝါသည် အထူးခြားဆုံးဖြစ်သည်ဟု ဆိုပါသည်။

- လူသားသည် အတူတကွ ပူးပေါင်းနေထိုင်တတ်ပြီး အဖွဲ့အစည်းထူထောင်၍ နေနိုင်သည်။
- ပြောဆိုရသော ဘာသာစကားကို တီထွင်တတ်သည်။ တီထွင်ပြီးသော စကားကိုလည်း စဉ်ဆက်မပြတ်အောင် သင်ကြားပေးတတ်သည်။
- အဖွဲ့အစည်းအတွင်း လိုက်နာကျင့်သုံးရသော ဓလေ့စရိုက်များ၊ ကိုယ်ကျင့်တရားများကို ဖော်ဆောင်ပေးတတ်သည့်အပြင် ယင်းတရားများကို အဆင့်ဆင့် စဉ်ဆက်မပြတ် သင်ကြားပေးတတ်သည်။
- မိမိပတ်ဝန်းကျင်ရှိ ကိရိယာများကို အသုံးပြုရသော ကိရိယာများ ဖြစ်လာအောင် လေ့ကျင့်ပေးတတ်သော ပညာများ၊ မွေးမြူရေးပညာများ၊ သီးနှံသီးပင်များကို စိုက်ပျိုးသော နည်းပညာများကို လေ့လာတတ်ပြီး အဆင့်ဆင့် သင်ကြားပေးတတ်ကြသည်။

(ယနေ့ခေတ် စက်မှုသိပ္ပံနည်းပညာအနေဖြင့် နည်းပညာများ အံ့မခန်း တိုးတက်လာသည်မှာ ဤကဲ့သို့ အဆင့်ဆင့်သင်ကြားပေးခဲ့ကြသော လူသားတို့၏ ထူးခြားသော အရည်အသွေးများကြောင့် ဖြစ်ပါသည်)

လူသားများသည် ထိုမျှမက ဤနည်းအတိုင်းပင် ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားများကိုလည်း မိမိတို့၏ လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင် အတွေ့အကြုံ အစဉ်အလာအတိုင်း တည်ထောင်လာခဲ့ကြသည်။

လူသား လူ့အဖွဲ့အစည်း၏ အခြေအနေများသည် ရှေးဦး

မူလနေထိုင်မှု၊ လုပ်ကိုင်မှုအခြေအနေ အချိန်ကာလအလိုက် တဖြည်းဖြည်း လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးများ ပြောင်းလဲလာသကဲ့သို့ ကိုးကွယ်မှု ဘာသာတရားများသည်လည်း ပြောင်းလဲလာသည်ကို တွေ့ရပါမည်။

ပညာရှင်တို့က "လူသားသည် ဤကမ္ဘာမြေ(ဩကာသ) လောကကြီးတွင် ပြုပြင်ပြောင်းလဲမှု (သင်္ခါရ)တို့ဖြင့် တစ်စတစ်စ တဖြည်းဖြည်း တိုးတက်ပြောင်းလဲ ဖြစ်ပေါ်လာသော သက်ရှိ လောက (သတ္တလောက)တွင် ပါဝင်ပြီး အသိဉာဏ်အရှိဆုံး၊ အသိ ဉာဏ်ကို အသုံးချတတ်ဆုံးသော အခြေနှစ်ချောင်းရှိ သတ္တဝါဖြစ် သည်" ဟု လက်ခံယုံကြည်လာခဲ့ပါသည်။

ဗုဒ္ဓကလည်း ဤဩကာသလောက၊ သတ္တလောကသည် မမြဲမှု၊ ပြောင်းလဲမှု (သင်္ခါရလောက)နှင့် လည်ပတ်ကျင်လည် နေရ သည်ဟု ဟောကြားထားသည်နှင့် သိပ္ပံပညာရှင် သုတေသီတို့၏ လေ့လာတွေ့ရှိချက် အယူအဆသည် တူညီနေပါသည်။

သမိုင်းသုတေသီ ပညာရှင်တို့က လွန်ခဲ့သောနှစ်ပေါင်း (၆၀၀၀)ကာလကို လူသားတို့အကြောင်းအား တိကျခိုင်မာစွာ မသိ ရ၍ သမိုင်းမတင်မီကာလ ဟုထင်မှတ်ခဲ့ကြသည်။ သို့သော် ထိုခေတ်သုံး ကျောက်လက်နက်ပစ္စည်း ကိရိယာ အထောက်အထား ကို တွေ့ရှိလာခဲ့ကြသဖြင့် ထိုနှစ်ပေါင်း(၆၀၀၀) အထက်ကတည်း က လူသားများ ရှိခဲ့သည်။ ထိုလူသားကို ကျောက်ခေတ်လူသား ဟူ၍ သတ်မှတ်ခဲ့ကြသည်။

နှစ်ပေါင်း(၆၀၀၀)၏ ဤမှာဘက်တွင် လူသားများ၏ နေထိုင်တည်ရှိမှုကို သမိုင်းအထောက်အထား ရရှိလာကြပြီး

သမိုင်းတင်လာနိုင်ခဲ့သည်။ သမိုင်းတင်ပြီး နောက်ပိုင်းကာလအထိ ဒေသများစွာရှိ လူသားတို့သည် အားထားကိုးကွယ်ရာအဖြစ် သစ်ပင်၊ မြစ်၊ ချောင်း၊ ပင်လယ်၊ ကျောက်တုံး၊ ကျောက်တောင်၊ မီး၊ ရေ၊ လေ၊ နေစသည်တို့ကို ရှိခိုးခြင်း၊ ကိုးကွယ်ခြင်း၊ ပူဇော်ခြင်း ရှိကြသည်ကို ထောက်ရှု၍ သမိုင်းမတင်မီခေတ်ကတည်းက ထိုကိုးကွယ်မှုများ ရှိနေမည်ဟု ယုံကြည်ထားကြပါသည်။

လူသားသည် အခြားသတ္တဝါများထက် အသိဉာဏ်ပညာ သာလွန်သည် မှန်သော်လည်း ကာလဒေသအလိုက် ယဉ်ကျေးမှု ထွန်းကားခြင်း၊ မထွန်းကားခြင်းအပေါ် မူတည်၍ လူသား အချင်းချင်းအတွင်းမှာပင် အသိဉာဏ်ပညာ ဆူ-ကြံ-နိမ့်-မြင့် ရှိနေခဲ့ရပါသည်။

သမိုင်းမပေါ်မီခေတ်က လူသားတို့အတွေ့အကြုံနည်းကြသဖြင့် ယဉ်ကျေးမှုအဆင့်အတန်း နိမ့်ကျသေးသည်ဖြစ်၍ ကိုးကွယ်ဆည်းကပ်မှုများသည်လည်း ယဉ်ကျေးမှုအဆင့်နှင့်အညီ သာဖြစ်မည်ဟုဆိုရပါမည်။

လူ့အဖွဲ့အစည်းတစ်ခု (သို့မဟုတ်) လူမျိုးတစ်မျိုး၏ ကိုးကွယ်မှုဆိုင်ရာဘာသာတွင် ထိုလူမျိုး၏ သမိုင်းကြောင်းတစ်လျှောက်ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများက ထင်ဟပ်နေပါသည်။ စင်စစ် ကိုးကွယ်မှုဆိုင်ရာ ဘာသာများသည် ရှေးဦးမူလ လူ့အဖွဲ့အစည်းတွင် အခြေခံခဲ့သည်ကိုတွေ့ရပြီး ထိုမှတစ်ဆင့် အဆင့်ဆင့်ပြုပြင်လာကြပြီး ယနေ့လူသားတို့ကိုးကွယ်ကြသော ဘာသာကြီးများ ပေါ်ထွန်းလာသည် ဟုဆိုရပါမည်။

လူသတ္တဝါသည် အတွေ့အကြုံအရ ဘဝလုံခြုံမှုရရှိရေး

ကို ဦးစားပေးလာတတ်ကြသည်။ နေထိုင်ရေးလုံခြုံမှုရရှိရန် ကျေးရွာ၊ မြို့ပြ၊ တိုင်းပြည်၊ အင်ပါယာအဆင့်ဆင့်အထိ အဆင့်ဆင့်တည်ထောင်လာခဲ့ကြသည်။ ထိုအင်ပါယာများသည် နောက်ဆုံး၌ ကွယ်ပျောက်သွားခဲ့ကြသော်လည်း ထိုအင်ပါယာကြီးများကို တည်ထောင်ခဲ့ကြသော လူသားတို့၏ ကိုးကွယ်ယုံကြည်မှုဘာသာကြီးများက ပျောက်ကွယ်မသွားဘဲ ထိုဘာသာကြီးများ၏ အရှိန်အဝါ၊ ဓလေ့ထုံးစံများသည် နောင်တက်လာသော လူသတ္တဝါ အဖွဲ့အစည်းများအပေါ်တွင် ဆက်လက်အကျိုးသက်ရောက်နေသည်ကို တွေ့ရပါမည်။

ဟိန္ဒူမြစ်ဝှမ်း၊ တိုက်ဂရစ်မြစ်ဝှမ်း၊ ယူဖရေးတီးမြစ်ဝှမ်း၊ မက်ဆိုပိုတေးမီးယားနှင့်နိုင်းမြစ်ဝှမ်းရှိ အိန္ဒိယ၊ အီဂျစ်၊ ပါရှန်၊ ဘေဘီလုံး၊ ယဉ်ကျေးမှုများ ပျောက်ကွယ်သွားကြသော်လည်း ထိုယဉ်ကျေးမှုအတွင်း ပေါ်လာခဲ့သော ဘာသာယုံကြည် ကိုးကွယ်မှုများက အဆင့်ဆင့်ပျံ့နှံ့သွားခဲ့ရာ ယနေ့ထက်တိုင်ပင် ဖြစ်ပါ သည်။

## လူသားများ၏နတ်ကိုးကွယ်ဖြစ်ပေါ်မှုအစ

ကမ္ဘာလောကရှိလူသားများစွာတို့သည် နတ်များ၊ ဘုရားများအား မိမိတို့ယုံကြည်မှုဖြင့် မိမိတို့ကိုယ်၊ မိမိတို့ချမ်းသာသုခကိုရမည်ထင်၍ အမျိုးမျိုးတို့ကိုအားထားရာ၊ ဆည်းကပ်ရာ၊ ကိုးကွယ်ရာအဖြစ် ကိုးကွယ်နေကြပါသည်။

ဤကဲ့သို့ နတ်များ၊ ဘုရားများမပေါ်ခင်က ကမ္ဘာဦး လူသားများ မည်သည့်အရာကို ကိုးကွယ်နေပါသနည်း ဟုဆိုသော်

ဤကမ္ဘာ၌ ပထမဦးဆုံး လူသားဘုရားအဖြစ် ပေါ်ထွန်း

လာခဲ့သော ဂေါတမဗုဒ္ဓက အဂ္ဂိဒတ္တပုရောဟိတ် ပုဏ္ဏားကြီးအား ကမ္ဘာဦးကိုးကွယ်မှုနှင့် ပတ်သက်၍..

ဗဟုံဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိဝနာနိစ
အာရာမရုက္ခစေတျာန၊ မနုဿာဘယတဇ္ဇိတာ

(အဂ္ဂိဒတ္တသုတ် ဓမ္မပဒ ၄. ဒု. ၁၅၉)

"ဘေးအန္တရာယ်အမျိုးမျိုးနှင့် ခြိမ်းခြောက်ခံရသော သတ္တဝါများစွာတို့သည် ကိုးကွယ်ရာအမျိုးမျိုးကို ရှာကြသည်။ တောတွေကို ကိုးကွယ်ကြသည်။ တောင်တွေကို ကိုးကွယ်ကြသည်။ သစ်ပင်တွေကို ကိုးကွယ်ကြသည်။ ဥယျာဉ်တွေကို ကိုးကွယ်ကြသည်။ စေတီဆိုသော နတ်ကွန်းများကို ကိုးကွယ်ကြသည်"

ဟူ၍ ဟောကြားခဲ့ပါသည်။

ထိုဥယျာဉ်များ၊ သစ်ပင်များ၊ နတ်စင်များ၊ နတ်ကွန်းများ တောများ၊ တောင်များအားလုံးတို့အား စေတီဟူ၍ သမုတ်ပြီး ရှိခိုးကြ၊ ကိုးကွယ်လာကြသည်။

ပထမ အသိပညာနုစဉ်တွင် သစ်ပင်ကိုသစ်ပင်အတိုင်း၊ ဥယျာဉ်ကိုဥယျာဉ်အတိုင်း၊ ကျောက်တောင်ကို ကျောက်တောင် အတိုင်း ရှိခိုးကြသည်။ တဖြည်းဖြည်းတိုးတက်လာသောအခါ စေတီဟူ၍သမုတ်ပြီး ရှိခိုးကိုးကွယ်လာကြပါသည်။

ဂေါတမဘုရားမပွင့်စဉ်က လူသားများအနေဖြင့် ဘေး အန္တရာယ်ကို ကြောက်ကြသောကြောင့် တော၊ တောင်၊ သစ်ပင်၊ ဥယျာဉ်၊ လ၊ နေ၊ နက္ခတ်၊ ကြယ်တာရာများကို နတ်မင်းကြီးရှိသည် ဟူသောအမှတ်ဖြင့် ကိုးကွယ်လာကြသည်။

အသိဉာဏ်မဖွံ့ဖြိုး မတိုးတက်သေးသော ကာလတွင် လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ လေတိုက်ခြင်း၊ မိုးရွာခြင်းတို့သည် နတ်ဒေဝါတို့က ဖန်ဆင်းပြုလုပ်ခြင်းဖြစ်သည်ဟု ခံစားလျက် ထိုနတ်ဒေဝါများကိုကြောက်၍ ကိုးကွယ်ကြပါသည်။

တော၊ တောင်၊ သမုဒ္ဒရာများ၌လည်း တောစောင့်နတ်၊ တောင်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်များရှိသည်ဟု ယုံကြည်လျက် ကိုးကွယ်လာကြသည်။ ထိုသို့ ယုံကြည်ကိုးကွယ်ကြရာမှ အကြောင်းအားလျော်စွာ မိမိဘဝနှင့် တိုက်ဆိုင်လာသည့် မိမိဘေး အန္တရာယ်ကျရောက်စဉ် အမှတ်မထင် ကယ်တင်ပေးလိုက်သော တောတိရစ္ဆာန်များစသည်ကိုလည်း မိမိ၏ အသက်သခင် ကျေးဇူးရှင်ဟူ၍ ပုံတူဆွဲခြင်း၊ ရုပ်တုပြုလုပ်ခြင်းဖြင့် ကိုးကွယ်ရာမှလည်း တိရစ္ဆာန်နှင့် ရုပ်ထုကိုးကွယ်မှုများ ဖြစ်ပေါ်လာရပါသည်။

လူသားများသည် မိမိတို့ရင်ဆိုင်ဖြတ်သန်းခဲ့ရသော ပတ်ဝန်းကျင်လောကသဘာဝအရ အတွေးအခေါ်၊ အသိအမြင်များ တိုးတက်လာကြသည်။ တိုးတက်လာသော အသိအမြင်အတွေးအခေါ်အရ သဘာဝကိုးကွယ်မှုမှ ထူးခြားသောအသိအမြင်များ ထိုးဖောက်သိမြင်မှုများ ရှိကြသောပုဂ္ဂိုလ်များ၏ အယူအဆနှင့် အဆုံးအမကိုလက်ခံနာယူလာရာမှ ပုဂ္ဂိုလ်ရေးယုံကြည်မှုများ ပေါ်လာပြီး ဂေါတမဗုဒ္ဓ၊ ယေရှုခရစ်၊ မိုဟာမက် စသည်တို့၏ တရားများကို ကိုးကွယ်မှု ဖြစ်ပေါ်လာရပါသည်။

ထိုသို့ လူသားဘုရား ကိုးကွယ်မှုများ ဖြစ်လာခဲ့သော်လည်း ရိုးရာနတ်ဒေဝါများ ကိုးကွယ်မှုများက ဆက်လက် လက်ခံနေဆဲဖြစ်ပါသည်။

ထိုနတ်ဒေဝါများ ကိုးကွယ်မှုနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာတွင် နတ်ကိုပုံစံအမျိုးမျိုးဖြင့် လက်ခံယုံကြည်ထားနေဆဲ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ မထွန်းကားသေးသော မြန်မာနိုင်ငံတောင်ပေါ်ဒေသနှင့် တိုင်းရင်းသားများအတွင်းဝယ် နတ်ဆရာနှင့်နတ်ကိုးကွယ်မှုဓလေ့သည် ယနေ့အထိ စွဲမြဲခံယူကျင့်သုံးလျက်ပင် ရှိနေပါသေးသည်။

ဂေါတမဘုရားမပွင့်မီက အိန္ဒိယနိုင်ငံနှင့် ကမ္ဘာအနှံ့အပြားတွင် နတ်ကိုးကွယ်မှုသည် အစဉ်အလာကြီးကျယ်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင် နတ်ကွန်းများကို စေတီဟူ၍ ခေါ်ဆိုခဲ့ကြပါသည်။

စေတီဆိုသည်မှာ . .

စေတယိတဗ္ဗံ အပစိတဗ္ဗံ ပူဇိတဗ္ဗံ ဗ္ဗောတိစေတိယံ

"ရှိခိုးအပ်သော အရာဌာန၊ အရိုအသေပြုအပ်သော အရာဌာန၊ ပူဇော်အပ်သော အရာဌာနကို စေတီ " ဟူ၍ခေါ်ပါသည်။

ဂေါတမဘုရားရှင်လက်ထက် ပိဋကတ်စာပေ၌ ထင်ရှားသော နတ်ကွန်းစေတီများမှာ-

- ္ဌသာရဒနတ်ကွန်းစေတီ
- ဂေါတမနတ်ကွန်းစေတီ
- စာပါလနတ်ကွန်းစေတီ
- သတ္တမ္ဗနတ်ကွန်းစေတီ
- ဗဟုပုတ္တနတ်ကွန်းစေတီ

စသည့် နတ်ကွန်းစေတီများသည် ထင်ရှားပါသည်။

ဂေါတမဗုဒ္ဓဘုရားရှင် ပွင့်တော်မူဆဲအချိန်၌လည်း အိန္ဒိယ၌ နတ်ကိုးကွယ်မှုသည် အလွန်ကြီးမားကျယ်ပြန့်လျက် ရှိနေသကဲ့သို့ အခြားဘာသာရေး ခေါင်းဆောင်များ၊ ရသေ့များကလည်း ထိုနတ်ကိုးကွယ်မှုကို အားပေးနေခဲ့ကြသည်။

ဥပမာ-ဓမ္မပဒ အဂ္ဂိဒတ္တရသေ့အကြောင်း၌ . .

အဂ္ဂိဒတ္တရသေ့သည် မိမိအား ဆည်းကပ်ကိုးကွယ်ကြသော သူတို့ကို တော၊ တောင်၊ သစ်ပင်များ၌ ရှိကြသော နတ်တို့ကို ကိုးကွယ်ဆည်းကပ်ရန် ဟောပြောခဲ့ပါသည်။

ဗုဒ္ဓနှင့် တွေ့သောအခါ ဗုဒ္ဓက ထိုဟောပြောမှုများကို တားမြစ်၍ ထိုကဲ့သို့သော ကိုးကွယ်မှုသည် မြတ်သောကိုးကွယ်မှု မဟုတ်၊ ဒုက္ခအပေါင်းမှမလွတ်မြောက်နိုင်၊ ရတနာသုံးပါးကိုးကွယ်မှုသာလျှင် ဒုက္ခအပေါင်းမှ လွတ်မြောက်မည် ဟူ၍ဟောပြော ချေချွတ်ပေးခဲ့ပါသည်။

## မြန်မာတို့နတ်ကိုးကွယ်မှုအစ

အိန္ဒိယတွင်ရှိခဲ့သော အာရိယန်နှင့်ဒရာဗီဒီယန်တို့ အစပျိုး ကိုးကွယ်ခဲ့သော ဗြဟ္မဏဘာသာ (ခေါ်) နတ်အသီးသီးတို့ကို ချီးမွမ်းမှု၊ ပူဇော်မှု၊ ကိုးကွယ်မှုအယူအဆများသည် အေဒီ(၃) ရာစုနောက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအချို့သို့ ရောက်ရှိခဲ့သည်။

အာရိယန်လူမျိုးတစ်ဖြစ်လဲ ဟိန္ဒူတို့သည် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသရှိ ထိုခေတ်သင်္ဘောဆိပ်မြို့ကြီးများ ဖြစ်သော သုဝဏ္ဏဘူမိ (သထုံ)၊ ဥဿာ(ပဲခူး)၊ ဒဂုံ(ရန်ကုန်)နှင့် သရေခေတ္တ

ရာ (ပြည်)တို့သို့ ဝင်ထွက်သွားလာ ကုန်စည်ကူးသန်းရောင်းဝယ်ရာမှ သူတို့၏နတ်ကိုးကွယ်မှု အယူအဆများကို ဖြန့်ဝေခဲ့ကြသည်၊ ဘုရားရှိခိုးကျောင်းများ တည်ဆောက်ကြသည်။ ဗြဟ္မဏဘုန်းကြီးများကို ပင့်ဆောင်လာခဲ့ကြသည်။ တိုင်းရင်းသူ၊ ပျူ၊ မွန်တို့နှင့် လက်ထပ်ပေါင်းသင်းလာကြသည်။ ထိုမှ ဗြဟ္မဏဘာသာ ယုံကြည်ကိုးကွယ်မှုဖြစ်သော နတ်အမျိုးမျိုး ကိုးကွယ်မှု ဖြစ်ပေါ်လာခဲ့ရသည်ဟုဆိုပါသည်။

မြန်မာနိုင်ငံ၏ ပထမမြို့ပြနိုင်ငံအဖြစ် ထင်ရှားခဲ့သော သရေခေတ္တရာမြို့ပြနိုင်ငံ တည်ဆောက်ရာ၌ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီပရမိသွာ၊ မဟာပိန္နဲဟူသော သူကော်ကောင်း(၇) ဦးတို့က အချင်း(၁)ယူဇနာ၊ အဝန်း(၃)ယူဇနာ၊ တံခါးကြီး(၃၂)ပေါက်၊ တံခါးငယ်(၃၂)ပေါက်၊ ကျုံးမြောင်းစသော်မြို့အင်္ဂါ(၇)ပါးနှင့် ပြည့်စုံသော သရေခေတ္တရာမြို့တော်ကို သက္ကရာဇ် ၁၀၁-ခု၊ တန်ခူးလဆန်း(၁၁)ရက်နေ့တွင် မြေနန်းတော်တည်သည်ဟု ဇာတာပုံရာဇဝင်၌ ဆိုထားပါသည်။

ထိုမြို့တည်ရာတွင် ဗြဟ္မဏအယူအဆနတ်များ ပါဝင်နေသည်ကို တွေ့ရပါသည်။ ဗိဿနိုးမြို့ပြဟောင်း၊ ဟန်လင်းမြို့ပြ၊ ရခိုင်မြို့ပြဟောင်း နိုင်ငံများတွင်လည်း ဗြဟ္မဏအယူအဆ နတ်ကိုးကွယ်မှုများ ရောက်ရှိလာသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံရှိ ထိုမြို့ပြနိုင်ငံများကို ပြန်လည်တူးဖော်သောအခါ ထိုနတ်ရုပ်ထုများ၊ ကိုးကွယ်မှုဆိုင်ရာ အထိမ်းအမှတ်ပါ ဒင်္ဂါးများကို ရေးရသလို ကျောက်စာများ၊ အထူးသဖြင့် အာနန္ဒာကျောက်စာတွင် စန္ဒြမင်းဆက်အား သီဝနမင်းကြီး၏ အန္ဓယ်တော်

ဖြစ်ကြောင်း ဖော်ပြထားသည်ကိုတွေ့ရသဖြင့် ဟိန္ဒူဗြဟ္မဏနတ်တို့ကိုးကွယ်မှု အယူအဆသည် မြန်မာနိုင်ငံတွင် ရှေးဦးပထမ (ဝါ) ဗုဒ္ဓဘာသာမရောက်ခင်ကပင် အလွန်ကျယ်ပြန့်စွာ ရောက်ရှိနေသည် ဟုလက်ခံယုံကြည်နေကြပြီးဟု ဆိုရပါမည်။

သရေခေတ္တရာ နောက်ဆုံးမင်းဆက် သုပဉာနာဂရဆိန္ဒမင်း၏ တူတော်ဖြစ်သူ သမုဒ္ဒရာဇ်မင်း (A.D ၁၀၈၇. ၁၅၂)သည် တမ္ဗဒီပတိုင်းဟုခေါ်သော မြန်မာပြည်တွင် ယုန်လွတ်ကျွန်းအရပ်၌ ညောင်ဦးနဂါးကို အပါအဝင် ရွာပေါင်း(၁၉)ရွာကို စုစည်း၍ ပုဂံမဟုသော ပထမမြို့ပြ တည်ထောင်ခဲ့သည်။

ပုဂံမင်းဆက် သေလည်ကြောင်မင်း (A.D ၃၄၄-၃၈၇) သည် လောကနန္ဒာကျောက်စကားအရပ်၌ သီရိပစ္စယာဟူ၍ ဒုတိယမြို့ပြကိုတည်ခဲ့သည်။

သိုက်တိုင်မင်း (A.D ၅၂၆-၅၂၃)သည် သမထီးအရပ်တွင် တမ္ဗဒီပမြို့သစ်ကို တည်သည်။

ပျဉ်ပြားမင်း(A.D ၈၄၆-၈၇၈)သည် (A.D ၈၄၉)တွင် ပုဂံဟု ထင်ရှားသော အရိမဒ္ဒနမြို့သစ်ကို တည်သည်။

ထိုမြို့ပြနိုင်ငံတည် ပုဂံမင်းဆက်တို့၏ ကိုးကွယ်ရာဘာသာတရားတို့တွင် သရေခေတ္တရာနည်းတူ မဟာယာနနှင့် ဟိန္ဒူဗြဟ္မဏရောသောဗုဒ္ဓဘာသာဖြစ်သည်။

ပုဂံခေတ်ဦးတွင် ဘာသာရေးအယူအဆအရ နတ်ကိုကိုးကွယ်ခဲ့သလို မင်းနှင့်ပြည်သူတို့သည် နဂါးကိုလည်း ကိုးကွယ်ယုံကြည်ခဲ့ကြသည်၊ သိန်ခိုးမင်းကိုသတ်ပြီး တောင်သူကြီးဘဝမှမင်းဖြစ်လာသော ညောင်ဦးစောရဟန်းသည် မိမိယာခင်း၌ နဂါး

ရုပ်ကြီးကို ကြီးကျယ်စွာ ထုလုပ်ကိုးကွယ်ခဲ့ကြောင်း၊ ရသေ့ပြည်၊ သထုံပြည်တို့၌ စည်းခုံပုထိုးရှိသည်ကို အကြောင်းပြုပြီး ရှင်အရည်းတို့နှင့် တိုင်ပင်၍ ပုထိုးကြီးတစ်လုံး၊ ပုထိုးငယ်တစ်လုံး၊ ပုထိုးသာရားတစ်လုံး၊ သင်လည်ပုထိုးတစ်လုံး၊ စိတ်တည်ပုထိုးတစ်လုံး၊ ဤပုထိုးငါးလုံးကိုတည်၍ ထိုပုထိုးတွင်နတ်ရုပ်မမည်၊ ဘုရားရုပ်ထုတော်မမည်၊ လုပ်ထား၍ ည၊ နံနက် ထမင်း၊ ဟင်း၊ ပေစာတင်၍ ကိုးကွယ်သည်ဖြစ်၏၊ တို့ကြောင့် နတ်တော်ကျောင်းတကာမင်းချမ်းသာဟုတွင်၏ ဟူ၍ဆိုထားရာ ထိုခေတ်တွင် အရည်းကြီးတို့၏သာသနာနှင့်နတ်၊ နဂါးကိုးကွယ်မှုသည် အလွန် ထင်ရှားသော ကိုးကွယ်မှုဖြစ်ပါမည်။

မြန်မာနိုင်ငံ နတ်ကိုးကွယ်မှု အလေ့အထသည် ပုဂံခေတ် သေလည်ကြောင်မင်း လက်ထက်မှစတင်ခဲ့သည် ဟုဆိုပါသည်၊ ထိုမင်းလက်ထက်တွင် ပန်းပဲမောင်တင့်တယ် မောင်နှမကို သတ်မိရာမှစ၍ နတ်ဖြစ်သည် ဟုအယူရှိခဲ့ကြရာ အိမ်တွင်းမင်းမဟာဂီရိနတ်မောင်နှမတို့ ပေါ်ပေါက်လာခဲ့ရသည်။ ယင်းနောက် အနော်ရထာမင်းလက်ထက်မှစ၍ ရွှေဖျဉ်းညီနောင်၊ မန့်လေး၊ မိုးခေါင်ကျော်စွာ၊ ဦးမင်းကျော်၊ ကိုးမြို့ရှင်၊ အမေဂျမ်း၊ အမေရေယာဉ်စသောနတ်အမျိုးမျိုးတို့ ပေါ်ပေါက်လာပြီး ကိုးကွယ်လာခဲ့ကြသည်။

**အနော်ရထာမင်းလက်ထက် နတ်များအနေအထား**

အနော်ရထာမင်းလက်ထက် သထုံမှထေရဝါဒပိဋကတ် သုံးပုံရောက်လာပြီး ရှင်အရဟံနှင့် အနော်ရထာမင်းတို့ တက်ညီ

လက်ညီ ထေရဝါဒဗုဒ္ဓသာသနာတော် စစ်စစ်ထွန်းကားပြန့်ပွား ရန် ကြိုးစားလာကြသည်။

ရှင်အရဟံနှင့် အနော်ရထာမင်းတို့သည် နတ်များကို မပစ်ပယ်ပါ၊ နတ်ကို ပုံးကွယ်အားထားရာအဆင့်မှ ထေရဝါဒ တရားတော်နှင့်အညီ ပူဇော်ပသမှု၊ ဗလိနတ်စာပေးမှုတို့ပြုကာ အစောင့်အရှောက်အဖြစ်သတ်မှတ်ခဲ့ပါသည်။

ထင်ရှားသော သာဓကဆိုရလျှင် ပုဂံခေတ်ရေးစေတီယ (ပါဠိနိသျ)၌ ဆိုထားသည်မှာ . .

သက္ကစတုလောကပါလ ဝဿ ဝ ဏ္ဏာဒိဟိ-သိကြားနတ် မင်း စတုလောကပါလနတ် ဝဿဝကာနတ်အစရှိကုန်သော၊အနေ က ဒေဝရူပါနိစ-များစွာကုန်သော နတ်မင်းရုပ်တို့ကိုလည်းကောင်း၊ ဇေယျနံထူပါ-ဇေယျနံ ရွှေစေတီကြီးကို-ရက္ခိတုံ=စောင့် ရှောက်ခြင်း ငှာ ဌပေသိ-ထားပေ၏။

ဟူ၍ တွေ့ရှိပါသည်၊ ယင်းပါဠိနိသျအရ အနော်ရထာမင်း ကြီး ရွှေစည်းခုံစေတီ တည်ဆောက်ပြီးသောအခါ ဘုရားခမည်း တော် စသော ဆွေတော်မျိုးတော်များ သမုဒ္ဒရာဇ်မျှုံးမတ် အစရှိ သော ရှေးဘိုးလောင်းတော် ရှေးဘေးလောင်းတော် မင်းရုပ်ထုတို့ကို အထူးထူးသော လှူဖွယ်ပူဇော်ဖွယ်တို့ကိုလက်၍ကိုင်လျက် ပူဇော် ဟန်ထုလုပ်ထားသည်။

သိကြားမင်း စတုလောကပါလနတ်၊ ဝဿဝဏ်အစရှိ ကုန်သောများစွာသော နတ်မင်းရုပ်တို့ကိုလည်းကောင်း၊ ကျား၊ သရဲ၊ ဆင်၊ မြင်း၊ လင်းတ၊ စွန်အစရှိသော သားရဲရုပ်တို့ကိုလည်း ကောင်း၊ စေတီကိုစောင့်ရှောက်စေခြင်းငှာ ထား၏ဟု စေတီဝင် ပါဠိနိဿယကျမ်း၌ ရေးသားထားသည်ကိုတွေ့ရပါသည်။

အစောင့်အရှောက်ထားသော နတ်တို့မှာ (၃၇)မင်းရှိပြီး ဘုရားအနီး မဟာရံတံတိုင်းအတွင်း ရှိသောကြောင့် အတွင်း(၃၇) မင်းဟူ၍ ထင်ရှားသည်။

စေတီတော်ကြီးအပေါ်၌ ကျရောက်ဖျက်ဆီးမည့် အန္တရာယ်များကို တားဆီးရန် အောက်ပါအတိုင်း ထားခဲ့ပါသည်။

စေတီတော်ကြီးကို စောင့်သောနတ်များမှာ . .

| | |
|---|---|
| - အရှေ့မုခ်၌ | - ဓတရဋ္ဌနတ်မင်း |
| - တောင်မုခ်၌ | - ဝိရူဠ္ဍကနတ်မင်း |
| - အနောက်မုခ်၌ | - ဝိရူပက္ခနတ်မင်း |
| | - ဇမ္ဗူဒီပနတ်မင်း |
| | - ဇမ္ဗူတံဆိပ်နတ်မင်း |
| | - ဇမ္ဗူချမ်းသာနတ်မင်း |
| | - ဇမ္ဗူကျက်သရေနတ်မင်း ဟူ၍(၅)ပါး |
| - မြောက်မုခ်၌ | - ကုဝေရနတ်မင်း |
| - အရှေ့တောင်ထောင့်၌ | - ဇမ္ဗူသပြေနတ်မင်း |
| - အနောက်တောင်ထောင့်၌ | - ဇမ္ဗူတန်ဆောင်နတ်မင်း |
| - အနောက်မြောက်ထောင့်၌ | - ဇမ္ဗူတမွတ်နတ်မင်း |
| - အရှေ့မြောက်ထောင့်၌ | - ဇမ္ဗူရစ်ဘောင်နတ်မင်း |
| - ပစ္စယာမှ အရှေ့တောင်ထောင့်နှင့်မြောက်ထောင့်ချိုး၌ | - ရွှေသက်စိုးနတ် |
| - တောင်မျက်နှာဘိနပ်တော် အရင်း၌ | - ဗျာသဏီနတ်သမီး |

| | |
|---|---|
| - ပစ္စယာမှုအနောက်တောင်ထောင့်၌ | - မဟောသရနတ် |
| - ပစ္စယာမှုမြောက်မျက်နှာ၌ | - ရွှေပြည်သင်နတ် |
| - ပစ္စယာမှုအနောက်မြောက်ထောင့်၌ | - နန်းကြီးသခင်ရွှေညိုသင်နတ် |
| | - သားတော်ရွှေစကားနတ် |
| | - ပွဲစားကြီးနတ် ပူး၍(၂)ပါး |
| - ပစ္စယာမှုအရှေ့တောင်ထောင့်တွင် | - ချယားပင်စောင့်သောတာပန်နတ် |
| | - အင်ကြင်းပင်စောင့်အနာဂါမ်နတ် (၂)ပါး |
| - ရွှေသပိတ်အနီးတွင် | - သပိတ်တော်စောင့်ယင်းနှစ်နတ် |
| - အရှေ့တံခါးတွင် | - အာဠာဝကနတ် |
| - ပြင်ပတံခါးတွင် | - ကြေး၊ စန္ဒိနတ်၊ ကြောစန္ဒိနတ် (၂)ပါး |
| - ပြင်ပမဟာရံတံခါးမကြီးတောင်ဘက်တွင် | - သိကြားမင်း |
| - ပြင်ပမဟာရံအရှေ့တောင်ထောင့်တွင် | - ဆင်ဖြူရှင်နတ် |
| - ပြင်ပမဟာရံအနောက်တောင်ထောင့်တွင် | - ငဆွယ်သင်နတ် (ရွှေဆွေသင်နတ်) |
| - ပြင်ပမဟာရံအနောက်မြောက်ထောင့်တွင် | - ဖက်ပသင်နတ် |

- ပြင်ပမဟာရံအရှေ့မြောက်ထောင့်တွင် - မြင်းဖြူရှင်နတ်
- တောင်တံခါးကြီးတွင် - မာရ်နတ်၊ မန်ကျည်းပင်စောင့်နတ်(၂)ပါး
- အနောက်တံခါးတွင် - သူရဿတီနတ်၊ ငွေယံသင်နတ် (၂)ပါး
- မြောက်တံခါးတွင် - ထုံသင်းကြီးနတ် (ဘုံသင်းကြည်နတ်)၊ မဟာပိန္နဲနတ် (၂)ပါး

ဤ (၃၇)ပါးသော နတ်တို့ကို အစောင့်အရှောက်အဖြစ်ထားခဲ့သည်၊ ဤနတ်စာရင်းတွင် ဗုဒ္ဓစာပေကျမ်းဂန်တို့၌ တွေ့ရသော စတုလောကပါလ နတ်မင်းကြီးလေးပါး၊ သိကြားမင်း၊ မာရ်နတ်၊ ဗြဟ္မာတို့ကိုးကွယ်သောမဟေသရ (သိဝ) မဟာပိန္နဲ၊ သူရဿတီစသည့်နတ်များ၊ ပုဂံခေတ်၌ ပေါ်ထွန်းခဲ့သော မြင်းဖြူရှင်၊ ကြေးစန္ဒိစသောနတ်များအားလုံးပါဝင်သည်ကို တွေ့ရပါသည်။

အနော်ရထာမင်းကြီးသည် ထေရဝါဒပိဋကတ်လာနှင့်အညီ ထိုခေတ်လူတို့ စွဲလမ်းယုံကြည်ကြသော နတ်များအားလုံးကို မပစ်ပယ်ဘဲ ပူဇော်သက္ကာရ ဗလိနတ်စာပြုပြီး အစောင့်အရှောက်အဖြစ်ထားပေးခဲ့ပါသည်။

ဤသည်မှာ အနော်ရထာမင်းကြီး၏ ထေရဝါဒဗုဒ္ဓဘာသာနှင့်အညီ နတ်တို့ကိုနေရာပေးခြင်းဖြစ်သည်။

အနော်ရထာမင်းကြီးသည် မိမိ၏ ပထမမြန်မာနိုင်ငံတော်အတွင်းရှိ မြို့ကျေးရွာတို့၌ ဗုဒ္ဓသာသနာပြု ထေရဝါဒဘုန်းကြီး

ကျောင်းများ ဆောက်လုပ်ကိုးကွယ်စေသလို ထိုသူတို့အစဉ်အလာ ယုံကြည်ကိုးကွယ်အားထားခဲ့သော မိမိတို့ဒေသဆိုင်ရာနတ်များ ကို ဘုရားရှင်၏ အပရိဟာနိယတရားတော်နှင့်အညီ မြို့ဦးရွာထိပ်တို့၌ နတ်ကွန်းဆောက်လုပ်ပေးစေပြီး မြို့စောင့်နတ်၊ ရွာစောင့်နတ် အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

(ယနေ့အထိ ကျေးလက်ဒေသအသီးသီးတွင် ရွာထိပ် နတ်စင်ရှိနေသည်ကို တွေ့ရပါမည်)

အလားတူ ကျန်စစ်မင်းကြီးသည် အာနန္ဒာစေတီတော် ကိုတည်သောအခါဝယ် အခြားဒေသရိုးရာနတ်များ၊ ဗြဟ္မာရိုး ရာနတ်များနှင့်အတူ ပိဋကတ်၊ မဟာသမယသုတ်၊ အာဋာနာဋိယ သုတ်တို့တွင် လာသောနတ်မင်းကြီး(၉)ပါး၊ နတ်စစ်သူကြီး (၂၈)ပါး ကိုယူ၍ စေတီတော်ကြီး၏ အစောင့်အရှောက်အဖြစ် မြောက်မုခ်၊ အရှေ့ဘက်တန်းတွင် (၁၄)ရုပ်၊ တောင်မုခ် အရှေ့ ဘက်တန်းတွင် (၁၄)ရုပ် ထုလုပ်ထားခဲ့သည်ကို တွေ့ရပါသည်။

ပုဂံခေတ် အနော်ရထာနောက် မင်းအဆက်ဆက်တို့သည် ဗုဒ္ဓဝါဒကိုလက်ခံယုံကြည်ကြပြီး ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်ပူဇော်ကြသလို ရိုးရာနတ်များ ဘုမ္မစိုး၊ ရုက္ခစိုးစသော နတ်များကိုမပစ်ပယ်၊ ပူဇော်ပသမှု၊ ဗလိနတ်စာပေးမှုကိုပြုခဲ့ကြ သည်။

ကျန်စစ်မင်းကြီး နန်းတော်တည်ဆောက်ရာ အခမ်းအ နားတွင် နာရာယနမည်သော နတ်မင်းကြီးအား ပူဇော်ပသမှုကို ဖော်ပြရာ၌ . . .

"မြေပေါ်တွင်ဖျာခင်းပြီး ငှက်ပျော၊ ကြံ၊ ရွှေမြူတာ၊ ပန်း၊ ဆီမီး၊ ဒေါင်းပန်းများဖြင့် တင်မြှောက်ပသကြရသည်"

ဟူ၍ မှန်အကွဲ့ရာထိုး ဖွဲ့နွန်းကျောက်စာတွင် အတိအကျ ပါသည်။

အသားတူ ပင်းယခေတ်တွင် ငါးစီးကျော်စွာမင်းက နတ်ကို ပူဇော်ထားသော ထမင်းဟင်းများကို ခေင်ညိုက စားမိ၍ တစ်လုပ်စားဖူး သူ့ကျေးဇူးကြောင့် မသတ်ခဲ့ပုံဖြစ်ရပ်ရှိခဲ့ရာ မင်းများသည် မိမိတို့ကို စောင့်ရှောက်သောနတ်များအား ပူဇော်ပသမှု ဗလိနတ်စာပေးမှု အစဉ်အလာကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သည် ဟုဆိုရပါမည်။

(ယနေ့ခေတ် အဆောက်အဦး ဆောက်လုပ်ရာ၌ နတ်ကို ပူဇော်ပသမှု၊ ပွဲပေးမှုသည် ဆက်လက်တည်ရှိနေပြီး လုပ်ကိုင်ဆောင်ရွက်နေကြဆဲဖြစ်ပါသည်)

ဘုရားစေတီအသီးသီးတွင် ရုပ်ထုများထုလုပ်ထားရာ၌ ဘုရားရှင်ကို ဗြဟ္မဏဝါဒီတို့ ကိုးကွယ်သော ဦးခေါင်းလေးလုံးပါသောဗြဟ္မာကြီးက ထီးမိုးပေးနေဟန်များ၊ နံရံဆေးပန်းချီတို့တွင် အာနန္ဒာစေတီ၌ ဗြဟ္မဏဝါဒဆိုင်ရာနတ်များ၊ ဘုရားရှင်အား လက်အုပ်ချီဟန်၊ ပန်း၊ ဆီမီးလှူဒါန်းပုံတို့ကိုတွေ့မြင်ရာ ပုဂံခေတ်၌ ထေရဝါဒနှင့် ဗြဟ္မဏဝါဒနတ်များလက်ခံရာတွင် ဘုရားရှင်က ဗြဟ္မာ ဗိဿနိုးနတ်တို့ထက် သာလွန်ကြောင်း၊ မြင့်မြတ်ကြောင်းကို ထင်ရှားစေလို၍ ဤကဲ့သို့ ရေးဆွဲထုလုပ်ပြထားသည် ဟုဆိုရပါမည်။

## ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အထိ နတ်များပူဇော်မှုအခြေအနေ

ပုဂံခေတ်တစ်လျှောက်လုံး ထေရဝါဒဗုဒ္ဓဘာသာသည် နတ်နှင့်အတူ ရောနှောလက်ခံခဲ့သော မြန်မာတို့သည် ပင်းယ

ခေတ်၊ အင်းဝခေတ်တို့တွင် ပွဲကျောင်းများ ထွန်းကားလာသဖြင့် ထိုပွဲကျောင်းဆရာတော်များ၏ အဆုံးအမအောက်ဝယ် ကိုယ်ခံသိုင်းစသော ပညာသင်ကြားလာရာမှ လက်ဖွဲ့များ၊ အဆောင်များကို လက်ခံထားကြသည်။ ယုံကြည်လာကြသည်။ ထိုအဆောင်လက်ဖွဲ့များ ပြုလုပ်လာရာမှ နတ်ကိုအားကိုးမှု၊ ကိုးကွယ်မှုများပြန်လည်ဦးမော့လာခဲ့သည်ဟု ထေရဝါဒဆရာတော် အစဉ်အဆက်က လက်ခံပြီးဆိုခဲ့ပါသည်။

အင်းဝခေတ်သည် တိုင်းပြည်ပြန်လည် ထူထောင်ရေး ခေတ်ကာလဖြစ်၍ စစ်မက်ထူပြောသောကာလဖြစ်သည်။ပင်းယခေတ်ကတည်းက ပွဲကျောင်းအတတ်ပညာများက ဦးထောင်လာရာ အင်းဝခေတ်တွင် ပတူကြီးသံဃာရာဇာကဲ့သို့သော ကိုယ်ခံပညာတတ်ပွဲကျောင်း ဆရာတော်များသည် အထူးထင်ရှားပြီး ကြဇာသြောင်းခဲ့သည်။ ထိုမှ နတ်ကိုးကွယ်မှု ကဏ္ဍသည်လည်း ထင်ပေါ်လာပြန်ပါသည်။

ထိုသို့ နတ်ကိုးကွယ်မှု ထင်ပေါ်လာသဖြင့် ထေရဝါဒ ဆရာတော်များဖြစ်ကြသော ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့က လူတို့နတ်ကိုးကွယ်မှု၊ ဗုဒ္ဓဘာသာ၏ ရတနာသုံးပါးကိုးကွယ်မှု မရောယှက်ရအောင် နတ်ကိုကိုးကွယ်သဖြင့် မည်သို့မျှအကျိုးမရပုံတို့ကို ထိုခေတ် ထိုအခါက ထင်ရှားခဲ့သော ကဗျာလင်္ကာရေးသားဖွဲ့ဆိုပြီး သိစေသော မီဒီယာဖြင့် ပြည်သူလူထုကို အသိပေးခဲ့ပါသည်။

ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ ဆရာတော်နှစ်ပါးရည်ညွှန်းခဲ့သော နတ်များမှာ မြန်မာပြည်တွင် ပေါ်ထွန်းခဲ့သော

(၃၇)မင်းဆိုသော ဝေမာနိကပြိတ္တာ၊ ဝိနိပါတိကအသူရာနတ်အသင်းအပင်းဖြစ်သော တန်ခိုးမရှိလှူကို ကပ်ရပ်စားသော အောက်တန်းစားနတ်များ ဖြစ်ကြပါသည်။

ထို (၃၇)မင်းနတ်များမှာ . .

၁။ သိကြား
၂။ မင်းမဟာဂီရိနတ်
၃။ နန်းမတော်ကြီးနတ်
၄။ ရွှေနဘဲနတ်
၅။ သုံးပန်လှနတ်
၆။ တောင်ငူမင်းခေါင်နတ်
၇။ မင်းတရားနတ်
၈။ သံတော်ခံနတ်
၉။ ရွှေအနော်ရထာနတ်
၁၀။ အောင်စွာမကြီးနတ်
၁၁။ ငါးစီးရှင်နတ်
၁၂။ အောင်ပင်လယ်ရှင်ဖြူနတ်
၁၃။ တောင်မကြီးနတ်
၁၄။ မြောက်မင်းရှင်ဖြူနတ်
၁၅။ ရှင်တော်နတ်
၁၆။ ညောင်ချဉ်နတ်
၁၇။ တပင်ရွှေထီးနတ်
၁၈။ မင်းရဲအောင်ဒင်နတ်
၁၉။ ရွှေစစ်သင်နတ်
၂၀။ မယ်တော်ရွှေစကားနတ်

၂၁။ မောင်ဘိုးတူနတ်
၂၂။ ယွန်းဘုရင်နတ်
၂၃။ မောင်မင်းဖြူနတ်
၂၄။ ပင်တလဲဘိုးတော်နတ်
၂၅။ ရွှေဖျင်းနောင်တော်နတ်
၂၆။ ရွှေဖျင်းညီတော်နတ်
၂၇။ ဒါန်းမောင်ရှင်နတ်
၂၈။ ထီးဖြူဆောင်းမယ်တော်နတ်
၂၉။ ပရိမ္မရှင်မင်းခေါင်နတ်
၃၀။ မင်းစည်သူနတ်
၃၁။ မင်းကျော်စွာနတ်
၃၂။ မြောက်ဖက်ရှင်နတ်
၃၃။ အနောက်မိဖုရားနတ်
၃၄။ ရှင်ကုန်းနတ်
၃၅။ ရှင်ကွနတ်
၃၆။ ရှင်နဲမိနတ်
၃၇။ မင်းရဲဒိပ္ပနတ်
တို့ဖြစ်သည်။

ဤ(၃၇)မင်းကို ကြည့်လျှင် ယောကျ်ားနတ်က (၂၇)၊ မိန်းမနတ်က (၁၀) ပါဝင်ပါသည်။

အမျိုးအနွယ်အားဖြင့်ကြည့်လျှင် သကြား(၁)ဦး၊ ဘုရင် (၁၀)ဦး၊ မိဖုရား(၆)ဦး၊ မင်းညီမင်းသား (၆)ဦး၊ မင်းမှုထမ်း(၆)ဦး ဆင်းရဲသား(၆)ဦး ပါဝင်ပါသည်။

သေဆုံးရပုံကိုကြည့်လျှင် ကျားကိုက်ခံရသူ၊ မြွေကိုက်ခံရသူ၊ ရေနစ်ပြီးသေသူ၊ ရှူးသွပ်ပြီးသေသူ၊ မီးလောင်ပြီးသေသူ၊ သူတစ်ပါးသတ်ဖြတ်ပြီးသေသူ စသည်ဖြင့် သေချင်းဆိုးနှင့်သေသူ (၂၃)ဦး၊ အဖျားအနာနှင့်သေသူက (၁၁)ဦး၊ ကူဋ္ဌနူနာစွဲပြီးသေသူ (၁)ဦး၊ ဘိန်းစားပြီးသေသူ (၂)ဦးတို့ ဖြစ်နေပါသည်။

ဤ(၃၇)ပါးမင်းတွင် မပါသော ဦးမင်းကျော်နတ်၊ ခွန်ချို ခွန်သာနတ်၊ ပြင်လယ်ပြင်မောင်နှမနတ်၊ မောင်ရင်မောင်နတ်၊ မရွှေဥနတ်၊ အမေဂျမ်းနတ်၊ အမေရေယာဉ်နတ်၊ ရေငန်ပိုင်ဦးရှင်ကြီးနတ်၊ အဘိုးနတ်တို့ပြင် ဒေသဆိုင်ရာ နာမည်ကြီးသော ဥဖမာ-ပဲခူးဒေသမှ ကျွဲနတ်၊ ခမဲပြင်နတ်၊ တနင်္သာရီမှ မအောင်ဖြူနတ်၊ သာယာဝတီမှ မအောင်ဖြူနတ်၊ ပြည်မှကန်တော်ရှင်မောင်နှမနတ် စသည်တို့လည်းရှိပါသေးသည်။

ထိုနတ်များ၏ဘဝကို လေ့လာလျှင် သူတို့သည်မကောင်းခြင်း(၄)မျိုးရှိကြသူများဖြစ်ကြသည်။

၁။ လာခြင်းမကောင်းကြသူများ

၂။ လုပ်ခြင်းမကောင်းကြသူများ

၃။ သေခြင်းမကောင်းကြသူများ

၄။ ဖြစ်ခြင်းမကောင်းကြသူများ ဖြစ်ကြပါသည်။

ထိုကဲ့သို့ ဝေမာနိက၊ ဝိနိပါတိက အသူရာနတ်အဆင့်ရှိသော ပုဂ္ဂိုလ်များကို ကိုးကွယ်နေခြင်း၊ နတ်ကနားပေးနေခြင်း၊ အသား၊ အရက်တို့ဖြင့် ပူဇော်နေကြခြင်းသည် ဗုဒ္ဓဘာသာဝင်များအဖို့ လုံခြုံရမည့်ငါးပါးသီလကို ချိုးဖောက်ရာကျနေသည့် ထိုပုဂ္ဂိုလ်များသည် သမ္မာဒိဋ္ဌိအယူရှိသော နတ်များမဖြစ်နိုင်၊ မိစ္ဆာဒိဋ္ဌိအယူ

ရှိသောနတ်များဖြစ်ကြ၍ ကောင်းကျိုးထက် ဆိုးကျိုးသာပေးနိုင်သူများသာဖြစ်ပါမည် ဟုဆိုလိုပါသည်။

တစ်ဖန် ထိုပုဂ္ဂိုလ်များကို ဗုဒ္ဓဘာသာဝင်များစွာက မိမိတို့ပြုသော ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေနေကြရာ သူတို့တတွေသည် သာဓုခေါ်ပြီး မကျွတ်လွတ်နိုင်ကြဘူးလား၊ ကျွတ်လွတ်လောက်ပြီးဖြစ်ပါမည်။ ထိုသို့မဟုတ် မကျွတ်သေး၊ နတ်ကတော်ခေါ်ပြီး ပူးခိုင်းလိုက်ရင် သူတို့လာသေးသည်ဟုဆိုက သူတို့တစ်တွေသည် သာဓုမခေါ်နိုင်သော ပြိတ္တာမျိုး၌ ပါဝင်နေ၍သာ မကျွတ်မလွတ်နိုင် ဖြစ်နေရပါသည်။ နတ်ကောင်းနတ်မြတ် ဘုမ္မစိုး ရုက္ခစိုးအဆင့်ဆိုက သာဓုခေါ်နိုင်ပါသည်။

ဗုဒ္ဓစာပေတွင် လူ၊ ဘုမ္မစိုး၊ ရုက္ခစိုးသက်စိုးမြဲမရှိ ဟုဆိုထားသည်။ လူနှင့်အောက်နတ်များသည် အထက်နတ်ပြည်ခြောက်ထပ်ကဲ့သို့ အသက်သတ်မှတ်ထားသော အပိုင်းအခြားမရှိပါ။ သေချင်သောအချိန် သေကြေပါသည်။ နှစ်ပေါင်း (၁၀၀၀) ကျော်ရှိနေပြီဖြစ်သော ထိုနတ်များ မကျွတ်မလွတ်ခြင်း၊ မနဲ့လေးယခုထက်ထိ အပျိုမဖြစ်သေးခြင်းတို့သည် ဗုဒ္ဓဘာသာတရားတော်၏ အနိစ္စ ဒုက္ခ အနတ္တတရားနှင့် ဆန့်ကျင်နေပါသည်။ သဗ္ဗေသင်္ခါရာ အနိစ္စတရားသည် နိစ္စတရားဖြစ်နေပါသည်။

ကမ္မဿကတသမ္မာဒိဋ္ဌိ ရှိကြသော ဗုဒ္ဓဘာသာဝင်တို့သည် ထိုပြိတ္တာဝိနိပါတိက အသူရာနတ်မျိုးဖြစ်သော အောက်တန်းစားနတ်တို့ကို အရက်၊ အသားစိမ်းတို့ဖြင့် နတ်ကနားပေးနေကြသည်မှာ မိမိတို့သည်ပင်လျှင် ကမ္မဿကတသမ္မာဒိဋ္ဌိ မဟုတ်တော့ဘဲ မိစ္ဆာဒိဋ္ဌိဖြစ်နေကြသည်ကို သတိပြုသင့်ကြပါသည်။

ဤသည်ကို ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ ဆရာတော်များက ဆိုဆုံးမခြင်းဖြစ်ပါသည်။

အိမ်တွင် နတ်အုန်းသီးထားတာ၊ ရိုးရာနတ်ထားတာ မှားသလား၊ မှန်သလားဟုဆိုပါက . .

မိမိအိမ်တွင် စာကလေးများနေစေရန် စာအိမ်ထားပေးက စာကလေးများလာနေပါမည်။ မိတ်ဆွေအပေါင်းအသင်းကို ဖိတ်ကြားထားက မိတ်ဆွေအပေါင်းအသင်းလာပါမည်။ မိတ်ဆွေအပေါင်းအသင်းလာက ဧည့်ဝတ်ပြုရမည်။ ကျွေးမွေးရမည်မှာ ဓမ္မတာဖြစ်ပါသည်။ ထိုသို့ မိမိကကျွေးမွေးလိုက်သော မိတ်ဆွေအပေါင်းအသင်းက သူတတ်နိုင်တာ ကူညီနိုင်တာရှိက ကူညီသွားပါမည်။

အနာထပိဏ်သူဌေးအိမ်၌ တံခါးစောင့်နတ်များ၊ ဇောတိကသူဌေးအိမ်၌ စောင့်ကြသောဘီလူးနတ်များ၊ မင်းကိုစောင့်သောထီးချက်စောင့်နတ်သမီး စသည်တို့သည် အိမ်တွင်းခြံတွင်း နန်းတော်တွင်း၌ နေရာပေးထားခံရသော နတ်များဖြစ်ကြပါသည်။

မြန်မာပြည်အနှံ့ ဟိုမှာလည်း မြင်းဖြူရှင်၊ ဒီမှာလည်း မြင်းဖြူရှင်၊ ဟိုမှာလည်း မင်းကြီးမင်းလေး၊ ဒီမှာလည်း မင်းကြီးမင်းလေး၊ ဟိုမှာလည်း ဦးရှင်ကြီး၊ ဒီမှာလည်း ဦးရှင်ကြီး နတ်တစ်ယောက်တည်းက နေရာအနှံ့ကိုယ်ခွဲထားနိုင်ပြီး စီမံနိုင်၊ ကူညီနိုင်ပါသလားဆိုပါက-

လောကသဘာဝတွင် ဌာနတစ်ခု၌ ညွှန်ကြားရေးမှူးရာထူးအုပ်ချုပ်ရေးမှူးရာထူးစသည် သတ်မှတ်ထားပါသည်။ ထိုဌာနတွင် မူလညွှန်ကြားရေးမှူး၊ အုပ်ချုပ်ရေးမှူးသည် ဦးညွန့်မောင်

ဖြစ်မည်။ ထိုဦးညွှန့်မောင် မရှိသောအခါ ဦးစန်းလွင်လာမည်။ ထို ဦးစန်းလွင်ကို ရာထူးအရ ညွှန်ကြားရေးမှူးဟူ၍ ခေါ်သလို ညွှန်ကြားရေးမှူးတာဝန်ကို ထမ်းဆောင်ပါလိမ့်မည်။

အလားတူ ထိုဦးမင်းကျော်၊ မြင်းဖြူရှင်၊ မင်းကြီးမင်းလေး နတ်များကို နေရာအနှံ့ထားကြသည်မှာ ထိုနတ်များကလာရောက်သည်မဟုတ်ပါ၊ ထိုရာထူးနေရာကို အခြားနတ်ဝိနိပါတိက နတ်အသူရာကနေရာယူပြီး လုပ်ဆောင်ခြင်းမျှသာ ဖြစ်ပါသည်။

တကယ်တမ်းဆိုလျှင် တောင်ပြုံးညီနောင်ကို အနော်ရထာက အပိုင်းစားပေးသည်မှာ တောင်ပြုံးရွာဧရိယာအတွင်းသာ ဖြစ်ပါသည်။ အခြားကို ပိုင်ဆိုင်ခွင့်မရှိပါ။ ထိုနတ်က မိမိအပိုင်စားမပေးခံရသော နေရာတွင် လာရောက်ခြယ်လှယ်သည် ဆိုသည်မှာ လောကဓတ်ဓမ္မဝတ်အရမဖြစ်နိုင်ပါ။ ပတ်ဝန်းကျင်ဆိုင်ရာ ဝိနိပါတိက နတ်အသူရာများက နာမည်ခံပြီးနေရာယူ ဆောင်ရွက်နေခြင်းမျှသာဖြစ်ပါသည်။

ဤသို့ဆိုလျှင် အင်းဝခေတ် ဆရာတော်နှစ်ပါး၏ နတ်ကိုးကွယ်မှု၊ တိုက်ဖျက်မှုကို သဘောပေါက်ကြပါမည်။

ဗုဒ္ဓဘာသာသည် မည်သည့်နတ်ကိုမျှ မပစ်ပယ်ရပါ၊ သူ့အဆင့်နှင့်သူပူဇော်မှု၊ ဗလိနတ်စာပေးမှု၊ အမျှပေးဝေမှုကိုသာ လမ်းညွှန်ပါသည်။

အလားတူ အင်းဝခေတ်ပြီးနောက် တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့တွင်လည်း နတ်ကို ကိုးကွယ်မှုမဟုတ်ဘဲ အစောင့်အရှောက်အဖြစ် ပူဇော်မှုကိုသာ ဆက်လက်ပြုလုပ်ခဲ့ကြသည်ကိုတွေ့ရပါသည်။

ကုန်းဘောင်ခေတ်တွင် နတ်ကြီး(၁၅)ပါး ပူဇော်ပွဲသည် အထူးထင်ရှားခဲ့ပါသည်။ ထိုပူဇော်ပသခဲ့သော နတ်ကြီး(၁၅)ပါးမှာ . .

၁။ ဗဟာနိမီးနတ်
၂။ သကန္တနတ်
၃။ သိကြားမင်း
၄။ မဟာပိန္နဲနတ်
၅။ သီရိနတ်သမီး
၆။ စန္ဒီနတ်သမီး
၇။ မြေစောင့်သုပတိနတ်သမီး
၈။ ရေစောင့်တောရာမိပနတ်
၉။ ဗိဿနိုးနတ်
၁၀။ ဗြဟ္မာမင်း
၁၁။ ပရမိဿွာနတ်
၁၂။ မာရ်နတ်
၁၃။ ယမနတ်
၁၄။ နေနတ်
၁၅။ လနတ်

ထိုနတ်ကြီး(၁၅)ပါးကို ကုန်းဘောင်မင်းအဆက်ဆက် သီပေါမင်းအထိ မြေနန်းမဏ္ဍပ်ကြီးတွင် မင်းနှင့်တကွ မင်း မိဖုရား မင်းညီမင်းသား မှူးမတ်ဗိုလ်ပါအားလုံး တန်ဆောင်မုန်း ထလဆန်းတွင် ကျင်းပပူဇော်ခဲ့ကြပါသည်။

ရွှေနန်းတော်သုံးဝေါဟာရတွင် နတ်ကြီးများကိုဇရပ်တန်

ဆောင်းနှင့် အမြဲတမ်းထားလျက် တစ်လလျှင် လစာတော်ငွေ ၃ဝိ/-ကျပ် ချီးမြှင့်သနားခံရသော လူနှစ်ယောက်က နတ်မင်းကြီးများအား စောင့်ရှောက်သော ဝေယျာဝစ္စများ ဆောင်ရွက်ကြရသည် ဟုဆိုထားပါသည်။

ထိုနတ်ကြီး(၁၅)ပါး ပူဇော်ပွဲနှင့် ပတ်သက်၍ ထိုခေတ်စာဆိုပညာရှင်များက . .

-သမာဓိမြတ်၊ ဆယ့်ငါးနတ်ကို၊ ဆဒ္ဒန်သခင်၊ ပလီရှင်လို့
-ဒေဝါဒေဝီ၊ ဆယ်ငါးလီကို၊ ထုံးမှီမယွင်း၊ ပသယ်ကျင်းလို့
-ပြဿာဒ်ဗိမာန်၊ ဒေါင်းယာဉ်ပျံထက်၊ တစနွဲ့နွဲ့၊ နတ်မိန့်ကို၊ မုန်းပွဲငယ်တန္တိ၊ ကွင်းတော်သိတော့တယ်
-ချိန်တန်ဆောင်မာသ၊ ပြိတ္တာလရာသီ၊ နန်းဇေယျ၊ မြေဗဟိမ္မာ၊ အောင်သျှန္တိကျော်သဲ၊ ဆယ့်ငါးနတ်၊ ဒေဝေါ်ကို၊ ပူဇော်တော်ထုံးနှင့်မလွဲ
-ခဝဲတသန့်၊ ပြည်ပန်းရွှေမူ၊ တည်တန့်သရေ၊ ပွင့်ဝေဖြူ၊ တစ်ဆယ့်ငါးထွေ၊ ဆွေနတ်မျိုးကို၊ အပြတ်အထူး ပူဇော်ခွင့်။

ဟူ၍ အသီးသီး ဖွဲ့ဆိုရေးသားထားသည်ကို တွေ့ရပါသည်။

(ထိုနတ်ကြီး (၁၅)ပါးပူဇော်ပွဲသည် သီပေါမင်း ပါတော်မူသွားပြီးနောက် လုံးဝပျောက်ကွယ်သွားခဲ့ပါသည်)

ယနေ့မြန်မာနိုင်ငံတွင် အာဏာပိုင်များက ဒေဝဗလိကို မစွန့်လွှတ်၊ ပြုလုပ်ကြသကဲ့သို့၊ ဗုဒ္ဓဘာသာဝင်ပြည်သူအများတွင်လည်း ဗုဒ္ဓ၏ သီလ၊ သမာဓိပညာ၊ ခန္ဓာ၊ အာယတန၊ ဓာတ်သစ္စာ

တို့ကိုသိသောသူ ကျင့်သောသူတို့က နတ်ကိုမိတ်ကောင်းဆွေကောင်းအဖြစ်လည်းကောင်း၊ အစောင့်အရှောက်အဖြစ်လည်းကောင်း၊ လက်ခံပြီးပူဇော်သည်၊ ဗလိနတ်စာပေးကြရသည်။

ဗုဒ္ဓဘာသာအမည်ခံပြီး ထိုသီလ၊ သမာဓိ၊ ပညာ ရုပ်နာမ်ဓမ္မတို့ကို မသိသူတို့က နတ်ကိုအားထားရာ ကိုးကွယ်ရာဟူ၍ယုံကြည်ပြီး ရတနာသုံးပါးကိုလည်း ကိုးကွယ်သည်၊ ရှိခိုးသည်၊ ဒါန၊ သီလတို့ကိုပြုလုပ်ကြသည်၊ တစ်ဖက်ကလည်း နတ်ကိုအားကိုးတကြီးအဖြစ်ဖြင့်လည်းကောင်း၊ အကြောက်တရားဖြင့် လည်းကောင်း၊ လက်ခံအားထားကိုးကွယ်နေကြဆဲ ဖြစ်ပါသည်။

အခန်း ( ၂ )

# လူသားဝန်းကျင်ရှိနတ်များ

## နတ်ဟူသည်

နတ်ဟူသော မြန်မာစကားသည် "နာထ" ဟူသောပါဠိစကားမှ ဆင်းသက်လာသော စကားဖြစ်သည်ဟု ဝေါဟာရတ္ထဒီပနီကျမ်းက ဖွင့်ဆိုထားပါသည်။

နာထ၏အဓိပ္ပာယ်မှာ ကိုးကွယ်ရာအားထားရာ ဟူ၍ဖြစ်ပါသည်၊ လောကီ လောကုတ္တရာအကျိုးတို့အတွက် လူသားတို့ အားထားကိုးကွယ်ရာ ဖြစ်သောကြောင့် နာထ=နာတ်-နတ် ဟူ၍ ခေါ်ဆိုကြပါသည်။

ယင်းကိုးကွယ်ရာ နာမနှင့်ပတ်သက်၍ အင်္ဂုတ္တိုရ်နာထသုတ်၌-

နာထ(ကိုးကွယ်ရာတရား)၁၀-ပါးကိုဟောထားပါသည်-

တော်ဝင်မြို့မ စာအုပ်တိုက်

၁။ သီလ

၂။ ပိဋကဗဟုသုတ

၃။ ကလျာဏမိတ္တ

၄။ ဆုံးမလွယ်သူဖြစ်ခြင်း

၅။ သီတင်းသုံးဖေါ်၌ ကိစ္စကြီးငယ်ပြုလုပ်ရာ၌ စွမ်းနိုင်သောလက်မှုပညာရှိခြင်း

၆။ ချစ်ဖွယ်သောစကားကိုပြောဆိုတတ်ခြင်း

၇။ ပြဋ္ဌာန်းသောလုံ့လဝီရိယရှိခြင်း

၈။ ပစ္စည်းလေးပါး၌ ရသမျှတင်းတိမ်ခြင်း

၉။ ကြာမြင့်စွာပြုခဲ့ ပြောခဲ့သမျှကို အောက်မေ့စေနိုင်သောရင့်ကျက်သောသတိရှိခြင်း

၁၀။ အစီးအပွားအကျိုးကို ရောက်စေနိုင်သော ဆင်းရဲကင်းရာ နိဗ္ဗာန်သို့ ရောက်စေနိုင်သောအရိယာတို့၏ နိဗ္ဗေဓိကပညာရရှိခြင်း

ဤ(၁၀)ပါးနှင့်ပြည့်စုံသောသူကို ကိုးကွယ်ဆည်းကပ်ရပါမည်၊ အားထားရပါမည်။

***(အံ/ ပါ/တတိယ/ဒသ/နာထသုတ်)***

နတ်ကို ပါဠိဘာသာတစ်မျိုးစကားမှာ "ဒေဝ"ဟူ၍လည်းကောင်း၊ "ဒေဝတာ" ဟူ၍လည်းကောင်း ခေါ်ဝေါ်ပါသည်။

ဒေဝတာပုဒ်နှင့်ပတ်သက်၍ ကျမ်းဂန်တို့၌-

"ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ" ဟူသောကာမဂုဏ်ငါးပါးတို့ဖြင့် မြူးတူးပျော်ပါးကစားကြသူများ၊ အမျိုးမျိုးသော တန်ခိုးအထူးထူးတို့ဖြင့် ထွန်းလင်းတောက်ပသူများ ဟုဖွင့်ဆိုထားသည်ကိုတွေ့ရပါသည်။

## နတ်အမျိုးမျိုးဖြစ်ပေါ်မှု

နတ်အမျိုးမျိုး ဖြစ်ပေါ်လာရသည်မှာ-

- မိမိတို့ပြုလုပ်ခဲ့ကြသော ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကြောင့်လည်းကောင်း
- သာသနာတွင်းကုသိုလ်၊ သာသနာပကုသိုလ်အားဖြင့်လည်းကောင်း
- ကာမာဝစရကုသိုလ်၏ စွမ်းအားအကြီးအငယ်အားဖြင့်လည်းကောင်း
- ဘဝကိုနှစ်သက်တွယ်တာမှု (ဘဝနိကန္တိက)အားဖြင့်လည်းကောင်း
- တန်ခိုးကြီးသောနတ်၊ တန်ခိုးငယ်သောနတ်၊ စည်းစိမ်ကြီးသောနတ်၊ စည်းစိမ်ငယ်သောနတ်၊ အောက်ဘုံ ရုက္ခစိုး၊ ဘုမ္မစိုးနတ်၊ ဂန္ဓဗ္ဗနတ်၊ ယက္ခနတ်၊ အထက်ဘုံ နတ်ပြည် (၆)ထပ်၌ ဖြစ်ရသောနတ်
- သုဂတိအဟိတ်ပုထုဇဉ်နတ်၊ ဒွိဟိတ်ပုထုဇဉ်နတ်၊ တိဟိတ်ပုထုဇဉ်နတ်၊ အရိယာနတ်

စသည်ဖြင့် နတ်အမျိုးမျိုးဖြစ်ကြရပါသည်။

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ (သုဂတိအဟိတ်ပဋိသန္ဓေ)စိတ်ဖြင့် ပဋိသန္ဓေနေသော နတ်ကို သုဂတိအဟိတ်ပုထုဇဉ်နတ် (ဝိနိပါတိကအသူရာနတ်မျိုးများ) ဖြစ်သည်။

ထိုနတ်များသည် ပဋိသန္ဓေ(၄)မျိုးဖြင့် နတ်အဖြစ် မွေးဖွားကြသည်။

ထိုဝိနိပါတိက အသူရာနတ်တွင် ဒွိဟိတ်ပဋိသန္ဓေ၊

တိဟိတ်ပဋိသန္ဓေဖြင့် နေကြသော နတ်များလည်း ရှိပါသည်။ တိဟိတ်ပဋိသန္ဓေနေပါက ပုထုဇဉ်နတ်ဖြစ်သော နတ်ဘဝတွင် တစ်မဂ်တစ်ဖိုလ် ရနိုင်ပါသည်။

မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် တစ်ပါးပါးဖြင့် ဒွိဟိတ်ပဋိသန္ဓေနေသော နတ်ကို ဒွိဟိတ်ပုထုဇဉ်နတ် (ဩပပါတိကပဋိသန္ဓေ)ဖြင့် မွေးဖွားသည်။

မဟာဝိပါက်ဉာဏ သမ္ပယုတ်စိတ် တစ်ပါးပါးဖြင့် တိဟိတ်ပဋိသန္ဓေနေသော နတ်ကို တိဟိတ်ပုထုဇဉ်နတ် (ဩပပါတိကပဋိသန္ဓေ)ဖြင့် မွေးဖွားသည်။

လူ့ဘဝတွင် ဗိမ္ဗိသာရ(ဝိသာခါ)၊ အနာထပိဏ် စသည်တို့ကဲ့သို့ သောတာပန်၊ သကဒါဂါမ်၊ အရိယာဖြစ်ပြီးနောက် နတ်ပြည်ရောက်ကြသောနတ်များ၊ တစ်ဖန် နတ်ပြည်ရောက်ပြီးမှ တစ်မဂ်တစ်ဖိုလ် ရကြသောနတ်များကို အရိယာနတ်ဟူ၍ နတ်အမျိုးမျိုးရှိပါသည်။

သာသနာတွင်း ကုသိုလ်ရှင်နတ်သည် သာသနာပကုသိုလ်ရှင်နတ်ထက် ဘုန်းတန်ခိုးစည်းစိမ် ကြီးပါသည်။

ဥပမာ-ဣန္ဒကနတ်သားသည် သာသနာတွင် ရှင်မဟာကဿပကို ထမင်းတစ်ခဲမျှလှူခဲ့သည်၊ အင်္ကုရနတ်သားသည် သာသနာပ၌ သိန်းပေါင်းများစွာလှူခဲ့သည်၊ နတ်ပြည်တွင် ဣန္ဒကနတ်သားက ပို၍တန်ခိုးကြီးပြီး ဘုရားရှင်အဘိဓမ္မာတရား ဟောသောအခါ ဘုရားရှင်နား၌နေရသည်။ အင်္ကုရနတ်သားက အဝေးမှာနေရသည်။

တစ်ဖန် ကုသိုလ်စွမ်းအားကြီးသော နတ်က ကုသိုလ်စွမ်း

အားနည်းသောနတ်ထက် တန်ခိုးကြီးသည်။ အထက်တန်းကျသော နတ်ဘုံ၌ ဖြစ်ကြရသည်။

သို့သော် အောက်ဘုံ၊ အထက်မြင့်မြတ်ဘုံဖြစ်ကြရာတွင် ကုသိုလ်ကံကြီးသော်လည်း ဘဝကို နှစ်သက်တွယ်တာမှု၊ ဘဝ နိကန္တိကတဏှာက ပဲ့ကိုင်လမ်းညွှန်ပေးသော ဘုံတွင် ဖြစ်ကြရသည် များလည်း ရှိပါသည်။

ဥပမာ-ဘုရင်ဗိမ္ဗိသာရသည် သောတာပန်ကျောင်း ဒါယကာကြီးဖြစ်သော်လည်း အောက်စတုမဟာရာဇ်ဘုံတွင် ဝေဿဝဏ် နတ်မင်း (ကုဝေရ)နတ်မင်းကြီး၏အခြံအရံဇဝနသဘနတ် စစ်သူကြီးသာ ဖြစ်ရသည်။

အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းဒါယကာ အလှူအတန်း ဝါသနာကြီးသော သောတာပန်ဖြစ်သော်လည်း တုသိတာနတ်ပြည်၌ ဖြစ်ရသည်။

ဝိသာခါသည် ကျောင်းအမ၊ သောတပန်၊ အလှူ၌မွေ့ လျော်သူ ဖြစ်သော်လည်း နိမ္မာနရတိနတ်ဘုံ၌ သုနိမ္မိတနတ်မင်း၏ မိဖုရားဖြစ်ရသည်။

"ဆိုင်ရာနတ်ပြည်တို့၏ ဖြစ်လိုမှု ဖြစ်ချင်မှုဘဝနိကန္တိက ပဲ့ကိုင်လမ်းညွှန်မှုကြောင့် ဖြစ်ရသည်"

ဟု ဘုရင်ဗိမ္ဗိသာရတစ်ဖြစ်လဲ ဇဝနသဘနတ်စစ်သူကြီး က ဘုရားရှင်ကို လျှောက်ထားခဲ့သည်။

"သီလရှိသောပုဂ္ဂိုလ်များ သီလစင်ကြယ်သန့်ရှင်းသည့် အတွက် မိမိစိတ်ကတောင့်တသည့်အတိုင်းပြည့်စုံရသည်"

ဟု ဘုရားရှင်က အင်္ဂုတ္တိုရ်၌ ဟောကြားထားခဲ့ပါသည်။

ထို့ကြောင့် နတ်ပြည်၌နတ်အမျိုးမျိုးဖြစ်ကြရသည်မှာ-
- မိမိတို့ပြုလုပ်ခဲ့သောကုသိုလ်ကောင်းမှု ကံအားကြီးမှု အားနည်းမှု
- မိမိဖြစ်လိုသော ဘဝနိကန္တိကာတဏှာ တောင့်တမှုတို့ကြောင့် နတ်အမျိုးမျိုး ဖြစ်ကြရသည် ဟုမှတ်ရပါမည်။

## နတ်အမျိုးအစား ( ၃ )မျိုး

အဘိဓမ္မာပိဋကတ်၊ ဝိဘင်းပါဠိတော် ဓမ္မဟဒယဝိဘင်၌ ဘုရားရှင်က နတ်(၃)မျိုးကို ဟောထားခဲ့ပါသည်။

၁။ သမ္မုတိနတ် - လောကရှိလူအပေါင်းတို့က မိမိတို့၏ အကြီးအကဲ ခေါင်းဆောင်အဖြစ် သမုတ်တင်မြှောက်ထားသော မင်းဖြစ်ပါသည်၊ ထိုမင်းသည် အခွင့်သင့်က ရာထူးဌာနန္တရစသောလောကီစည်းစိမ်ကိုပေးနိုင်ခြင်း၊ ပူဇော်သက္ကာရကို ခံယူခြင်း၊ ကျိုးကြောင်းပြ၍ဆုံးမနိုင်ခြင်း ဟူသော တန်ခိုး(၃)မျိုးကို ဖြစ်စေနိုင်ပါသည်။

၂။ ဥပပတ္တိနတ် - အိပ်သောယောက်ျား၊ နိုးသော်လားသို့ဩပပါတိကပဋိသန္ဓေမျိုးဖြင့် ဘဝဟောင်းမှ ဘဝသစ်သို့ ခန္ဓာကိုယ်အထင်အရှား ဘွားခနဲဖြစ်သော စတု

မဟာရာဇ်နတ်ဘုံမှစ၍ အထက် ဘဝဂ်
တိုင်အောင် ဘုံတို့၌ဖြစ်ကြသော နတ်
ဗြဟ္မာများတို့ ဖြစ်ပါသည်။

ဤနတ်များသည်လည်း လူတို့၏သက်တမ်း (၈၀၀၀၀) အထက် လူတို့ သူ့အသက် မသတ်ခြင်း၊ အသားကို မစားသော ကာလက လောကနှင့်လူတို့ကို အပြည့်အဝစောင့်ရှောက်သည်။ လူတို့ အသက်သတ်၍ အသားစားလာသောအခါ မစောင့်ရှောက်တော့ပေ၊ သီလရှိသော သူတို့ကိုသာ စောင့်ရှောက်ကြသည်။

၃။ ဝိသုဒ္ဓိနတ် - ကိလေသာအာသဝေါ ကုန်ခမ်းပြီး လုံးဝ စင်ကြယ်သွားပြီဖြစ်သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ထိုပုဂ္ဂိုလ်များသည် မျက်မှောက်ဘဝ၌သာမဟုတ်၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာလုံး၌ လောကီလောကုတ္တရာ ကောင်းကျိုးအမျိုးမျိုးတို့ကို ပေးစွမ်းနိုင်ပါသည်။

လောကီအလို၊ လောရာမကျမ်း၊ သဗ္ဗကျမ်း၊ ဒဏ္ဍီကျမ်းများ၌ . .

-ပညာကိုစောင့်သောနတ်

-ဥစ္စာကိုစောင့်သောနတ်

-ကျက်သရေကိုစောင့်သောနတ်

ဟူ၍ နတ်(၃)မျိုးရှိကြောင်း ဆိုထားပါသည်။

အလင်္ကာကျမ်း၌ သူရဿတီနတ်သမီးသည် ပညာကို

စောင့်သည်၊ သုသီလက္ခန်ပါဠိတော်၊ ဖြဟ္မဇာလသုတ်မဟာသီလ ၌ သီရိဝှာယနံ ဟူ၍ဖော်ပြပြီး ယင်းအဋ္ဌကထာအဖွင့်တွင်-

"သီရိဝှာယနန္တိ ဧဟိသီရိမယှံသရီရေ ပတိဋ္ဌာဟိတိ ဧဝံ သီရေရိယာအဝှယနံ"

ဟူ၍ ဖွင့်ဆိုထားချက်အရ ကျက်သရေစောင့်နတ်ရှိသည် ကို သိရပါမည်။

ဇာတ်တော်တွင် အနာထပိဏ်သူဌေးကြီး၏ ကျက်သရေ ကိုခိုးသောပုဏ္ဏားအကြောင်းထင်ရှားပါသည်။

အဘိဓာန်တွင် ဇိဝေါတုပုရိသောတ္တာယ ဟုဆိုပါသည်။

ဇိဝှေါ - ရှင်စေတတ်သောနတ်

ပုရိယော - အလိုလိုပြီးဆုံးစေတတ်သောနတ်

အတ္တာ - မြဲမြံခိုင်ခန့်ခြင်းသို့ ရောက်စေတတ်သောနတ် ဟူ၍ ကိုယ်ကိုစီမံတတ်သောနတ်(၃)မျိုးရှိကြောင်း ဖော်ပြထား ပါသည်။

## နတ်စည်းစိမ်ချမ်းသာ

လူသားတို့မှာ မိမိတို့စားဝတ်နေရေးအတွက် နေ့ရှိသရွေ့ အချိန်ပြည့် လုပ်ရှားရုန်းကန်း ရှာဖွေနေရသဖြင့် အထိုက်အလျောက် ရရှိသော စည်းစိမ်ဥစ္စာကိုပင် ကျကျနန မခံစားနိုင်ကြပါ။

နတ်တို့မှာမူကား လူသားတို့ကဲ့သို့ အစာအာဟာရကို လည်း ရှာဖွေနေစရာမလို၊ အချိန်တန်သောအခါ နတ်သြဇာ အဆင်သင့် ရောက်လာပြီး စားသောက်ကြရသည်၊ အဝတ်တန်ဆာ၊ နေထိုင်စရာ ဘုံဗိမာန်တို့ကလည်း ရှေးကပြုခဲ့သောဒါန၊ သီလ

ကုသိုလ်ကံအစွမ်းကြောင့် အဆင်သင့်ပေါ်ပေါက်နေပြီး ဖြစ်ပါသည်။

စား,ဝတ်,နေ,ရေးအတွက် လုံ့လပြု၊ ကြောင့်ကြစိုက်ရမှု မရှိသောကြောင့် အာရုံငါးပါး၊ ကာမဂုဏ်တရားကို အချိန်ပြည့် အားရပါးရအပြည့်အဝ ခံစားကြရပါသည်၊ ပျော်ပါးခံစားရပါသည်။

မဟာသုတသောမဇာတ်၌ နတ်စည်းစိမ်နှင့်လူ့စည်းစိမ်တို့ကို နှိုင်းယှဉ်ပြရာ၌-

"နတ်စည်းစိမ်သည် လူ့စည်းစိမ်ထက် အရာရာမှာပင် သာလွန်သည်၊ သဖန်းမြက်ပေါ်က ဆီးနှင်းပေါက်ကလေးနှင့် သမုဒ္ဒရာရေပမာဏများကွာခြားသလို လူ့စည်းစိမ်နှင့် နတ်စည်းစိမ် ကွာခြားသည်"

ဟု ဆိုထားပါသည်။

သို့သော် စတုမဟာရာဇ်နတ်၌ပါဝင်သော နတ်စုတ်၊ နတ်မွဲ၊ နတ်သရဲ (ဝိနိပါတိကနတ်အသူရာ)တို့၏ စည်းစိမ်နှင့် အစာအာဟာရတို့မှာ သာယာနှစ်သက်ဖွယ် မရှိပါ။

နတ်စည်းစိမ်ချမ်းသာ ခံစားရမှုဆိုသည်မှာ အထက်နတ်(၆)ဘုံကို ဆိုလိုခြင်းဖြစ်ပါသည်၊ စတုမဟာရာဇ်နတ်မင်းကြီးလေးပါး၏ လက်အောက်ရှိ ဘုမ္မစိုး-ရုက္ခစိုးနတ်များမှာ ဘုန်းတန်ခိုးကြီးသော ဘုမ္မစိုး-ရုက္ခစိုးနတ်ရှိသလို ဆင်းရဲမွဲတေသော နတ်စုတ်၊ နတ်မွဲများလည်းရှိနေပါသည်။

ထိုနတ်စုတ်၊ နတ်မွဲများ လူတို့ကိုမှီခိုစားသောက်နေကြသော ဝိနိပါတိကအသူရာနတ်မျိုး၊ ဝေမာနိကပြိတ္တာဝင်နတ်မျိုးများ ဟူ၍လည်း ခေါ်ဆိုကြပါသည်။

**လှူသားပတ်ဝန်းကျင်ရှိ စတုမဟာရာဇ်လက်အောက်ခံနတ်များ**

နတ်ပြည် (၆)ထပ်တွင် အောက်ဆုံးဘုံဖြစ်သော နတ်ပြည်ကို စတုမဟာရာဇ်နတ်ဘုံ ဟု ခေါ်ပါသည်။

သိကြားမင်း၏ကိုယ်စား အောက်ဘုမ္မစိုး-ရုက္ခစိုး၊ ကုမ္ဘဏ်ရက္ခိုက်၊ ယက္ခ၊ ဂန္ဓဗ္ဗနတ်တို့ကို အသီးသီးအုပ်ချုပ်သော ဓတရဋ္ဌ ဝိရုဠ္ဟက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသောနတ်မင်းကြီးလေးပါး အုပ်ချုပ်စိုးစံရာဖြစ်သောကြောင့် စတုမဟာရာဇ (စတု=၄၊ မဟာ ရာဇ-ကြီးမြတ်သောနတ်မင်းကြီး)ဘုံ ဟုခေါ်ပါသည်။

စတုမဟာရာဇ်နတ်အမျိုးအစားကိုခွဲလျှင် (၂)မျိုးတွေ့ရပါသည်။

၁။ တော၊ တောင်၊ မြေပေါ်မှာတည်ကြသော ပဗ္ဗတဋ္ဌ၊ ဘူမဋ္ဌနတ်များ

၂။ ကောင်းကင်မှာတည်သောအာကာသဋ္ဌနတ်များ

ပဗ္ဗထဋ္ဌဘူမဋ္ဌ ခေါ် နတ်များသည် ယုဂန္ဓိုရ်တောင်ပေါ်၌ ဘုံဗိမာန်အသီးသီးရှိကြသည်။

အာကာသဋ္ဌခေါ် ကောင်းကင်နတ်များသည် မြင့်မိုရ်တောင်အလယ်ရှိ ယုဂန္ဓိုရ်တောင်ထွဋ်နှင့် ညီမျှသော ပတ်ပတ်လည် ကောင်းကင်ပြင်ကြီးထဲတွင် စကြဝဠာတံတိုင်းရောက်အောင် နတ်ဘုံ နတ်ဗိမာန်များနှင့် နေကြသည်။

ယင်းစတုမဟာရာဇ် နတ်ဘုံတွင် သိကြားမင်းကိုယ်စား အုပ်ချုပ်ရသော နတ်မင်းကြီးလေးပါး ရှိသည်။

အာဋ္ဋာနဋိယသုတ်၌-

"ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရုဠ္ဟကော

ပစ္ဆိမေနဝိရူပက္ခော၊ ကုဝေရော ဥတ္တရံဒိသံ

"အရှေ့အရပ်၌ ဝိရူပက္ခနတ်မင်း၊ တောင်အရပ်၌ ဝိရူဠှက နတ်မင်း၊ အနောက်အရပ်၌ ဝိရူပေက္ခနတ်မင်း၊ မြောက်အရပ်၌ ကုဝေရနတ်မင်း၊ ဤနတ်မင်းလေးပါးတို့သည် မြင့်မိုရ်တောင်၏ လေးမျက်နှာအသီး၌အုပ်ချုပ်၍ လောကကို စောင့်ရှောက်နေကြ သည်ဟု ဆိုပါသည်။

ထိုစတုမဟာရာဇ်နတ်မင်းကြီး အောက်ဝယ် နတ်စစ်သူ ကြီး(၃၇)ပါးရှိကြောင်း သုတ်ပါထေယျ အာဋ္ဌာနာဋိယသုတ်၌ ဟော ကြားထားပါသည်။

ထိုနတ်စစ်သူကြီးများက ကြီးကြပ်ကွပ်ကဲကြပြီး မြင့်မိုရ် တောင်၏။

| | |
|---|---|
| အရှေ့မျက်နှာ၌ | - ဂန္ဓဗ္ဗနတ်စစ်သည်များ |
| တောင်မျက်နှာ၌ | - ကုမ္ဘဏ်နတ်စစ်သည်များ |
| အနောက်မျက်နှာ၌ | - နဂါးနတ်စစ်သည်များ |
| မြောက်မျက်နှာ၌ | - ဘီလူးနတ်စစ်သည်များ |

အသီးသီးရှိကြသည်၊ ထိုအရပ်လိုက် နတ်မင်းကြီးလေးပါး က အဓိကစစ်ဗိုလ်ချုပ်ကြီးများ ဖြစ်ကြသည်။

## ၁။ ဂန္ဓဗ္ဗနတ်

ပဋိသန္ဓေအစွမ်းအားဖြင့် မွှေးနံ့ကြိုင်သင်းသော နံ့သာပင် တို့၌ တွယ်၍နေသောနတ်ကို ဂန္ဓဗ္ဗနတ်ဟု ခေါ်သည်။

သစ်ပင်အတွင်း၊ သစ်ခေါင်းအတွင်း၌နေသော သစ် ဘီလူးခေါ် ဂန္ဓဗ္ဗနတ်တို့ကမူ သစ်တုံးဆွေးမြေ့ပျက်စီးသည်အထိ

နေကြသည်၊ အိမ်တိုင်းကျောင်းတိုင်းတို့၌ အမှတ်ဆိုးပါသည်၊ သစ်ခြောက်ပါသည်ဟု ဆိုခြင်းမှာ ထိုဂန္ဓဗ္ဗနတ်မျိုး ကပ်ပါလာခြင်းကို ဆိုပါသည်။

ရှေးရှေးဘဝတို့၌ ယုတ်ညံ့သောအကုသိုလ်ကံကိုပြုခဲ့ကြသောကြောင့် အချို့သောဂန္ဓဗ္ဗနတ်တို့သည် လူမိန်းမဆိုး၏ ကိုယ်တွင်းဝမ်း၌လာဖြစ်ကြရသည်။

ထိုဂန္ဓဗ္ဗနတ်မျိုးကို ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ မှော်ကျမ်းတို့၌ ယောဂီနီနတ်၊ ဇောဂနီနတ်ဟူ၍အမျိုးမျိုးခေါ်ကြသည်။

ထိုဇော်ဂနီနတ်တို့သည် မိမိတို့ အမှတ်သညာထားကြသည့်အတိုင်း ညဉ့်အခါတို့၌ မိမိတို့၏ တန်ခိုးအမျိုးမျိုးတို့ဖြင့် ကျက်စားကြသည်၊ ထိုသို့ကျက်စားစဉ် ညဉ့်အခါ၌ ထွန်းပတောက်လင်းသော အလေ့ရှိသောကြောင့် ယင်းတို့ကို ပါဠိလို "ဇုဏှ"ဟု ခေါ်သည်။

(ဇုဏှ ဟူသော ပါဠိဝေါဟာရမှ မြန်မာဝေါဟာရ ဇုဏ်းစုန်းဟူ၍ ခေါ်ဝေါ်လာကြပါသည်)

ထိုဂန္ဓဗ္ဗနတ်တည်ရာ မိန်းမကို စုန်းမ ဟူ၍လူတို့က ခေါ်ဝေါ်ကြသည်၊ ထိုစုန်းမတို့သည် မိမိကိုယ်တွင်းကိန်းအောင်းနေသော ဂန္ဓဗ္ဗနတ်၏ အစွမ်းသတ္တိဖြင့် အခြားသောသူကို နှိပ်စက်ခြင်း၊ ဖမ်းစားခြင်း၊ အကုသိုလ်အမှုများကိုပြုလုပ်ကြသည်။

(ပဋိသန္ဓေတည်သည်မှစ၍ ထိုဂန္ဓဗ္ဗနတ်ထပ်ကြပ်လာပါလာသောမိန်းမကို ဝမ်းတွင်းစုန်း ဟုခေါ်ကြသည်၊ ဗူးရှိသည်။ဗူးသွင်းသည် ဟု ပြောဆိုကြသည်)

မြင့်မိုရ်တောင်တွင်နေသော တိဗ္ဗရှသကနတ်မင်းကြီး

သည် ဂန္ဓဗ္ဗနတ်မင်းကြီးဖြစ်ပါသည်။ နတ်မင်းကြီးအပါအဝင် ထို ဂန္ဓဗ္ဗနတ်များသည် သိကြားမင်းစသော အထက်နတ်များကို ဖျော်ဖြေပေးရသောနတ်သီချင်းသည်၊ ကချေသည်၊ ဂီတသည်နတ်များ ဖြစ်ပါသည်။

ပဥ္စသိခနတ်သားသည် ဦးခေါင်းတွင် သျှောင်ငါးထုံးရှိ၍ သိကြားမင်း၏ နတ်ဂီတလုလင်အဖြစ်ထင်ရှားသည်၊ သူ၏စောင်း မှာမာရ်နတ်မင်း ကျန်ရစ်ခဲ့၍ သိကြားမင်းက ပေးထားသော ဗေလုဝနတ်စောင်းကြီးဖြစ်သည်။

(စာပေတွင် ပမ္ဗရုသကနတ်မင်းကြီး၏သမီး သူရိယဝစ္ဆသာ -နေခြည်နုလို့ကျက်သရေရှိသူ ဘဒ္ဒါကို ပဥ္စသိခဂန္ဓဗ္ဗနတ် သားက ကြိုက်နှစ်သက်၍ မေတ္တာဘွဲ့စောင်းသီချင်း (၁၅)ပုဒ် ရေးစပ်ထားခဲ့သည်၊ ထိုစောင်းသီချင်း (၁၅)ဂါထာဖြင့် ဘုရားကို တိုင်တည်ခဲ့သောကြောင့် ပိဋကတ်စာပေမှတ်တမ်းတွင် ထင်ရှားနေသည်)

ထိုဂန္ဓဗ္ဗနတ်များသည် အမျိုးအစားအားဖြင့် (၁၀)မျိုး ရှိကြောင်း မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌ ဟောထားပါသည်။

| | |
|---|---|
| ၁။ မူလဂန္ဓဗ္ဗနတ် | ၂။ သာရဂန္ဓဗ္ဗနတ် |
| ၃။ ဖေဂ္ဂုဂန္ဓဗ္ဗနတ် | ၄။ တစဂန္ဓဗ္ဗနတ် |
| ၅။ ပပဋိကာဂန္ဓဗ္ဗနတ် | ၆။ ခန္ဓဂန္ဓဗ္ဗနတ် |
| ၇။ ရသဂန္ဓဗ္ဗနတ် | ၈။ ပုပ္ဖဂန္ဓဗ္ဗနတ် |
| ၉။ ဖလဂန္ဓဗ္ဗနတ် | ၁၀။ ပတ္တဂန္ဓဗ္ဗနတ် |

ငွေရောင်တောက်ပသော မြင့်မိုရ်တောင်၏အလယ်ခုလတ် အရှေ့ဘက်နံပါး၌တည်ရှိနေသော စတုမဟာရာဇ်နတ်မင်းကြီး(၄)ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ဓတရဋ္ဌနတ်မင်းကြီး

က အရပ်လေးမျက်နှာရှိ ထိုဂန္ဓဗ္ဗနတ်များကို အုပ်ချုပ်ပါသည်။

**အာဋာနာဋိယသုတ်၌-**

ပုရိတ္ထိမသ္မိံ ဒိသာဘာဂေ သန္တိဘူတာ မဟိဒ္ဓိကာ
တေပိ အမှေနုရက္ခန္တု အရောဂေနသုခေနစ

"အရှေ့မျက်နှာအရပ်၌ တန်ခိုးစွမ်းအားကြီးမားလှကုန်သော ဂန္ဓဗ္ဗနတ်တို့သည်ရှိကြပါသည်၊ ထိုဂန္ဓဗ္ဗနတ်တို့ကလည်း ကျွန်ုပ်တို့ကို အနာရောဂါကင်းအောင် ချမ်းသာအောင် အစဉ်စောင့်ရှောက်ပါစေ" ဟု ဟောထားပါသည်။

**အလားတူ မဟာသမယသုတ်၌လည်း-**

"ပုရိမဥ္စ ဒိသံရာဇာ၊ ဓတရဋ္ဌောပသာသတိ
ဂန္ဓဗ္ဗာနံအဓိပတိ၊ မဟာရာဇာ ယသဿာသိသော"

"ဓတရဋ္ဌနတ်မင်းကြီးသည် အရှေ့အရပ်၌ရှိကြသော ဂန္ဓဗ္ဗနတ်တို့ကို တာဝန်ယူဆိုဆုံးမရသည်။ ထိုနတ်တို့၏ အကြီးအမှူးဖြစ်၏၊ များသောအခြံအရံရှိ၏"

## ၂။ ကုမ္ဘဏ် (ရက္ခိုက်)

အိုးစရည်းကြီးတမျှ ကြီးမားသော ဝမ်းဗိုက်ကျယ်သော ပြူးသောနီသောမျက်စိရှိပြီး ကိုယ်ရောင်ကိုယ်ဝါ ကင်းပြီးလျှော်ကျက်သရေမဲ့၊ ရုပ်အဆင်းမဲ့၊ ဆိုးဆိုးဝါးဝါး အကျည်းတန်သော ကြောက်မက်ဖွယ်၊ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော ကောင်းသောရုပ်အဆင်းရှိသော ရက္ခိုက်ကို ကုမ္ဘဏ်ဟုခေါ်ဆိုပါသည်။

ဤကုမ္ဘဏ်တို့ကို ယခုလောက၌ "ဥစ္စာစောင့်" ဟူ၍ခေါ်ကြသလို ဗုဒ္ဓဘာသာစာပေကျမ်းဂန်တို့၌ ဒါနဝဘီလူးဟု ခေါ်ဆိုသည်။

ယင်းတို့သည် ဥစ္စာပစ္စည်းများကိုစောင့်သည်၊ ရေကန်ကို စောင့်သည်၊ အပိုင်စားပေးခံရသောသစ်ပင်များ၊ သစ်တောများ ရှိ၍ သူတို့ပိုင်နက်အတွင်းရောကာလက ဖမ်းယူစားသောက်တတ် ကြသည်၊ ထို့ကြောင့် သူတို့ကိုလည်း ဘီလူး (ရက္ခိုက်) ဟူ၍ ခေါ် ကြသည်။

မြရောင်တောက်ပနေသော မြင့်မိုရ်တောင်၏ တောင် ဘက်နံပါတ်၌နေသော စတုမဟာရာဇ်နတ်မင်းကြီးလေးပါး အပါ အဝင်ဖြစ်သော ဝိရူဠှကနတ်မင်းကြီးသည် အရပ်လေးမျက်နှာ အသီးသီးရှိ ကုမ္ဘဏ်တို့ကို အုပ်ချုပ်ပါသည်။

**အာဋာနာဋိယသုတ်၌-**

ဒက္ခိဏာသ္မိံ ဒိသာဘာဂေ၊ သန္တိဒေဝါ မဟိဒ္ဓိကာ
တေပိအမှေ့ နုရက္ခန္တု၊ အရောဂေန သုခေနစ

"တောင်ဘက်အရပ်၌ တန်ခိုးကြွဒ္ဓိပါဒ်ကြီးမြတ်ကြကုန် သော ကုမ္ဘဏ်နတ်တို့သည် ရှိကြပါကုန်၏၊ ထိုကုမ္ဘဏ်နတ်တို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်းအောင် ချမ်းသာအောင် စောင့် ရှောက်ပါစေ"

ဟူ၍ ဟောထားပါသည်။

**မဟာသမယသုတ်၌-**

ဒက္ခိဏာဥ ဒိသံရာဇာ ဝိရူဠှော တံပသာသတိ
ကုမ္ဘဏ္ဍာနံ အဓိပတိ မဟာရာဇာယသဿိသော

"ဝိရူဠှအမည်ရှိသော နတ်မင်းကြီးသည် မြင့်မိုရ်တောင်၏ တောင်ဘက်ဖြစ်သော ထိုအရပ်မျက်နှာ၌ နေကြကုန်သော ကုမ္ဘဏ် (ရက္ခိုက်)တို့ကို တာဝန်ယူဆုံးမရ၏၊ ထိုဝိရူဠှနတ်မင်းကြီးသည် ကုမ္ဘဏ်တို့၏အကြီးအမှူးဖြစ်၏။ များသောအခြံအရံရှိ၏"

ဤကုမ္ဘဏ်ဟုခေါ်သော ဥစ္စာစောင့်များသည်လည်း လူသားတို့၏ ပတ်ဝန်းကျင်တွင်နေကြသော သူများဖြစ်ကြပါသည်။

## ၃။ နတ်နဂါး

တောင်၏ အတွင်း၌သော်လည်းကောင်း၊ မြေ၏အတွင်း၌သော်လည်းကောင်း၊ သမုဒ္ဒရာရေအောက်အတွင်း၌သော်လည်းကောင်းဖြစ်ကြသော ဝသုန္ဒရနတ်မျိုး၊ ဘုမ္မစိုးနတ်အမျိုးမျိုးတို့ကို နတ်နဂါး ဟုဆိုပါသည်။

မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ်၌ ထိုနဂါးမျိုးကို ပထဝီဒေဝမြေနတ်၊ ဗြဟ္မဇာလသုတ်၌ ထိုနတ်နဂါးများ၏မန္တန်ကို ဝတ္ထုဝိဇ္ဇာ ဟူ၍လည်းကောင်း၊ ဘူမိဝိဇ္ဇာ ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြပါသည်။

ထိုနတ်နဂါးများ မြူးတူးကစားမှု၊ အားကြီးလတ်သော် တစ်ခါတစ်ရံမြေတုန်လှုပ်မှုဖြစ်ပေါ်တတ်သည် ဟုဆိုပါသည်။

အချို့သော နတ်နဂါးများသည် တန်ခိုးကြီးကြသည်၊ သူတစ်ပါးကို ဖမ်းစားနှောင့်ယှက်နိုင်သော သတ္တိရှိသည်၊ မကောင်းမှုပြုရန်အရေး၌ လွန်စွာပျော်ပါးသော စိတ်ရှိကြသည်၊ ရက်စက်ကြမ်းကြုတ်သော အမှုများကို ပြုလုပ်တတ်ကြသည်။

ထိုနတ်နဂါးများသည် တစ်ခါတစ်ရံ မိမိတို့၏ ပကတိအသွင်အပြင်ဖြင့်လည်းကောင်း သွားလာကြသည်၊ တစ်ခါတစ်ရံ ခွေးယောင်၊ လင်းတယောင်၊ ကျားယောင်၊ ခြင်္သေ့ယောင် စသည်ဖြင့် ဆောင်ကာ သွားလာကြသည်။

ကစားမြူးတူးလိုသဖြင့်လည်းကောင်း၊ စားသောက်ကြူး

လိုသဖြင့်လည်းကောင်း၊ ငရဲ၊ ဘုံ၊ ပြိတ္တာဘုံများသို့ သွားရောက်ပြီး ငရဲ၊ သတ္တဝါ၊ ပြိတ္တာသတ္တဝါတို့ကို အမျိုးမျိုးသော ညှင်းဆဲမှုဖြင့် ညှင်းဆဲကြသည်၊ မိမိတို့လည်း တစ်ခါတစ်ရံ စားသောက်ကြသည်။

လရောင်တောက်ပသော မြင့်မိုရ်တောင် အနောက်နံပါး၌ နေသော ဝိရူပက္ခနတ်မင်းကြီးသည် အရပ်လေးမျက်နှာ၌ရှိသော နတ်နဂါးတို့ကို အုပ်ချုပ်သည်။

**အာဋာနာဋိယသုတ်၌ . .**

ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိနာဂါမဟိဒ္ဓိကာ

တေပိအမှေ့ နုရက္ခန္တု၊ အရောဂေနသုခေနစ

"အနောက်အရပ်၌ တန်ခိုးရှိန်စော ကြီးမားကုန်သော နဂါးတို့သည် ရှိကြကုန်သည်၊ ထိုနဂါးတို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်းအောင်၊ ချမ်းသာအောင် စောင့်ရှောက်ပါ "

ဟု ဟောထားပါသည်။

**မဟာသမယသုတ်၌ . .**

ပစ္ဆိမဥ္စဒိသံရာဇာ ဝိရူပက္ခောပသာသတိ

နာဂါနဉ္စအဓိပတိ မဟာရာဇာယသဿိသော

"ဝိရူပက္ခအမည်ရှိသော နတ်မင်းကြီးသည် မြင့်မိုရ်တောင်၏ အနောက်ဘက်အရပ်၌ ရှိကြသော နတ်နဂါးတို့ကို တာဝန်ယူ၍ဆုံးမရ၏။ ထိုနတ်နဂါးတို့၏ အကြီးအမှူးဖြစ်၏။ များသော အခြံအရံရှိ၏"

သုပဏ္ဏသံယုတ်အဋ္ဌကထာ၌ နတ်နဂါး(၇)မျိုးကို ဟောထားသည်ကိုတွေ့ရပါသည်။

၁။ ပဏ္ဍိတတရ - ပင်္ကိုသဘောအားဖြင့် မိမိထက် သာလွန်မွန်မြတ်သောနဂါးမျိုး

၂။ ကမ္ဗလဿတရ - မြင့်မိုရ်တောင်ခြေ၌ နေကြသော ကမ္ဗလဿတရအမည်ရှိသော စစ်သူကြီး နတ်နဂါးမျိုး

၃။ ဓတရဋ္ဌ -နဂါးအပေါင်းတို့၏ မင်းဖြစ်သော ဓတရဋ္ဌအမည်ရသော နဂါးမျိုး

၄။ သတ္တသိန္တုရဝါသီ- သီတာခုနစ်စင် သမုဒ္ဒရာအတွင်း၌ နေသောနဂါးမျိုး

၅။ ပထဝိဋ္ဌက - မြေတွင်းအောင်းသောနဂါးမျိုး

၆။ ပဗ္ဗအဋ္ဌက - တောတွင်းအောင်းသောနဂါးမျိုး

၇။ ဝိမာနဋ္ဌက - နတ်ကဲ့သို့ဗိမာန်၌နေသောနဂါးမျိုး

ဂဠုန်တို့သည် ဤနဂါး(၇)မျိုးကိုသုတ်ယူဖမ်းစားခြင်းငှာ မတတ်နိုင်၊ မဟာသမုဒ္ဒရာ လှိုင်းတံပိုးအပြင်၌နေသော နဂါးတို့ကိုသာ ဖမ်းယူစားနိုင်သည်ဟု ဆိုပါသည်။

ဤနတ်နဂါးမျိုးနွယ်မျိုးစုံတို့သည်လည်း လူပတ်ဝန်းကျင်တွင် ရှိနေကြသော အမျိုးအစားများဖြစ်ကြပါသည်။

## ၄။ ဘီလူး (ယက္ခ)

ကိုယ်ရောင်ကိုယ်ဝါ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော လူမဟုတ်သောသူကို ဘီလူး(ယက္ခ)ဟု ခေါ်ပါသည်။

ယင်းတို့သည် ဝေပုလ္လတောင်ယံ၌ မဏိဇောတိရသ်ပတ္တမြားရတနာကို စောင့်ရှောက်ရသော ဘီလူးရှိသလို တော၊ တောင်ရှိ ရတနာအမျိုးမျိုးတို့ကိုလည်းကောင်း၊ တောစိုးသစ်ပင်ကြီးများကိုလည်းကောင်း၊ ထူးမြတ်သောဆေးပင်၊ ပန်းပင်အမျိုး

မျိုးတို့ကိုလည်းကောင်း၊ မြစ်၊ အင်း၊ အိုင်ကြီးစသည်တို့ကိုလည်းကောင်း အပိုင်စားပေးခံရပြီး စောင့်ရှောက်ကြသည်။

ရွှေရောင်တောက်ပသော မြင့်မိုရ်တောင်၏ မြောက်ဘက်နံပါး၌နေသော ကုဝေရခေါ် ဝေဿဝဏ်နတ်မင်းကြီးက ယင်းဘီလူးတို့ကို အုပ်ချုပ်သည်။

**အာဋာနာဋိယသုတ်၌-**

ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိယက္ခာ မဟိဒ္ဓိကာ

တေပိအမှေနုရက္ခန္တု၊ အရောဂေနသုခေနစ

"မြောက်ဘက်အရပ်၌ တန်ခိုးကြီးမားကုန်သော ဘီလူးတို့သည် ရှိကြကုန်၏။ ထိုဘီလူးတို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်းအောင် ချမ်းသာအောင် စောင့်ရှောက်ပါ"

ဟု ဟောထားပါသည်။

**မဟာသမယသုတ်၌-**

ဥတ္တရဉ္စ ဒိသံရာဇာ ကုဝေရောတံပသာသတိ

ယက္ခာနဉ္စအဓိပတိ မဟာရာဇာယသဿိသော

"ကုဝေရနတ်မင်းကြီးသည် မြောက်အရပ်၌ရှိကြသော နတ်ဘီလူးတို့ကို တာဝန်ယူဆုံးမရ၏၊ ထိုနတ်ဘီလူးတို့၏အကြီးအမှူးဖြစ်၏၊ များသောအခြံအရံရှိ၏"

ဤဘီလူး (ယက္ခ)များသည်လည်း လူ့ပတ်ဝန်းကျင်တွင် ကျင်လည်ကျက်စား သွားလာနေထိုင်ကြသောသူများ ဖြစ်ကြပါသည်။

ပိဋကတ်တော်တွင် ဘုရားရှင်ကိုယ်တော်တိုင် ဆုံးမခဲ့သော အာဠဝကဘီလူး၊ ဘုရင်ကသားကိုဆက်၍ ကျွေးခဲ့ရသော

ဟတ္တဋ္ဌကဘီလူး (ထိုသားသည် နောင်တွင်ဘုရားသာသနာ၌ ဟတ္တဋ္ဌကဉပါသကာအဖြစ် ထင်ရှားခဲ့သူဖြစ်သည်)

ကာကဝလ္လိယကို ရွှေအိုးပေးခဲ့သောဘီလူး စသည်တို့သည် လူ့ပတ်ဝန်းကျင်တွင် ထင်ရှားခဲ့သော ဘီလူး(ယက္ခ)များ ဖြစ်ကြပါသည်။

## လူသားပတ်ဝန်းကျင်၌ ဘုမ္မစိုး-ရုက္ခစိုးနတ်များရှိပုံ

လူ့လောက လူ့ပတ်ဝန်းကျင်တွင် တော၊ တောင်၊ သစ်ပင်၊ မြစ်၊ ချောင်း၊ သမုဒ္ဒရာ၊ ကျောင်း၊ ဇရပ်၊ သုသာန်၊ အိမ် စသည်တို့ကိုမှီခိုနေကြသော ဘုမ္မစိုး-ရုက္ခစိုး ဝိနိပါတိကအသူရာနတ်၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်၊ ရုက္ခနတ်၊ ယက္ခ၊ ဘီလူးတို့ရှိကြသည်ကို ဗုဒ္ဓပိဋကတတော်များဖြစ်ကြသော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတို့၌ နေရာကဏ္ဍအလိုက်ဖော်ပြ ဟောပြထားသည်ကို တွေ့ရပါသည်။

လူအများ သိရှိနားလည်ပြီး ယဉ်ပါးနေသော အထောက်အထားများကို ထုတ်ပြရသော် . . .

ပရိတ်တော်၌ နတ်ပင့်မှု နတ်ပို့မှုများဖြစ်သည့် . .

"သမန္တာစက္ကဝါဠေသု အတြာဂစ္ဆန္တုဒေဝတာ
သဒ္ဓမ္မံမုနိရာဇဿ သုဏန္တုသဂ္ဂမောက္ခဒံ
ဓမ္မဿဝဏကာလော အယံဘဒန္တာ"

စကြဝဠာတိုက်တစ်သောင်း၌ နေကြကုန်သော နတ်များတို့ပရိတ်ရွတ်ဖတ်ရာ ဤနေရာသို့ ကိုယ်တိုင်လာရောက်ကြပါ၊ မြတ်စွာဘုရား၏ တရားတော်မြတ်ကို ဝမ်းမြောက်စွာနာယူကြပါ၊

ဤအချိန်ကာလသည် ပရိတ်တရားနာကြားအံ့သောအခါတည်း။ ဟူ၍ နတ်များကို ပင့်ဖိတ်ကြားသည်။

"ဌောဝတာစ အမေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ
သဗ္ဗေဒေဝါ၊ နုမောဒန္တု သဗ္ဗ သမ္ပတ္တိ သဒ္ဓိယာ"
"ဒါနဒဒန္တုသဒ္ဓါယ သီလံရက္ခန္တုသဗ္ဗဒါ
ဘာဝနာဘိရတာဟောန္တု ဂစ္ဆန္တုဒေဝတာ ဂတာ"

"ဆိုအပ်ခဲ့ပြီးသော တရားစကားဖြင့် ကျွန်ုပ်တို့သည် ကောင်းစွာ ဆည်းပူးအပ်သော ကောင်းမှု၏ ပြည့်စုံမှုကို ကြွလာသော နတ်များသည် အဘက်ဘက်မှ ပြည့်စုံပြီးမြောက်စေခြင်းငှာ ကောင်းကြီးနုမော် သာဓုခေါ်ကြပါ "

"ကံ-ကံ၏အကျိုးကို ယုံကြည်၍ ပေးလှူကြပါ၊ သီလကို ခါးဝတ်ပုဆိုးကဲ့သို့ စောင့်ထိန်းကြပါ၊ သမထဝိပဿနာ၌ စိတ်မွေ့လျော်ကြပါ၊ ယခုရောက်လာသော နတ်တို့သည် ပြန်ကြပါကုန်လော့"

ဟူ၍ နတ်များကို ပြန့်ပို့ပါသည်။

"ယေသန္တာ သန္တစိတ္တာ တိသရဏ သရဏာ ဧတ္ထ
လောကန္တရေဝါ ဘုမ္မာ ဘုမ္မာစ ဒေဝါ ဂုဏ ဂဏ
ဂဟဏ ဗျာဝဋာ သဗ္ဗကာလံ ဧတေ အာယန္တု ဒေဝါ
ဝရ ကနကမယေ မေရုရာဇေဝသန္တော သန္တော
သန္တောသ ဟေတုံ မုနိဝရ ဝစနံ သောတုမဂ္ဂံသမဂ္ဂါ "

"ဤလောက၌လည်းကောင်း၊ တစ်ခြားတစ်ပါးသော ကမ္ဘာလောက၌လည်းကောင်း နေထိုင်လျက်ရှိကြကုန်သော၊ သူတော်ကောင်းဖြစ်ကုန်သော၊ ငြိမ်သက်တည်ကြည်သော စိတ်ထား

ရှိကြသော ရတနာသုံးပါးကိုသာ ကိုးကွယ်ဆည်းကပ်၍ မြတ်သော ဗုဒ္ဓဘာသာဝင် ဖြစ်ကုန်သော အချိန်ရှိသရွေ့ တစ်နေ့မပြတ် လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးတို့နှင့် ပြည့်စုံစေခြင်းငှာ လှံ့လပြုကြကုန်သော မြေကိုမှီ၍ နေသောအကြင်ဘုမ္မစိုး-ရုက္ခစိုးနတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌တည်ကုန်သော အကြင်အာကာသစိုးနတ်တို့သည်လည်းကောင်း၊ မြတ်သောရွှေစိုင်အတိပြီးသော၊ တောင်ဖျားထွင့်ခေါင်မြင့်မိုရ်တောင်၌ နေကြသော သူတော်ကောင်းဖြစ်ကြကုန်သော အကြင်စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့သည်လည်းကောင်း၊ မုချမသွေရှိကြပါကုန်၏။

ထိုနတ်များအပေါင်း သူတော်ကောင်းတို့သည် ရောင့်ရဲလွယ်မှု အကြောင်းပြုသော မြတ်သောဘုရားရှင်၏ ပရိတ်တရားကို နာကြားစိမ့်သောငှာ စုပေါင်းညီညာလာကြပါကုန်လော့”

ဟူ၍ ဖိတ်ကြားရာတွင် ဘုမ္မစိုး-ရုက္ခစိုး၊ အာကာသစိုး ဟူသော အောက်နတ်များအား ဖိတ်ကြားထားသည်ကို တွေ့ရပါသည်။

**ရတနသုတ်ပရိတ်တော်၌-**

“ယာနီဓ ဘူတာနိ သမာဂတာနိ ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ သဗ္ဗေဝဘူတာ သုမနာဘဝန္တု အထောပိ သက္ကစ္စ သုဏန္တုဘာသိတံ”

“ဤအရပ်၌ မြေ၌မှီကုန်သောအကြင် ဘုမ္မစိုးနတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ဖြစ်ကုန်သော အကြင်အာကာသစိုးနတ်တို့သည်လည်းကောင်း အညီအညွှတ်စည်းဝေးလာ ရောက်ကြကုန်၏၊ ရောက်လာကြသော ဘုမ္မစိုး-ရုက္ခစိုး၊ အာကာသစိုးနတ်တို့သည် ဝမ်းမြောက်ဝမ်းသာရှိကြပြီး ပရိတ်တရားတော်ကို နာယူကြပါကုန်”

"တသ္မာဟိ ဘူတာ နိသာမေထသဗ္ဗေ
မေတ္တံ ကရောထ မာနုသိယာ ပဇာယ
ဒိဝါရတ္တောစ ဟရန္တိယေဗလိံ
တသ္မာဟိ နေရက္ခထ အပ္ပမတ္တာ"

"အို-နတ်များတို့. . . သင်တို့သည် တရားကိုစူးစိုက်နာယူကြပါ၊ နတ်အားလုံးတို့သည် လူသတ္တဝါများအပေါ်၌ ချစ်မြတ်နိုးလိုလားသောမေတ္တာစိတ်ကိုထားကြပါ၊ အကြင်လူတို့သည် နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း၊ ဗလိနတ်စာပူဇော်ရာကိုဆောင်ယူပူဇော်နေကြပါ၏၊ ထိုသို့ပူဇော်ကြသောသူတို့ကို မမေ့မလျော့စောင့်ရှောက်ကြပါကုန်လော့"

ဟူ၍ ဟောထားပါသည်။

သုတ်မဟာဝါ အဋ္ဌကထာမဟာပဒါနသုတ်အဖွင့်၌-

"ယဒါရာဇာနော အဓမ္မိကာဟောန္တိ တဒါဥပရာဇာနော
သေနာပတိသေဋ္ဌိသကလနာဂရသကလရဋ္ဌ အဓမ္မိ
ကမေဝ ဟောတိ၊ အထတေသံ အာရက္ခ ဒေဝတာ
တာသံ ဒေဝတာနံ မိတ္တာဘူမဋ္ဌေ ဒေဝတာ"

"အကြင်အခါ၌ မင်းတို့သည် တရားမစောင့်ကုန်၊ ထိုအခါ အိမ်ရှေ့မင်း၊ အမတ်၊ စစ်သူကြီး၊ သူဌေးသူကြွယ်၊ အလုံးစုံသော မြို့သူ၊ တိုင်းသူပြည်သားတို့သည် တရားမစောင့်ကုန်၊ ထိုအခါ သူတို့ကို စောင့်ကုန်သော နတ်တို့သည် တရားမစောင့်ကုန်၊ ထိုနတ်၏ အဆွေခင်ပွန်းဖြစ်သော မြေ၌တည်သောနတ်၊ ကောင်းကင်၌တည်သောနတ်၊ သီတဝလာပါကနတ်၊ ဝဿဝလာဟကနတ်၊ စတုမဟာရာဇ်နတ်မှစ၍ နတ်ပြည်ခြောက်ထပ်အထက် ဘဝဂ်

တိုင်အောင် အရိယာပုဂ္ဂိုလ်တို့ကိုထား၍ ခပ်သိမ်းသောနတ်ဗြဟ္မာ ပရိသတ်တို့သည် တရားမစောင့်ကုန်သည်သာလျှင် ဖြစ်ကုန်၏”

ဟူ၍ ဆိုထားသည်။

ဓမ္မစကြာတွင် ဘုရားရှင် ဓမ္မစကြာဟောကြားပြီးသော အခါ ပထမဆုံးကောင်းချီးသြဘာ ကြွေးကြော်သောနတ်များမှာ ဘုမ္မာဒေဝါ သဒ္ဒမနုဿာဝေသုံ အရဘုမ္မစိုးနတ်များပင် ဖြစ်ပါ သည်။

သိလောက မနုကဿာမိ ယထာဘုမ္မာ တဒဿိတာ

ယေသိတာ ဂိရိဂဗ္ဘာရံ ပဟိတတ္တာ သမာဟိတာ

“မဟာဝုန်တော၌ မြတ်စွာဘုရား မဟာသမယသုတ် ဟောသောအခါ အကြင်ရဟန်းတို့သည် ဘုမ္မစိုးနတ်တို့မှီဝဲနေထိုင် ရာဖြစ်သော ထိုထိုအရပ်ကိုမှီ၍နေကုိင်ကုန်၏” ဟူ၍ ဟောတော် မူရာ ဘုမ္မစိုး-ရုက္ခစိုးနတ်များပင် ဖြစ်ပါသည်။

ပါရာဇိကဏ်ပါဠိတော်၌ ရှင်သုဒိန်သည် ပထမပါရာဇိက အပြစ်ကိုကျူးလွန်ရာ၌ အပြစ်ကို ကြွေးကြော်သော နတ်တို့မှာ လည်း ဘုမ္မစိုးနတ်များပင် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင် ကၰါရေဝတ ကိုရင်ငယ်ထံသို့ ကြွ သောအခါ ရှင်သီလဝိမထေရ်ကို အကြောင်းပြုပြီး လမ်းခရီးတစ် လျှောက် ဘုရားရှင်နှင့် သံဃာတော်များကို ဆွမ်းဆက်ကပ်ကြသူ များမှာ ဘုမ္မစိုးနတ်များ ဖြစ်ကြပါသည်။

ဓမ္မပဒတွင် အဿကတိုင်း တောတစ်နေရာတွင် သီတင်း သုံးနေသော ရှင်မဟာကစ္စည်းထံသို့ အဿကမင်း၏သားတော် သုဇာတမင်းသားအား သ◌င်ယောင်ဆောင် မျှားခေါ်ပြီး ပို့ပေးသူ မှာ တစ်ချိန် ကဿပဘုရားရှင်လက်ထက်က အတူရဟန်းဝတ် ခဲ့ပြီး မိတ်ဆွေဖြစ်ခဲ့သော ရုက္ခစိုးနတ်ပင် ဖြစ်ပါသည်။

အခြားသံယုတ်လာ ဘုမ္မစိုးနတ်များ (၅၅၀)ဇာတကဝတ္ထုလာ ဘုမ္မစိုး-ရုက္ခစိုးနတ်များ၊ ဝိမာန်နှင့်ပေတလာ ဘုမ္မစိုး-ရုက္ခစိုးနတ်များ၊ ယနေ့ခေတ် ထိုဘုမ္မစိုး-ရုက္ခစိုးနတ်များနှင့် တွေ့ကြုံဆုံရသော ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များ၏ အဖြစ်အပျက် ဇာတ်လမ်းတို့ကို ထောက်ဆ၍ လူသားဝန်းကျင်တွင် အထက်နတ်ပြည်ခြောက်ထပ်မှ တစ်ပါးသော အောက်နတ်များ ရှိကြောင်းကို သိရပါမည်။

## ဘုမ္မစိုး-ရုက္ခစိုးနတ်များဟူသည်

ဗုဒ္ဓပိဋကတ်၊ သုတ်၊ ဝိနည်းအဘိဓမ္မာတို့တွင် နေရာအလိုက် တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြစ်စောင့်နတ်၊သမုဒ္ဒရာစောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ ကျောင်းစောင့်နတ် ကိုယ်စောင့်နတ်၊ စတုလောကပါလနတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ် စသည်ဖြင့် အောက်နတ်မျိုးစုံ ဟောကြားထားသည်ကိုတွေ့ရပါသည်။

ထိုနတ်များသည် နတ်ပြည်ခြောက်ထပ်ရှိ နတ်များနှင့် မသက်ဆိုင်၊ စတုမဟာရာဇ် နတ်မင်းကြီးများ၏ လက်အောက်ခံနတ်များ ဖြစ်ကြပါသည်။

ထိုနတ်များ အမျိုးအစားများကို ဘုရားဟော တရားတော်အရ ခွဲခြားကြည့်သော် . .

စတုမဟာရာဇ်နတ်မင်းကြီး (၄)ဦးတို့၏ တိုက်ရိုက်အုပ်ချုပ်မှုခံရသော ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်နတ်၊ ရက္ခိုတနတ်၊ ယက္ခ (ဘီလူးနတ်) စသည်ဖြင့် အောက်နတ်မျိုး များစွာရှိနေပါသည်။

- မိမိတို့၏ တန်ခိုးစည်းစိမ်၊ ကမ္မဇိဒ္ဓိတန်ခိုးဖြင့်နေကြသော ဘုမ္မစိုးနတ်များ၊ ရုက္ခစိုးနတ်များ
- ထိုဘုမ္မစိုး - ရုက္ခစိုးနတ်တို့ထက် အောက်တန်းကျပြီး ထိုဘုမ္မစိုး-ရုက္ခစိုးနတ်ကြီးများနှင့် လူ့ဝန်းကျင် လူတို့ကို မှီခိုနေရသော ဝိနိပါတိကအသူရာနတ်၊ ဝေမာနိက ပြိတ္တာနတ်။

## ဘုမ္မစိုးနတ်ဟူသည်

"ဘူမိယံ ဘဝါ ဘုမ္မာ" ဟုဖွင့်ဆိုပြထားသည့်အတိုင်း မြေကြီး၌ ဘုံဗိမာန်ရှိသောနတ်၊ မြေကြီးနှင့်ဆက်သွယ်နေသော သစ်ပင်၊ တော၊ တောင်၊ မြစ်၊ ချောင်း၊ အင်းအိုင်၊ သမုဒ္ဒရာ စသည်တို့၌ ဘုံဗိမာန်ပြုလုပ်နေကြသော နတ်ဟူသမျှကို မဥ္စဒေဝ မဥ္စဇိုး ဟုခေါ်သကဲ့သို့ ဘုမ္မဒေဝ = ဘုမ္မစိုးနတ် ဟုခေါ်ပါသည်၊ ရုက္ခဒေဝ = သစ်ပင်ကိုမှီခို၍ ဘုံဗိမာန်ပြုလုပ်နေသော နတ်ကို ရုက္ခစိုးနတ်ဟု ခေါ်ပါသည်။

(ရုက္ခစိုးနတ်သည် ဘုမ္မစိုးနတ်တွင် ပါဝင်ပါသည်)

ကောင်းကင်တွင် ဘုံဗိမာန်ပြုလုပ်နေသော နတ်ကို အာကာသစိုးနတ်ဟု ခေါ်ပါသည်။

ဝိနိပါတိက အသူရာနတ်ဆိုသည်မှာ ဘုမ္မစိုး-ရုက္ခစိုးနတ်ကြီးများကိုမှီခိုရလျက် တန်ခိုးဣဒ္ဓိပါဒ်နည်းနဲ့သော နတ်ငယ်များ ဖြစ်ကြပါသည်။

ဝေမာနိကပြိတ္တာ အသူရာနတ်ဆိုသည်မှာ တစ်ခါတစ်ရံ နတ်ကဲ့သို့ စည်းစိမ်ခံစားရ၍ တစ်ခါတစ်ရံ ဆင်းရဲခံစားရသော ဝေမာနိကပြိတ္တာအသူရာနတ်ငယ်များ ဖြစ်ကြပါသည်။

ထိုဝိနိပါတိက အသူရာနတ်၊ ဝေမာနိကပြိတ္တာအသူရာနတ်တို့သည် ပဋိသန္ဓေ(၄)မျိုးတွင် (၄)မျိုးလုံးဖြင့် နေနိုင်သည်၊ ပဋိသန္ဓေနေသောအခါ အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့်နေပါသည်၊ သူတို့ကို ပဋိသန္ဓေစိတ်အရ သုဂတိအဟိတ်ပုထုဇဉ်နတ်များဟူ၍လည်း ခေါ်ပါသည်။

သို့သော် ထိုနတ်တို့တွင် ဒွိဟိတ်ပဋိသန္ဓေ၊ တိဟိတ်ပဋိသန္ဓေစိတ်တို့ဖြင့် ပဋိသန္ဓေနေကြသော ဝိနိပါတိကအသူရာနတ်များလည်း ရှိကြပါသည်။ တိဟိတ်ပဋိသန္ဓေဖြင့် နေခဲ့သော တိဟိတ်ပုထုဇဉ်နတ် ဖြစ်ပါက လက်ရှိ နတ်ဘဝ၌ပင် တစ်မဂ်-တစ်ဖိုလ် ရနိုင်ပါသည်။

ထိုဝိနိပါတိက အသူရာနတ်ငယ်များသည် မိမိတို့တန်ခိုးကြွခ္ဓိပါဒ်မရှိကြသဖြင့် ဘုံဗိမာန်သီးသန့် မရှိကြပေ။ တောခြုံ၊ သုသာန်၊ ဇရပ်၊ အိမ်၊ ကျောင်း၊ ဂူ စသည်တို့၌ ကပ်ရပ်နေကြရသည်၊ လူတို့၌ ကပ်ရပ်နေကြရသည်လည်း ရှိသည်။

လူတို့ စွန့်အပ်သော ပူဇော်အပ်သော အစားအသောက်ဩဇာအဆီအနှစ်ကို စားရသည်လည်း ရှိသည်။ ထိုသို့မရသော် မိမိတို့၏ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် သူငယ်တို့ကိုလည်းကောင်း၊ ရတနာသုံးပါးမမြဲသော သူတို့ကိုလည်းကောင်း၊ ပူးဝင်ဖမ်းစား၍လည်းကောင်း၊ ခြောက်လှန့်၍လည်းကောင်း စားသောက်ကြသည်။

လူတို့ ရတနာသုံးပါးမြဲသော် မိမိတို့ထက် တန်ခိုးအာဏာကြီးသောသူဖြစ်သော် (ဥပမာ မင်း၊ အိမ်ပိုင်ရှင်၊ ခြံပိုင်ရှင်၊ သောတာပန် စသောအရိယာ၊ သီလရှိသောရဟန်း) စသည်များတို့ကို ထိုနတ်များသည် ကြောက်ရွံ့ကြရသည်၊ ရိုသေကြရသည်။

## ကိုယ်စောင့်နတ်

ကမ္ဘာပေါ်ရှိ တော၊ တောင်၊ သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်းအိုင်များနှင့် လူတို့နေထိုင်သော တိုင်း၊ နိုင်ငံ၊ မြို့ရွာ၊ အိုးအိမ်၊ တိုက်တာ၊ ခြံ၊ ဥယျာဉ်စသည်တို့ကိုစောင့်ရှောက်ပြီးနေထိုင်ကြသော ဘုမ္မစိုး-ရုက္ခစိုးနတ်များ များစွာ ရှိနေသကဲ့သို့ လူတို့ကို ရိုးရာအလိုက်စောင့်သော နတ်ကို ကိုယ်စောင့်နတ်ဟု ခေါ်ပါသည်။

ထိုနတ်များသည် လူတွင်အမြဲမနေ၊ လူသေသောအခါ ရွှေ့ပြောင်းသည်၊ လူသေသော် နတ်လိုက်၍ မသေပါ၊ ကိုယ်စောင့်နတ်သည်လည်း စတုမဟာရာဇ်နတ်မင်းများ၏ အစောင့်အရှောက် လက်အောက်ခံနတ်များ ဖြစ်ကြပါသည်။

ကိုယ်စောင့်နတ်နှင့် ပတ်သက်၍ ဝိနည်းကျမ်း၌-

"ကဒါတေ ဒေဝကာယော ပသိဒိဿန္တိ (ဝိ-၁-၁၈၈)"

"အဘယ်အခါ၌ ထိုသူ၏ ကိုယ်စောင့်နတ်တို့သည်
ကြည်ညိုကြကုန်လိမ့်မည်နည်း"

"သဗ္ဗပဌမံဟိဿ၊ တံပါပံ အတ္တနာဇာနာတိ၊ တတော
အာရက္ခ ဒေဝတာ" (ဝိ-၄-၁-၁၈၁)

"မှန်၏၊ အလုံးစုံတို့၌ ရှေးဦးစွာ ထိုမကောင်းမှုပြုသူ၏ ထိုမကောင်းမှုကို ကိုယ်တိုင်သိ၏၊ ထိုမှနောက်၌ ထိုသူ၏ ကိုယ်စောင့်နတ်သည် သိ၏"

အထတေသံ အာရက္ခ ဒေဝတာ (ဒီ-၄-၂-၇)

"ထိုအခါ၌ ထိုသူတို့၏ ကိုယ်စောင့်နတ်တို့သည် တရားမရှိကြလေကုန်"

ဟူ၍ ဟောတော်မူခဲ့သည်။

စတုက္ကနိပါတ် စူဠကလိင်္ဂဇာတ်တွင် ကလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်ထိုးရာတွင် ကလိင်္ဂမင်း၏ ကိုယ်စောင့်နတ်က အလုံးစုံဖြူသော နွားလားဥဿဘ ဟန်ဆောင်လျက် စစ်ထိုးသည်၊ အဿကမင်း၏ ကိုယ်စောင့်နတ်က အလုံးစုံမည်းသော နွားလား ဥဿဘဟန်ဆောင်ပြီး စစ်ထိုးသည်။ ထိုနတ်များကို မင်း(၂)ပါး လုံးက မမြင်ရချေ။

အလားတူ ကုဏာလဇာတ်တွင် ကောသလမင်းကို ဗာရဏသီမင်းက စစ်ပြုရာ ကောသလမင်းစစ်ရှုံး၍ အသတ်ခံရပြီး ဗာရဏသီမင်းက ကောသလမင်း၏ မိဖုရားကို သိမ်းပိုက်ယူသည်၊ ထိုသို့သိမ်းပိုက်စဉ် မိဖုရား၌ ကိုယ်ဝန်ပါလာပြီး အချိန်စေ့သော် မွေးဖွားသည်။ သေဆုံးသော ကောသလမင်းသည် ထိုသားငယ်၏ ကိုယ်စောင့်နတ် ဖြစ်လာသည်။

ထိုမင်းသားငယ် (၁၆)နှစ်ပြည့်၍ ကုရက်ဒေဝီမင်းသမီးနှင့် ချစ်ကြိုက်၍ ဗာရဏသီမင်းက သတ်မည်ပြုသောအခါ အဘဖြစ်သော ကိုယ်စောင့်နတ်က စောင့်ရှောက်ခဲ့သဖြင့် အသက်ချမ်းသာ ရာ ရခဲ့သည်။

ဤဇာတ်တော်များအရ ကိုယ်စောင့်နတ်ရှိသည်ကို မှတ်ရပါမည်။ ဘုရားဟောမဟုတ်သော လောကပညတ္တိကျမ်း၌ ကိုယ်စောင့်နတ်(၃)ကို (၁၂)မျိုးတို့ကို ဖော်ပြထားသည်ကို တွေ့ရပါသည်။

## ကိုယ်စောင့်နတ် (၃) မျိုး

### ၁။ ဦးခေါင်းကိုစောင့်သောနတ်

နံနက်အခါ ကြည့်ရှုမှုစ၍၊ နံနက်အခါ ဦးခေါင်းကို စင်ကြယ်သန့်ရှင်းအောင် ပြုလေ့ရှိသောသူကို စောင့်ရှောက်သည်၊ ထိုနတ်သည် ကြိုးတန်း၊ ကြိမ်တန်း၊ လှေကား၊ တံတားအောက်စသည်တို့၏ အောက်သို့လျှိုဝင်ခြင်း၊ ပုဆိုးအဝတ်ကို အောက်လျှိုဝတ်ခြင်း အလိုမရှိဟု ဆိုပါသည်။

ထိုသည်ကိုရည်ရွယ်၍ မင်းရာဇာလျှောက်ထုံးတွင် ကြိုးတန်း၊ ကြိမ်တန်းအောက် အမျိုးရာ၊ ခါးဝတ်ပုဆိုးကို အထက်အောက် ပြန်လှန်မဝတ်ရာ၊ ခြေမဆေးဘဲ အိပ်ရာမဝင်ရာဟု ဆိုထားပါသည်။

### ၂။ ကိုယ်စောင့်နတ်

ဤနတ်သည် မိမိဝတ်ပြီးသော အဝတ်ကို အောက်အထက်ပြန်၍ ဝတ်ခြင်းကို အလိုမရှိပေ။

### ၃။ ခြေကိုစောင့်သောနတ်

ညဉ့်အခါ ကိုယ်ကိုဆေးကြော၍ အိပ်ရာဝင်သောသူကို စောင့်ရှောက်၏၊ ခြေမဆေးဘဲ ခြေမသန့်ဘဲ အိပ်လေ့ရှိသော သူကို အလိုမရှိဟု ဆိုပါသည်။

တစ်ဖန် ကိုယ်စောင့်နတ် (၁၁) ယောက်ကို ပြဆိုထားသည်ကို တွေ့ရပါသည်။

၁။ သတ္တဘာဂနတ် - နဖူးစာကိုရေးမှတ်ပေးသောနတ်
၂။ သူရဿတိနတ် - ပညာကိုပွားစေပေးသောနတ်
၃။ သကျနတ် - စည်းစိမ်ဥစ္စာကိုပေးသောနတ်
၄။ ပတိရာဇနတ် - အိပ်မက်ကိုပေးသောနတ်
၅။ ဝါမသူရနတ် - အိပ်မက်ကိုပြသောနတ်
၆။ ဇနသူရနတ် - အလှူပေးသည်ကိုမှတ်သောနတ်
၇။ ကာမစရနတ် - ကာမသုခကိုပေးသောနတ်
၈။ ယောတကနတ် - သွားလေရာကိုလိုက်၍စောင့်သောနတ်
၉။ ကလျာဏမိတ္တနတ် - ကောင်းသောစကားဆိုမှုကိုမှတ်သောနတ်
၁၀။ စန္ဒဒေဝီနတ် - ကျက်သရေကိုစောင့်သောနတ်
၁၁။ နရိန္ဒာဒေဝီနတ် - အိပ်သောအခါ ခေါင်းရင်းမှစောင့်သောနတ်

တေမိယဇာတ်တော်တွင် တေမိမင်းသားငယ်သည် ဖခင်က သူခိုးလေးယောက်ကို သေဒဏ်စီရင်သည်ကို တွေ့မြင်ရ၍ မင်းအဖြစ် ပြုလုပ်ရမည်ကို ထိတ်လန့်ကြောက်ရွံ့ကာ နှလုံးမသာမယာ ခံစားနေရသည်။

ထိုအခါ ထီးဖြူတော်စောင့် နတ်သမီးသည် လွန်လေပြီးသော ရှေးသံသရာက အမိဖြစ်ခဲ့သောကြောင့် တေမိမင်းသားငယ်၏ သနားစဖွယ်ကိုမြင်၍ အလွန်လျှင် စုံမက်ချစ်ခင်ကြင်နာခြင်းရှိသဖြင့် အမိသဖွယ် ဖန်ဆင်း၍ မင်းသားအား . .

"မောင်ငယ်ကို အဘယ်ကိုကြံ၍ ပူပန်ခြင်းဖြစ်ရသနည်း၊

ကြောက်ခြင်း စိုးရိမ်ခြင်း အထွေထွေအပြားပြားကြံ၍ ပူပန်ခြင်း မရှိပါနှင့်၊ မိခင်အထင်အရှား စောင့်ရှောက်လျက် သားအလိုကို အဘယ်ကြောင့် မပြည့်စုံနိုင်ပါအံ့နည်း၊ သူ့မလိုသည်ကို လိုအောင် ပြုခြင်းသာ ခက်သည်၊ သူလိုသည်ကို မလိုအောင်ပြုခြင်းက ခက် သည်မရှိပါ မိခင်အကြံပေးအံ့"

ဟုနှစ်သိမ့်စေလျက် . .

"ချစ်သား အကယ်၍ ပြည်စည်းစိမ်မှ လွတ်မြောက်လို လျှင် ကိုယ်ကိုအစွမ်းမပြ၊ အနွမ်းအလျခံလျက် မဆွံ့သော်လည်း ဆွံ့သောအလား နားမထိုင်းသော်လည်း ထိုင်းရုပ်၊ နှုတ်မအ,သော် လည်း အ,သောအသွင် ဤအင်္ဂါ(၃)ရပ်ကို ထုံမှတ်လောက်အောင် ကြပ်ကြပ်အမြဲစွဲ ယူဆောက်တည်ရမည်"

ဟူ၍ အကြံပေးလေသည်။

တေမိယသည် ထီးချက်စောင့်နတ်သမီး၏ အကြံပေး စကားကို ဝမ်းမြောက်ဝမ်းသာ လက်ခံ၍ ထိုသို့ကျင့်သုံးခဲ့သည်။

ဤဇာတ်တော်အရ ထီးချက်စောင့် နတ်သမီးသည် တေမိ ယမင်းသားကို စောင့်ရှောက်ခဲ့သည်မှာ ထင်ရှားပါသည်။

အလားတူ မဟောသဓာဇာတ်တွင် သေနကစသော အမတ်ကြီး(၄)ဦး၏ အကောက်ကြံမှုကြောင့် မဟောသဓာ သုခမိန် သည် ဒက္ခိဏာယဝမဇ္ဈဂုံးရွာ၌ သွားရောက်ရှောင်ပုန်းနေစဉ် ဝိဒေဟရာဇ်မင်းကြီး၏နန်းတော် ရာဇပလ္လင်ဥကင်က နတ်ထီးချက် စောင့်သော နတ်သမီးသည် မဟောသဓာသုခမိန်ထွက် ပြေးသည်မှ စ၍ နန်းတော်၌ ပစ္စုပ္ပန်သံသရာ အကျိုးစီးပွားနှင့်စပ်သော တရား စကားကို ပြည့်ွန်ဟောကြားမည့်သူ မရှိသဖြင့် မဟောသဓာ

သုခမိန်အခြေအနေကို စုံစမ်းဆင်ခြင်ကြည့်သည်။ မဟောသဓာ မင်းမျက်သင့်၍ တစ်ယောက်တည်း ထွက်ပြေးရကြောင်းကို သိမြင်လျှင်-

"ဤမင်းကြီးအား သက်သက်သာ မဟောသဓာသုခမိန် ကိုခေါ်ဟု ငါဆိုချေက ငါ့စကားကိုမနာယူရာ၊ ထိုသို့ဖြစ်၍ မဟော သဓာကို ခေါ်စေကြောင်း ကောင်းမြတ်သောအနက် အဓိပ္ပါယ်နှင့် လျှို့ဝှက်သော ပြဿနာကိုပြု၍ ငါမေးအံ့"

ဟုကြံစည်ပြီးလျှင် ညဉ့်အခါ၌ ထီးချက်ကို ဖွင့်လှစ်ပြီးလျှင် ပြဿနာ (၄)ရပ်ကို မေးလေသည်။

"အရှင်မင်းကြီး အကြင်သူသည် အကြင်သူကို လက်ဖြင့် လည်းကောင်း၊ ခြေဖြင့်လည်းကောင်း၊ ရင်၊ မျက်နှာစသည်တို့၌ ပုတ်ခတ်၏၊ ထိုသို့ပုတ်ခတ်လျက်လည်း ပုတ်ခတ်သောသူကို ခံရ သောသူသည် အလွန်မြတ်လေးခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်ကား ဘယ် ပုဂ္ဂိုလ်ဖြစ်မည်ဟု သင်မင်းကြီး ထင်ဘိသနည်း"

"အရှင်မင်းကြီး အကြင်သူကို အကြင်သူသည် အလိုရှိ တိုင်း ဆိုမြည်ဆဲရေး၏၊ ထိုသူလာခြင်းကိုလည်း အလိုမရှိ၊ ထိုသို့ ဆဲရေးလျက် လာခြင်းကိုမျှ အလိုမရှိပဲလျက် ထိုသူကို စင်စစ်သဖြင့် အလွန်ချစ်မြတ်လေးခြင်းဖြစ်၏၊ ထိုပုဂ္ဂိုလ်ကား အဘယ်ပုဂ္ဂိုလ် ဖြစ် မည်နည်းဟု အရှင်မင်းကြီးထင်ဘိသနည်း"

"အရှင်မင်းကြီး အကြင်သူကို အကြင်သူသည် မဟုတ် မမှန်သောစကားဖြင့် ယိုးစွပ်၏၊ မျက်မှုစကား နားမကြည်ဖွယ် ထိုသူမနှစ်မြို့ မနာလိုအောင်ဆို၏၊ ထိုအစွပ်အစွဲကို ခံရသူကလည်း ယိုးစွပ်သူကို တစ်ဖန်ပြန်လည်၍ မဟုတ်မမှန်သော စကားဖြင့်

ပင်လျှင် ယိုးစွပ်၏၊ ထိုအချင်းချင်းပျက်မှုစကားနှင့် နားမခံသာအောင် တစ်ယောက်ကိုတစ်ယောက် ယိုးစွပ်ဆိုမြည်လျက် လျှင်စင်စစ်သဖြင့် အလွန်ချစ်မြတ်လေးခြင်းဖြစ်ကြ၏၊ ထိုပုဂ္ဂိုလ်ကား အဘယ်ပုဂ္ဂိုလ် ဖြစ်မည်နည်းဟု သင်မင်းကြီး ထင်သနည်း"

"အရှင်မင်းကြီး အကြွင်သူသည် အကြွင်သူ၏ ထမင်းအဖျော်၊ အဝတ်၊ ပုဆိုး၊ အိပ်ရာနေရာတို့ကို လိုရာဆောင်ယူ၍ သုံးဆောင်၏၊ ထိုသို့ဥစ္စာကိုယူ၍ သုံးဆောင်သူဖြစ်လျက်လည်း ဥစ္စာရှင်သည် ထိုသူယူ၍ သုံးဆောင်တိုင်းပင်လျှင် အလွန်ချစ်မြတ်လေးခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်ကား အဘယ်ပုဂ္ဂိုလ်ဖြစ်မည်နည်းဟု သင်မင်းကြီးထင်သနည်း။ ဤပြဿနာ(၄)ရပ်ကို မင်းကြီးဖြေဆိုလော"

"အဘယ်နတ်သမီး ဤပြဿနာကို နံနက်မိုးသောက်သောအခါမှ ပညာရှိသုခမိန်တို့ကိုမေး၍ ဖြေအံ့၊ သင်နတ်သမီး ငံ့ပါဦးလော"

"ကောင်းပါပြီ၊ မင်းကြီး ပညာရှိသုခမိန်တို့ကို မေးပါဦးလော" ဟုခွင့်ပြုသည်။

မင်းကြီးသည် နံနက်မိုးသောက်သော် သုခမိန်လေးယောက်ကိုခေါ်၍ ထိုပြဿနာကိုပြောပြသည်။ သုခမိန်(၄)ယောက်စလုံး တစ်ဦးမှ မဖြေနိုင်ချေ။ ထိုညနတ်သမီးက ပြန်ရောက်လာပြီး အဖြေ ရ-မရမေးသည်၊ မရကြောင်း မင်းကြီးကပြောသောအခါ မင်းကြီးသည် ပိုးစုန်းကြူးကို မီးမှတ်သောယောက်ျား၊ နွားဦးချိုကို နို့ညစ်သောယောက်ျား၊ အမှန်ကိုသိလိုလျက် စဦးချိန်ခွင်အနီးထား၍ လက်ဖြင့်ရမ်းဆသော ယောက်ျား

နှင့်တူစွာ မဟောသဓာသုခမိန်ရှိလျက် ပညာမရှိသော အမတ်တို့ကို မေးဘိ၏၊ ငါမေးသော ပြဿနာကို မဖြေနိုင်က ဤအလျှံပြောင်ပြောင်တောက်ပသော သံလျက်တံဖြင့် မင်းကြီး၏ ဦးခေါင်းကို စိတ်စိတ်ကွဲအောင် ရိုက်အံ့”

ဝိဒေဟရာဇ်မင်းကြီးသည် သေအံ့သောဘေးမှ ကြောက်၍ မဟောသဓာကို အားချင်းလိုက်ရှာ ခေါ်စေသည်၊ မဟော်သဓာ ရောက်လာသောအခါ ထိုအဖြေကို ဖြေပေးရန် မေတ္တာရပ်ခံသည်။

မဟော်သဓာက. .

ပထမပြဿနာအဖြေမှာ မွေးကင်းစ ကလေးငယ်နှင့် မိဘတို့ဖြစ်ပုံ-ချစ်ပုံ။

ဒုတိယပြဿနာအဖြေမှာ (၇)နှစ်သားအရွယ် သားနှင့် မိခင်တို့ဖြစ်ပုံ-ချစ်ပုံ။

တတိယပြဿနာအဖြေမှာ လင်မယားနှစ်ဦးတို့၏ ဖြစ်ပုံ ချစ်ပုံ။

စတုတ္ထပြဿနာ၏ အဖြေမှာ တရားစောင့်သောရဟန်း ပုဂ္ဂိုလ်များတို့ကို ပေးလှူမှုတို့ကို အကျယ်ဖြေကြားသည်။

အဖြေပြဿနာတစ်ခု ဖြေတိုင်းဖြေတိုင်း ထီးချက်စောင့် နတ်သမီးက အဖြေမှန်ကြောင်း သာဓုခေါ် ကောင်းချီးသြဘာ ပေးလေသည်။

မင်းကြီးကလည်း ထိုအခါကျမှ မဟော်သဓာကို စစ်သေနာပတိရာထူး ပေးအပ်လေသည်။

ဤဇာတ်တော်များသာ ထီးချက်စောင့် နတ်သမီးများကို လေ့လာသောအားဖြင့် လူတို့အား စောင့်ရှောက်သော နတ်များရှိသည်မှာ ထင်ရှားပါသည်။

အလားတူ ဇာတ်တော်စေတိယ ဇာတ်တော်၌ စေတိယ မင်းသည် ကမ္ဘာဦး အသက်သချေ်ရှည်သောကာလ၌ စေတိယ တိုင်း၊ သောတ္ထိယမြို့၌ ဥပဝရမင်း မင်းပြုသည်၊ ထိုမင်းသည် လေးပါးသောမင်း၏ တန်ခိုးနှင့် ပြည့်စုံသည်၊ ကောင်းကင်သို့သွား နိုင်သည်၊ နတ်သားလေးယောက်သည် သန်လျက်စွဲလျက် အရပ် လေးမျက်နှာမှ စောင့်သည်၊ ကိုယ်မှ စန္ဒကူးနံ့လှိုင်၏၊ ခံတွင်းမှ ကြာညိုနံ့ သင်း၏။

ထိုမင်း၏ ပုရောဟိတ်ကား ကပိလပုဏ္ဏားဖြစ်သည်၊ ထို ပုဏ္ဏား၏ညီသည် ကောရကလမ္ဗ အမည်ရှိပြီး ဥပဝရမင်းနှင့်ငယ် သူငယ်ချင်း ကျောင်းနေဘက်ဖြစ်သည်၊ ငယ်စဉ်က မိမိမင်းဖြစ်က ပုရောဟိတ်ခန့်ထားသည်ဟု ကတိပြုထားမိခဲ့သည်။

ဥပဝရမင်းဖြစ်သော် ခမည်းလက်ထက်က ခန့်ထားသော ကပိလပုဏ္ဏားကို ပုရောဟိတ်အရာမှ မချထားနိုင်ပေ၊ ကပိလ ပုဏ္ဏားသည် တစ်နေ့တွင် မိမိအသက်ကြီး၍ မင်းထံခွင့်ပန်ကာ ဥယျာဉ်၌ ရသေ့ပြုပြီး သားကို ပုရောဟိတ်အရာ၌ ပေးထားလိုက် သည်။

ကောရကလမ္ဗသည် အစ်ကိုရသေ့ပြုသော်လည်း ပုရော ဟိတ်ရာထူး မရတော့ချေ။

ထိုအကြောင်းကို မင်းသည်သိ၍-

"ဤကဲ့သို့ဆိုက သင့်ကိုအစ်ကိုပြု၍ သင်၏အလိုကို ညီပြုပြီး မုသာဝါဒဆိုကာ ပေးအံ့ " ဟုကတိပေးခဲ့သည်။

ထိုခေတ်ထိုအချိန်က မုသာဝါဒဆိုမှု မရှိချေ၊ မင်းက မုသာဝါဒဆိုမည်ဆိုသော် လူတို့မှာ အထူးအဆန်း ဖြစ်ကြပြီး မင်းက

မုသာဝါဒကို ရင်ချိန်းဆိုထားသောနေ့တွင် နန်းရင်ပြင်တစ်ခုလုံး ပရိသတ်တို့ဖြင့် ပြည့်နေသည်။

ရသေ့ဝတ်သွားသော ပုရောဟိတ်ကို သားကသွားရောက် အကြောင်းကြားသဖြင့် စျာန်အဘိညာဉ်ရနေသော ကပိလရသေ့က မင်းကို မုသားဝါဒစကားမဆိုရန် အကြိမ်ကြိမ် တားမြစ်သည်။

မင်းသည် တားမရ၊ အရှင်ဘုရား သင်သည် ညီဖြစ်သည်၊ ကောရကလဗ္ဗသည် အစ်ကိုဖြစ်သည်ဟု မုသားစတင်ဆိုလေသည်။

ထိုစကားကို ဆိုမိလိုက်သောခဏဝယ် မင်းကိုစောင့်ရှောက်နေသော ကိုယ်စောင့်နတ်(၄)ယောက်သည် ကွယ်ပျောက်လေသည်။

ရသေ့က မုသာဝါဒကို မဆိုဘဲ အမှန်ပြင်ဆိုရန် သတိပေးသည်၊ မင်းက လက်မခံ၊ ဆက်လက်ဆိုသည်၊ ပထမ ခြေမဖျက်သည်၊ မြေထဲဝင်သည်၊ ထို့နောက် ဆက်လက်မုသာဝါဒဆိုရာ နောက်ဆုံး မြေမျိုခံရလေသည်။

ဤဇာတ်တော်များအရ ကိုယ်စောင့်နတ်ဟူသည် ကိုယ်တွင် ကပ်နေသော နတ်များမဟုတ်ပါ။ ကိုယ်ရံတော်စောင့်ကဲ့သို့ စောင့်ရှောက်မှုကိုပြုသော နတ်များ ဖြစ်ကြသည်ဟု သိရပါမည်။

အလားတူ ဝိဓူရဇာတ်တော်၌ ကောရဗျမင်းနှင့် ပုဏ္ဏကတို့ ကြွေအံကစားကြရာ၌ ကောရဗျမင်းကို တတိယဘဝက မိခင်တော်ခဲ့ဖူးသော ကိုယ်စောင့်နတ် (ပါဠိလို-အာရက္ခဒေဝတာ)၊ မြန်မာလို ထီးချက်စောင့်နတ်သမီး)က အနားမှ စောင့်ရှောက်ပေးသဖြင့် ကြွေအံအမြဲနိုင်နေခဲ့သည်။

ပုဏ္ဏက ဘီလူးသည် မိမိကြွေအံရှုံးသော အကြောင်းကို

ပတ်ဝန်းကျင်အား လှေလာသော် ထိုကောရဗျမင်း၏ ကိုယ်စောင့်နတ်ဖြစ်သော ထီးချက်စောင့်နတ်သမီးကိုမြင်၍ မျက်စောင်းတစ်ချက်ထိုးပြီး ကြည့်လိုက်သည်၊ နတ်သမီးသည် မိမိထက်တန်ခိုးကြီးသော ဘီလူး၏ အရှိန်အဝါကို မခံနိုင်၍ ရှောင်တိမ်းသွားရသည်၊ ထိုအချိန်မှစ၍ ကောရဗျမင်း ကြွေအံကစားရာ၌ ရှုံးရလေသည်။

ဤသည်မှာ ကိုယ်စောင့်နတ်ရှိသော သာကေတစ်ရပ်ပင် ဖြစ်ပါသည်။

ပါရမီကော်ခန်းပျို့၌ ရှင်မဟာသီလဝံသက ..

"လူတို့စီးပွား၊ ကျင့်တယ်အားလည်း၊ သိကြားမာတိ၊
မဏိမေခလာ၊ ပြဟ္မာသုယံ၊ ဝိသုကံနှင့်၊ အရံလည်းဖြစ်၊
မဟာရာဇ်က၊ စသည်တာရှိုး၊ အိမ်စိုးကိုယ်စောင့်၊
မှောင့်လည်းဖျက်တတ်၊ ဘုတ်ခက်သတတ်"

ဟု စပ်ဆိုကာ ကိုယ်စောင့်နတ်ရှိကြောင်း ဖွဲ့ဆိုပြခဲ့ပါသည်။

ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့၌ ရှင်မဟာရဋ္ဌသာရက-

"ကောင်းကင်ရုက္ခ၊ ဘုမ္မမလတ်၊ ကိုယ်စောင့်နတ်တို့၊
ရှိညွှတ်သဒ္ဓါ၊ တရားနာ၍၊ ဒိဗ္ဗာရမ္မဏာ၊ မြင်ကစင်ဖြူ
နှလုံးဟူသား"

ဟူ၍ ကိုယ်စောင့်နတ်ရှိပုံကို ဖွဲ့ဆိုပြခဲ့ပါသည်။

## ဝလာဟက ( အာကာသစိုးနတ်များ)

မိမိတို့စိတ်ဖြင့် တောင့်တတိုင်း၊ အအေး၊ အပူ၊ တိမ်၊ လေ၊ မိုးတို့ကို ဖြစ်ပေါ်စေသော စတုမဟာရာဇ်နတ်မျိုးကို ဝလာဟက

နတ်ဟူ၍လည်းကောင်း၊ အာကာသစိုးနတ် ဟူ၍လည်းကောင်း ခေါ်ကြပါသည်။

ဝလာဟကနတ် (၅)မျိုး ရှိပါသည်။

### ၁။ သီတဝလာဟကနတ်

- ပို၍အေးချမ်းသောဥတုကိုဖြစ်စေသောနတ်
- ဆောင်း၊ မိုးဥတုတို့၌ ပကတိဖြစ်သော အအေးဓာတ်သည် ဥတုကြောင့်ဖြစ်သော ဥတုသမုဋ္ဌာနိကဓာတ် ဖြစ်ပါသည်။
- ထို့ထက်အလွန်ဖြစ်ပေါ်လာသော အအေးဓာတ်မျိုးသည် သီတဝလာဟကနတ်အာနုဘော်ကြောင့်ဖြစ်ပေါ်ရသည်။

### ၂။ ဥဏှဝလာဟကနတ်

- ပို၍ပူသောဥတုကိုဖြစ်စေသောနတ်
- နွေဥတု၌ဖြစ်သော ပကတိအပူဓာတ်သည် ဥတုသမုဋ္ဌာနိက အပူဓာတ်ဖြစ်ပါသည်။
- နွေဥတု၌ လွန်ကဲသောအပူနှင့် အေးသင့်သောကာလ၌ မအေးဘဲ ပူသောအပူသည် ဥဏှဝလာဟကနတ် အာနုဘော်ကြောင့် ဖြစ်ပေါ်ရသည်။

### ၃။ အဗ္ဘဝလာဟကနတ်

- မိုးတိမ်ကိုဖြစ်စေသောနတ်
- မိုးဥတု၌ဖြစ်သော ပကတိမိုးတိမ်သည် ဥတုကြောင့် ဖြစ်သော မိုးတိမ်ဖြစ်သည်။

- ပကတိတိမ်ထက် (၇)ရက် (၇)လီဖုံးအုပ်ထားသော တိမ်ဖြစ်ပေါ်မှုများသည် အဗ္ဘဝလာဟကနတ် အာနုဘော်ကြောင့်ဖြစ်ပေါ်ရသည်။

## ၄။ ဝါတဝလာဟကနတ်

- လေကိုဆောင်သောနတ်
- ပကတိ တိုက်ခတ်သောလေသည် ဥတုကြောင့်ဖြစ်သည်။ ဘုန်းတန်းခိုးရှင်တို့၏အစွမ်းကြောင့် ဖြစ်ပေါ်စေရသော လေကြမ်းမုန်တိုင်း စသည်တို့သည် ဝါတဝလာဟကနတ် အာနုဘော်ကြောင့် ဖြစ်ပေါ်ရသည်။

## ၅။ ဝဿဝလာဟကနတ်

- မိုးရေကိုဆောင်သောနတ်
- မိုးလေးလ ပကတိရွာသွန်းသောမိုးသည် ဥတုကြောင့်ဖြစ်သောမိုး ဖြစ်ပါသည်။
- ပကတိထက်လွန်ကဲပြီး ရွာသွန်းသော မိုးပေါက်ခွရဝဿမိုးတို့သည်ကား ဝဿဝလာဟကနတ် အာနုဘော်ကြောင့်ဖြစ်ပေါ်ရသည်။

ထိုနတ်များကို အာကာသစိုးနတ်ဟူ၍လည်း ခေါ်ဆိုကြပါသည်။

ဤနတ်များသည်လည်း လူ့ပတ်ဝန်းကျင်တွင်ရှိကြသော နတ်မျိုးများဖြစ်ကြပါသည်။

## အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ မြို့ရွာစောင့်နတ်များ

လူသားတို့ နေထိုင်ရာ အိမ်နှင့်အိမ်ခြံဝင်းတို့တွင် အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ မြို့ရွာစောင့်နတ်တို့ ရှိပုံကို ဗုဒ္ဓလက်ထက် အဖြစ်အပျက်တို့ကို ကြည့်က သိသာနိုင်ပါသည်။

ဘုရားရှင်၏ နောက်ဆုံး ပရိနိဗ္ဗာန်ခရီးစဉ်တွင် ပါဋလိရွာသို့ရောက်စဉ် ဗုဒ္ဓက ပါဋလိရွာသူ-ရွာသားများကို သီလရှိမှု၏ အကျိုးနှင့် သီလမရှိမှု၏အပြစ်တို့ကိုဟောကြားခဲ့ပြီး ရွာသူရွာသားများကို မိမိတို့အိမ်သို့ ပြန်စေသည်။

ထိုအချိန်တွင် အဇာတသတ်မင်း၏ အမတ်ကြီးများဖြစ်ကြသော သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် ဝဇ္ဇီမင်း (ဝေသာလီမင်း)တို့ကို တားမြစ်ရန် ပါဋလိရွာကို မြို့အဖြစ်တည်ဆောက်နေသော အချိန်ကာလ ဖြစ်သည်။

ထိုအခါ များစွာသော နတ်တို့သည် တစ်ထောင်စီ တစ်ထောင်စီ စုရုံး၍ ပါဋလိရွာ၌ အိမ်ရာတို့ကို သိမ်းပိုက်လျက် ရှိနေကြသည်။

ဘုရားရှင်သည် ထိုနတ်တို့ကို ဒိဗ္ဗစက္ခုရေညာဏ်ဖြင့် မြင်တော်မူ၍ မိုးသောက်ယံ၌ လျောင်းစက်ရာမှ ထတော်မူ၍ အရှင်အာနန္ဒာမထေရ်ကို-

"ချစ်သား အာနန္ဒာ. . . အဘယ်သူများသည် ပါဋလိရွာ၌ မြို့ကို တည်ဆောက်နေကြပါသနည်း" ဟု မေးသည်။

"မြတ်စွာဘုရား. . . မာဂဓတိုင်း၏ အမတ်ကြီးများဖြစ်ကြသော သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ခြင်းငှာ ပါဋလိရွာ၌ မြို့ကိုတည်ဆောက်နေကြပါသည်ဘုရား"

"ချစ်သား အာနန္ဒာ. . . ထိုအမတ်ကြီးများ. ပါဋလိရွာ၌ မြို့ကိုတည်ထောင်နေကြသည်မှာ တာဝတိံသာနတ်တို့နှင့်တိုင်ပင် တည်ဆောက်ကြသကဲ့သို့ရှိချေ၏"

"ချစ်သား အာနန္ဒာ. . . တစ်ထောင်စီ တစ်ထောင်စီ စုရုံး၍ ပါဋိလိရွာ၌အိမ်ရာသိမ်းပိုက်ကြသော နတ်တို့ကို ငါဘုရား သည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့်သိရ၏၊ တန်ခိုးကြီးသော နတ်တို့အိမ်ရာ သိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးကြီးသောမင်းနှင့် အမတ်ကြီးတို့ ၏ အိမ်ရာတည်ဆောက်ရန် မြို့နန်းတည်ဆောက်သူ ပညာရှိတို့၏ စိတ်တို့သည် ညွတ်ကြကုန်၏၊

တန်ခိုးအလတ်စား နတ်တို့အိမ်ရာ သိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးအလတ်စားမင်းနှင့်အမတ်တို့ အိမ်ရာတည်ဆောက် ရန် မြို့နန်းတည်ဆောက်သူ ပညာရှိတို့၏ စိတ်သည် ညွတ်ကြကုန် ၏၊

တန်ခိုးအငယ်စား နတ်တို့အိမ်ရာ သိမ်းပိုက်သောရပ် ကွက်၌ တန်ခိုးအလတ်စားမင်းနှင့် အမတ်တို့ အိမ်ရာတည်ဆောက် ရန် မြို့နန်းတည်ဆောက်သူ ပညာရှိတို့၏ စိတ်သည် ညွတ်ကြကုန် ၏"

"ချစ်သား အာနန္ဒာ. . . အရိယ (အရိယန်)လူမျိုးတို့၏ စုဝေးနေထိုင်ရာ ကူးသန်းရောင်းဝယ်ရာ မြို့တကာတို့တွင် ဤ မြို့သစ်သည် ကုန်ထုပ်များကို ဖွင့်လှစ်ရောင်းချရာ ပါဋလိပုတ်မည် သောအကြီးဆုံးမြို့ ဖြစ်လိမ့်မည်"

"ချစ်သား အာနန္ဒာ. . . ပါဋလိပုတ်မြို့၌ မီးကြောင့် လည်းကောင်း၊ ရေကြောင့်လည်းကောင်း၊ အချင်းချင်း စိတ်ဝမ်း

ကွဲပြားမှုကြောင့်လည်းကောင်း၊ ဤသုံးပါးသော အကြောင်းကြောင့် ပြိုပျက်ခြင်း အန္တရာယ်တို့ ဖြစ်လိမ့်မည်”

ဟူ၍ မိန့်ကြားတော်မူခဲ့သည်။

တစ်ဖန် ဘုရားရှင်နှင့် သံဃာတော်များကို သုနိဓနှင့် ဝဿကာရပုဏ္ဏား မြို့တည်အမတ်တို့က ဆွမ်းပင့်ဖိတ်ကျွေးမွေး လှူဒါန်းရာ ထိုဆွမ်းကျွေးပွဲ၌ ဘုရားရှင်က-

“ယသ္မိံပဒေသေကပ္ပေတိ၊ ဝါသံ ပဏ္ဍိတ ဇာတိယော သီလဝန္တေတ္ထ ဒေဝတာ ဘောဇေတွာ သညတေ ဗြဟ္မ စာရယော

“ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏာ မာဒိသေ တာပူဇိတာ ပူဇယန္တိ၊ မာနိတာ မာန ယန္တိနံ

“တတောနံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ သြရသံ ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ”

“အမတ်တို့. . . အကြင်အရပ်၌ ပညာရှိသည် အိမ်ရာ တည်ဆောက်လုပ်၍ နေထိုင်မှုကိုပြု၏၊ ဤအရပ်၌ ကောင်းသော အကျင့်သီလနှင့် ပြည့်စုံသော ကိုယ်၊ နှုတ်၊ နှလုံးစောင့်သုံးကြကုန် သော၊ မြတ်သောအကျင့်ကို ကျင့်တတ်သော ပုဂ္ဂိုလ်မြတ်တို့ကို ဆွမ်းကျွေးပြီးလျှင်-

“ထိုအိမ်ရာအရပ်၌ အိမ်ရာစောင့်ကြပ် အကြင်နတ်တို့ သည် ထင်ရှားရှိကြကုန်၏၊ ထိုအိမ်စောင့်နတ်တို့အား မိမိလှူရ သော အလှူ၏ အဖို့ဘာဂကို အမျှပေးဝေရာ၏၊ ဤသို့အမျှပေးဝေ သည်ရှိသော် မိမိတို့က အလှူပေးလတ် ပူဇော်အပ်ကုန်သော ထို

အိမ်စောင့်နတ်တို့သည် ထိုအိမ်ရှင်ကို ဘေးမကျရောက်အောင် စောင့်ရှောက်သောအားဖြင့် ပူဇော်ကြပါသည်။ ဗလိနတ်စာပူဇာ သက္ကာရမှုပြုတုံလတ်၊ အိမ်စောင့်နတ်တို့သည် အိမ်ရှင်တို့ကို ဖြစ်ပေါ်လာသော ဘေးရန်ကို တွန်းလှန်ပယ်ချိုးသဖြင့် မြတ်နိုးတစ်ဖန် မြတ်နိုးကြပြန်ကုန်၏"

"ထို့ကြောင့် အမိသည် ရင်၌ပွေ့ထား ကြီးပွားစေအပ်သော သားကို စောင့်ရှောက်သကဲ့သို့ အိမ်စောင့်နတ်တို့သည် ထိုအိမ်ရှင်ကို မေတ္တာရှေ့ထား သနားစောင့်ရှောက်ကြပါကုန်၏၊ အိမ်စောင့်နတ် မေတ္တာရှေ့ထား၍ စောင့်ရှောက်ခံရသော အိမ်ရှင်သည် နေ့ညဥ့်ဆက်ကာ ခပ်သိမ်းသောအခါ၌ ကောင်းမြတ်ချမ်းသာ မင်္ဂလာတို့ကို နှစ်သက်ဖွယ်အလား ကြား၊ သိ၊ တွေ့မြင်ရပါ၏။

အလားတူ မိထွေးတော်ဂေါတမီဝတ္ထု၌ မိထွေးတော် ဂေါတမီပရိနိဗ္ဗာန်စံဝင်တော်မူမည် ဟုပြောသောအခါ ကျောင်းစောင့်နတ်တို့သည် ငိုကြွေးကြ၍ ထေရီမကြီးက နှစ်သိမ့်တရားဟောခဲ့သည်ဟု ထေရီအဋ္ဌကထာ၌ဆိုထားပါသည်။

ဝိသာခမထေရ်ဝတ္ထုတွင် မထေရ်ကြီးထွက်ခွာမည်ပြုသောအခါ လှူအနီးရှိ ရုက္ခစိုးနတ်ကငိုကြွေးကြောင်း ပါရှိသည်။

မြန်မာနိုင်ငံအတွင်း၌ ဂေါတမဘုရားရှင်ပွင့်လျှင် တဖုဿ-ဘလ္လိကတို့သည် လှည်းငါးရာဖြင့် ခရီးစဉ်အတိုင်းလာရာ ဘုရားရှင်သီတင်းသုံးရာ တောအုပ်အနီးသို့ရောက်သော် တဖုဿ-ဘလ္လိကတို့၏ရှေးဘဝကဆွေမျိုးတော်စပ်ခဲ့ဖူးသော ရုက္ခစိုးနတ်သည် လှည်းများရှေ့မှနေ၍ လှည်းများကိုရပ်တန့်စေသည်၊ ကုန်သည်တို့က အကျိုးအကြောင်းသိရန် ဗလိနတ်စာပေးခြင်း၊ ပသခြင်းပြုကြသောအခါ နတ်ကကိုယ်ထင်ပြပြီး-

"အချင်းကုန်သည်တို့ . . လောကဌ် ဘုရားသခင်ပွင့်တော်မူ၍ လင်းလွန်းပင်၌ ရှိနေသည်၊ သင်တို့မှာပါသော မုန့်ကြွပ်ကျမ်းပျားမုန့်တို့ဖြင့် သွားရောက်လုပ်ကျွေးကြပါ "

ဟု လမ်းညွှန်ခဲ့သည်။

ထိုသို့နတ်က လမ်းညွှန်သဖြင့် တဖုဿ-ဘလ္လိကတို့ကို ဆံတော်ပေးသဖြင့် ထိုဆံတော်ကို မြန်မာပြည်၌ ရွှေတိဂုံစေတီ တည်ခွင့်ရသည်။

ရွှေတိဂုံစေတီတည်မှုနှင့် ပတ်သက်၍ စေတီတည်ရန် ကုန်းတော်ကို ရှာဖွေရာ၌လည်းကောင်း၊ ရှေးဘုရားရှင်သုံးဆူ၏ တောင်ဝှေး၊ ရေစစ်၊ ရေသနပ်တို့ကို ရှိမည့်နေရာကို အသက်ကြီးနတ်တို့ကို သိကြားမင်းက ခေါ်မေးရာ၌ သက်တမ်းရှည်ကြသော ဆူးလေ ရုက္ခစိုးနတ်ကြီး၊ ရောဟဏီ (မှော်ဘီ)ရုက္ခစိုးနတ်ကြီး၊ ဒက္ခိဏာရုက္ခစိုးနတ်ကြီးများကို ခေါ်ယူမေးမှ နေရာကို သိရသည်။

ဆူးလေနတ်ကြီးက ကကုသန်ဘုရားလက်ထက်က ဘီလူးဖြစ်ခဲ့သည်။ ကကုသန်ဘုရားချွတ်၍ အကျွတ်ရခဲ့သည်။ ကကုသန်ဘုရားက တောင်ဝှေးကို ပေးခဲ့သည်။

ရောဟဏီနတ်ကြီးကား မှော်ဘီတော၌ ကောဏဂုံဘုရားလက်ထက်၌ ဘီလူးဖြစ်ခဲ့သည်။ ဘုရားကို ဖူးတွေ့ရပြီး အစွယ်လေးချောင်းကျွတ်ပြီး ဘုရားရှင်၏ တပည့်သား ဖြစ်ခဲ့သည်။ ဘုရားရှင်က ရေစစ်ပေးသနားခဲ့သည်။။

ဒက္ခိဏနတ်ကြီးက ကဿပဘုရားရှင်လက်ထက်က ဘီလူးဖြစ်ခဲ့ပြီး ဘုရားရှင်တရားကို နာရပြီး အကျွတ်တရားရခဲ့သည်၊ ဘုရားရှင်က ရေသနုပ်ပေးခဲ့သည်။

ရောဟဏီ (မှော်ဘီ)နတ်ကြီးက မိမိသည် ကမ္ဘာတည်သရွေ့ ကာလပတ်လုံး အထက်ဘုရားသုံးဆူတို့၏ တောင်ဝှေး၊ ရေစစ်၊ ရေသနုပ်နှင့် ယခု ဂေါတမဘုရားရှင်၏ ဆံတော်ကိုပါ ထိန်းသိမ်းစောင့်ရှောက်ရမည်၊ တာဝန်ရှိသူပါဟု ပြောကြားသည်။

ဤအထောက်အထားများအရ သက်တမ်းရှည်သော ရုက္ခစိုး - ဘုမ္မစိုးနတ်ကြီးများရှိကြောင်း သိရပါသည်။

အခန်း ( ၃ )

# နတ်များပူဇော်ပသမှု

## (က) ကျမ်းဂန်လာအဆိုအမိန့်များ

ဗုဒ္ဓဘုရားပွင့်တော်မူချိန်ဝယ် နတ်ကိုးကွယ်မှု အလွန်ကြီးထွား ကျယ်ပြန့်လျက် ရှိနေပြီဖြစ်သကဲ့သို့ ဗုဒ္ဓက လူ့ပတ်ဝန်းကျင်တွင် ရှိနေကြသော ရုက္ခစိုး-ဘုမ္မစိုးနတ်များ၊ အာကာသစိုးနတ်များကို မပစ်ပယ်သည့်အပြင် မိရိုးဖလာ ရိုးရာနတ်များကို ချီးမြှောက်သင့်ကြောင်း သုတ္တန်ဒေသနာတော်များ၌ ဖော်ပြထားသည်ကို တွေ့ရပါသည်။

မေတ္တာပို့တွင်-

"ဘုမ္မဋ္ဌ ဒေဝတာ ရုက္ခဋ္ဌ ဒေဝတာ အာကာသဋ္ဌ ဒေဝတာ အာရက္ခဒေဝတာ သာသနာရက္ခ ဒေဝတာ

တော်ဝင်မြို့မ စာတုပ်တိုက်

အဝေရာဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာဟောန္တု
သုခီအတ္တာနံ ပရိဟရန္တု "

ဟူ၍ ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ အာကာသစိုးနတ်၊ ကိုယ်စောင့်နတ်၊ သာသနာစောင့်နတ်တို့ကို ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေဟူ၍ မေတ္တာပို့ထားပါသည်။

အင်္ဂုတ္တိုရ် ပဉ္စကနိပါတ် ပုဏ္ဏရာဇသုတ်၌-

"မိရိုးဖလာ ကိုးကွယ်ပူဇော်နေကြသော နတ်များကို မျိုးရိုးစဉ်လာမပျက် ကိုးကွယ်ပူဇော်ခြင်းအမှုသည် လူတို့၌ ကောင်းကျိုးစီးပွား ဖြစ်ထွန်းရန် အမှုဖြစ်သည်" ဟူ၍လည်းကောင်း၊

အင်္ဂုတ္တိုရ် ပဉ္စကနိပါတ်တွင်-

"လူများသည် မိမိတို့ရှာဖွေထားသော ဥစ္စာပစ္စည်းများကို ဗလိငါးပါး ပူဇော်ရမည်။

၁။ ရာဇဗလိ - မင်းအားအခွန်ပေးခြင်း
၂။ အတိထိဗလိ - ရောက်လာသော ဧည့်သည့်အားပြုစု ကျွေးမွေးခြင်း
၃။ ဉာတိဗလိ - ဆွေမျိုးများအား ထောက်ပံ့ခြင်း
၄။ ပုဗ္ဗပေတဗလိ ကွယ်လွန်သော မိဘ၊ ဘိုးဘွားတို့ အတွက်အလှူပြု၍ အမျှပေးဝေခြင်း
၅။ ဒေဝတာဗလိ - နတ်များကို ပူဇော်ပသချီးမြှင့်ခြင်း

ဟူ၍ နတ်များကို ပူဇော်ပသရန် ဟောကြားထားပါသည်။

ခုဒ္ဒကပါဌရတနာသုတ်တွင်-

"နေ့နေ့ညည ပူဇော်သက္ကာရများကို ဆောင်ယူပူဇော်ကြပါကုန်လော၊ လူတို့အား နတ်အပေါင်းတို့သည် ချစ်ခြင်းမေတ္တာကို ပြုကြပါကုန်လော့" ဟူ၍လည်းကောင်း၊

**ဒေဝတာသံယုတ်၌-**

"လူတို့သည် အိမ်သစ်တက်သောအခါ ရဟန်းသံဃာတော်များကို လှူဒါန်းကျွေးမွေးသောအခါ မိရိုးဖလာအစရှိသောနတ်များကိုအမျှပေးဝေရမည်၊ ထိုသို့ပေးက အိမ်ရှင်တို့ကို အိမ်စောင့်နတ်တို့က ငါတို့ကို ကုသိုလ်အဖို့ဘာဂ အမျှပေးဝေသည်ဟူ၍ အိမ်ရှင်တို့ကို အိမ်စောင့်နတ်တို့က ဘေးကင်းအောင် အန္တရာယ်ကင်းအောင် စောင့်ရှောက်ခြင်းဖြင့် ထိုအိမ်ရှင်တို့ကို တစ်ဖန် ပူဇော်ကြကုန်သည်၊ မြတ်နိုးမှုပြုကြကုန်သည်၊ ထိုနတ်တို့ ချစ်သနား၍ စောင့်ရှောက်ကြသည်ရှိသော် ထိုအိမ်ရှင်တို့သည် အခါခပ်သိမ်း ကောင်းမြတ်သော မင်္ဂလာကျက်သရေတို့ကိုသာ တွေ့ကြုံကြရသည်" ဟူ၍လည်းကောင်း . . .

**ဝိနည်းမဟာဝါတွင်-**

"ပညာရှိ ပုဂ္ဂိုလ်သည် သီလဝန္တရဟန်းတော်တို့ကို ဆွမ်းလုပ်ကျွေးလှူဒါန်းရမည်၊ နတ်များကို ပူဇော်ပသကာ အမျှပေးဝေရမည်။ ထိုသို့ပေးဝေသည့်အတွက် နတ်များက ထိုပုဂ္ဂိုလ်များကို ပြန်လည်စောင့်ရှောက်သည်" ဟူ၍ ဟောထားပါသည်။

**သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်တွင် . .**

"ဗုဒ္ဓက လိစ္ဆဝီမင်းတို့နှင့် ပတ်သက်၍ မဆုတ်ယုတ်ကြောင်းတရား (အပရိဟာနိယတရား) ၇-ပါးကိုဟောကြားရာတွင် နောက်ဆုံး(၇)ခုမြောက်တရား၌-

"အာနန္ဒ၊ ဝေသာလီပြည်၊ ဝဇ္ဇီမင်းတို့သည် မြို့တွင်းမြို့ပြင်ရှိ ဝဇ္ဇီမင်းအဆက်ဆက်တို့၏ ပူဇော်ရာဖြစ်သော နတ်စင်၊ နတ်ကွန်း၊ နတ်နေရာ၊ သစ်ပင်တည်းဟူသော စေတီတို့ကို အရိုအသေပြုမြဲပြုကြကုန်လတ့်၊ အမြတ်တနိုး ပြုမြဲပြုကြကုန်လတ့်၊ ထိုနတ်ကွန်းစေတီတို့အားလည်း ရှေးကတင်မြှောက်ပြီး ပသမြဲ၊ ပြုလုပ်မြဲရိုးရာအစဉ်အလာဖြစ်သော သတ်မှု၊ ဖြတ်မှု၊ ဒုစရိုက်မှုလွတ်ကင်း၍ တရားနှင့်လျော်သောပူဇော်မှု (ဗလိနတ်စာ)ကိုပြုကြလတ့်။ ယင်းသို့ ပြုလုပ်နေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းအဆက်ဆက်တို့သည် ကြီးပွားရန်သာ ရှိသည်၊ ဆုတ်ယုတ်ရန်မရှိ"

ဟူ၍ ဟောတော်မူခဲ့ပါသည်။

**ပဉ္စာနမ္မူလဋီကာကျမ်း၊**

**ဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်းတို့၌-**

- နတ်သည် လူတို့အား ရာထူးဌာနန္တရစသော စည်းစိမ်ဥစ္စာတို့ကိုပေးတတ်သူ
- လူသားတို့၏ ပူဇော်သက္ကာရကို ခံယူထိုက်သူ
- အကျိုးတရားဖြစ်၍ ညွှန်ကြားဆုံးမတတ်သူ
- ပျက်စီးခြင်း၊ ဘေးဒုက္ခအမျိုးမျိုးတို့မှ လွတ်ကင်းလိုသူတို့က ငါတို့ အားထားရာ ကိုးကွယ်ရာဖြစ်သည်ဟု ဆိုကာ ကိုးကွယ်ရာ အားထားရာ ချီးမွမ်းအပ်သူ

ဟူ၍ ဖွင့်ဆိုရေးသားထားပါသည်။

## (ခ) ဆရာတော်ကြီးများ၏အဆုံးအမိန့်များ

### ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့၏ နတ်ပူဇော်မှုအဆိုအမိန့်

ရှင်မဟာသီလဝံသသည် အင်းဝခေတ်တွင် ထင်ရှားသော စာဆိုရဟန်းတစ်ပါး ဖြစ်ပါသည်၊ ဆရာတော်၏ မိခင်သည် နတ်ကတော် နတ်ထိန်းကြီး ဒေါ်ဒွေး ဖြစ်ပါသည်။

ဆရာတော်က "နတ်ကိုးကွယ်သူများသည် ဘေးအတာန်တန်၊ ရန်အသွယ်သွယ် အန္တရာယ်အပေါင်းမှ လွတ်မြောက်ပြီး ကောင်းကျိုးအနန္တ၊ ပညာအထွေထွေ ဖြစ်စေနိုင်သည်ဆိုသည်မှာ မဖြစ်နိုင်ပုံ၊ သို့ဖြစ်၍ နတ်များထံသို့ ဘေးဆီးရန်ကာပြီး ကောင်းကျိုးအနန္တ ပြည့်ဝစေရန် ဆုတောင်းနေကြသည်မှာ ရှက်စရာကောင်းပြီး မိမိ၏ဒါန၊ သီလမရှိဘဲ ဘယ်ခေတ်၊ ဘယ်အခါ ဘယ်နေရာမှာ ဘယ်သူ့ကို ဘယ်နတ်က ဥစ္စာပစ္စည်းများ ကိုယ်တိုင်လာပေးပို့ဖူးပါသလဲ" ဟုဆိုဆုံးမလိုသဖြင့်-

"ကာလရှည်လျား၊ လူနွားတို့၊ ကြီးမားယုတ်မာ၊ နတ်
မိစ္ဆာကို၊ ဘိုးလားဘွားကတ်၊ မြေးသားဆက်၍၊ မပျက်
ခုတိုင်၊ နတ်စရိုင်နှင့်၊ ပန်းခိုင်ရေအိုး၊ ဆယ်စုံဖြိုး၍၊ မြတ်နိုး
နှစ်သက်၊ အနက်အနှံ၊ အထည်ခေါင်းပေါင်း၊ တင်အုပ်
ဆောင်းနှင့်၊ အပေါင်းစုဝေး၊ အမွှေးအကြိုင်၊ မုန့်ဆိုင်မုန့်ခဲ၊
ကြက်၊ ဝက်လဲ၍၊ ဗုံနှဲခရာ၊ တီးမှုတ်ခါနှင့်၊ ချမ်းသာ
ဆင်းရဲ၊ ပေးစမြဲဟု၊ စိတ်ယဲထင်မှတ်၊ နေ့တိုင်းကို၊ မပြတ်
ကိုးကွယ်၊ အန္တရာယ်လည်း၊ ကိုယ်ဝယ်လွတ်ကင်း၊
မရှိလျဉ်း၏၊ ဆောင်နှင်းမင်္ဂလာ၊ လျှုဒါပုည၊ ပြုကာလ
လည်း၊ မိဘရှေ့မှတ်၊ ငါတို့နတ်ကို၊ ပေးအပ်အပ်လျှင်၊

ပွဲလမ်းပြင်၍၊ အရှင်မှတ်မှတ်၊ ကိုယ်ဝယ်ကြပ်လျက်၊
မပြတ်ထင်ရှား၊ မမေ့မှားဟု၊ ဆုများရွယ်ရွယ်၊ ရှက်စ
ဖွယ်နှင့်၊ ဘယ်ဝယ်ဘယ်ခါ၊ ကိုယ်တိုင်လာ၍၊ ဥစ္စာ
ထင်ရှား၊ ဘယ်သူ့အားကို၊ နတ်များပို့လာ၊ ရှိဘူးပါအံ့"
ဟူ၍ ရေးဖွဲ့ ဆိုဆုံးမမိန့်ဆိုခဲ့ပါသည်။

ဗုဒ္ဓတရားတော်တွင် နတ်များကူညီမှုဆိုသည်မှာ မိမိက ဒါန၊ သီလရှိ၍ နတ်များကို ကုသိုလ်အဖို့ဘာဂအမျှပေးဝေခြင်း၊ ပူဇော်ပသခြင်းရှိပါမှ နတ်ကလည်း ပေးနိုင်လောက်သော တန်ခိုးနှင့် ဥစ္စာရှိမှ ကူညီပေးနိုင်ပါသည်၊ ဇာတ်တော်လာ၊ ရုက္ခစိုးနတ်များ၏ အကူအညီ၊ ရွာစောင့်၊ မြို့စောင့်နတ်တို့၏ အကူအညီပေးပုံများကိုကြည့်က သိသာနိုင်ပါသည်။

ထို့ပြင် ထိုခေတ်က မိသားစုမှ အိမ်သားတစ်ယောက်ယောက်နေမကောင်း၊ ထိုင်မသာ၊ မကျန်းမမာဖြစ်သောအခါ နတ်မကြိုက်မိသည်ကို လုပ်မိ၍ နတ်ကိုင်သည်၊ နတ်ပြုစားသည်၊ နတ်ဖမ်းစားသည် ဟုယုံကြည်ကြကာ နတ်ထိန်းနတ်ကတော်များထံ သွားရောက်၍ အကူအညီ တောင်းကြသည်၊ နတ်ကန္ဒားပွဲများကျင်းပပြုလုပ်ကြသည်။ ထိုအပြုအမူများသည် မိစ္ဆာဒိဋ္ဌိအယူအဆဖြစ်သည်။

ဗုဒ္ဓဘာသာကမူ မိမိပြုလုပ်သောကံနှင့်ထိုပြုလုပ်သောကံ၏အကျိုး(ဝါ)မိမိပြုလုပ်သောဒါန၊ သီလ၊ ဘာဝနာအကျိုးကိုသာ သက်ဝင်ယုံကြည်ဖို့သာ အဓိကဖြစ်နေပုံနှင့် ထိုမိစ္ဆာနတ်များကိုမယုံကြည်ကြရန်၊ ဆိုးကျိုးများသာများပုံတို့ကို ဆရာတော်က အောက်ပါအတိုင်း ရေးဖွဲ့မိန့်ဆိုခဲ့ပါသည်။

"မိစ္ဆာမောဟ အယူခွ၍၊ နတ်များသခင်၊ နတ်ဘုရင်ဟု၊
နတ်တွင်အကြီး၊ ငါ့သမီးကို၊ ဖမ်းဆီးတတ်ငြား၊ ငါ့မယားကို၊
ဖမ်းစားတတ်ချေ၊ ချမ်းသာစေဟု၊ ကချေပွဲလမ်း၊ အခမ်း
အနား၊ နတ်ထိန်းများနှင့်၊ သောက်စားဟစ်အော်၊ တကြော်
ကြော်နှင့်၊ မောင်တော်ရှင်ချစ်၊ နတ်ဆံပင်၍၊ မူးယစ်မှိုင်
ဝေ၊ အထွေထွေလျှင်၊ လူမြေရပ်ရွာ၊ နတ်မိစ္ဆာကို၊ ကယ်
သာထင်မှတ်၊ သဘောကပ်၍၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊
ကံသာအရင်း၊ ပြုဖန်ဆင်းဟု၊ ယူလျှင်းအပ်စွာ၊ ယခုမှာ
ကား၊ ချမ်းသာဆင်းရဲ၊ နတ်ခပဲသည်၊ ပေးမြဲတို့မှာ၊ ထင်
မှတ်ရာသည်၊ မိစ္ဆာယူမိယူမှားတည်း"

ဤနေရာတွင် ဆရာတော် ရှင်မဟာသီလဝံသ ဆိုလိုသော နတ်မှာ အစိမ်းသေသေပြီး ဘုန်းတန်ခိုးမရှိဘဲ လူတို့ကို မှီခိုစားနေရသော ဝိနိပါတိက အသူရာနတ်များကို ဆိုလိုပါသည်။

ယနေ့ မြန်မာနိုင်ငံတွင် မင်းဘေး မင်းဒဏ်သင့်ပြီး အသတ်ခံရသော အိမ်တွင် မင်းမဟာဂီရိ မောင်တင့်တယ်နတ်များ၊ တောင်ပြုံးမင်းညီနောင်၊ ဦးမင်းကျော်၊ မြင်းဖြူရှင်စသော နတ်များသည် သူတို့၏ နတ်တန်ခိုး အစွမ်းအစနည်း၍ မင်းထံ အပိုင်စားတောင်းပြီး နေရသည်၊ ဘုရားရှင်လက်ထက်က အနာထပိဏ် သူဌေး၏ တံခါးစောင့်နတ်လောက်သော်မှ တန်ခိုးမရှိသော နတ်မျိုးများဖြစ်သည်၊ သူတို့သည် လူတို့ကိုပူးကပ်ဝင်ပြီး စားသောက်ရသည်။ လူတို့ပြုလုပ်ပေးသော ဘုံဗိမာန်များ၊ တောအုံများ၊ သုဿန် စသည်များ၊ ကျောင်းအို ကျောင်းပျက် စသည်များ၌ ကပ်ရပ်နေရသော နတ်စုတ်၊ နတ်မွဲများ ဖြစ်ကြပါသည်။

ထိုနတ်များကို အားကိုးတကြီးနှင့် ကိုးကွယ်နေသူများ အတွက် မည်သို့သော အကျိုးကျေးဇူးမှ မရနိုင်ပါ။

ဘုန်းတန်ခိုးရှိသော ရုက္ခစိုး-ဘုမ္မစိုးနတ်များသည် မိမိ တို့၏ သစ်ပင်၊ မြေပြင်ဟွင် နေရှုသည်မှန်သော်လည်း မိမိတို့၏ ဘုန်းတန်ခိုးဖြင့် ဘုံဗိမာန်ဖန်ဆင်းနိုင်၊ ဥစ္စာရကနာပေါကြွယ်ဝ ကြသည်၊ ဒါန၊ သီလစသည် ကောင်းမှုရှိသော လူတို့ကို အကူအညီ ပေးနိုင်သည်၊ စောင့်ရှောက်နိုင်ပါသည်။

ရှင်မဟာသီလဝံသကဲ့သို့ပင် ခေတ်ပြိုင်စာဆို ရှင်မဟာ ရဋ္ဌသာရ မထေရ်မြတ်ကလည်း-

နတ်ယုံကြည်သူများသည် နာမည်ကျော်ကြား ထင်ထင် ရှားရှားရှိသော ပုဂ္ဂိုလ်တစ်ယောက်ယောက် သေဆုံးသွားပါက မလွဲ ဧကန်အမှန် နတ်ဖြစ်သည်ဟု ယုံကြည်ပြီး နတ်ကွန်း၊ နတ်နန်းများ ဆောက်လုပ်ကာ အမြဲတမ်း ကိုးကွယ်လေ့ရှိကြောင်း . .

ရဟန္တာသုံးပါးအပေါ်၌ ရှိသေကိုင်းရှိုင်း၍ ပေါ့ပေါ့ဆဆ ယုံမှားသံသယများစွာနှင့် ရှိတတ်ကြောင်း၊

မကျန်းမမာ ဖျားနာသောအခါတွင်လည်း မတည်မြဲ၊ မခိုင် မြဲသော ရုပ်တရားကြီးသည် ကိုယ်ဖြစ်ချင်သလို ပြုပြင်၍မရ၊ သူ့ သဘောသူဆောင်ကာ နာကျင်ကိုက်ခဲ ဖျားနာခြင်း၊ အို-နာ-သေ ဘေးကို မလွဲမသွေ ဆုံတွေ့ရမှာ ဖြစ်ကြောင်း၊

ယိုသို့ ဆိုခဲ့သော ဘေးဒုက္ခအဖုံဖုံ ကြုံလာသောအခါ ကံ ကြောင့်ရလာသော လူ့ဘဝကြီးထဲတွင် ဘေးဒုက္ခအပေါင်းမှ ကျော် လွှားလွှန်မြောက်နိုင်ရန် အလှူပေး သီလဆောက်တည်၍ ဘုရား ကု-ကုခြင်း၊ ဆေးကောင်းဝါးကောင်းမှီဝဲ၍ တတ်သိနားလည်သော

သမားတော်များနှင့် မကုဘဲ နတ်ကု-စုန်းကု ကုနေကြသည်မှာ ရယ်စရာဖြစ်ကြောင်း၊

ထိုကဲ့သို့ မပြုလုပ်သင့်ကြောင်းကို ရှင်မဟာရဋ္ဌသာရ ဆရာတော်က အောက်ပါအတိုင်း ရေးဖွဲ့ဆုံးမခဲ့ပါသည်။

"ထိုမှတစ်ပါး နတ်ဝင်များမူ၊ ထင်ရှားသည့်သူ၊ သေသော ဟူကား၊ အယူမလွဲ၊ နတ်ဖြစ်မြဲဟု၊ ဝမ်းထဲပြတ်ပြတ်၊ မှတ် ဘိရကား၊ ဗူးကရားနှင့်၊ မှန်းထားမည်ရည်၊ နတ်အိမ် တည်၍၊ အကြည်အညို၊ နတ်ကိုချမ်းသာ၊ လုံးပမ်းရှာ၏၊ ရတနာသုံးပါး၊ အမြတ်အားမူ၊ များများမယုံ၊ အာရုံနှောင့် နှေး၊ နှစ်ခွတွေးလျက်၊ နားဆေးဖျားတာ၊ ရောက်သော ခါလည်း၊ ကြမ္မာဘုံဟောင်း၊ အိမ်မကောင်းကို၊ မြဲကြောင်း ပင့်ကူ၊ ထောက်တိုဟူသား၊ အလျူသီတင်း၊ ဆည်းပူးခြင်း ကို၊ စင်းစင်းမပြု၊ နတ်ကုစုန်းရှယ်၊ အသက်ကယ်ဘို့၊ ရည်ရွယ်ဘို့ကြီး၊ မရှက်သီးဘဲ၊ ကန္နားပွဲနှင့်၊ ဝတ်လဲဖြူနီ၊ ပန်းသီပန်းနစ်၊ ဆင်ကာရစ်လျက်၊ လက်ယှက်လက်ဝန်း၊ တဖျင့်သန်းတည့်၊ သွမ်းမှန်းမသိ၊ မျက်စိဆံလည်း၊ နတ်ရှုး သည်ဟု၊ မတည်မတံ့၊ လွင့်ပျံ့နှလုံး၊ သူမိုက်ထုံးလည်း၊ စွဲသုံးလေ့လာ၊ မကျင့်ရာသည်၊ မိစ္ဆာယောင်ယီး၊ ယောင် တမ်းတည်း "

ဆရာတော်နှစ်ပါးသည် အင်းဝခေတ်တွင် နတ်ယုံကြည် ကိုးကွယ်မှု၌ တစ်ဖက်စွန်း ရောက်နေကြသူများကို ယထာဘူတ ကျ၍ လက်တွေ့ဆန်သော အတွေးသစ်၊ အမြင်သစ်များရရှိကြမှ သာ မှန်ကန်သော ကိုးကွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်အောင် တွန်းပို့ပေးကြခြင်းဖြစ်ပါသည်။

**လယ်တီဆရာတော်ကြီးဘုရားကြီး၏နတ်ပူဇော်မှုအဆိုအမိန့်**

လယ်တီဆရာတော်ဘုရားကြီးက

**သာသနဝိသောဓနီ ကျမ်း၌ . .**

"သုတ်မဟာဝါ ပါဠိတော်ကိုထောက်၍ လူဖြစ်သော သူတို့မှာ ပစ္စုပ္ပန်အကျိုးအတွက် လောကပါလနတ်များကို ရှိခိုးကောင်း၏၊ ပူဇော်ကောင်း၏၊ နတ်ကွန်းကန္နား ၂များ ဆောက်လုပ်ကောင်း၏၊ စီမံကောင်း၏၊ မိမိကိုယ်တိုင် နတ်ရုပ်ထုများ ကံကျွေးလက်ခပေး၍ ထုလုပ်ကောင်း၏၊ ပွဲတင်မြှောက် ပူဇော်ခြင်းကို ပြုကောင်း၏. . . "

ရဟန်းဖြစ်သော သူတို့မှာမူကား နတ်များကို ရှိခိုးခြင်းငှာ မအပ်၊ နတ်ကွန်း နတ်နန်းများကို ကိုယ်တိုင်မဆောက်ကောင်း၊ လူများကို ဆောက်လုပ်ကြစေရန် ေဆွဆောင်ကောင်း၏။ နတ်ရုပ်များကို ရဟန်းတော်များကိုယ်တိုင် မထုလုပ်ကောင်း၊ လက်ခကံကျွေးချ၍ လူအများကို ထုလုပ်စေအပ်၏၊ ၎င်းနတ်ရုပ်ကြီးများကို ပွဲတင်မြှောက်ပူဇော်ခြင်းကို ရဟန်းတော်များကိုယ်တိုင် မပြုအပ်၊ လူများအား ပြုလုပ်စေအပ်၏၊ ဤအလုံးစုံကိုလည်း ယခုဘဝ၌ အန္တရာယ်ကင်း၍ ချမ်းသာသုခရခြင်းငှာ ပြုအပ်၏၊ ရတနာသုံးပါးကို အမြတ်တနိုး ကိုးကွယ်လျက်ရှိသောကြောင့် နတ်များကို ထိုသို့ပြုသော်လည်း သရဏဂုံမပျက်"

ဟူ၍ နတ်ကွန်းဆောက်မှု ပူဇော်မှု ရှိခိုးမှုနှင့်ပတ်သက်၍ အဆုံးအဖြတ် ပေးထားခဲ့ပါသည်။

ဆရာတော်ကြီး၏အယူအဆမှာ မဟာဝါပရိနိဗ္ဗာန်သုတ်လာ အပရိဟာနိယတရား (၇)ပါးနှင့်အညီ အဆုံးအဖြတ် ပေးထားခြင်းဖြစ်ပါသည်။

တော်ဝင်မြို့မ စာကြည့်တိုက်

အဓိကမှာ ဘုရား တရား သံဃာ ရတနာသုံးပါးကို အဓိကထားမြတ်နိုးပြီး ကိုးကွယ်ထားသောသူသည် လောကီချမ်းသာ အစောင့်အရှောက် အကူအညီရရန် နတ်ကို မိတ်ကောင်းဆွေကောင်းအနေဖြင့် ပူဇော်ပသခြင်းသဘောမျိုးကို ဆိုလိုပါသည်၊ နတ်ကို ရတနာသုံးပါးထက် လွန်ကဲ၍ ပူဇော်ခွင့်၊ ရှိခိုးခွင့်၊ ကိုးကွယ်ခွင့်ကို မဆိုလိုပါ။

## မင်းကွန်းတိပိဋကဆရာတော်ကြီး၏နတ်ပူဇော်မှုအဆိုအမိန့်

ဘုရားရှင်၏ ထိုဟောကြားချက်နှင့်ပတ်သက်၍ မင်းကွန်းတိပိဋကဆရာတော်ကြီး အရှင်ဝိစိတ္တသာရ၏ မဟာဗုဒ္ဓဝင်(ပဉ္စမတွဲ)ဗုဒ္ဓရတနာအခန်း ( ၂၁၀-၂၁၁ ) ၌-

"မြို့တွင်းမြို့ပြင်ရှိ ရှေးဟောင်းနတ်ကွန်း (စေတီ)များကို ရိုသေလေးမြတ်မှု၊ ပူဇော်မှုမပြုကြဘဲ ရှေးကပေးမြဲ၊ ပြုမြဲဖြစ်သော တရားနှင့်ညီလျော်သည့် ဗလိနတ်စာကိုဆုတ်ယုတ်စေကြ၊ မပေးကြသောမင်းတို့အား နတ်တို့သည် အစောင့်အနေကောင်းစွာချထားမှုကိုမပြုကြကုန်၊ မဖြစ်သေးသောဆင်းရဲဒုက္ခကို ဖြစ်စေရန်မစွမ်းနိုင်ကြသော်လည်း ဖြစ်နေဆဲရှိသော ချောင်းဆိုးနာ၊ ခေါင်းခဲနာ စသည်တို့ကိုတိုးပွားစေတတ်ကုန်၏၊ စစ်ရေးစစ်ပွဲကြုံလတ်သော် အဖော်သဟဲမဖြစ်ကုန်၊ ထိုသို့ဖြစ်လတ်သော် မင်းတို့ကို အဖို့ဆုတ်ယုတ်ခြင်းဖြစ်လေတော့၏။

တရားနှင့်ညီလျော်သည့် ဗလိနတ်စာကို မဆုတ်ယုတ်စေကြ၊ ပေးမြဲပေးကြ၊ ပြုမြဲပြုကြသော မင်းတို့အားထားနတ်တို့သည် အစောင့်အနေ ကောင်းစွာချထားမှုပြုကြကုန်၏၊ မဖြစ်

သေးသောချမ်းသာသုခကိုဖြစ်စေရန်မစွမ်းနိုင်ကြသော်လည်း ဖြစ်နေဆဲရှိသောချောင်းဆိုးနာ၊ ခေါင်းခဲနာစသည်တို့ကို လျင်စွာပျောက်ကင်းစေကုန်၏၊ စစ်ရေးစစ်ပွဲကြုံလတ်သော် စစ်ဦး၌ မိမိဖက်က စစ်သည်ဗိုလ်ပါကို နှစ်ဆထက် သုံးဆထက် တစ်ဘက်ရန်သူကိုထင်မြင်စေခြင်း၊ ထိုတစ်ဖက်ရန်သူတို့အား ကြောက်မက်ဖွယ်အဖြစ်ကိုပြုခြင်း စသည်ဖြင့် အဖော်သဟဲဖြစ်ကြကုန်၏၊ ထိုသို့ဖြတ်လတ်သော် မင်းတို့အဖို့ တိုးတက်ကြီးပွားခြင်းဖြစ်ဘော၏ ”

ဟူ၍ ရေးသားပြထားသည်ကို တွေ့ရပါသည်။

## စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး၏နတ်ပူဇော်မှုအဆိုအမိန့်

စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး ဦးပဏ္ဍိတာကလည်း နတ်နှင့်ပတ်သက်၍ ဤသို့မိန့်ဆိုထားပါသည်။

“ဘုန်းကြီးတို့ကတော့ ဘုရားပညတ်တော်မူထားတဲ့ ဥပဒေအတိုင်းလိုက်နာပြီး ဘုရားကြိုက်တဲ့ပရိယတ်၊ ပဋိပတ်အလုပ်ကိုမှန်မှန်လုပ်ပြီး ဘုရားရှင်ကိုပူဇော်တယ်၊ နတ်၊ လူသတ္တဝါတွေကိုမေတ္တာပို့တယ်၊ အထူးသဖြင့်တော့ ဘုန်းကြီးပြုသမျှ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကို ကိုယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ အာကာသစိုးနတ်၊ စတုလောကပါလနတ်၊ သာသနာစောင့်နတ်များကို အမျှပေးဝေတယ်၊ မေတ္တာပို့တယ်၊ နတ်လူသတ္တဝါတွေဘေးရန်ကြောင့်ကြဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ အချိန်ရှိတိုင်း စွဲစွဲမြဲမြဲ မေတ္တာပို့တာပဲ။

ဒီမေတ္တာတန်ခိုးကြောင့် ဘုန်းကြီးအသက်ရှည်တာဖြစ်ပါလိမ့်မယ်၊ ရောဂါလည်း ကြီးကြီးမားမားတစ်ခါမျှမဖြစ်ဘူး၊ ဘယ်ဆေးမှလည်းစွဲစွဲမြဲမြဲ မမှီဝဲရပါဘူး၊ ယခုထိ မျက်စိလည်းကြည်၊ နားလည်းကောင်း၊ သွားလည်းကောင်း၊ ခါးလည်းမတ်၊ တောင်ဝှေးတောင်မကိုင်ရသေးပါဘူး ”

ဟူ၍ မိန့်ဆိုထားခဲ့ပါသည်။

## နမားဆရာတော်ဘုရားကြီး၏နတ်ပူဇော်မှုအဆိုအမိန့်

နတ်များကို လူတို့ကိုးကွယ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ သရဏဂုံဆောက်တည်မှုနှင့် ပတ်သက်၍လည်းကောင်း နမ္မားဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း မိန့်ကြားထားပါသည်-

“ဘုန်းကြီးတွေက ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဟူ၍ရှေ့ကချပေး၊ လူတွေက နောက် ကလိုက်ဆိုကြတယ်၊ အဲဒါ ကြက်တူရွေးသရဏဂုံကွဲ၊ ဘုရား သရဏဂုံမဟုတ်သေးဘူး၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ကိုကြက်တူရွေးကို သင်ပေးရင်ဆိုတော့ဆိုတတ်တယ်၊ ဘုရားဂုဏ်တော်ကိုသိပြီး အားထားရဲ့လား၊ သိလည်းမသိ၊ အားလည်းမထားပါဘူး၊ အဲဒီလိုပေါ့ကွဲ့၊ ဘုန်းကြီးက စာရလို့ချပေး၊ လူတွေကနောက်ကလိုက်ဆို၊ ဆိုသာဆိုတယ်၊ ဘုရားဂုဏ်တော်တွေကိုမသိကြ၊ အားလည်းမထားကြ၊ အားထားကြတာက ဘိုးဘိုးအောင်တို့၊ မင်းညီနောင်တို့၊ ဘိုးမင်းကျော်တို့၊ မင်းမဟာဂီရိတို့၊ ရေငန်ပိုင်ဦးရှင်ကြီးတို့၊ ရေယာဉ်ကတော်တို့၊ မြင်းဖြူရှင်တို့၊ ၃၇-မင်းတို့၊ အဲဒါတွေကိုသာ အားထားကြတယ်၊ အဲဒါကြောင့် ကြက်တူရွေးသရဏဂုံလို့ ဆိုတာကွဲ့။

ဘုရားဂုဏ်တော်ကိုးပါးကို သေချာစွာသိပြီး "ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ" လို့ဆိုသည့်အတိုင်း ဂုဏ်တော်ကိုးပါးမှ တစ်ပါး ကိုးကွယ်ရာမထားပါမှ ဂစ္ဆာမိမှာကွဲ့။ အခုတော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိထဲမှာ ဝိဇ္ဇာဓိုရ်တွေ နတ်စိမ်းတွေပါရောကျော်နေကြတယ်" ဟူ၍ နတ်နှင့်သရဏဂုံကို ကွဲပြားစွာကိုးကွယ်တတ်အောင်၊ ပူဇော်တတ်အောင် မိန့်ကြားထားပါသည်။

## သုတေသနကျမ်းပြုဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ၏ နတ်ပူဇော်မှုအဆို အမိန့်

သုတေသနသရုပ်ပြအဘိဓာန်ကျမ်းပြုဆရာတော် ဖျာပုံ တိုက်သစ်ဆရာတော် ဦးသြဘာသာဘိဝံသက နတ်နှင့်ပတ်သက်၍ ဤသို့မိန့်ကြားပါသည်. . .

"မိမိတို့ပြုလုပ်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံမပါဘဲ နတ်တို့က စောင့်ရှောက်ထောက်ပံ့ မ,စလို့ ကောင်းကျိုး-ဆိုးကျိုးရတယ်၊ ကံ-ကံ၏အကျိုးကို မယုံဘဲ နတ်သက်သက်ကိုသာတတ် တစ်ဖက်သတ်ယုံကြည်အားကိုးကာ နတ်တို့နေရန် နတ်ကွန်းကို မွမ်းမံခြယ်သပြင်ဆင်ပေးခြင်း၊ အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်းပေးခြင်း၊ ငှက်ပျော၊ အုန်းပွဲတို့ဖြင့် ကောင်းမွန်စွာတင်သ ပူဇော်ရှိခိုးခြင်း၊ လက်အုပ်ချီခြင်းပြုသူတို့ဟာ မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းပဲ။

ရတနာမြတ်သုံးပါးကိုတော့ ယခုဘဝမှာရော နောင်ဘဝ အဆက်ဆက်ပါ ပစ္စုပ္ပန်သံသရာနှစ်ဖြာသောချမ်းသာကိုပါ ပေးလိမ့်မည်ဟု ယုံကြည်ခြင်း၊ ဘဝသံသရာလွတ်မြောက်ရာနိဗ္ဗာန်

ချမ်းသာကိုပါ ပေးလိမ့်မည်ဟု ယုံကြည်ခြင်း၊ အဲဒီအကျိုးနှစ်ပါးကို ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်မှု ပြုတယ်။

နတ်ကိုတော့ ယခုဘဝ မျက်မှောက်အကျိုးအတွက်၊ မျက်မှောက်ဘဝ လက်ရှိကောင်းစားရေး တစ်ခုတည်းကိုသာ ယုံကြည်ကာ အိမ်စောင့်နတ်၊ တံခါးစောင့်ဒဝရမ်လို့ ကိုယ်ကျိုးကိုလာစောင့်ပေးတဲ့ မိတ်ဆွေကောင်းတစ်ယောက်အနေနှင့် ကျွေးမွေးတင်မြှောက်ပါမူ မိစ္ဆာဒိဋ္ဌိ မဖြစ်ပါဘူး။

သို့သော် ဗုဒ္ဓဘာသာဝင်အစစ်တော့ မဖြစ်နိုင်ဘူး၊ ကပြား ဗုဒ္ဓဘာသာလို့ပဲ မှတ်ယူရပါမယ်။

လိုရင်းချုပ်မှတ်ဖို့ကတော့ နတ်၊ သိကြားနှင့်ဗြဟ္မာများကို အမြတ်တနိုး ရတနာသုံးပါးနှင့် တန်းတူထားကိုးကွယ်ရင် မိစ္ဆာဒိဋ္ဌိ ဖြစ်၏၊ အမြတ်တနိုးမဟုတ်ဘဲ လောကတစ်ဘဝတာအတွက် မိရိုးဖလာသက်သက်မျှသာ ပွဲထိုးကိုးကွယ်ပါမူ သရဏဂုံမပျက် တစ်ပျက်ကလေးဟု မှတ်ပေတော့။

ဘုရား၊ တရား၊ သံဃာရတနာသုံးပါး ကိုးကွယ်ဆည်းကပ်တာ ယခုဘဝအတွက် လူချမ်းသာ၊ လူစည်းစိမ်၊ ဥစ္စာပေါ်များစေလျက် သေသောအခါ နောင်ဘဝမှာလည်း လူနတ်ဗြဟ္မာသုခကို ပေးနိုင်တဲ့အပြင် နောက်နောင်ဘဝအတွက်ရော ဘဝလွတ်မြောက်ရာချမ်းသာသုခအစစ်ဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် သုံးပါးသောချမ်းသာကို ကေန်မုချရယူခံစားနိုင်တဲ့ အာမခံပဋိညာဉ်ဝန်ခံချက် ပေးထားပါတယ်။

ဗုဒ္ဓဘာသာ သရဏဂုံသုံးပါး တရားထက်လွန်ကဲပြီး မသေချာတဲ့ နတ်၊ ဗြဟ္မာ၊ သူရဿတီစတဲ့ အထက်ဆရာကြီးတွေကို

ကိုးကွယ်ပူဇော်တဲ့အတွက် သရဏဂုံမပျက်သော်လည်း ဗုဒ္ဓဘာသာ အစစ်လို့ တစ်ထစ်ချ ယတိပြတ် ယုံကြည်တဲ့ သရဏဂုံ အစစ်မဟုတ်လို့ပဲ။

အိမ်မှာ နတ်၊ ဝိဇ္ဇာ၊ ဆင်၊ မြင်းရုပ်ထုနှင့် ကိုးကွယ်ပူဇော်ထားရင် သီလဗ္ဗတုပါဒါန်၊ သီလဗ္ဗတပရာမာသဒိဋ္ဌိသာ မှတ်ပေတော့၊ သမ္မာဒိဋ္ဌိတော့ မဖြစ်နိုင်ဘူး”

ဟူ၍ မိန့်ဆိုထားခဲ့ပါသည်။

## မဟာဂန္ဓာရုံဆရာတော် ဦးဇနက၏ ဗလိနတ်စာအဆိုအမိန့်

သားစိမ်း၊ ငါးစိမ်းများဖြင့် နတ်များကိုရည်စူး၍ ကျွေးသော ဗလိနတ်စာကျွေးခြင်းကို ကျမ်းစာမှာ ဘယ်လိုဆိုပါသလဲ။

“ကျမ်းစာမှာ ဒေဝတာဗလိနတ်များကို ပူဇော်ပသခြင်းဆိုတာလာတယ်၊ ပူဇော်ပသမှုအမျိုးမျိုးရှိတယ်၊ ဧကနိပါတ်ကုဏ္ဍတပုဝဇာတ်မှာ နတ်တို့ကိုခဲဖွယ်ဘောဇဉ် (စားဖွယ်သောက်ဖွယ်မုန့် စသည်တို့ဖြင့်) ပူဇော်ကြကြောင်းတွေ့ရတယ်၊ အဲဒီခဲဖွယ်ဘောဇဉ်ထဲမှ အဆီသြဇာကို နတ်များကထုတ်ပြီး စားတယ်လို့ဆိုတယ်။

ကုသိုလ်ကောင်းမှုပြုတဲ့အခါ နတ်များကို အမျှဝေဖို့ ဘုရားရှင်က တိုက်တွန်းတော်မူတာလည်း ရှိတယ်၊ အဲဒီလို အမျှဝေတာလည်း နတ်များကို ပူဇော်ရာရောက်တာပါပဲ၊ ဒီလို အမျှဝေပူဇော်ပသတဲ့အတွက် သူတို့က စောင့်ရှောက်နိုင်သလောက် စောင့်ရှောက်ကြမှာပါ။

တောကြီး၊ ရွာကြီးများ၌ “ရွာတော်ရှင်”လို့ခေါ်တဲ့ အရှင်

နတ်ကြီးများ ရှိပုံရတယ်၊ ထိုနတ်ကြီးများကို ရွာလုံး၊ နယ်လုံးက အားကိုးကြ၊ ပူဇော်ပသကြတယ်၊ လူတွေက ကောင်းနေတဲ့အခါ ဘီလူး၊ သရဲ စသောဘေးရန်တို့ကို ထိုနတ်ကြီးများက ကာကွယ် ပေးကြဟန် တူပါတယ်၊ လူတွေက မတရားလွန်ရင်တော့ ကာကွယ် ပုံမရဘူး၊ ကျမ်းစာထဲမှာ သားစိမ်း၊ ငါးစိမ်းများနှင့်နတ်တင်တာ၊ ပူဇော်ပသတာတွေ မတွေ့ရပါဘူး၊ သားစိမ်း၊ ငါးစိမ်းရဲ့အဆီ သွေးကိုဖြစ်စေ၊ သားစိမ်း၊ ငါးစိမ်းအသားကိုဖြစ်စေ၊ စားတဲ့သူ ဟာ နတ်ဟုတ်ချင်မှဟုတ်မှာပါ၊ နတ်ဖြစ်လျှင်လည်း အလွန်ကြမ်း တမ်းတဲ့ နတ်မျိုးဘီလူးမျိုးသာ ဖြစ်စရာရှိပါတယ်၊ နတ်ကောင်းနတ် မြတ်တော့ မဟုတ်နိုင်ပါဘူး။

ဘာပဲဖြစ်ဖြစ်လေ စားဖွယ်၊ သောက်ဖွယ်တွေကို ပူဇော် ရတဲ့ နက်အားလုံးပဲ အထက်ဘုံမှာနေတဲ့ နတ်တွေမဟုတ်ပါဘူး၊ လူ့ပြည်မှာ သစ်ပင်စသည်၌နေရတဲ့ ဘုမ္မစိုး၊ ရုက္ခစိုးနတ်မျိုးသာ ဖြစ်တယ်၊ အဲဒီနတ်များလည်း ပူဇော်ပသလျှင် ကောင်းကျိုးပေး နိုင်မှုထက် မိရိုးဖလာပသနေကျ မပသလျှင် မကောင်းကျိုးပေး တတ်တာက များဟန်တူပါတယ်၊ မိဘရိုးရာကစ၍ မကိုးကွယ်တဲ့ သူများနှင့် မိမိလက်ထက်ကျမှ ကိုးကွယ်မှုကို ဂရုမစိုက်သော လူကြမ်းများကိုတော့ မကောင်းကျိုးလည်း မပေးတော့ပါဘူး။

ဘုန်းကြီးသဘောကတော့ နတ်ကောင်းများကို လူတွေ အချင်းချင်း မေတ္တာထားသလို ရောက်လေရာအရပ်၌ မေတ္တာပို့ပြီး ကုသိုလ်ပြုတဲ့အခါ အမျှဝေတာပဲ သဘောကျပါတယ်၊ မိမိရဲ့ စား ဖွယ်သောက်ဖွယ်များ ပသတာကိုလည်း မတားမြစ်လိုပါဘူး၊ နတ် များကသဘောကျမှာပဲ၊ ရောက်လေရာအရပ်မှာ ပူဇော်ပသ

မေတ္တာပို့တဲ့အတွက် စောင့်ရှောက်နိုင်သမျှတော့ စောင့်ရှောက်ကြပါလိမ့်မယ်၊ သို့သော် တကယ်အရေးကြီးတဲ့ ကိစ္စမှာတော့ နတ်တွေ မကယ်နိုင်ဘူးဆိုတာ သိရအောင် ကာလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်တိုက်ခန်းကို ပြောပြတယ်။

ကာလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်တိုက်ဖို့စောင့်နေတဲ့ နေရာရဲ့အနီးမှာ ဘုန်းကြီးတို့ ဘုရားလောင်း ရသေ့ဘဝနဲ့ တရားအားထုတ်နေတယ်၊ သူတော်ကောင်းရသေ့ထံ သိကြားမင်းလည်း မကြာခဏတရားနာလာရောက်တယ်၊ ထိုအခါ ကာလိင်္ဂမင်းက သာမန်လူတစ်ယောက် အနေအထားဖြင့် ရသေ့ထံသွားပြီး ရင်းရင်းနှီးနှီး စကားစမြည်ပြောဆိုရင် မင်းနှစ်ပါးစစ်တိုက်လျှင် ဘယ်သူနိုင်စရာရှိသလဲလို့ မေးတယ်၊ ရသေ့က ငါမသိဘူး၊ ငါ့ဆီကို သိကြားမင်း လာလေ့ရှိတယ်၊ သူ့ကိုမေးပြီးမှ ပြောမယ်၊ နက်ဖြန် လာခဲ့လို့ မှာလိုက်တယ်။

သိကြားမင်းလာတဲ့အခါ မေးတော့ ကာလိင်္ဂမင်းဘက်က နိုင်ပါလိမ့်မယ်၊ ရှေ့ပြေးနိမိတ်တွေ ထင်ရှားနေပါတယ်၊ ကာလိင်္ဂမင်းရဲ့ အစောင့်အရှောက်နတ်က တစ်ကိုယ်လုံးဖြူသော နွားလားဥဿဘယောင်ဆောင်ပြီး အဿကမင်းရဲ့အစောင့်အရှောက် နတ်က မည်းနက်သော နွားလားဥဿဘယောင်ဆောင်ပြီး စစ်ထိုးကြလိမ့်မယ်၊ ထိုအခါ ကာလိင်္ဂမင်းရဲ့ နတ်ဘက်ကပဲ နိုင်ပါလိမ့်မယ်၊ ထိုးနိုင်တဲ့နတ်ရဲ့ မင်းဘက်ကလည်း နိုင်ပါလိမ့်မယ်လို့ သိကြားမင်းကလျှောက်တယ်။

နက်ဖြန် ထိုသူလာတော့ ကာလိင်္ဂမင်းက နိုင်လိမ့်မယ်ဆိုတာကို ပြောလိုက်လျှင် ဝမ်းသာအားရဖြစ်ပြီး ပြန်သွားတယ်၊

ရှေ့ပြေးနိမိတ်က ဘယ်လိုတွေ့ရပါသလဲလို့ မမေးတော့ဘူး၊ ဒီသတင်းဟာ စစ်တပ်အတွင်း ပျံ့နှံ့သွားလို့ အဿကမင်းဘက်ကလည်း ကြားသွားတယ်။

ဒါနဲ့ အဿကမင်း စိတ်ပျက်နေကြောင်းကို ရှင်သာရိပုတ္တရာအလောင်းဖြစ်တဲ့ နန္ဒိသေနစစ်သူကြီးက ရသေ့ဟောလိုက်ပုံနှင့်တကွ ကြားသိရတော့ ရသေ့ထံပြန်သွားတယ်။

ရသေ့ကလည်း ကာလိင်္ဂမင်းနိုင်လိမ့်မည်လို့ပဲ ပြောတယ်၊ ရှေ့ပြေးနိမိတ်ကို ဘယ်လိုမြင်ရပါသလဲလို့ မေးတော့ အမောင့်အရောက်နတ်များ အပါအဝင် တိုက်ခိုက်မယ့်အကြောင်းကို ပြောလိုက်တယ်။

နန္ဒိသေနစစ်သူကြီးဟာ ကောင်းပြီဆိုတဲ့ သဘောနဲ့ပြန်လာပြီး သူ့ရဲ့ကောင်းတစ်ယောင်ကို တောင်ထိပ်ပေါ်ခေါ်သွားတယ်၊ "အမောင်တို့. . . မင်းတရားအတွက် အသက်ကိုစွန့်ဝံ့ကြရဲ့လား"လို့မေးတယ်၊ "စွန့်ဝံ့ကြပါတယ်"လို့ပြောတော့ စွန့်ဝံ့လျှင် တောင်ထိပ်ပေါ်ကခုန်ချလို့ပြောတော့ အားလုံးကခုန်ချမယ်လို့ လုပ်ကြတယ်။

အဲဒီအခါမှာ ခုန်ချဖို့မလိုပါဘူးလို့ ဟားမြစ်ပြီး စစ်တိုက်တဲ့အခါမှာသာ နောက်မဆုတ်တမ်း ကြိုးစားကြပါလို့ တိုက်တွန်း၍ ပြန်ဆင်းလာခဲ့တယ်။

ကာလိင်္ဂမင်းရဲ့ စစ်တပ်ကတော့ ငါတို့ ကေန်နိုင်မှာပဲဆိုတဲ့သဘောနဲ့ ပေါ့ပေါ့ဆဆ နေကြတယ်၊ နောက်စစ်တိုက်ခါနီးတွင် ရှင်ဘုရင်နှစ်ပါး မြင်းစီးပြီး ထွက်လာလျှင်ပဲ နတ်နှစ်ယောက်လည်း စစ်တိုက်မည့် ပုံဟန်ဖြင့် ရှေ့က ပါလာကြတယ်၊ အဲဒီနှစ်ယောက်

ကို မင်းနှစ်ပါးသာမြင်တယ်၊ အဿကမင်းရဲ့နတ်က ကြောက်နေပုံရသတဲ့။

ထိုအခါ စစ်သူကြီးက အဿကမင်းကို ဘာများထူးထူးဆန်းဆန်း မြင်ပါသနည်းလို့ တိုးတိုးမေးတယ်။

နတ်နှစ်ယောက် စစ်တိုက်မယ်လို့ဟန်ပြင်နေတာ တွေ့မြင်ရတယ်၊ တို့ဘက်ကနတ်က ကြောက်ရွံ့နေတယ်လို့ ပြောတယ်။

"အရှင်မင်းမြတ် . . . သူ့ဘက်ကနတ်ကိုသာ အရှင်မင်းမြတ်က ပစ်ခတ်ပါ၊ ကျွန်ုပ်တို့သူရဲကောင်းတစ်ထောင်ကလည်း အရှင်မင်းမြတ်ပစ်တဲ့ နေရာကိုပဲ ဝိုင်းပြီးပစ်ပါမယ်လို့ပြောတော့ ကောင်းပြီဆိုပြီး ကာလိင်္ဂမင်းရဲ့နတ်ကိုချည်း ဝိုင်းချလိုက်ကြတာ နတ်ဟာ အဲဒီနေရာမှာပဲ ပွဲချင်းပြီးတာပါဘဲ၊ ကေန်နိုင်မယ်ဆိုတဲ့ ရှင်ဘုရင်လည်း ပြေးရရှာရော။

အဲဒီလို သိကြားမင်းကိုယ်တိုင် ကေန်နိုင်မယ်လို့ ဟောထားပေမယ့် လုံ့လဝီရိယမရှိတော့ ရှုံးရတယ်၊ ကေန်ရှုံးမယ်ဆိုတဲ့ ဘက်ကလည်း လုံ့လဝီရိယနှင့် အကြံကောင်းတော့ နိုင်တာပါပဲ။

ဒါကြောင့် တကယ့်အရေးမှာ နတ်မကယ်နိုင်ရှာဘူးဆိုတာကို နားလည်ပြီး မိမိတို့ရဲ့ အကြံဉာဏ်နှင့် ကောင်းသောလုံ့လဝီရိယဟာ နတ်ထက်ပင် အားကိုးလောက်တယ်ဆိုတာကို သင်ခန်းစာတစ်ရပ် မှတ်သားကြပါ "

ဟူ၍ မိန့်ဆိုထားခဲ့ပါသည်။

## နတ်ကိုပူဇော်ပ,သတင်မြှောက်မှု

နတ်ယံမှ ပစ္စုပ္ပန်ချမ်းသာမှုရရှိရေး၊ အကူအညီရရှိရေး အတွက် လှူဒါန်းပူဇော်ပသရာတွင် (၂)မျိုးရှိပါသည်။

၁။ ပူဇာဒါန - ပူဇော်သောအားဖြင့်ပေးလှူမှု

၂။ အနုဂ္ဂဟဒါန - ချီးမြှောက်သောအားဖြင့်ပေးလှူမှု

မိမိထက် အဆင့်အတန်းမြင့်သော နတ်များကို ပူဇာဒါန အဖြစ် ပေးလှူရမည်၊ ယင်းနတ်များမှာ လူဟိုထက် ပဋိသန္ဓေ အဆင့်အတန်းမြင့်သော သောတာပန်၊ သကဒါဂါမ်စသော အရိယာနတ်များ၊ သာသနာစောင့်နတ်များ၊ တေရဋ္ဌ၊ ဝိရူပက္ခ၊ ကုဝေရ၊ ဝိရူဠှက ဟူသောလောကပါလစောင့်နတ်မင်းကြီးများ အဆင့်မြင့်ဘုမ္မစိုး-ရုက္ခစိုးနတ်၊ အာကာသစိုးနတ်များ စသည်တို့ ဖြစ်သည်။

လူတို့အောက် ပဋိသန္ဓေအဆင့်အတန်းနိမ့်သော သုဂတိ အဟိတ်ဖြင့် ပဋိသန္ဓေနေသော နတ်များကိုမူ အနုဂ္ဂဟဒါနအဖြစ် ပေးလှူရမည်၊ ရှိခိုးပူဇော်၍မတင်မြှောက်၊ မပ,သကောင်းပါ။ ယင်း နတ်များမှာ အစိမ်းသေ ကူသော ဥပစ္ဆေဒကဖြင့်သေပြီး ဝိနိပါတိ ကအသူရာနတ်မျိုးဖြစ်သော ခြံစောင့်နတ်၊ အိမ်စောင့်နတ်၊ ဘုမ္မ စိုး-ရုက္ခစိုးနတ် စသော နတ်များဖြစ်ကြပါသည်။

(ယခုနေ့ခေတ် မင်းညီ၊ မင်းလေး ဦးမင်းကျော်၊ မြင်းဖြူရှင်၊ ကိုးမြို့ရှင်၊ မြင်လယ်မြင်မောင်နှမ၊ မနဲလေး၊ မောင်တင့်တယ်၊ (အိမ်တွင်းမင်းမဟာဂီရိ)၊ ဦးရှင်ကြီး၊ မယ်ဝဏ္ဏ၊ အမေမကျမ်း၊ အမေမ ရေယာဉ်၊ ပြည်ကန်ပော်ရှင်မောင်နှမ၊ မြို့နယ်ဒေသဆိုင်ရာ တန်ခိုးကြီးနတ်များ စသည်တို့သည် သုဂတိ အဟိတ်ပဋိသန္ဓေဖြင့်

ပဋိသန္ဓေနေကြသော ဝိနိပါတိကအသုံရာနတ်များ ဖြစ်သည်ဟု အချို့ဆရာတော်များက အဆုံးအဖြတ် ပေးကြပါသည်၊ ဤနတ်ဘဝမှ သူတော်ကောင်းတရားနာရပြီး အဆင့်မြင့်သွားနိုင်သူလည်း ရှိနိုင်ပါသည်၊ အရက်သေစာ၊ ကြက်၊ ငှက်သတ်၍ ပူဇော်ပ,သနေသမျှ ကာလပတ်လုံး ထိုနတ်များသည် အဆင့်မြင့်နတ်များ မဖြစ်နိုင်ဟု ဆိုပါသည်။

မှန်ပါသည်။ အရက်သေစာ၊ သား၊ ငါးတင်မှုဖြင့် ပူဇော်ပ,သခံရသော နတ်ဟူသမျှသည် ငါးပါးသီလမဲ့သော နတ်များပဟုတ်ကြ၍ နတ်မိစ္ဆာမျှသာ ဖြစ်ပါသည်၊ ဗုဒ္ဓက သတ်မှု၊ ဖြတ်မှု၊ ဒုစရိုက်မှုကင်း၍ တရားနှင့်လျော်သော ဗလိနတ်စာကိုသာ နတ်တို့အားပေးလှူရမည်၊ ပူဇော်ရမည် ဟု လမ်းညွှန်ဟောထားပါသည်။ ထိုအမဲ၊ သား၊ ငါး၊ အရက်တို့ဖြင့် ပူဇော်ရသော နတ်သည် သမ္မာဒိဋ္ဌိနတ်လော၊ မိစ္ဆာဒိဋ္ဌိနတ်လောဟု စဉ်းစားယုံကြည် ပူဇော်ကြရန် ဖြစ်သည်။

နတ်တို့ကို ကိုးကွယ်ရာ၊ ပူဇော်ရာဝယ် နတ်တို့ကို သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံပေသည်ဟူ၍ မြတ်သောအလှူခံ (ဒက္ခိဏေယျ)အဖြစ် မကိုးကွယ်ရပါ။

(သီလမဲ့သောလူ၊ မိဘကိုလုပ်ကျွေးပြုစုသူ၊ ရတနာသုံးပါး အမြဲဆည်းကပ်သူကို သိကြားမင်းကပင် ရှိခိုးရသည်ကို သတိပြုကြဖို့လိုပါသည်)

ကံ-ကံ၏အကျိုးကို ယုံကြည်၍ ထိုနတ်တို့ကသာ ငါတို့၏ ကောင်းကျိုး-ဆိုးကျိုးကို ပေးနိုင်သည် ဟုယုံကြည်ပြီး မကိုးကွယ်ရပါ။

(မိမိပြုသော ကုသိုလ်ကံက မိမိဘဝကို ကောင်းကျိုးပေးမည်၊ မိမိပြုသော အကုသိုလ်ကံက မိမိဘဝကို မကောင်းကျိုးပေးမည်ဟု ဗုဒ္ဓကဟောထားသလို လက်တွေ့၌လည်း အကုသိုလ် လူသတ်မှု၊ ခိုးမှုစသည်ပြုသူတို့ကို မည်သည့်နတ်ကမှ မကယ်နိုင်၊ မစောင့်ရှောက်နိုင်သည်ကို သတိပြုပါ)

လောက၌ အနာရောဂါ မကပ်ရောက်ပါစေခြင်းအကျိုးငှာ ဆရာဝန်၊ ဆေးဆရာတို့ကို ဆည်းကပ်ကြရကုန်သကဲ့သို့လည်းကောင်း၊ ဥစ္စာပစ္စည်းကြွယ်ဝမှုဖြစ်အောင် သူဌေးသူကြွယ်ကုန်သည်ထံ ချဉ်းကပ်ရသကဲ့သို့လည်းကောင်း၊ ရာထူးဂုဏ်သိရ်တိုးတက်အောင် မင်းစိုးရာဇာကို ဆည်းကပ်ရသကဲ့သို့လည်းကောင်း၊ နတ်များကို ပစ္စုပ္ပန်ဘဝ ကြီးပွားချမ်းသာရေးအတွက် အထောက်အကူပြုနိုင်သော မိတ်ကောင်းဆွေကောင်းအဖြစ်သာ သဘောထားပြီး ဆည်းကပ်အားထားပူဇော်ရပါမည်။

## ပူဇော်တင်မြှောက်ကြရာဝယ်

- သရဏဂုံသုံးပါးထက် ကျော်လွန်၍ နတ်ကိုးကွယ်မှုကို ရှေ့တန်းတင်၍ မကိုးကွယ် မဆည်းကပ်ရပါ။
- မိမိပြုလုပ်ပြီး ပြုလုပ်ဆဲဖြစ်သော ဒါန၊ သီလ၊ ဘာဝနာတို့၏ ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေရပါမည်။
- နတ်တို့အား မေတ္တာပို့သမှု ပြုရပါမည်။
- ကြက်၊ ဝက်၊ ငှက်စသော သတ္တဝါများကို သတ်ဖြတ်၍ မပူဇော်ရပါ။

- နတ်တို့အား မပူဇော်၊ မပသသည့်တိုင်အောင် နတ်တို့ကို မညှင်းပန်း မနှိပ်စက်ရပါ၊ နတ်တို့နေရာနတ်ကွန်း စသည်တို့ကို မဖျက်ဆီးရပါ၊ မဆဲဆို၊ မကြိမ်းမောင်းရပါ။

ဤသည်မှာ ဗုဒ္ဓအလိုကျ နတ်ကိုးကွယ် ပူဇော်ပသနည်းများ ဖြစ်ကြပါသည်။

ထိုနတ်ယုံကြည်မှု ကိုးကွယ်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများ၏ အယူအဆမိန့်ဆိုချက်များကို လေ့လာသုံးသပ်ချက် ဆင်ခြင်ရန် လိုအပ်ပါသည်။

**နတ်ကိုးကွယ်သူများ သရဏဂုံပျက်-မပျက်**
**( ဗုဒ္ဓဘာသာဝင်အဖြစ်မှယုတ်လျော့-မလျော့ )**

ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ခံယူမည့်သူသည် "ဗုဒ္ဓဘာသာဝင်အစ-သရဏဂုံက" ဟု ဆိုထားသည့်အတိုင်း-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဓမ္မံ သရဏံ ဂစ္ဆာမိ - တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သံဃံ သရဏံ ဂစ္ဆာမိ - သံဃာတော်များကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဟူ၍ သရဏဂုံသုံးပါးကို လက်ခံဆောက်တည်ရပါသည်။

ဤနေရာတွင် သရဏဆိုသည်မှာ ပါဠိစကား ဖြစ်ပါသည်၊ မြန်မာလိုအဓိပ္ပာယ်မှာ-

"ကိုးကွယ်ဆည်းကပ်သူ လူအပေါင်းတို့အား ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း၊ အပါယ်သို့ ကျရောက်၍ ပင်ပန်းဆင်းရဲရခြင်း စသော ဆင်းရဲအမျိုးမျိုးကို ပယ်ဖျောက်ပေးတတ်သည့်အရာ" ဟူ၍ အဓိပ္ပာယ်ရပါသည်။

တစ်နည်းအားဖြင့် ဆိုရသော်-

ဗုဒ္ဓသည် - အကျိုးစီးပွား၌ ဖြစ်တော်မူခြင်းဖြင့် လည်းကောင်း၊ အကျိုးစီးပွားမဲ့မှ တားမြစ်တော်မူခြင်းဖြင့်လည်းကောင်း၊ သတ္တဝါတို့၏ ဘေးအမျိုးမျိုးတို့ကို ပယ်ဖျောက်တတ်ပါသည်။

ဓမ္မသည် - သံသရာဘဝခရီးထဲမှ လွတ်မြောက်စေသောအားဖြင့်လည်းကောင်း၊ သက်သာရာရစေသောအားဖြင့်လည်းကောင်း သတ္တဝါတို့၏ ဘေးအမျိုးမျိုးတို့ကို ပယ်ဖျောက်တတ်ပါသည်။

သံဃာသည် - အနည်းငယ်မျှသော ကောင်းမှုဖြစ်ပြီး ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးကိုရအောင် ပြုတတ်သော အားဖြင့် သတ္တဝါတို့၏ ဘေးအမျိုးမျိုးတို့ကို ပယ်ဖျောက်တတ်ပါသည်။

သရဏဂမန - သရဏ + ဂမန ဟူသောပါဠိမှ မြန်မာမှုပြု၍ သရဏဂုံ ဖြစ်လာပါသည်။

သရဏ = ကိုးကွယ်ရာဟူ၍

ဂမန = အသိအမှတ်ပြုလျက် ဆည်းကပ်ခြင်း

ရတနာသုံးပါး၌ကြည်ညိုလေးစား၍ ဘုရား၊ တရား၊ အရိယာသံဃာတို့သည် ကိုးကွယ်ရာအစစ်ဖြစ်သည်ဟု အသိအမှတ်ပြုကာ ရတနာသုံးပါးအား ဆည်းကပ်ခြင်းဖြစ်သော သဒ္ဓါပညာဦးစီးသော မဟာကုသိုလ်စသော စိတ်၊ စေတသိက်စုကို သရဏဂုံဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

သရဏဂုံဆိုသည်မှာ တရားကိုယ် သဘောအားဖြင့် ရတနာသုံးပါးအပေါ်၌ (ဝါ) ရတနာသုံးပါး ဂုဏ်တော်များ၌ သက်ဝင်ယုံကြည်မှု သဒ္ဓါနှင့် ကံရှိသည်၊ ကံ၏ အကျိုးရှိသည်ဟု လက်ခံသိမြင်သော ပညာ (ကမ္မဿကတဉာဏ်)တို့ ဦးစီးသော ကုသိုလ်၊ ကြိယာနာမ်တရားစု ( ကုသိုလ်-ကြိယာ-စိတ်-စေတသိက်) ကိုးကွယ်ရာဟူသော မြန်မာဝေါဟာရကို မြန်မာအဘိဓာန်၌-

"ဆင်းရဲအမျိုးမျိုး၊ ဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကာကွယ်ပေးနိုင်သူများ ဟုယုံကြည်ကာ အားကိုးရာ၊ အားထားရာ၊ မှီခိုရာအဖြစ် ဆည်းကပ်ပူဇော်ရသည့် အရာဖြစ်သည်"ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ရန်မှာ-

၁။ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်မှုသဒ္ဓါ၊ ကံကိုသိမြင်လက်ခံသော ပညာရှိရခြင်း။

၂။ သရဏဂုံကိုဆောက်တည်ခြင်း

ဟူသော အင်္ဂါနှစ်ပါး ပြည့်စုံရန် လိုအပ်ပါသည်။

ယုံ, ကြည် = သဒ္ဓါ သက်ဝင်ယုံကြည်မှု သဒ္ဓါဆိုရာဝယ်-

သဒ္ဓါသည် - ယုံခြင်းလက္ခဏာ ရှိပါသည်
(သဒ္ဒဟန လက္ခဏာ)။

- ဘုရားစသည်တို့၌ ဟုတ်လေသလား၊ မဟုတ်ဘဲများ ရှိရောသလား ဟုယုံမှားသံသယမရှိ၊ အဟုတ်မှန်၏ဟု ယုံမှားစိတ်ချလက်ချရှိမှုကို ယုံ ဟုခေါ်သည်။

သဒ္ဓါသည် - စိတ်ကိုကြည်လင်စေခြင်းကိစ္စရှိ၏ (ပသာဒန ရသာ)

- နောက်ကျိနေသောရေအတွင်းသို့ စကြာမင်း၏ ပတ္တမြားရတနာကို တည့်လိုက်သောအခါ အနည်များ အောက်ကျကာ ရေကြည်လင်လာသကဲ့သို့ စိတ်အစဉ်တွင် သဒ္ဓါတရားဝင်လာသောအခါ ကိလေသာနီဝရဏတရားမှ အနည်ကျလာသည့်အလား ကွယ်ပျောက်သွား၍ ကြည်လင်သော စိတ်အစဉ် ဖြစ်လာပါသည်။ ထိုကဲ့သို့ ကြည်လင်စေမှုကို ကြည်ဟုဆိုပါသည်။

အဓိပ္ပာယ်နှစ်ရပ်ပေါင်းသော် ယုံခြင်းသည် သဒ္ဓါဖြစ်သကဲ့သို့ ကြည်ခြင်းသည်လည်း သဒ္ဓါဖြစ်ပါသည်။

ယုံသဒ္ဓါ၊ ကြည်သဒ္ဓါ နှစ်မျိုးရှိရာတွင် ယုံသဒ္ဓါ ဖြစ်နိုင်သော်လည်း ကြည်သဒ္ဓါဖြစ်နိုင်လျှင် သရဏဂုံတည်သူ ဖြစ်နိုင်ပါသည်။

ဗုဒ္ဓဘာသာဝင် မိဘတို့၏ သားသမီးငယ်များသည် ငယ်စဉ်အခါ ရတနာသုံးပါးတို့၏ ဂုဏ်စသည်တို့ကို နားမလည်သေး၍ ယုံသဒ္ဓါဖြစ်ဖို့ ခဲယဉ်းပါသော်လည်း မိဘလူကြီးများ၏ပြုမူပုံကို အတုလိုက်၍ ရတနာသုံးပါးတို့ကို ရှိခိုးဦးချသောအခါ၌ စိတ်ကြည်လင်ရွှင်ပြနေသည့်အတွက် ကြည်သဒ္ဓါ ဖြစ်နိုင်ပါသည်။

ကိုးကွယ်ရာဟူသော မြန်မာစကားနှင့် ပက်သက်၍ မြန်မာအဘိဓာန်၌ ..

"ဆင်းရဲအမျိုးမျိုး၊ ဘေးအန္တရာယ် အမျိုးမျိုးတို့ကို ကာကွယ်ပေးနိုင်သူများဟု ယုံကြည်ကာ အားကိုးရာ၊ အာထားရာ၊ မှီခိုရာအဖြစ် ဆည်းကပ်ပူဇော်ရသည့် အရာဖြစ်သည်"ဟု ဖွင့်ဆိုထားပါသည်။

## သရဏဂုံဆောက်တည်ပုံလေးမျိုး

သရဏဂုံသည် ပြုမူပုံ၊ ဆောက်တည်ပုံတို့ကိုအစွဲပြု၍ လေးမျိုးကွဲသည်ကို တွေ့ရပါသည်။

## ၁။ အတ္တသန္နိယျာတနသရဏဂုံ

"အဇ္ဇာဒိံကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿနိယျာတေမိ
ဓမ္မဿနိယျာတေမိ၊ သံဃဿနိယျာတေမိ "

ဟုရွတ်ဆိုဆောက်တည်၍ မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းလှူဒါန်းသော သရဏဂုံဖြစ်ပါသည်။

(ကျွန်ုပ်သည် ယနေ့ကိုအစပြု၍ မိမိကိုယ်ကိုမြတ်စွာဘုရားအား အပ်နှင်းပေးလှူပါ၏၊ တရားတော်အား အပ်နှင်းပေးလှူပါ၏၊ သံဃာတော်အား အပ်နှင်းပေးလှူပါ၏)

## ၂။ တပ္ပရာယနသရဏဂုံ

"အဇ္ဇဒိံ ကတွာ အဟံဗုဒ္ဓပရာယဏော ဓမ္မပရာ ယဏော
သံဃပရာယဏောတိ မံ ဓာရေထ"

ဟု ရွတ်ဆိုဆောက်တည်ရသော ရတနာသုံးပါး၌ လဲလျောင်း ညွတ်ကိုင်းသော သရဏဂုံဖြစ်ပါသည်။

(ကျွန်ုပ်သည် ယနေ့မှစ၍ ဘုရားသာ လဲလျောင်းညွတ်ကိုင်းရာရှိသူ၊ တရားသာ လဲလျောင်းညွတ်ကိုင်းရာရှိသူ၊ သံဃာသာ လဲလျောင်းညွတ်ကိုင်းရာရှိသူဟူ၍ ကျွန်ုပ်ကို မှတ်ပါကုန်လော)

ဘုရားရှင်လက်ထက်က အာဠဝကဘီလူး၊ ဟေမဝတ နတ်မင်းတို့ယူသော သရဏဂုံမျိုးဖြစ်ပါသည်။

## ၃။ သိဿဘာဝူပဂမနသရဏဂုံ

"အဇ္ဇာဒိံကတွာ ဗုဒ္ဓဿ ဘန္တေ ဝါသိကော ဓမ္မဿဘန္တေ
ဝါသိကော၊ သံဃဿ အန္တေဝါသိကောတိ မံ ဓာရေထ"

ဟု ရွတ်ဆိုဆောက်တည်ရသော ရတနာသုံးပါး၏ တပည့် အဖြစ်ကို ခံယူဆောက်တည်သော သရဏဂုံဖြစ်ပါသည်။

(ကျွန်ုပ်သည် ယနေ့မှအစပြု၍ ဘုရား၏တပည့်ရင်း၊ တရား၏တပည့်ရင်း၊ သံဃာ၏တပည့်ရင်းဖြစ်၏ ဟူ၍ ကျွန်ုပ်ကို မှတ်ပါကုန်လော)

ဤသရဏဂုံကို ရှင်မဟာကဿပမထေရ်ကြီး သာသနာ ဘောင်စဝင်စဉ်ကဆောက်တည်ခဲ့သော သရဏဂုံမျိုးဖြစ်သည်။

## ၄။ ပဏိပါတသရဏဂုံ

"အဇ္ဇာဒိံကတွာ အဟံ အဘိဝါဒန ပစ္စုဋ္ဌာန အဥ္ဇလိကမ္မ
သာမိစိကမ္မံ ဗုဒ္ဓါဒိန်ယေဝ တိဏ္ဏံ ဝတ္ထုနကရောမိတိ
မံ ဓာရေထ"

ဟု ရွတ်ဆိုဆောက်တည်ရသော ရတနာသုံးပါးတို့၌ အလွန်အမင်း အရိုအသေပြုသော သရဏဂုံဖြစ်ပါသည်။

(ကျွန်ုပ်သည် ယနေ့ကိုအစပြု၍ ဘုရားအစရှိကုန်သော ဝတ္ထုမှန်သုံးပါးတို့အားသာလျှင် ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း အမှုတို့ကို ပြုလုပ်ပါ၏ဟူ၍ ကျွန်ုပ်ကို မှတ်ပါကုန်လော)

ဘုရားရှင်လက်ထက်က ဗြဟ္မာယုပုဏ္ဏားကြီး ခံယူသော သရဏဂုံမျိုး ဖြစ်ပါသည်။

ဤပဏိပါတသရဏဂုံကား ရှိခိုးမှု၊ လက်အုပ်ချီမှု၊ အရိုအသေပြုမှု စသည်တို့ကို ပြုရုံမျှဖြင့် သရဏဂုံတည်သွားသော သရဏဂုံမျိုး ဖြစ်ပါသည်။

သို့သော် ရှိခိုးမှုစသည်တို့ပြုတိုင်း သရဏဂုံတည်-မတည် ဖြစ်-မဖြစ်ကိုမူ စိစစ်ရန်လိုပါသည်။

ပဏိပါတ ခေါ် အရိုအသေပြုရှိခိုးမှုသည်-

၁။ ဉာတိ - ဆွေမျိုးဖြစ်၍ အရိုအသေပြုခြင်း၊ ရှိခိုးခြင်း
- သာကီဝင်မျိုးတစ်ဦးသည် မြတ်စွာဘုရားသည် ငါတို့၏ မဟာဆွေမျိုးတော်ဖြစ်သည်ဟု ရှိခိုးမှုမျိုးသည် သရဏဂုံခံယူသည် မမည်ပါ၊ သရဏဂုံမတည်ပါ။

၂။ ဘယာ - ကြောက်သဖြင့် အရိုအသေပြုခြင်း၊
- ရှိခိုးခြင်း

- တစ်စုံတစ်ယောက်သော သူသည် ရဟန်းဂေါတမကား မင်းပူဇော်သော ပုဂ္ဂိုလ်ဖြစ်သည်၊ တန်ခိုးအာနုဘော်လည်းကြီးသည်၊ သူ့ကိုရှိခိုးမှု ငါမပြုလျှင် ငါ၏အကျိုးမဲ့ကို ပြုလိမ့်မည်ဟု ကြောက်ရွံ့သဖြင့် ရှိခိုးမှုမျိုးသည် သရဏဂုံခံယူသည်မမည်၊ သရဏဂုံ မတည်ပါ။

၃။ အာစရိယ

- ဆရာဖြစ်၍ အရိုအသေပြုခြင်း၊ ရှိခိုးခြင်း။
- တစ်စုံတစ်ယောက်သော သူသည် အလောင်းတော်မြတ်ထံ အတတ်ပညာတစ်စုံတစ်ရာ သင်ကြားခဲ့ဖူးသည်ကို အောက်မေ့ကာမြတ်စွာဘုရားအား ငါ့ဆရာဖြစ်ခဲ့ဖူးပါပေသည်ဟု ရှိခိုးငြားအံ့၊ ထိုသူသည် သရဏဂုံခံယူသည်မမည်၊ သရဏဂုံ မတည်ချေ။
- ဘုရားဖြစ်ပြီးနောက် လောကီကြီးပွားရေးဆိုင်ရာ ဆုံးမချက်များကို သင်ကြားလမ်းညွှန်ပေးသူ၊ ငါ၏ဆရာဖြစ်ပါပေသည်ဟု ရှိခိုးလျှင်လည်း ထိုသူအား သရဏဂုံမဖြစ်၊ မတည်ချေ။

၄။ ဒက္ခိဏေယျ - ပြတ်သောအလှူကို ခံယူထိုက်သော ရတနာသုံးတန် ဝတ္ထုမှန်အနေဖြင့် အရိုအသေပြုခြင်း၊ ရှိခိုးခြင်း။
- မြတ်စွာဘုရားရှင်သည် လောကဌ် နောက်နောင်ဘဝ အကျိုးရအောင် ပျိုးချတုံလတ်၊ မြတ်သောအလှူကို ခံယူတော်မူထိုက်သော ရတနာစစ်-ရတနာမှန် ဖြစ်ပါပေသည်ဟု ရှိခိုးမှ သာလျှင် ရှိခိုးသူအား သရဏဂုံမည်၏၊ သရဏဂုံတည်ပါသည်။

**တိဋ္ဌိ-နတ်ရှိခိုးကသရဏဂုံပျက်-မပျက်**

ဗုဒ္ဓဘာသာဝင် အများစုသည် ရတနာသုံးပါးနှင့် သရဏဂုံ သုံးပါးကို အတူတူပဲဟု ထင်မှတ်နေကြသည်၊ သရဏဂုံပျက်ခြင်း၊ သရဏဂုံညစ်နွမ်းခြင်းတို့ကို မသိကြပါ။

နတ်ကိုးကွယ်သူ၊ ဘိုးတော် ကိုးကွယ်နေသူများကိုလည်း သရဏဂုံပျက်နေသူများဟု ဆိုကြပါသည်။

နတ်၊ ဘိုးတော် ကိုးကွယ်နေသူများကလည်း တစ်ဖက် စွန်းရောက်အောင် ကိုးကွယ်နေကြသော်လည်း သရဏဂုံမပျက် ဟု ထင်မှတ်နေကြပါသည်။

သရဏဂုံတည်ပြီးသော ဗုဒ္ဓဘာသာဝင် တစ်ယောက် သည်. . .

- သာသနာတော်မှ ပြင်ပဖြစ်နေသော တိတ္ထိဂိုဏ်းဌ

ရသေ့ရဟန်းပြုနေသူ ဆွေမျိုးတော်စပ်သော တိတ္ထိရဟန်း ကို ဤသူကား ငါ၏ဆွေမျိုးဖြစ်သည် ဟုအမှတ်ဖြင့် ရှိခိုး သော် မူလခံယူထားသော သရဏဂုံမပျက်ပါ။

- တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူကို ရှိမခိုးလျှင် အကျိုးမဲ့ပြု မည်ကိုကြောက်သောကြောင့် မင်းကိုရှိခိုးလျှင် သရဏဂုံ မပျက်ပါ။
- အတတ်ပညာ သင်ကြားပြသပေး၍ ဆရာဖြစ်ခဲ့ဖူးသည့် တိတ္ထိဖြစ်သောသူကို ဤသူသည် ငါ၏ဆရာဖြစ်ခဲ့ဖူးပြီဟု ရှိခိုးသူအားလည်း မူလခံယူထားသောသရဏဂုံ မပျက်ပါ။
- ဤကဲ့သို့ တိတ္ထိရဟန်း၊ မင်း ူးရာဇာ၊ တိတ္ထိဆရာတို့သည် ရတနာသုံးပါးမှအလွတ်ဖြစ်ပါလျက် ရှိခိုးကြသူများမှာ မူလခံယူထားသည့် သရဏဂုံမပျက်ရခြင်းမှာ လောက ဓာတ်တစ်ခုလုံး အမြတ်ဆုံးအလှူခံ ပုဂ္ဂိုလ်အနေဖြင့် ရှိခိုးခြင်း မဟုတ်သောကြောင့် သရဏဂုံမပျက်ပါ။

ဟူ၍ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၊ ဋီကာအင်္ဂုတ္တိုရ်အဋ္ဌ ကထာတို့၌ ဖွင့်ဆိုပြထားပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ အကြားဝယ် နတ်ကိုးကွယ်မှုနှင့် ပတ်သက်၍ သရဏဂုံပျက်-မပျက်၊ နတ်လည်း ကိုးကွယ်သည်၊ ဗုဒ္ဓဘာသာ ရတနာသုံးပါးကိုလည်း ကိုးကွယ်သည့်အတွက် သရဏ ဂုံမပျက်ဟု ဆိုသူကလည်း ဆိုပါသည်။

ဤသဘောထားများနှင့် ပတ်သက်၍ သုတ်သီလက္ခန် အဋ္ဌကထာ အင်္ဂုတ္တိုရ်အဋ္ဌကထာတို့၌-

"သေဋ္ဌေဝသေနေဝ ဟိ သရဏံ ဂဏှာတိ သေဋ္ဌဝသေန စ ဘိဇ္ဇတိ"

"ရတနာသုံးပါးကို လောကဓာတ်တစ်ခုလုံး၌ အမြတ်ဆုံး အလျှုခံဟု နှလုံးသွင်းမှတ်ယူကာ ရှိခိုးခြင်း၊ လက်အုပ်ချီခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်းတို့ကို ပြုလုပ်လျှင် သရဏဂုံ ယူပြီး ဖြစ်သည်၊ သရဏဂုံတည်ပြီး ဖြစ်သည်၊ သရဏဂုံတည်ပြီး သောသူသည် ရတနာသုံးပါမှတစ်ပါး အခြားနတ်၊ ဘိုးတော်၊ တိတ္ထိ ရဟန်းစသည်တို့တွင် တစ်ဦးဦးကို တစ်လောကလုံး၌ အမြတ်ဆုံး အလျှုခံဟု နှလုံးသွင်းကာ ရှိခိုးခြင်း စသည်တို့ကို ပြုလုပ်မိလျှင် မူလဆောက်တည်ထားသော သရဏဂုံပျက်သည်"

ဟု မိန့်ဆိုထားသောကြောင့် သရဏဂုံတည်ပြီးသော ပုဂ္ဂိုလ်သည် နတ်၊ ဘိုးတော်တို့ကို အမြတ်ဆုံးအလျှုခံ (အဂ္ဂဒက္ခိဏေယျ)ဟူ၍ နှလုံးသွင်းမှတ်ယူပြီး ကိုးကွယ်လျှင် ရှိခိုးမှု၊ ခရီးဦးကြိုဆိုမှု၊ အရို အသေပြုမှု၊ လက်အုပ်ချီမှုပြုပါလျှင် မူလ သရဏဂုံ ပျက်ပါသည်။

အမြတ်ဆုံး အလျှုခံပုဂ္ဂိုလ်ဟူ၍ မသတ်မှတ်ဘဲ မိမိကို အန္တရာယ်ကျရောက်မည်ကို ကာကွယ်ပေးသူအနေဖြင့်လည်း ကောင်း၊ စီးပွားလာဘ်လာဘ တိုးတက်မှုကို ဆောင်ရွက်လုပ်ကိုင် ရာတွင် အကူအညီပေးစေလို၍လည်းကောင်း၊ ထိုနတ်၊ ဘိုးတော် များကို ပူဇော်မှု၊ ရှိခိုးမှု၊ အားထားကိုးကွယ်မှုပြုလျှင် မူလသရဏဂုံ မပျက်ပါ။

နတ်၊ ဘိုးတော်တို့ကိုပူဇော်ရှိခိုးအားထားကိုးကွယ်ကြရာ၌ မိမိ၏စိတ်နှလုံးသွင်းမှု၌ ရတနာသုံးပါးထက်မကျော်လွန်မိရန် အထူးသတိထားကြရပါမည်။

အခန်း ( ၄ )

# ဘုမ္မစိုး–ရုက္ခစိုးနတ်တို့ ကူညီစောင့်ရှောက်ခံရသူများ

## ရုက္ခစိုးနတ်တို့ကိုမေတ္တာပို့၍ ရဟန္တာဖြစ်ရသောရဟန်းငါးရာ

သာဝတ္ထိပြည်မှ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်ဆိုက် တရားအားထုတ်နိုင်ရန် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူပြီး သာဝတ္ထိမှ ယူဇနာတစ်ရာဝေးသော အရပ်သို့ ကြွရောက်ကြသည်။

လူများစွာနေသော ရွာကြီးတစ်ရွာသို့ ရောက်ကြသည်၊ ထိုရွာမှ လူများသည် ရဟန်းတို့ကို တွေ့မြင်ကြသော် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြပြီး ရဟန်းတို့ကို ပင့်ဖိတ်ကာ မွန်မြတ်သော ယာဂု ဆွမ်း စသည်တို့ဖြင့် လုပ်ကျွေးပြုစုကြသည်။

တော်ဝင်မြို့မ စာကြည့်တိုက်

ထို့နောက် ရှာသားတို့က-

"အရှင်ဘုရားတို့. . . ဘယ်အရပ်သို့ကြွကုန်အံ့နည်း"

ဟု မေးလျှောက်ကြသည်။

"ဒါယကာတို့. . ငါတို့သည် ကမ္မဋ္ဌာန်းတရားအားထုတ်နိုင်ရန်အတွက် ချမ်းသာရာအရပ်သို့ ကြွကြပါမည်"

"ဒါဆိုလျှင် အရှင်ဘုရားတို့ ဝါတွင်းသုံးလ ကာလပတ်လုံး ဤရွာ၌ နေထိုင်ကြပါကုန်လော့၊ တပည့်တော်တို့သည် အရှင်ဘုရားတို့ထံ၌ သရဏဂုံနှင့်ငါးပါးသီလတို့ကို စောင့်ထိန်းပါကုန်အံ့"

ရှာသားတို့က ထိုသို့ တောင်းပန်လျှောက်ထားသောအခါ ရဟန်းငါးရာတို့သည် ဆိတ်ဆိတ်နေ၍ သည်းခံကြလေသည်။

ရှာသားတို့သည် ရဟန်းတော်များ လက်ခံသည်ကို သိကြသောအခါ. . .

"အရှင်ဘုရားတို့ ဤရွာနှင့် မနီးမဝေးတွင်ရှိသော တောအုပ်တစ်ခု၌ သီတင်းသုံးနေထိုင်ကြပါဘုရား"

ဟု လျှောက်ထားကြသည်။

ရဟန်းတို့သည် ထိုတောအုပ်သို့ ဝင်ကြလေသည်၊ ထိုတောအုပ်၌ စောင့်ရှောက်အုပ်စိုးနေကြသော နတ်တို့သည်. .

"သီလရှိသော အရှင်ကောင်တို့သည် ဤတောအုပ်သို့ အစဉ်ကြွရောက်တော်မူကြကုန်ပြီး. .၊ အရှင်မြတ်တို့ ဤအရပ်၌ နေကုန်သော် ငါတို့သည် သား၊ မယားတို့နှင့်အတူ သစ်ပင်ထက်၌ နေခြင်းငှာ မသင့်တော်ချေ"

ဤသို့ ကြံစည်ပြီးလျှင် နတ်များသည် သား၊ မယားတို့နှင့် အတူ သစ်ပင်ရင်း၌ဆင်း၍ နေကြလေသည်။

နတ်ကို့အထင်မှာ "ဤအရှင်မြတ်တို့သည် ယနေ့တစ်ညဥ့်မျှသာနေ၍ နောက်နေ့နံနက် မချွတ်ကြွသွားကြလိမ့်မည်" ဟု မှတ်ထင်ထားကြသည်။

ရဟန်းတို့သည် နံနက်မိုးသောက်သော် ရွာတွင်းသို့ဆွမ်းခံဝင်ပြီး တစ်ဖန် တောအုပ်သို့ ပြန်ကြွလာကြပြန်သည်။

"ဤရဟန်းသံဃာအပေါင်းကား နက်ဖြန် ဆွမ်းဘုဥ်းပေးခြင်းအလို့ငှာ တစ်စုံတစ်ယောက်သော သူသည် ပင့်ဖိတ်အပ်သည် ဖြစ်လတ့်၊ သို့အတွက် ဤအရပ်သို့ ပြန်လာကြသည်ဖြစ်လတံ့"

ဟု တင်မှတ်ကြပြန်သည်။

"ယနေ့ မသွားသေးသော်လည်း နောက်နေ့သွားလိမ့်မည်"

ဤသို့သော အထင်ဖြင့် နတ်များသည် မြေ၌ လခွဲမျှနေထိုင်ကြသည်။

ထို့နောက် အရှင်ကောင်းတို့သည် "ဤဝါတွင်းသုံးလကာလပတ်လုံး ဤအရပ်၌သာ နေလိမ့်မည်ထင်သည်။ စင်စစ် ဤရဟန်းများ ဤအရပ်၌ နေကြကုန်သည်ရှိသော် ငါတို့အား သစ်ပင်ပေါ်သို့တက်၍ နေခြင်းငှာလည်းမသင့်၊ သုံးလပတ်လုံး သားမယားတို့ကို မြေ၌ထိုင်ခြင်း၊ ရပ်ခြင်းတို့သည်လည်း ဆင်းရဲခြင်း ဖြစ်ကုန်ရာ၏၊ တစ်စုံတစ်ခုကိုပြု၍ ဤရဟန်းတို့ကို ဤနေရာမှ ထွက်ပြေးစေခြင်းငှာပြုလုပ်သင့်၏"

ဟုကြံစည်ပြီးလျှင် ရဟန်းတို့၏ နေ့သန့်စင်ရာ၊ ညဥ့်သန့်စင်ရာ စင်္ကြံန်တို့၌ ဦးခေါင်းပြတ်၊ ဦးခေါင်းမပါသော ကိုယ်တို့ကို ပြကြသည်၊ ဘီလူးသံကဲ့သို့သော အသံကို ပြုကြသည်။

ရဟန်းတို့သည် ထိုအခါမှစ၍ ချေဆတ်ခြင်းကို အစပြု၍ ချောင်းဆိုးခြင်း အစရှိသော ရောဂါဝေဒနာတို့သည် ဖြစ်ပေါ်လာကြသည်။

ရဟန်းတို့သည် အချင်းချင်း . . .

"ငါ့ရှင် . . သင့်အား အဘယ်ရောဂါ နှိပ်စက်ပါသနည်း" ဟု မေးသော် . .

"တပည့်တော်အား ချေဆတ်သောအနာ၊ ချောင်းဆိုးသောအနာ နှိပ်စက်ပါသည်"

ဟု ဖြေကြသည်။

ရဟန်းအချို့ကလည်း . .

"ငါ့ရှင် . . . ယနေ့ ငါသည် စကြံန်ဦး၌ ဦးခေါင်းပြတ်ကို မြင်ရပါ၏"

"ငါကား ညဥ့်သန့်စင်ရာ၌ ဦးခေါင်းမပါသော ကိုယ်ကို မြင်ရပါ၏"

"ငါကား နေ့သန့်စင်ရာ အရပ်၌ ဘီလူးသံကိုကြားရပါ၏"

ဟူ၍ အသီးသီး ပြောဆိုကြလေသည်။

"ငါ့ရှင်တို့ . . . ဤအရပ်သည် ရှောင်ကြဉ်သင့်သော အရပ်ဖြစ်သည်၊ ငါတို့အား ဤအရပ်၌ မချမ်းသာခြင်းဖြစ်ရ၏၊ ဘုရားရှင်ထံသို့သာ ပြန်သွားသင့်ကြသည်"

ရဟန်းတို့သည် ဤသို့ ညှိနှိုင်းတိုင်ပင်ကြပြီးလျှင် ဘုရားရှင်ထံသို့ ပြန်သွားကြပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်သောအရပ်၌ ထိုင်နေကြသည်။

"ချစ်သားရဟန်းတို့ . . . အသို့နည်း ထိုအရပ်၌နေခြင်းငှာ မတတ်နိုင်ကြသလော"

"မြတ်စွာဘုရား မတတ်နိုင်ပါဘုရား၊ ထိုအရပ်၌နေသော တပည့်တော်တို့အား ဤသို့သဘောရှိသော ကြောက်လန့်ဖွယ်ရာ အာရုံတို့သည် ထင်ကုန်သောကြောင့် ဤသို့သော မချမ်းမသာဖြစ်ခြင်းသည် ဖြစ်ရပါ၏ဘုရား။ ထို့ကြောင့် တပည့်တော်များ ဤအရပ်ကို စွန့်သင့်သောအရပ်ဟု သတ်မှတ်ပြီး မြတ်စွာဘုရားရှင်ထံသို့ လာကြပါကုန်၏ဘုရား"

"ရဟန်းတို့ . . သင်တို့အား ထိုအရပ်သည်သာလျှင် သွားလာနေခြင်းငှာ သင့်၏"

"မြတ်စွာဘုရား. . . သွားလာနေခြင်းငှာ မဝံ့ပါဘုရား"

"ချစ်သားတို့. . . သင်တို့သည် လက်နက်ကိုမယူမူ၍ သွားကြကုန်၏၊ ဤယခုအခါ၌ လက်နက်ကိုကိုင်စွဲ၍ သွားကြကုန်လော့"

"မြတ်စွာဘုရား . . . လက်နက်တို့ဟူသည် အဘယ်ပါနည်းဘုရား"

"သင်ချစ်သားတို့အား ငါဘုရားသည် လက်နက်ကိုပေးလိုက်ပါအံ့၊ ငါဘုရားပေးအပ်သော လက်နက်ကို ယူဆောင်၍ သွားကြလေကုန်"

ဘုရားရှင်သည် ဤသို့မိန့်ကြားပြီးလျှင် မေတ္တာသုတ်ဒေသနာတော်ကို ဟောကြားပြသတော်မူသည်။

"ချစ်သားရဟန်းတို့. . . သင်တို့သည် ဤမေတ္တာသုတ်ကို ကျောင်းမှအပ၌ တောအုပ်ဝင်သည်မှစ၍ သရဇ္ဈာယ်ကြကုန်လျက် ကျောင်းတွင်းသို့ ဝင်ကြကုန်လော့"

ဟု မိန့်ကြားပြီး ပြန်လွှတ်လိုက်လေသည်။

ရဟန်းများသည် ဘုရားရှင်ကို ရှိခိုး၍ ထွက်လာကြရာ ခရီးစဉ်အတိုင်း ထိုအရပ်သို့ ပြန်လည်ရောက်ရှိ လာခဲ့ကြသည်။

ထိုအရပ်သို့ ရောက်သဖြင့် ကျောင်း၏အပ၌ အပေါင်း သရဖျှာယ်ခြင်းကိုပြု၍ သရဖျှာယ်လျက်သာလျှင် တောအုပ်သို့ ဝင်ကြလေသည်။

တောအုပ်၌နေကြသော အလုံးစုံသော နတ်တို့သည်လည်း မေတ္တာစိတ်ကိုရ၍ ထိုရဟန်းတို့အား ခရီးဦးကြိုဆိုပြုလျက် သပိတ်၊ သင်္ကန်းတို့ကိုလှမ်းယူခြင်း၊ လက်ခြေဆုပ်နယ်ခြင်းကို ပန်ကြားကုန်လျက် ထိုရဟန်းငါးရာတို့အား အစောင့်အရှောက်ကို စီရင်ပေးကြလေသည်။

ထိုနတ်တို့သည် ကျက်ကျက်ပူသော ဆီကဲ့သို့ ငြိမ်သက်စွာ နေကြကုန်သည်၊ တစ်စုံတစ်ခုသော အရပ်၌ ဘီလူးသံကြားခြင်း မည်သည်မရှိ။

ထိုအခါ ရဟန်းတို့၏ စိတ်သည် တည်တည်ကြည်ကြည် ဖြစ်လာကြသည်။

ရဟန်းတို့သည် နေ့သန့်စင်ရာအရပ်၊ ညဥ့်သန့်စင်ရာ အရပ်တို့၌ အညီအညွတ် ငြိမ်သက်စွာ နေကြကုန်လျက် ဝိပဿနာ ဉာဏ်အကျိုးငှာ စိတ်ကိုချသွင်း၍ မိမိကိုယ်၌ ကုန်ခမ်းခြင်း၊ ပျက် စီးခြင်းကို ရှေ့ရှုဘင်စေပြီးလျှင် . .

"ဤအတ္တဘောမည်သည်ကား ပျက်စီးတတ်သော အနက် ကြောင့်လည်းကောင်း၊ အနှစ်သာရမရှိသော အနက်ကြောင့်လည်း ကောင်း၊ အိုးထိန်းသည်တို့၏ မြေအိုးနှင့်တူ၏"

ဟူ၍ ဝိပဿနာရှုပွားလျက် နေကြသည်။

မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋီတိုက်၌ နေတော်မူလျက် ထိုရဟန်းတို့၏ ဝိပဿနာအကျိုးငှာ ရောင်ခြည်တော်နှံ့စေလျက် မျက်မှောက်၌ တရားဟောသကဲ့သို့ ထင်စေကာ တရားဟောတော်မူသည်။

"ရဟန်းတို့. . . ဤဆံအရှိသော ကိုယ်ကာယသည် အိုးထိန်းသည်တို့၏ အိုးခွက်နှင့်တူသော ဥပမာရှိ၏ဟုသိ၍ မိမိ၏ ဝိပဿနာစိတ်ကို လုံခြုံစွာသောမြို့နှင့်တူသော ဥပမာရှိအောင် ဖြစ်စေ၍ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တည်းဟူသော ပညာလက်နက်ဖြင့် ကိလေသာတည်းဟူသောမာရ်ကို ထိုးပစ်ပုတ်ခတ်ရာ၏ အောင်မြင်သောအားဖြင့် ဖြန့်ဝေအပ်ပြီးသော နုသောဝိပဿနာဉာဏ်ကိုလည်း စင်ကြယ်သောစိတ်ဖြင့် စောင့်ရှောက်ရာ၏၊ သမာပတ်၌ သာယာကပ်ငြိခြင်းမရှိသည် ဖြစ်ရာ၏"

ဒေသနာတော်၏ အဆုံး၌ ရဟန်းငါးရာတို့သည် နေမြဲတိုင်းသော နေရာအရပ်၌ နေကြကုန်လျက် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြလေသည်။

*(ဓမ္မပဒ–စိတ္တဝဂ်–ရဟန်းငါးရာဝတ္ထု)*

## မြစ်စောင့်နတ်ကိုအမှူပေးဝေ၍ရသောကောင်းကျိုးချမ်းသာ

ရှေးအခါက မိသားစုတွင် အဘကွယ်လွန်သောအခါ ညီအစ်ကိုနှစ်ဦးတည်း အတူတကွ စီးပွားဉစ္စာကို လုပ်ဆောင်ကုန်ကူးကြသည်။

တစ်နေ့တွင် ညီအစ်ကိုနှစ်ဦး အတူတူကုန်ကူးသွားရာ တစ်ထောင် အမြတ်ရ၍ ပြန်လာကြသည်။ မြစ်ဆိပ်၌ လှေဆိုက်ပြီး

ထမင်းစားကြသည်။ အစ်ကိုဖြစ်သူသည် ထမင်းစားပြီးသောအခါ စားကြွင်းထမင်းတို့ကို ဂင်္ဂါမြစ်၌ရှိသော ငါးတို့အားကျွေး၍ မြစ်စောင့်နတ်ကို အမျှပေးဝေလေသည်။

မြစ်စောင့်နတ်သည် ထိုဒါနအဖို့ကို ဝမ်းမြောက်သည်နှင့် မိမိစည်းစိမ် တိုးပွားသည်ကို သိမှတ်ထားလေသည်။

ထမင်းစားပြီးနောက် သောင်ပြင်၌ အတန်ငယ်အိပ်နေကြရာ ညီသည် ကောက်ကျစ်သောသဘောဖြင့် ဥစ္စာကို မိမိတစ်ဦးတည်းသာ လိုချင်သည်ဖြစ်၍ ဥစ္စာထုပ်နှင့်တူစွာသော ကျောက်စရစ်ထုပ်ကို ထုတ်ထားပြီး တိဟ်တဆိတ်ထားသည်။

လှေဖြင့်ကူးကြရာ မြစ်လယ်သို့ရောက်သော် ညီသည် လှေကိုလှုပ်လျက် လူးလဲအောင်ပြုပြီး ဥစ္စာထုပ်အတု ကျောက်စရစ်ထုပ်ကို ချသောအခါ မှားပြီးဥစ္စာထုပ်အစစ်ကို ချမိသည်။

သို့သော် မိမိကမူ ဥစ္စာထုပ်အတုကိုသာ ချမိသည်ဟု ထင်မှတ်ခဲ့သည်၊ ဥစ္စာထုပ် ရေထဲသို့ ချပြီးသောအခါ စိတ်မကောင်းသည့်ပုံဟန်ဖြင့် အစ်ကို့ကို ဥစ္စာထုပ် ရေထဲကျသွားကြောင်း ပြောပြသည်။

"ညီငယ်. . . ဥစ္စာထုပ် ရေထဲသို့ကျသည့်အတွက် အသို့တတ်နိုင်ပါအံ့နည်း၊ မစိုးရိမ်ပါလင့်"

ဟုဆုံးမပြီး လှေမှဆင်းကာ အိမ်အသီးသီးသို့ ပြန်ကြလေသည်။

ညီသည် ငါသည် အစ်ကိုကို လှည့်စား၍အောင်ပြီဟု အားရဝမ်းသာစွာဖြင့် ဥစ္စာထုပ်ကိုဖြေကြည့်ရာ ကျောက်စရစ်ထုပ်ဖြစ်နေသည်ကိုတွေ့ရသဖြင့် နှလုံးမသာ စိတ်ဆင်းရဲစွာ ခံစားရပြီး အိပ်ရာထဲမှာ လဲနေရသည်။

ဉစ္စာထုပ် ရေထဲကျစဉ် မြစ်စောင့်နတ်သည် ကျေးဇူးတုံ့ပြန်အံ့ဟုဆိုပြီး ငါးတစ်ကောင်အားမျိုစေ၍ တံငါတို့ ကွန်ပစ်သောအခါ ထိုငါးကို မိစေသည်။

တံငါတို့သည် ထိုငါးကြီးကို လည်၍ရောင်းရာ အဖိုးအသပြာတစ်ထောင်နှင့် ခုနစ်ပဲထား၍ ရောင်းလေသည်၊ လူတို့က ငါးတစ်ကောင်ကို ဤမျှတန်ဖိုးကြီးစွာ ထားရလေသလား ဟု ပြက်ရယ်ပြုကြလေသည်။

သို့နှင့် အစ်ကိုအိမ်ရှေ့ ရောက်လာသည်။ အစ်ကို ဝယ်သောအခါ ခုနစ်ပဲဖြင့်သာ ရောင်းချသွားလေသည်။ ငါးကိုခွဲသော် ဉစ္စာထုပ်ကိုတွေ့မှ မိမိဉစ္စာဖြစ်ကြောင်းကိုသိ၍ အသပြာနေရာ၌ အသပြာတစ်ထောင်နှင့် ခုနစ်ပဲ၊ မိမိထံတွင်ကား ခုနစ်ပဲချင်း ရောင်းခြင်း၊ ဤသို့ မိမိဉစ္စာ ပြန်ရလာခြင်းတို့သည် အဘယ်ကိုမှီ၍ ဖြစ်လာသနည်း ဟု ဆင်ခြင်မိလေသည်။

ထိုခဏ၌ မြစ်စောင့်နတ်သည် ကောင်းကင်၌ ထင်စွာပြလျက် ကျေးဇူးတုံ့ပြန်သည့် အကြောင်းစုံကို ပြောပြပြီးမှ ကောက်ကျစ်စဉ်းလဲသော ညီသူခိုးအား ယင်းဝေစုကို မပေးရန် ပြောဆိုလေသည်။

အစ်ကိုသည်ကား နှလုံးသိမ်မွေ့ မေတ္တာစိတ်ပြည့်ဝသူဖြစ်၍ ညီကိုခွင့်လွှတ်ကာ အသပြာငါးရာကို ဝေစုခွဲဝေပေးခဲ့လေသည်။

*(တိကနိပါတ်–၄၊ အဋ္ဌကထာ–၁၄၄–ဓမ္မဒ္ဓါနဇာတ်)*

## ကြက်ဆူပင်စောင့်နတ်ကို ပူဇော်၍ရသောကောင်းကျိုးချမ်းသာ

ဘုရားလောင်းသည် တစ်ခုသော ဘဝဝယ် ကြက်ဆူပင်စောင့် ရုက္ခစိုးနတ် ဖြစ်လေသည်။

ထိုအခါ ရွာသူ ရွာသားတို့သည် နတ်ကိုးကွယ်ကြသည်၊ တစ်ခုသော ပွဲသဘင်သို့ရောက်သော် လူတို့သည် မိမိတို့၏ ရုက္ခစိုးနတ်များကို ပူဇော်ခြင်းပြုကြသည်။

ထိုအခါ ဆင်းရဲသော လူတစ်ယောက်သည် ထိုသူတို့ ရုက္ခစိုးနတ်များအား ပူဇော်သည်ကိုမြင်၍ ကြက်ဆူပင်တစ်ပင်ကို ကြက်ဆူပင်မှာ နတ်ရှိမည်အထင်နှင့် ထိုကြက်ဆူပင်ကို သန့်ရှင်းစင်ကြယ်စေအောင် ပြုလုပ်ပြီး လူအများသည်ကား ပန်း၊ နံ့သာ၊ နံ့သာပျောင်းတို့ကိုလည်းကောင်း၊ ခဲဖွယ်ဘောဇဉ်တို့ကိုယူဆောင်၍ သွားနိုင်ကုန်သော်လည်း ဆင်းရဲသားကမူ ဆန်ကွဲမှုန့်ကို ရေနှင့်သာ ယူသွားနိုင်သည်။ ဆင်းရဲသားသည် ကြက်ဆူပင်အနီးသို့ ရောက်သော် . .

"နတ်တို့မည်သည်ကား နတ်ခဲဖွယ်ကိုသာ စားကုန်၏၊ ငါ၏နတ်သည် ဆန်ကွဲမှုန့်ကိုမစားလတ္တံ့၊ ဤဆန်ကွဲမှုန့်ဖြင့် အဘယ်သို့ပြုအံ့နည်း၊ နတ်မင်းအား ငါမပေးတော့၊ ငါသည်ပင် ဆန်ကွဲမှုန့်ကိုစားအံ့"

ဟု ကြံပြီးလျှင် ထိုအရပ်မှ ဖယ်ခွာရန်ကြံ၏။

ထိုအခါ ကြက်ဆူပင်စောင့်နတ်သည် ကြက်ဆူပင်ခွ၌ ရပ်လျက် . . .

"အို . . ယောကျ်ား . . . အကယ်၍ သင်သည် စည်းစိမ်ရှင်ဖြစ်အံ့၊ ငါအား ကောင်းမွန်သော ခဲဖွယ်ကိုပေးရာ၏။ သင်ကား

ဆင်းရဲ၏၊ အို . . ယောက်ျား နတ်ကိုကိုးကွယ်သောသူသည် အကြင်သို့ သဘောရှိသော အာဟာရကိုစား၏။ ထိုယောက်ျားကိုးကွယ်သော နတ်သည်လည်း ထိုအစာကို စားရမည်သာဖြစ်၏။ ငါသည် သင်မုန့်ကိုမစားမူ၍ တစ်ပါးသော မုန့်ကိုအဘယ်ကြောင့် စားပါသနည်း။ သင် ဆန်ကွဲမှုန့်ကို ယူလာခဲ့ပါ။ ငါ၏အဖို့ကို မဖျက်ပါလင့်. . .”

ဟု ပြောဆိုလေသည်။

ဆင်းရဲသားသည် ပြန်လှည့်၍ ရုက္ခစိုးကိုကြည့်ကာ ပူဇော်ခြင်းကို ပြုလေသည်၊ ရုက္ခစိုးနတ်သည် ဆန်ကွဲမှုန့်မှ သြဇာဓာတ်ကို စားသည်။

“အို-ယောက်ျား. . . အဘယ်အကျိုးငှာ ငါ့ကိုလုပ်ကျွေးပါသလဲ”

“အရှင်နတ်မင်း. . . အကျွန်ုပ်သည် ဆင်းရဲ၏။ အရှင်နတ်မင်းကိုမှီ၍ ဆင်းရဲသောအဖြစ်မှ လွတ်လို၏။ သို့အတွက် အရှင်နတ်မင်းကို လုပ်ကျွေး၏”

“အသင်ယောက်ျား. . . မစိုးရိမ်လင့်။ သင်သည် ကျေးဇူးကို သိတတ်သော ကျေးဇူးကို ဆပ်တတ်သော ငါ့အားပူဇော်ခြင်းကို ပြု၏၊ ဤကြက်ဆူပင်ကိုရံ၍ ရွှေအိုးတို့သည် လည်ချင်းထိ၍ တည်ကုန်၏၊ သင်သည် မင်းကိုကြားလျှောက်၍ လှည်းတို့ဖြင့် ဥစ္စာတို့ကိုဆောင်၍ မင်းရင်ပြင်၌စုံပုံသော မင်းသည်သင့်အား နှစ်သက်၍ သူဌေးအရာကိုပေးလတ့်”

ဟု ဆိုပြီးကွယ်လေသည်။

ဆင်းရဲသားသည် ထိုရုက္ခစိုးပြောပြသည့်အတိုင်း ပြုလုပ်

ရာ ဗာရာဏသီပြဟ္မဒတ်မင်းက ဆင်းရဲသားကို သူဌေးအရာကို ပေးအပ်လေသည်။

*(၁၁၊ ပရောသကဝဂ်–၁၀၉/ကုဏ္ဍကပူဝဇာတ်)*

## ပေါက်ပင်စောင့်ရုက္ခစိုးနတ်ကို ပူဇော်၍ရသောကောင်းကျိုးချမ်းသာ

ဘုရားလောင်းသည် ဗာရဏသီပြည်၏ မနီးမဝေးလွန်းသော အရပ်၌ ပေါက်ပင်စောင့်ရုက္ခစိုးနတ် ဖြစ်နေချိန်ဖြစ်သည်။

ထိုအချိန်က ဗာရဏသီပြည်သူ၊ ပြည်သားများသည် နတ်တို့အား ကိုးကွယ်ကြသည်၊ နတ်ကို အမြဲပူဇော်ခြင်း၌ အမြဲလုံ့လပြုကြသည်။

ထိုအခါ ဆင်းရဲသားပုဏ္ဏားတစ်ယောက်သည် ငါသည်လည်း နတ်တစ်ပါးကို လုပ်ကျွေးအံ့ဟု ဆုံးဖြတ်ပြီး မြင့်သောအရပ်၌ တည်ရှိနေသော ကြီးသောပေါက်ပင်အရင်း၌ မြက်မရှိသည်ကို အရင်းပြုပြီး မြေကိုညီညွတ်စွာညှိသည်။ သဲကိုခင်းသည်။ တံမြက်လှည်းသည်။ သစ်ပင်ကို နံ့သာလက်ငါးချောင်းရာပေး၍ ပန်း၊ နံ့သာအထုံတို့ဖြင့်ပူဇော်၍ ဆီမီးထွန်းညှိသည်။

"အသင်နတ်မင်း ချမ်းသာစွာအိပ်ရပါ၏လော"

ဟုဆိုကာ ပေါက်ပင်ကို လက်ျာရစ်လှည့်၍သွားလေသည်။

နှစ်ရက်မြောက်သောနေ့၌လည်း ပေါက်ပင်သွားပူဇော်၍ ချမ်းသာစွာအိပ်ရပါ၏လောဟု မေးပြီးပြန်လာခဲ့သည်။

ရုက္ခစိုးနတ်သည် ဤပုဏ္ဏားသည်ကား ငါ့ကို အလွန်လုပ်ကျွေး၏။ ငါ့ကို လုပ်ကျွေးခြင်းအကြောင်းကို စုံစမ်းမေးမြန်းသင့်၏ဟု ကြံစည်မိလေသည်။

နောက်တစ်ချိန် ပုဏ္ဏားလာ၍ တံမြက်လှည်း၊ ပန်းနံ့သာ တို့ ပူဇော်သည်ရှိသော် ပုဏ္ဏားအိုအသွင်ဆောင်ပြီး အနီးသို့သွား ရပ်ကာ-

"ပုဏ္ဏား. . . စိတ်မရှိ၊ မကြားတတ်၊ မသိတတ်မှန်းသိ လျက် ဤပေါက်ပင်ကို အဘယ့်ကြောင့် လုံ့လဝိရိယကြီးစွာဖြင့် မမေ့မလျော့ဘဲလာပြီး ပူဇော်ပြီး ချမ်းသာစွာအိပ်ရပါသလော ဟု မေးနေရပါသနည်း"

ဟုမေးသည်။

"ပုဏ္ဏား. . . ဤပေါက်ပင်သည် ကြီးလည်းကြီး၏။ ကုန်း မြင့်၌ တည်၍သာ အဝေးကပင် မြင်ရ၏၊ ဤအပင်၌ ကြီးမြတ် သော နတ်တို့သည် နေရာ၏။ ထိုသို့ မြတ်သောနတ်တို့ နေရာဖြစ်၍ ကြီးမြတ်သောနတ် ရှိပါမည်။ ထိုနတ်ကို ငါရှိခိုးပါ၏။ ထိုနတ်က ငါ့ကို ဥစ္စာကူညီရန် ရှိခိုးနေပါ၏"

ဟု ပြောပြသည်။

ထိုစကားကိုကြားသော် ရုက္ခစိုးနတ်သည် ပုဏ္ဏားအား ကြည်ညိုသဖြင့်-

"ပုဏ္ဏား. . . ငါသည်ကား ဤပေါက်ပင်စောင့်ရုက္ခစိုး နတ်တည်း၊ သင်မကြောက်လင့်၊ သင့်အားဥစ္စာကိုပေးအံ့"

ဟု နှစ်သိမ့်စကားပြောပြီး မိမိ၏ ဘုံဗိမာန်တံခါး၌ ကြီးစွာ သော နတ်အာနုဘော်ကိုပြလျက်-

"ပုဏ္ဏား. . . ငါသည် သင်ပြုသော ကျေးဇူးကိုသိသည် အဖြစ်ကိုရှုလျက် အစွမ်းသတ္တိအားလျော်စွာ သင့်အား ကျေးဇူးပြု ပါအံ့၊ မှန်ပါ၏၊ သူတော်ကောင်းထံ၌ ကျေးဇူးပြုခြင်းသို့ ကျရောက်

၍ သင်၏ ကိုယ်နှုတ်တို့ဖြင့် လှုံ့လပြုခြင်းတို့သည် အချည်းနှီး အကျိုးမရှိသည် မဖြစ်စေရပါ ”

“ပုဏ္ဏား. . တည်ပင်၏ အနောက်၌ အကြင်ညောင်ကြပ်ပင်သည် ရှိ၏၊ ထိုညောင်ပင်၏ အမြစ်ရင်း၌ ညောင်ပင်ကိုဝန်းရံလျက် ရှေး၌ ယာဇ်ပူဇော်ခဲ့ဖူးသော များစွာမြှုပ်ထားသော ရွှေအိုးသည် အမွေခံပိုင်ရှင်မရှိပြီ၊ ထိုရွှေအိုးကို သွားရောက်တူးဖော်ယူပါလေ”

ဟု ဆိုလေသည်။

တစ်ဖန် “ပုဏ္ဏား သင်သည် ထိုရွှေအိုးကို ထုတ်ယူသော်လည်း ပင်ပန်းနေပါလိမ့်မည်၊ သင်ပြန်ပါ၊ ငါသည်သာထုတ်ယူ၍ သင့်အိမ်သို့ ပို့ပေးပါမည်၊ ဤဥစ္စာရွှေအိုးကို သင့်အိမ် ဤမည်သော နေရာ၌ မြှုပ်ထားပါမည်၊ သင်သည် ဤဥစ္စာကို အသက် ထက်ဆုံး သုံးဆောင်၍ အလှူပေးပါ၊ သီလဆောက်တည်ပါ ”

ဟု ထပ်မံပြောပြီး ဥစ္စာရွှေအိုးကို မိမိတန်ခိုးဖြင့်ထုတ်၍ ပုဏ္ဏားအိမ်သို့ ပို့ပေးတည်စေသည်။

*(ဒုကနိပါတ် ကလိင်္ဂဝဂ်-၇-ပလာသဇာတ်)*

## သီလရှိသူကိုစောင့်ရှောက်သောသမုဒ္ဒရာစောင့်နတ်

ကဿပဘုရားရှင်လက်ထက်၌ ဖြစ်သည်၊ ကဿပဘုရားရှင်၏ တပည့်ဖြစ်သော သောတာပန်ဒါယကာသည် ဆတ္တာသည်ဖြစ်သောသူနှင့်အတူ သင်္ဘောစီး ထွက်ကြသည်၊ ဆတ္တာသည်၏ မယားက-

“အရှင်. . . ဤသူ၏ ချမ်းသာခြင်း၊ ဆင်းရဲခြင်းသည် အရှင်၏ တာဝန်သာဖြစ်ပါသည် ” ဟုဆိုပြီး အပ်နှံသည်။

သင်္ဘောထွက်လာ၍ (၇)ရက်မြောက်သော နေ့ဝယ် သင်္ဘောပျက်သဖြင့် သောတာပန် ဒါယကာနှင့်ဆတ္တာသည်တို့သည် ပျဉ်ချပ်တစ်ခုကို အမှီပြုကူးကြပြီး ကျွန်းငယ်တစ်ခုသို့ ရောက်သွားကြလေသည်။

ထိုကျွန်းငယ်၌ ဆတ္တာသည်က ငှက်တို့ကိုသတ်၍ စားသည်၊ သောတာပန်ဒါယကာအားလည်း ပေးစားသည်၊ သောတာပန်ဒါယကာက မစားပေ၊ ငါ့အား ရတနာသုံးပါးမှတစ်ပါး အခြားကိုးကွယ်ရာသည်မရှိ-ဟုကြံစည်၍ ရတနာသုံးပါးဂုဏ်ကိုသာ အောက်မေ့၍ နေလေသည်။

ထိုအခါ ထိုကျွန်း၌နေသော နဂါးမင်းသည် မိမိကိုယ်ကို သင်္ဘောကဲ့သို့ပြု၍ သမုဒ္ဒရာစောင့်နတ်သားသည် သင်္ဘောသူကြီးပြုသည်၊ သင်္ဘော၌ ရတနာခုနစ်ပါးဖြည့်စေသည်၊ လင်းယဉ်တိုင် (၃)ခုသည် ပတ္တမြားညိုဖြင့်ပြီးသည်၊ ကြိုးတို့သည် ငွေဖြင့်ပြီးသည် ထိုးဝါးတက်မတို့သည် ရွှေဖြင့်ပြီးသည်၊ သမုဒ္ဒရာစောင့်နတ် သင်္ဘောဦးစီးသည်. . .

"ဇမ္ဗူဒိပ်၌ သွားလိုသောသူတို့သည် ရှိကုန်သလော"

ဟု ကြွေးကြော်သည်။

"ငါတို့သည် သွားလိုပါသည်"

ဟု သောတာပန်ဒါယကာက ပြောသည်။

"လာလေ-တက်လော့"

ထိုအခါ သောတာပန်ဒါယကာက သင်္ဘောတက်ရန် ဆတ္တာသည်ကို ခေါ်သည်။

"သင်သည်သာလျှင် သင်္ဘောပေါ်တက်ခြင်းငှာထိုက်၏၊ ဆတ္တာသည်သည် မထိုက်" ဟု သင်္ဘောဦးစီးကပြောသည်။

"အဘယ်ကြောင့်နည်း"

ဆတ္တာသည်သည် သီလအကျင့်မရှိ၊ ငါသည် သင့်အကျိုး ငှာ သဘော်ကိုဆောင်ခဲ့၏၊ ဆတ္တာသည် အကျိုးအတွက် မဆောင် ခဲ့ပါ "

"သင်ဆိုတိုင်းမှန်က ငါလျှအပ်သော အလှူဝတ္ထုဖြင့်လည်း ကောင်း၊ စောင့်ထိန်းအပ်သော သီလဖြင့်လည်းကောင်း၊ ပွားများ အပ်သော ဘာဝနာဖြင့်လည်းကောင်း၊ ဆတ္တာသည်အား ကုသိုလ် အဖို့ဘာဂကို အမျှပေးဝေပါမည်"

ဟု ဆိုပြီး ဆတ္တာသည်ကို ကုသိုလ်အဖို့ဘာဂ အမျှဝေ သည်၊ ဆတ္တာသည်ကလည်း ဝမ်းမြောက်နုမော်သာဓု ခေါ်လေ သည်။

ထိုအခါကျမှ နတ်သားက ဆတ္တာသည်ကို သဘော်ပေါ်သို့ တက်ခွင့်ပြုလေသည်။

ထို့နောက် နတ်တို့၏ အာနုဘော်ဖြင့် ဗာရဏသီပြည်သို့ ရောက်စေသည်။

ဆတ္တာသည်သည် ပညာရှိနှင့် ပေါင်းဖော်မှီ၍သာ ကျွန်မှ ကယ်တင်ခံရသည်၊ ထိုသို့ မပေါင်းဖော်မိက ကျွန်ုပ်သာကျန်ခဲ့ရ မည်၊ ပညာရှိနှင့် ပေါင်းဖော်ရသောအကျိုးကို ဟောလိုသော သမုဒ္ဒရာစောင့်နတ်သည် ကောင်းကင်၌ရပ်လျက်-

"အချင်းတို့. . . သဒ္ဓါ၊ သီလ၊ စာဂ ဤသုံးမျိုးတို့၏ အကျိုးကိုရှုကြပါ ၊ ဤနဂါးသည် သဘော်ဖန်ဆင်း၍ ရတနာသုံး ပါးတို့၌ သဒ္ဓါနှင့်ပြည့်စုံသော ဥပါသကာကို ဆောင်ယူခဲ့၏"

"ယောကျ်ားသည် သူတော်ကောင်းပညာရှိတို့နှင့် ပေါင်း

ဖော်ရာ၏၊ ပညာရှိတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ ပညာရှိနှင့် ပေါင်းဖော်မိသော ဆတ္တာသည်သည် ချမ်းသာခြင်းသို့ ရောက်ရ၏”

ဟု ဟောကြားဆုံးမလေသည်။

*(ဒုကနိပါတ်–၄၊ အဿဒိသဝဂ်–၄၀၊ သီလနီသံသဇာတက)*

## သီလရှိသောဆတ္တာသည်ကြောင့် နတ်က အများကိုစောင့်ရှောက်မှုပေးခြင်း

ဘဂ္ဂတိုင်း၊ အင်္ဂတိုင်းတို့၌ နေထိုင်ကြသော ကုန်သည်များသည် နွားလှည်းတို့ဖြင့် ကုန်တင်ပြီး သိန္ဓုအရပ် “သောဝီရ”မည်သောအရပ်သို့ သဲကန္တာရကိုဖြတ်၍ ကုန်ရောင်းထွက်ခဲ့ကြသည်။

သဲကန္တာရခရီး ဖြတ်ကြရာတွင် နေ့အခါ အနားယူ၍ ညဉ့်အခါ အေးသောအခါကျမှ ခရီးထွက်ကြရသည်။

တစ်ညတွင် ခရီးလမ်းမှား၍ သဲကန္တာရတွင် လမ်းပျောက်ကြသည်၊ လမ်းပျောက်ကြသလို အစာရေစာလည်း ကုန်လာကြ၍ ဒုက္ခဆင်းရဲရောက်ကြသည်။

ထိုကုန်သည်တို့အတွက် ဆတ္တာသည် တာဝန်ထမ်းဆောင်၍ပါလာသော သမ္ဘဝအမည်ရှိသောသူသည် ငါးပါးသီလမြဲသည်၊ မိမိ၏ လုပ်အားခဖြင့် မိဘတို့ကိုပြုစုလုပ်ကျွေးနေသူဖြစ်သည်။

ထိုသဲကန္တာရအတွင်းဝယ် သေရိသကအမည်ရှိသော ရုက္ခစိုးနတ်အား ဝေဿဝဏ်နတ်မင်းကြီးက သီလရှိသူ၊ မိဘကိုလုပ်ကျွေးသူများ သဲကန္တာရတွင်၌ ဆင်းရဲဒုက္ခရောက်က ကယ်တင်ပေးရန် တာဝန်အပ်နှင်းခြင်း ခံထားရပါသည်။

သေရိသက ရုက္ခစိုးနတ်မင်းသည် ထိုမိဘလုပ်ကျွေးသူ

သမ္ဘဝကို အကြောင်းပြုပြီး ကုန်သည်တို့ကို မိမိ၏ ဘုံဗိမာန်ကို ထင်လင်းစွာပြပြီး ကုန်သည်တို့ကို အစားအစာ၊ ရေတို့ကို တိုက်ကျွေးပြုစုလေသည်။

ကုန်သည်တို့သည် ကြီးကျယ်ခမ်းနားသော သေရိသကရုက္ခစိုးနတ်မင်း၏ ဗိမာန်ကို ကိုယ်တိုင်တွေ့မြင်ကြသောအခါ အထူးအံ့သြဝမ်းမြောက်ပြီး သေရိသကရုက္ခစိုးနတ်ကိုလည်း အကျိုးအကြောင်း မေးကြသည်၊ ထိုအခါ သေရိသကရုက္ခစိုးနတ်က-

"ကုန်သည်တို့. . . ငါသည် ယခင်က ကောသလတိုင်း၌ ပါယာသိရာဇညမည်သော မြို့စားတစ်ဦး ဖြစ်ခဲ့ပါသည်၊ အလှူပေးခြင်းအကျိုးမရှိ၊ နောက်ဘဝမရှိဟု အယူရှိခဲ့ပါသည်၊ ငါ့ကို ဆန်းကြယ်စွာ တရားဟောပြောတတ်သော ရှင်ကုမာရကဿပက ငါ့ကို တရားဟောပြောပြီး လမ်းမှန်ကိုညွှန်ပြပေးခဲ့သည်၊ ငါသည် ရှင်ကုမာရကဿပကြောင့် ငါးပါးသီလ၌ တည်ခဲ့၏၊ ငါ၏ တပည့် ဥတ္တရလုလင်ကို ငါ့ကိုယ်စား ကုသိုလ်ပြုစေသည်၊ ဤ ကုသိုလ်အကျိုးနှင့် သီလအကျိုးကြောင့် ဤမည်သောခမ်းနားတင့်တယ်ကြီးမားသော ဗိမာန်နှင့် အစာအာဟာရ ပြည့်စုံသော နတ်သုဒ္ဓါတို့ကို ရရှိခံစားခဲ့ရပါသည်။

ယခု ငါသည် သင်တို့အထဲတွင် ပါလာသော သီလမဲ့ပြီး မိဘကိုလုပ်ကျွေးသော ဥပါသကာတစ်ဦး ပါလာ၍ ထိုပုဂ္ဂိုလ်ကို အကြောင်းပြုပြီး သင်တို့ကို ကယ်တင်ခြင်း ဖြစ်ပါသည်။

"အသင်နတ်မင်း. . . ကျွန်ုပ်အထဲတွင် ပါလာသော သင်ပြောသော ဥပါသကာဟူသည် မည်သူနည်း"

"ကုန်သည်တို့. . . သင်တို့အား ဆံရှင်းပေးသော သင်တို့

၏အစေခံ ဆတ္တာသည် သမ္မာဝဖြစ်ပါသည်၊ သင်တို့သည် ထိုဆတ္တာသည်ကို မရှုတ်ချလင့်၊ ထိုဆတ္တာသည်သည် သီလမြဲ၏၊ မိဘကိုလုပ်ကျွေးပြုစု၏၊ သူကြောင့် သင်တို့ချမ်းသာမှုကို ရခဲ့ကြပေ၏"

"အသင်နတ်မင်း. . . သမ္မာဝကို သိပါ၏၊ သို့သော် သင်ပြောသော ဂုဏ်ရှိသည်ကို မသိကြပါ၊ ယခုသိပြီးဖြစ်၍ ထိုဥပါသကာသမ္မာဝကို ကျွန်ုပ်တို့ ပူဇော်ကြပါမည်"

ထို့နောက် သေရိသကနတ်မင်းသည် မိမိသည် အတိတ်ဘဝက အခြံအရံမရှိဘဲ ကုသိုလ်ပြုခဲ့သည့်အတွက် ယခုသဲကန္တာရထဲတွင် တစ်ယောက်တည်း နေရပုံအကြောင်းစုံကို ပြောပြပြီး သူ၏ ကျေးကျွန်များ ကုသိုလ်ပြုပြီး သူ့ထံလာရောက်ကြရန် ပြောပေးဖို့ ကုန်သည်တို့ကို တောင်းပန်မှာကြားသည်။

ထို့နောက် ကုန်သည်အားလုံးကို မိမိ၏ ခမ်းနားသော ဘုံဗိမာန်ကို တက်ရောက်ကြည့်ရှုစေသည်။

ထို့နောက် ကုန်သည်များက သေရိသကနတ်သားအား ပူဇော်ခွင့်ပန်ကြားသည်၊ နတ်သားက မိမိအားပူဇော်ရန်မလို၊ အကျင့်သီလမြဲရန်၊ ကုသိုလ်ဒါနပြုရန်သာ တိုက်တွန်းလေသည်။

ကုန်သည်တို့သည် နတ်သား၏ ဘုံဗိမာန်နှင့်စည်းစိမ်ကို ချီးမွမ်းအားကျပြီး နတ်သားကို ကျေးဇူးတင်ကြသည်။

ထို့နောက် သေရိသကနတ်သားသည် ကုန်သည်များကို သူတို့သွားလိုရာခရီးသို့ ချောမောစွာရောက်အောင် စီမံပို့ဆောင်ပေးလေသည်။

ကုန်သည်များသည် အားလုံးသောကုန်များ ရောင်းချပြီး၍ မိမိတို့နေထိုင်ရာ ပါဋလိပုတ်ပြည်သို့ ပြန်ရောက်သောအခါ

မိမိတို့၏ အဖြစ်အပျက်နှင့် သေရိသကနတ်သားက ကူညီစောင့် ရှောက်ပုံအကြောင်းစုံတို့ကို မိသားစုတို့အား အားရဝမ်းသာစွာ ပြောပြကြသည်။

ထို့နောက် ကြီးမြတ်သော သေရိသကနတ် ပူဇော်သဘင်ကို ပြုကြသည်၊ သေရိသကနတ်ကွန်းကိုလည်း တည်ဆောက်ခဲ့ကြသည်။

သူတော်ကောင်းတို့ကို ပေါင်းဖော်မှီဝဲရခြင်းသည် အကျိုးမဲ့ကို တားမြစ်၍ အကျိုးကို ပြီးစေသောသဘော ရှိ၏၊ တရားတော်၏ ကျေးဇူးကို မှီဝဲခြင်းသည် များမြတ်သောအကျိုးအာနိသင်ကို ရှိ၏၊ သီလရှိသော ဥပါသကာတစ်ယောက်၏ အကျိုးကြောင့် အားလုံးချမ်းသာခြင်းသို့ ရောက်ရ၏။

ဟူ၍ သေရိသကနတ်သားက တရားဟောကြားခဲ့လေသည်။

*(သေရိသကဝိမာနဝတ္ထု)*

## ထီး၊ ဖိနပ်လှူခဲ့၍ သမုဒ္ဒရာစောင့်နတ်သမီးကစောင့်ရှောက်ခြင်း

ဗာရဏသီပြည်သည် ရှေးက မောဠိနီ အမည်ရှိ၏၊ ထိုပြည်၌ များစွာကုန်လုံးကြွယ်ဝပြီး မြို့တံခါးလေးမျက်နှာ မြို့လယ် မိမိအိမ်ဟု ဆိုအပ်သော(၆)ဌာန၌ နေ့စဉ်နေ့တိုင်း အလှူပေးနေသော သင်္ခအမည်ရှိသော ပုဏ္ဏားတစ်ယောက် ရှိသည်။

"ငါသည် နေ့စဉ် ဤသို့လှူနေသော် ဥစ္စာပစ္စည်းသည် ကုန်လိမ့်မည်၊ ဥစ္စာကုန်သော် ဆက်လက်၍ အလှူမပေးနိုင်ဘဲ ရှိလိမ့်မည်၊ ဥစ္စာမကုန်မီ သင်္ဘောဖြင့် သုဝဏ္ဏဘူမိသို့ ကုန်ကူးသွားသင့်သည်" ဟု ကြံစည်မိလေသည်။

ထို့သို့ကြံစည်ပြီး လှေသင်္ဘောနှင့် ကုန်တို့ကိုတင်ကာ အိမ်ရှင်မကိုလည်း မည်သို့မည်ပုံလှူရန် မှာကြားပြီး တပည့်များနှင့် ခြံရံလျက် ထီးကိုဆောင်း၊ ဘိနပ်ကိုစီးကာ ပဋ္ဋနာသင်္ဘောဆိပ်သို့ ဆင်းခဲ့သည်။

သင်္ဘောထွက်မည့်နေ့တွင် ဂန္ဓမာဒနတောင်၌နေသော ပစ္စေကဗုဒ္ဓါတစ်ပါးသည် သင်၏ လမ်းခရီး၌ အန္တရာယ်ဖြစ်မည်ကို မြင်တော်မူသည်၊ ထိုသင်ကို စောင့်ရှောက်ရန်သင့်သည်ဟု ကြံစည်ပြီး သင်ရှေ့သို့ ကြွလာသည်။

သင်သည် ပစ္စေကဗုဒ္ဓါကိုမြင်သော် "ငါ့အား ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သော အလှူခံသည် ရောက်လာပြီး ယနေ့ ငါသည် ဤပစ္စေကဗုဒ္ဓါ၌ အလှူတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးခြင်းငှာသင့်၏"

ဟု ကြံစည်ပြီးလျှင် အရှင်ပစ္စေကဗုဒ္ဓါ၏ ခြေတော်ကို သုတ်သင်ပြီးလျှင် နံ့သာဆီလိမ်းကာ မိမိ၏ ဖိနပ်ကိုလည်းကောင်း၊ ထီးကိုလည်းကောင်း စေတနာထက်သန်စွာဖြင့် လှူလိုက်လေသည်။

ထိုသို့လှူပြီး သင်္ဘောထွက်ခဲ့ရာ ခုနစ်ရက်မြောက်သောနေ့တွင် သမုဒ္ဒရာအလယ်ရောက်ပြီး သင်္ဘောကွဲပျက်လေသည်၊ သင်္ဘောသားတို့သည် သေဘေးမှကြောက်ကြသဖြင့် မိမိတို့ကိုးကွယ်သော နတ်တို့ကိုရှိခိုးတောင်းပန်ကြကာ သည်းစွာငိုကြွေးကြလေသည်။

သင်သည် မိမိ၏ အလုပ်အကျွေးကိုခေါ်၍ ကိုယ်အားလုံးကို ဆီဖြင့်သုတ်၍ ထောပတ်နှင့်တကွ သကာမုန့်တို့ကိုအဝစားပြီး တပည့်နှင့်အတူ လမ်းယဉ်တိုင်သို့တက်ကာ အဝေးသို့ခုန်ချပြီး

သမုဒ္ဒရာကို ကူးလေသည်၊ ခုနစ်ရက်မြောက် ကူးပြီးသောအခါ ပါးစပ်ကို ဆေးကြော၍ ဥပုသ်စောင့်လေသည်။

စတုလောကပါလ နတ်မင်းကြီးလေးပါးက ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ၊ သီလနှင့်ပြည့်စုံသူ၊ မိဘကိုလုပ်ကျွေးသူတို့ သမုဒ္ဒရာကျ၍ ဆင်းရဲခြင်းရောက်က ကယ်တင်ရန်တာဝန်ပေးခံရသော မြစ်စောင့်နတ်သမီးသည် မိမိစည်းစိမ်ကို ခုနစ်ရက်ခံစားပြီး၍ သမုဒ္ဒရာကိုကြည့်သည်ရှိသော် သခ်ကိုတွေ့မြင်၍-

"ဤသီလရှိသူ သမုဒ္ဒရာထဲကူးနေသည်မှာ ခုနစ်ရက်ရှိနေပြီ၊ မှိုခိုရာအားကိုးရာ မရပါက ငါ့ကို ဒဏ်ပေးခံရလိမ့်မည်"

ဟု ထိတ်လန့်သောစိတ်ဖြစ်လျက် ရွှေခွက်၌ အထူးထူး မွန်မြတ်သော အစာအာဟာရကိုယည့်ပြီး သခ်ပုဏ္ဏားရှေ့၌ရပ်ကာ အစာကို ပေးလေသည်။

"သင့်ထမင်းကို ဖယ်ပါ၊ ငါသည် ဥပုသ်စောင့်ထားသည်"

ဟုပြောသောအခါ နောက်ကပါလာသော တပည့်က နတ်သမီးကို မမြင်မူ၍ ထိုအသံကိုကြားသဖြင့်-

"ဤပုဏ္ဏားသည် ပကတိနူးညံ့သည်၊ (၇)ရက်ပတ်လုံး ဝမ်း၌အစာမရှိ၊ ဆင်းရဲ၍ သေဘေးမှကြောက်သောကြောင့် ကယောင်ကတမ်း ပြောနေဘိသည်၊ ငါသည် သူ့ကိုသက်သာရာ ရစေအံ့"

ဟု ကြံစည်မိလေသည်။

"အရှင်သခင်. . . အရှင်သည် ကောင်းမှုလည်း များစွာရှိ၏၊ ယခုလာကာနီးတွင် အရှင်ပစ္စေကဗုဒ္ဓါကို ဖူးခဲ့ပြီး ထီးဖိနပ်ကို လှူခဲ့ပြီးဖြစ်သည်၊ အဘယ်ကြောင့် အရာမဟုတ်သည်၌ ကယောင်ကတမ်း ပြောဆိုရပါသနည်း"

"ငါ၏ အလုပ်အကျွေးတပည့်သည် နတ်သမီးကို မမြင်ယောင်တကား"

ဟု ကြံစည်မိပြီး-

"ငါ့မှာ သင်မှတစ်ပါး အခြားစကားပြောရန် နတ်သမီးတစ်ပါး ရှိနေပါသည်၊ ထိုနတ်သမီးက အစာလာကျွေးနေ၍ ငါက ဥပုသ်စောင့်ထား၍ မစားဟုပြောခြင်းဖြစ်သည်"

ဟုအဖြေပေးသည်။

"အရှင်. . . ဤသို့ဆိုက နတ်သမီးအစစ်လား၊ ဒါမှ မဟုတ်တန်ခိုးရှိသော လူမိန်းမဆိုတာ မေးလိုက်ပါလား"

ဟု အကြံပြုသည်၊ ထိုအခါကျမှ သခ်ပုဏ္ဏားသည် သတိရပြီး နတ်သမီးလား၊ တန်ခိုးရှိသောလူလားဟု မေးသည်။

"ကျွန်ုပ်သည် ဘုန်းတန်ခိုးကြီးသော မြစ်စောင့်နတ်သမီးဖြစ်ပါသည်၊ ကျွန်ုပ်တွင် ဥစ္စာပစ္စည်း၊ နေရာ၊ အိပ်ရာ၊ ယဉ် များစွာရှိသည်၊ သင်အလိုရှိတာကို ပေးနိုင်ပါသည်"

ဟု နတ်သမီးက ပြောသောအခါ ပုဏ္ဏားက-

"ဤနတ်သမီး ငါ့ကိုလိုချင်တာပေးသည်ဟု ပြောဆိုသည်မှာ ငါပြုအပ်သော ကောင်းမှုကြောင့် ပေးနိုင်သလား၊ သို့တည်းမဟုတ် မိမိအစွမ်းဖြင့် ပေးလိုသလား၊ နတ်သမီးကို စုံစမ်းအံ့"

ဟုကြံစည်ပြီး နတ်သမီးကို မေးသည်။

ထိုအခါ နတ်သမီးက သင်၏ ပစ္စေကဗုဒ္ဓါအား ထီး၊ ဖိနပ်လှူခဲ့သော ကုသိုလ်အစွမ်းကြောင့် ပေးခြင်းဖြစ်ကြောင်း ပြောပြသည်။

ထိုအခါ သခ်ပုဏ္ဏားသည် မိမိ၏ ထီး၊ ဖိနပ်အလှူကြောင့်

နတ်သမီးက လိုအပ်တာပေးမည်ကိုသိရ၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ လှေကိုပေးပြီး မိမိနေရပ်သို့ ပြန်ပို့ပေးရန် တောင်းဆိုလေသည်။

ထိုအခါ နတ်သမီးသည် ရတနာခုနစ်ပါးဖြင့်ပြီးသော လှေကို ဖန်ဆင်းပေးပြီး သင်္ခပုဏ္ဏားနှင့် တပည့်တို့ကို ရတနာအပြည့်နှင့် မောဠိနိမြို့သို့ ပို့ပေးလေသည်။

သင်္ခပုဏ္ဏားသည် ထိုနတ်သမီးပေးခဲ့သော ဥစ္စာရွှေငွေတို့ဖြင့် အလှူကို အသက်ထက်ဆုံးပြု၍ နေခဲ့ရသည်။

*(ဒသကနိပါတ သင်္ခဇာတ်)*

**ဆွေမျိုးစောင့်နတ်တို့ကို စောင့်ရှောက်မှုပေးသော အင်ကြင်းပင်စောင့် ရုက္ခစိုးနတ်**

လွန်လေပြီးသောအခါ တရားစောင့်သောဗာရဏသီမင်းသည် တိုင်းတစ်လုံးတည်သာရှိသော တပင်တိုင်နန်းပြသာဒ်ကို ဆောက်လုပ်လို၍ တော၌ သစ်ကိုရှာစေရာ အဆင်မသင့်သည်နှင့် ဥယျာဉ်ထဲတွင်ရှိသော အလွန်ကြီးမားတင့်တယ်၍ လူတို့မြတ်နိုးအပ်သော အင်ကြင်ပင်ကြီးတစ်ပင်ကို ခုတ်ယူရန် အမိန့်ပေး**လေ**သည်။

ထိုအခါ အင်ကြင်ပင်စောင့် ရုက္ခစိုးနတ်သည် ဤ**သစ်ပင်**ကို ခုတ်ယူကြသော် ငါ၏အသက်သည် ပျက်စီးရလတ့်၊ **ထိုမှတစ်**ပါးလည်း ဤသစ်ပင်ကိုခြံရံ၍ တည်ကြသော သစ်ပင်ငယ်တို့၌လည်း ငါ၏ အဆွေအမျိုးနတ်တို့သည် နေကြကုန်၏၊ ဤသစ်ပင်ကြီး လဲကျပျက်စီးလျှင် သစ်ပင်ငယ်တို့လည်း ပျက်စီးကုန်လတ့်၊ ထိုအခါ ငါ၏ဆွေမျိုးတို့လည်း ပျက်စီးကုန်လတ့်၊ သို့အတွက် ငါသည် ဆွေမျိုးတို့၏ အသက်ကိုပေးအံ့"

ဟု ကြံစည်မိပြီး ညဥ့်အချိန်ဝယ် မင်းကြီးတိုက်ခန်းသို့ ဝင်ကာ ကိုယ်ရောင်ကိုယ်ဝါလင်းစေပြီး မင်းကြီးနှင့် စကားဆိုကာ မိမိ၏ ဗိမာန်ဖြစ်သော အင်ကြင်းပင်ကို မခုတ်ယူရန် ဆိုလေသည်။

"အရှင်နတ်မင်း. . . သင့်ဗိမာန်အတွက် မစိုးရိမ်ပါလင့်၊ ထိုအင်ကြင်းပင်ဖြင့် ဆောက်လုပ်အပ်သော ဗိမာန်ပြီးသောအခါ အရှင်နတ်မင်း လာရောက်နေပါလော့"

"အရှင်မင်းကြီး. . . ထိုသို့ကား မဟုတ်ပါ၊ သစ်ပင်နှင့်ငါ ၏ အသက်သည် တစ်ဆက်တည်းဖြစ်၏၊ သစ်ပင်ကို ခုတ်ယူသော် ငါသေရမည် အမှန်တည်း၊ သို့ရာတွင် အကယ်၍ ခုတ်ယူမည်ဆိုပါကလည်း အရင်းကနေ တစ်ခါတည်း မဖြတ်လှဲချပါနှင့်၊ ထိုသို့ဖြတ်လှဲချပါက အနီးအနားရှိ သစ်ပင်ငယ်တို့အပေါ်သို့ ကျရောက်သဖြင့် သစ်ပင်ငယ်တို့ပျက်စီးလတ့်၊ ထိုအခါ သစ်ပင်ငယ်တို့၌ နေသော ငါ၏ ဆွေမျိုးများသည်လည်း ပျက်စီးကြပါလတ့်၊ သို့ဖြစ်၍ အထက်အဖျားကစ၍ အဖျားတစ်ပိုင်း၊ အလယ်တစ်ပိုင်း ဖြတ်ပြီးမှ အရင်းကို ဖြတ်လှဲပါလော့"

မင်းကြီးသည် ဤနတ်မင်းကား မိမိဆွေမျိုးတို့၏ အကျိုးကို ကြည့်ရှုစောင့်ရှောက်သူ ဖြစ်သည်၊ ဤသူတော်ကောင်း နတ်မင်း၏ ဗိမာန်ကို ငါမဖျက်ဆီးထိုက်ပေဟု နတ်မင်းကိုသက်သာရာရစေ၍ အင်ကြင်းပင်ကြီးကို မခုတ်ဖြတ်ရန် အမိန့်ထပ်မံထုတ်ပေးလေသည်။

*(ဒွါဒသကနိပါတ်–ဘဒ္ဒသာလဇာတ်)*

## ပြည်ရှင်မင်းကိုဆုံးမသော တည်ပင်စောင့်ရုက္ခစိုးနတ်

ကပ္ပိလတိုင်း ဥတ္တရပဉ္စလပြည်၌ ပဉ္စာလမင်းပြုသည်၊ ထိုမင်းသည် အာဂတိလေးပါး လိုက်စားခြင်း၌တည်လျက် မင်းမှုထမ်းများ၏ အမွှအမှုတို့ကို မေ့လျော့လျက် မင်းပြု၏။

ထိုမင်း၏ မျှုးမတ်အစရှိသော သူတို့သည် တရားမစောင့်ကုန်သည်ဖြစ်၍ တိုင်းသူပြည်သားတို့သည် ဆင်းရဲပင်ပန်းကုန်ကြသည်၊ အထူးသဖြင့် ကြီးမားသော အခွန်အတုပ်ကို ပေးဆောင်ရသည်နှင့် နေ့အခါ၌ မင်းမှုထမ်းတို့ကိုကြောက်၍ တောသို့ပြေးပုန်းနေရ၏၊ ညဉ့်အခါ၌ ခိုးသား ဓားပြတို့ လုယက်ကြ၏၊ တိုင်းသူပြည်သားတို့မှာ အလွန်ပင်ဆင်းရဲ ဒုက္ခရောက်ကြရ၏။

ထိုအခါ မင်းက နှစ်စဉ်နှစ်တိုင်း အဖိုးတစ်ထောင်ထိုက်သော ပူဇော်သက္ကာရကို ရနေသော တည်ပင်စောင့်နတ်သည်-

"ဤမင်းသည် မေ့လျော့သည်ဖြစ်၍ မင်းပြု၏၊ အလုံးစုံသော တိုင်းပြည်ကို ဖျက်ဆီး၏၊ ငါမှတစ်ပါး မင်းကို သင့်တင့်သော အကျင့်၌ ယှဉ်စေခြင်းငှာ စွမ်းနိုင်သောသူ မည်သည်မရှိ၊ ငါ့အားလည်း ကျေးဇူးရှိ၏၊ ထိုမင်းကို ငါဆုံးမအံ့"

ဟု ကြံစည်ပြီးလျှင် မင်းတိုက်ခန်းသို့ ညဉ့်အချိန်ဝင်ကာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပလျက် ကောင်းကင်၌ တည်လေသည်။

မင်းကြီးက မည်သူနည်းဟု မေးသောအခါ တည်ပင်စောင့်နတ်ဖြစ်ကြောင်း ဖြေပြီး မင်းကြီးမှစ၍ လူအပေါင်းတို့ တရားမစောင့်သဖြင့် ပြည်သူပြည်သားတို့ ပင်ပန်းဆင်းရဲရကြောင်း၊ မမေ့မလျော့ဘဲ တရားကိုစောင့်ပြီး တိုင်းပြည်ကို အုပ်ချုပ်သင့်ကြောင်း တရားဟောလို့ရကား-

"မင်းကြီး. . . မမေ့မလျော့ခြင်းသည် သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်၏ အကြောင်းတည်း၊ မေ့လျော့ခြင်းသည် အဖန်တလဲလဲ သေခြင်း၏ အကြောင်းတည်း၊ မမေ့မလျော့သော သူတို့သည် မသေကုန်မည်ကုန်၏၊ မေ့လျော့သော သူတို့သည် သေသည်မည်၏"

"မင်းကြီး. . . အနာကင်းသောမာန်၊ အရွယ်ကောင်းသော မာန်၊ အသက်ရှည်သော မာန်ယစ်ခြင်းကြောင့် မေ့လျော့ခြင်းသည် ဖြစ်ရာ၏၊ မေ့လျော့ခြင်းကြောင့် အမျိုး၊ ဉစ္စာအသက်ကုန်ခြင်း သည်ဖြစ်ရာ၏၊ ဉစ္စာ အခြံအရံကုန်ခြင်းကြောင့် အပြစ်တို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့် မမေ့မလျော့သင့်"

"မင်းကြီး. . . မှန်ပါ၏၊ များစွာမေ့လျော့ခြင်း ရှိကုန်သော မင်းအမျိုးသည် အစီးအပွားကိုလည်းကောင်း၊ တိုင်းပြည်ကိုလည်း ကောင်း ဖျက်ဆီးသည်မည်ပါ၏၊ ထိုမှတစ်ပါး ရွာစားတို့သည် လည်းကောင်း၊ ရွာ၌နေသော သူတို့သည်လည်းကောင်း၊ ယုတ် ကုန်၏၊ မေ့လျော့ခြင်းရှိကုန်သော ရဟန်းတို့သည် ရဟန်းအကျင့် မှ ယုတ်ကုန်၏၊ လူတို့သည်လည်း ဉစ္စာစည်းစိမ်မှ ယုတ်ကုန်၏"

"ပြည်ရွာကိုစောင့်ရှောက်သော မင်းကြီး. . . မေ့လျော့ သော ပြည့်ရှင်မင်း၏ တိုင်းနိုင်ငံ၌ အလုံးစုံသော စည်းစိမ်တို့သည် ပျက်စီးကုန်၍ ဆင်းရဲခြင်းအကြောင်း ဖြစ်ကုန်ရာ၏"

"မင်းကြီး. . . အပိုင်းအခြားကိုလွန်၍ သင်သည် မေ့ လျော့၏၊ ထိုမေ့လျော့မှုသည် ရေးမင်းမြတ်တို့၏ အကျင့်မဟုတ်၊ အရှင်မင်းကြီး၏ စားဖွယ်၊ သောက်ဖွယ်၊ ဉစ္စာပစ္စည်းနှင့်ပြည့်စုံ သော ဇနပုဒ်တို့ကို ခိုးသူတို့သည် ဖျက်ဆီးကြကုန်၏"

"မင်းကြီး. . . အရှင်မင်းကြီး၏ သားစဉ်မြေးဆက်တို့သည် အစဉ်အဆက်ကို စောင့်နိုင်ကုန်သည် မဖြစ်ကုန်လတ့်၊ ရွှေတိုက်တို့သည် မဖြစ်ကုန်လတ့်၊ တိုင်းပြည်ဖျက်ဆီးခံရပါက အလုံးစုံသော ဥစ္စာစည်းစိမ်တို့မှ ဆုတ်ယုတ်ပါမည်"

"မင်းကြီး. . . အလုံးစုံသော စည်းစိမ်ဥစ္စာမှ ဆုတ်ယုတ်စေသူကို မင်းပင်ဖြစ်သော်လည်း ဆွေမျိုးမိတ်ဆွေ ပြည်သူတို့က မနှစ်သက် မအောက်မေ့ကြပါ "

"မင်းကြီး. . . မင်းကိုမှီ၍ အသက်မွေးကြကုန်လော့၊ စစ်သူရဲ၊ မှူးမတ်၊ မင်းမှုထမ်းတို့သည် ထိုမင်းကို မနှစ်သက်ကြပါ "

"မင်းကြီး. . . မစုံစမ်းမဆင်ခြင်ဘဲ အမှုကိုပြုတတ်သော မကောင်းသဖြင့် တိုင်ပင်တတ်သော ပညာနည်းသော မင်းကို ဘုန်းကျက်သရေသည် မြွေအရေခွံစွန့်သကဲ့သို့ စွန့်ပါ၏"

"မင်းကြီး. . . မကောင်းမှုကိုမပြုသော သင့်သောအခါ၌ လုံ့လပြုလေ့ရှိသော၊ မပျင်းမရိသော မင်းတို့အား စည်းစိမ်ဥစ္စာတို့သည် တိုးပွားကုန်၏"

"မင်းမြတ်. . . ပြည်သူတို့၏ အသံကိုနားထောင်ရန် တိုင်းပြည်၊ ဇနပုဒ်ရပ်ရွာတို့သို့ လှည့်လှည်၍ နားထောင်ပါလော့၊ ထိုမှသိ၍ ကောင်းစွာကျင့်ပါလော့"

"မင်းကြီး. . . သွားပါချေ၊ ကြာမြင့်ခြင်းကို မပြုမူ၍ စုံစမ်းပါလော့၊ တိုင်းပြည်ကို မဖျက်ဆီးပါလင့်"

ဟု ဆိုဆုံးမ၍ မိမိဗိမာန်သို့ပြန်လေသည်။

မင်းကြီးသည် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ နောက်နေ့နံနက်တွင် ပုရောဟိတ်နှင့်အတူ တိုင်းပြည်ဇနပုဒ်သို့ လှည့်လှည်၍ စုံစမ်းလေသည်။

ခြံစည်းရိုးကာသော အဘိုးအို၏ မင်းကိုကျိန်ဆဲသံ၊ အဘွားအို၏ မင်းကိုကျိန်ဆဲသံ၊ လယ်ထွန်ယောက်ျား၏ မင်းကိုကျိန်ဆဲသံ၊ နွားငယ်ကိုသတ်၍ အခွန်ဆောင်ရသဖြင့် နွားမကြီးက အစာရေမစား၍ ရှာသားတို့၏ မင်းကိုကျိန်ဆဲသံ၊ ကျီးကထိုးဆိတ်ခံရသောသား၏ မင်းကိုကျိန်ဆဲသံ တို့ကို ကြားနာခဲ့ရပြီးသော် မင်းသည် အထိတ်တလန့် သံဝေဂရလာပြီးလျှင် တရားနှင့်အညီ တိုင်းပြည်ကို ပြန်လည်အုပ်ချုပ်လေသည်။

တည်ပင်စောင့် ရုက္ခစိုးနတ်၏ စောင့်ရှောက်မှုကြောင့် တိုင်းပြည်ရွာသည်လည်း အေးချမ်းသာယာလာပြီး စားဖွယ်ဥစ္စာတို့ဖြင့် ပြည့်ဖြိုးလာလေသည်။

*(တိကနိပါတ်–ဘဏ္ဍုတိန္ဒုကဇာတ်)*

## နတ်က ကောင်းကျိုးပေးသောအိပ်မက်

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေထိုင်စဉ် အချိန်ကာလ ဖြစ်သည်၊ ရာဇဂြိုဟ်ပြည်သား မထင်ရှားသော အမျိုးသားတစ်ဦးသည် ကိစ္စတစ်ခုဖြင့် ညနေစာထမင်းထုပ်ကို ယူကာ ဗာရဏသီမြို့သို့ လာခဲ့သည်။

လမ်းခရီး တောအုပ်တစ်ခုသို့ အရောက်တွင် မိုးချုပ်၍ ထိုတောအုပ်တွင် အနားယူအိပ်စက်ရန် စီမံလေသည်။

မိမိ၌ ပါလာသော ထမင်းထုပ်ကို မိမိမစားခင် တောစောင့်နတ်တို့အား တင်မြှောက်ပသ ပူဇော်လေသည်၊ ထိုသို့ ပူဇော်ပြီးမှ မိမိစားလေသည်။

ထိုညတွင် ထိုအမျိုးသားအား နတ်တစ်ပါးက အိပ်မက်ပေးသည်မှာ-

"သင်အိပ်သော သစ်ပင်၏အောက်တွင် ရွှေအိုးရှိသည်၊ ထိုရွှေအိုးကို တူးယူ၍ ကုသိုလ်ကောင်းမှုပြုပါလေ"

ဟု အိပ်မက်ပေးလေသည်။

ထိုအမျိုးသားသည် နံနက်မိုးလင်းသော် ထိုအိပ်မက်ကို မယုံတယုံဖြင့် သစ်ပင်ခြေရင်းကို တူးဆွကြည့်လေရာ နတ်အိပ်မက်ပေးသည့် ရွှေအိုးကို တွေ့ရလေသည်။

ထိုအမျိုးသားသည် အားရဝမ်းသာစွာဖြင့်ပင် ထိုရွှေအိုးကို ယူလာကာ အချို့ကို ထုခွဲရောင်းချပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်၍ ဆွမ်းအလှူကို ပေးလှူလေသည်၊ မိမိသည်လည်း ထိုရွှေတို့ဖြင့် ချမ်းသာစွာ နေရလေသည်။

(ဤသည်မှာ နတ်တို့အား အမျှပေးဝေခြင်း၊ ပူဇော်ခြင်း၊ (ဗလိနတ်စာပြုလုပ်ခြင်း)ကြောင့် နတ်တို့က ချစ်မြတ်နိုးသဖြင့် မိမိပေးနိုင်သော၊ လမ်းညွှန်နိုင်သောနေရာ၊ ဥစ္စာရှိက လမ်းညွှန်ပြီး ဥစ္စာကိုပေးခြင်း ဖြစ်ပါသည်၊ နတ်တို့ဟူသည် မိတ်ဆွေကောင်းသဖွယ် ရှိပါသည်၊ သူတို့ကို ပူဇော်ပသက သူတို့က တတ်နိုင်လျှင် မိမိကလည်း အတိတ်ကောင်းမှုကံ၊ ပစ္စုပ္ပန်ကောင်းမှုကံရှိပါလျှင် ဤကဲ့သို့ အိပ်မက်ပေးပြီး ကူညီလေ့ရှိကြပါသည်။

## အရှင်သာရိပုတ္တရာအတွက် ဝင်ပူး၍ ဆွမ်းချက်ခိုင်းသော ရုက္ခစိုးနတ်

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် အရှင်မောဂ္ဂလာန်မထေရ်မြတ်နှင့်အတူ တောအုပ်တစ်ခုအတွင်း၌ သီတင်းသုံးနေစဉ်ဖြစ်သည်။

တစ်နေ့တွင် အရှင်အား လေရောဂါ ဖြစ်ပေါ်နှိပ်စက်ခံရ

သည်၊ ထိုရောဂါသည် အလွန်ပြင်းထန်စွာ ခံစားနေရသည်ကို မြင်ရသော အရှင်မောဂ္ဂလာန်က-

"ရှေးအခါ ရောဂါဖြစ်စဉ်က မည်သည့်ဆေးနှင့် ပျောက်ကင်းဖူးပါသလဲ ဘုရား"

ဟု မေးလျှောက်သည်။

"ရှေးလူ့ဘဝတုန်းကတော့ မိခင်ကြီးစီမံပေးသော ထောပတ်ပျားရည် တင်လဲတို့ဖြင့် ကျိုချက်ထားသော နို့ထမင်းဖြင့် ပျောက်ကင်းဖူးပါသည်"

ဟု၍ အရှင်သာရိပုတ္တရာက ပြန်ဖြေပေးသည်။

ထိုသို့ အရှင်နှစ်ပါး ပြောဆိုသော စကားသံကိုကြားသော စင်္ကြံစွန်းရှိ သစ်ပင်၌ နေထိုင်သော ရုက္ခစိုးနတ်သားတစ်ယောက် ကကြားပြီး ရှင်မောဂ္ဂလာန်၏ ဒါယကာအိမ်သို့သွားကာ ထိုအိမ်မှ သားကြီး၏ကိုယ်သို့ ပူးဝင်ကာ ထိုသို့သော နို့ဃနာဆွမ်းကို ချက်ခိုင်းလေသည်၊ အိမ်ရှင်များသည် နတ်၏ ပူးကပ်စေခိုင်းမှုကြောင့် ချက်လှူပါမည်ဟု ဝန်ခံကတိပြုပြီး စီမံချက်ပြုတ်ရသည်။

နောက်တစ်နေ့ အရှင်မောဂ္ဂလာန်ဆွမ်းခံကြွ ဝင်သွားသောအခါ ထိုအိမ်မှ နို့ဃာနာဆွမ်းကို လောင်းလှူလိုက်လေသည်၊ အရှင်မောဂ္ဂလာန်သည် ဆွမ်းခံရာမှ ရလာသောနို့ဃနာဆွမ်းကို အရှင်သာရိပုတ္တရာအား သွားရောက်ဆက်ကပ်လေသည်။

အရှင်သာရိပုတ္တရာသည် ထိုဆွမ်းကို ဆင်ခြင်ကြည့်ရှုလေရာ နှုတ်မြွက်မှုဝစီ ပယောဂမကင်းဘဲ ရလာသော နို့ဃနာဆွမ်း ဖြစ်သည်ကို သိရှိသဖြင့် မဘုဉ်းပေးတော့ဘဲ စွန့်ပစ်ခိုင်းလိုက်လေသည်။

ထိုခဏမှာပင် အရှင်သာရိပုတ္တရာအား စွဲကပ်နေသော လေရောဂါသည်လည်း ပျောက်ကင်းသွားလေသည်။

## နတ်တို့ပေးသော မရှိမုန့်ကိုစားရသော အနုရုဒ္ဓါမင်းသား

တစ်နေ့တွင် ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓါမင်းသား၊ အာနန္ဒာ မင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ္တမင်းသားငယ် တို့သည် ရှုံးသူက မုန့်ကျွေးစတမ်းဟု ကတိစကားထား၍ ဂုံညင်း ကစားကြသည်။

အနုရုဒ္ဓါမင်းသားသည် ဂုံညင်းရှုံးသဖြင့် မူလကတိစကား အတိုင်း မုန့်ယူရန် မိခင်ထံသို့ မင်းစေတစ်ယောက်ကို လွှတ်လိုက် လေသည်၊ ထိုအခါ မိခင်သည် မုန့်များကိုစီမံ၍ သားတော် အနုရုဒ္ဓါ မင်းသားထံသို့ ပို့စေသည်။

ထိုမင်းသား ခြောက်ယောက်တို့သည် တစ်ပျော်တစ်ပါး မုန့်ကိုစားကြ၍ တစ်ဖန် ဂုံညင်းကစားကြပြန်သည်၊ ကစားတိုင်း ကစားတိုင်းပင် အနုရုဒ္ဓါမင်းသားချည်း ရှုံးလေသည်။

အနုရုဒ္ဓါမင်းသားသည် ဂုံညင်းရှုံး၍ မိခင်ထံ မုန့်ယူရန် မင်းစေကို စေလွှတ်တိုင်း-စေလွှတ်တိုင်းပင် မိခင်သည် သုံးကြိမ် တိုင်တိုင် မုန့်များကို စီမံပေးပြီး စတုတ္ထအကြိမ်အရောက်တွင် မိခင် သည် မုန့်များမရှိဟုဆိုပြီး ပြန်ကြားပြောစေသည်။

အနုရုဒ္ဓါမင်းသားငယ်သည် မရှိဟူသော စကားကိုမကြား ဘူးသူ၊ နားမလည်သူဖြစ်သောကြောင့် ဤ"မရှိ"ဟူသည် မုန့်ထူး မုန့်ဆန်း တစ်ခုခု၏ အမည်သာ ဖြစ်လိမ့်မည်"

ဟု အောက်မေ့မှတ်ထင်ကာ-

"ငါ့အတွက် အဲဒီ မရှိမုန့်ကိုသာ ယူခဲ့ပါ"

ဟုပြောဆိုပြီး မိခင်ထံသို့ တစ်ဖန်စေလွှတ်လိုက်ပြန်သည်။

"မိခင်ကြီး၏ သားတော်က မရှိမုန့်ကိုသာ ပေးလိုက်ပါလို့ ပြောပါသည်"

ဟု ပြန်ပြောသည်။

"ငါ၏သားကား မရှိဟူသောစကားကို ကြားလည်း မကြားဖူး၊ နားမလည်သူမဟုတ်ချေ၊ ဤဥပါယ်တမျဉ်ဖြင့် ငါ၏ သားကို ထိုမရှိဟူသော စကား၏ အနက်အဓိပ္ပာယ်ကို နားလည် သိရှိစေရ တော့မည်"

ဟု ကြံစည်ပြီးလျှင် အချည်းနှီး မုန့်မပါသော ရွှေခွက် တစ်ခုကို အခြားရွှေခွက်တစ်ခုဖြင့် ဖုံးအုပ်၍ သားထံ သို့ပို့စေသည်။

ထိုအခါ မြို့စောင့်နတ်တို့သည်-

"ဤအနုရုဒ္ဓါ သာကီဝင်မင်းသားကား အန္နဘာရမည်သော ဆင်းရဲသားဖြစ်ခဲ့စဉ်ကာလက မိမိ၏ ဝေစုဖြစ်သော ထမင်းကို ဥပရိဋ္ဌမည်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆက်ကပ်လှူဒါန်း ခဲ့၍-

"ကျွန်ုပ်သည် မရှိဟူသော စကားကိုမျှ မကြားရသည် ကိုယ် ဖြစ်ရပါလို၏။ ထမင်းဖြစ်ရာ အကြောင်းရင်းကိုမျှ မသိရ သည်ကို ဖြစ်ရပါလို၏ဟု ဆုတောင်းမှု ပြုခဲ့ဖူးလေပြီ၊ အကယ်၍များ ဤအနုရုဒ္ဓါမင်းသားသည် မုန့်မပါသောခွက်ကို မြင်သွားခဲ့သည်ရှိ သော် ငါတို့သည် နတ်သဘင်အစည်းအဝေးသို့ ဝင်ခွင့်ရတော့မည် မဟုတ်ချေ၊ ငါတို့၏ ဦးခေါင်းလည်း ခုနစ်စိတ်ကွဲလေရာ၏"

ဟု ကြံစည်ပြီးလျှင် ထိုမုန့်မပါသောရွှေခွက်ကို နတ်၌ ဖြစ်သော မုန့်တို့ဖြင့်ပြည့်အောင် ဖန်ဆင်းကြလေကုန်သည်။

ဂုံညင်းကစားဝိုင်း၌ ထိုနတ်မုန့်အပြည့်ပါသော ရွှေခွက်ကို ချထား၍ ဖွင့်လိုက်လျှင် ဖွင့်လိုက်ချင်း နတ်မုန့်တို့၏ မွှေးကြိုင်သောရနံ့သည် တစ်မြို့လုံး ဖုံးလွှမ်းသွားလေသည်၊ မုန့်ပိုင်းကလေးတစ်ခုကို ခံတွင်း၌တင်ထားကာမျှ၌ပင် မင်းသား၏ အရသာကြောပေါင်း ခုနစ်ထောင်အနှံ့ ဩဇာပြန့်သွားလေသည်။

"ငါ၏ မယ်တော်သည် ဤမျှကာလကြာမြင့်အောင် ဤမရှိမုန့်ကို ငါ့အားကြော်ချက်၍ မပေးခဲ့ချေ၊ ငါ၏ မယ်တော်သည် ချစ်ဟန်မတူချေ၊ ငါသည် ယနေ့မှစ၍ အခြားမုန့်များကိုမစားတော့၊ မရှိမုန့်ကိုသာ စားတော့မည်"

ဟု အနုရုဒ္ဓါ မင်းသားငယ်သည် စဉ်းစားပြီးလျှင် မိမိ၏ မယ်တော်ရှိရာ နန်းအိမ်သို့ပြန်ရောက်လျှင်ရောက်ခြင်း မယ်တော်ကို. . .

"မယ်တော်. . . မေမေသည် ကျွန်ုပ်သားကို ချစ်ကြပါ၏လော၊ မချစ်ကြပါဘူးလော"

ဟု မေးလေသည်။

"ချစ်သား. . အနုရုဒ္ဓါ. . . မျက်စိတစ်လုံးသာ ရှိသောသူသည် ထိုမျက်စိတစ်လုံးကို အစွမ်းကုန် ချစ်မြတ်နိုးသကဲ့သို့လည်းကောင်း၊ နှလုံးသားကဲ့သို့လည်းကောင်း၊ သင်ချစ်သားကိုမယ်တော်သည် အတိုင်းထက်အလွန် ချစ်အပ်ပေ၏"

ဟု မိခင်ကပြောပြလေသည်။

"အို-မယ်တော်. . . ဤမျှ သားတော်ကို ချစ်မြတ်နိုးပါလျက် အဘယ်ကြောင့် ဤမျှကာလကြာမြင့်အောင် သားတော်အတွက် ဤမရှိမုန့်ကို ကြော်ချက်၍ မကျွေးခဲ့ပါသနည်း"

အနုရုဒ္ဓါမင်းသားငယ်၏ ထူးခြားသော အမေးစကားကို ကြားရသော မယ်တော်သည် မင်းစေလုလင်ကိုခေါ်၍-

"အမောင်. . . ရွှေခွက်ထဲမှာ တစ်ခုခုများ ပါရှိလေသလား"

ဟု မေးသည်။

"အို-မိခင်ကြီး. . . ရွှေခွက်ကြီးတွင် ခွက်အပြည့် မုန့်များ ပြည့်နေပါသည်၊ ကျွန်ုပ်သည် ဤကဲ့သို့သော မုန့်များကို ရှေးက မမြင်ဖူးပါ "

ဟု မင်းစေလုလင်က ပြန်ဖြေသည်။

"ငါ၏ သားကား ဘုန်းရှိသူ၊ ကုသိုလ်ထူးကို ပြုခဲ့ဖူးသူ ဖြစ်ပေလိမ့်မည်၊ နတ်များက ရွှေခွက်အပြည့် မုန့်ကိုထည့်၍ ပို့စေအပ်ကုန်သည် ဖြစ်ပေလိမ့်မည်"

ဟု ကြံစည် စဉ်းစားမိလေသည်။

"အို-မိခင်. . . ကျွန်ုပ်သည် ဤအချိန်မှစ၍ အခြားမုန့်များကို မစားတော့ပြီ၊ ကျွန်ုပ်အတွက်ဆိုလျှင် ဤမရှိမုန့်ကိုသာ ကြော်ချက်၍ ပေးပါလေ"

ဟူ၍ ပြောဆိုလေသည်။

မယ်တော်မိဖုရားကြီးသည် ထိုအချိန်မှအစပြု၍ အနုရုဒ္ဓါမင်းသားက မုန့်စားလိုပါသည်ဟု မှာကြားပြောဆိုခဲ့သော် မုန့်မပါသော ရွှေခွက်ကိုပင် အခြားရွှေခွက်တစ်လုံးဖြင့် ဖုံးအုပ်၍ သားထံသို့ ပို့ပေးစေသည်။

ထိုအချိန်မှစ၍ အနုရုဒ္ဓါမင်းသားသည် ရဟန်းမပြုမီ အိမ်ရာဘည်ထောင် လူ့ဘောင်၌ နေသမျှကာလပတ်လုံး နတ်က ပေးသော မုန့်များကိုသာ သုံးဆောင်နေရလေသည်။

## နတ်တို့ချစ်ခင်သောဝိသာခမထေရ်

ဝိသာခသူကြွယ်သည် ပါဋလိပုတ်ပြည်သားတစ်ဦး ဖြစ်သည်။ သီဟိုဠ်ကျွန်း၏ ကောင်းသောသတင်းကို ကြားရသောအခါ ထိုကျွန်းသို့ သွားလိုသောစိတ် တဖွားဖွားပေါ်လာပြီး သွားလိုသော ဆန္ဒ ပြင်းပြစွာ ခံစားနေရသည်။

တစ်နေ့တွင် ထိုဆန္ဒကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ပြီး မိမိပိုင်ဆိုင်သော ဥစ္စာပစ္စည်းတို့ကို သား၊ မယားတို့အား အပ်နှံသည်၊ မိမိအတွက်မူ ငွေတစ်ကျပ်မျှကိုသာ ပုဆိုးစွန်း၌ ထည့်ယူပြီး ထွက်လာခဲ့သည်။

သီဟိုဠ်သို့ကူးရန် သင်္ဘောမကြုံ၍ ဆိပ်ကမ်း၌ တစ်လကြာမျှ စောင့်ဆိုင်းနေရသည်။

မိမိက အရောင်းအဝယ် ကုန်သည်ဘဝကလာသူဖြစ်၍ ထိုဆိပ်ကမ်းမှာ သင်္ဘောစောင့်ဆိုင်းရင်း ရောင်းရေးဝယ်တာ ဆောင်ရွက်ရာ တစ်လအတွင်း ငွေတစ်ထောင် စုမိပြန်လေသည်။

ထို့နောက် သင်္ဘောကြုံလာသဖြင့် သီဟိုဠ်သို့ လိုက်ပါခဲ့ပြီး သွားစရာနေစရာ အထူးမရှိ၍ မဟာဝိဟာရကျောင်းသို့ သွားရောက်နေခဲ့သည်။

ထိုကျောင်းတွင်နေရင်း ရဟန်းပြုခွင့်ပေးသဖြင့် သိမ်သို့ ခေါ်ဆောင်လာခဲ့သည်၊ သိမ်ဝင်ကာနီး၌ ပခုံးပေါ်၌ တင်ထားသော အဝတ်ခေါက်အတွင်းမှ ငွေတစ်ထောင်ထုပ်သည် ထွက်ကျလေသည်။

"မည်သည့်အရာ ကျပါသလဲ"

ဟု ရဟန်းတော်များက မေးသည်။

တော်ဝင်မြို့မ စာအုပ်တိုက်

"တပည့်တော် ပါလာသော ငွေတစ်ထောင်ထုပ် ဖြစ်ပါသည်ဘုရား"

"ဒါယကာ. . . ရဟန်းပြုချိန်မှစ၍ ငွေကို စီမံခြင်းငှာ မအပ်စပ်တော့ပါ၊ သို့အတွက် ရဟန်းမပြုခင်ကပင် ဤငွေများကို နေရာချ စီမံပါလေ"

ထိုအခါ ဝိသာခသူကြွယ်သည် မိမိရဟန်းခံပွဲသို့ လာရောက်ကြည့်ကြသော ပရိသတ်ကို လက်ချည်းသက်သက် မပြန်ကြပါစေနဲ့ဟု ပြောဆိုကာ ငွေများကို ကြဲချလှူဒါန်းလေသည်။

ထို့နောက် ရှင်သာမဏေဝတ်ပြီး ရဟန်းခံလေသည်။

ရဟန်းတော်ဝိသာခသည် ငါးဝါရသည်အထိ ဒွေမာတိကာကို လေ့လာသင်ယူပြီးနောက် ငါးဝါမြောက်ဝါကျွတ်တွင် ပဝါရဏာပြုပြီးလျှင် မိမိနှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကိုယူလျက် ကျောင်းတစ်ကျောင်းတွင် လေးလစီ-လေးလစီ ရွှေ့ပြောင်းနေကာ တရားအားထုတ်နေသည်။

စိတ္တလတာမည်သော တောင်ကျောင်းသို့ ကြွတော်မူရာတွင် လမ်းနှစ်ခွကို တွေ့တော်မူရာ အဘယ်လမ်းမှန်မည်ကို ကြံစည်တော်မူလျက်ရှိစဉ် တောစောင့်နတ်က စိတ္တလတာကျောင်း သွားရာလမ်းကို ညွှန်ပြလိုက်လေသည်။

ထိုစိတ္တလတာကျောင်း၌ လေးလမျှ သီတင်းသုံးတော်မူပြီးလျှင် နက်ဖြန်မိုးလင်းသည့်အခါ၌ အခြားသို့ကြွမည်ဟု ကြံစည်အာရုံပြုကာ ကျိန်းစက်တော်မူလေသည်။

ထိုအခါ စင်္ကြံကျောင်းဦးမှ သပြေပင်စောင့်နတ်သည် စောင်းတန်းပြင်ဘက်တွင် ငိုနေလေသည်၊ ထိုငိုသံကိုကြားသဖြင့်

မထေရ်မြတ်က-

"ယခု ငိုနေတာမည်သူလဲ"

"တပည့်တော် သပြေပင်စောင့်နတ်ပါ ဘုရား"

"အဘယ့်ကြောင့် ငိုပါသလဲ"

"အရှင်ဘုရား ကြွသွားတော့မည်ဆို၍ ငိုပါသည်ဘုရား"

"ဒီအရပ်မှာ ငါနေသည့်အတွက် သင်တို့မှာအဘယ်သို့ အကျိုးကျေးဇူး ရှိနေပါသလဲ"

"အရှင်ဘုရား ဤအရပ်တွင် သီတင်းသုံးနေထိုင်သဖြင့် တပည့်တော်တို့ နတ်များအချင်းချင်းလည်း မေတ္တာစိတ် ရကြပါသည်၊ အရှင်ဘုရား ကြွသွားတော်မူပါလျှင် ခိုက်ရန်ဖြစ်ကြပါလိမ့်မည်၊ ရုန့်ရင်းကြမ်းတမ်းသော စကားများ ပြောလာကြပါလိမ့်မည် ဘုရား"

"ဤအရပ်မှာ ငါနေသဖြင့် သင်တို့တတွေ ချမ်းချမ်းသာသာ နေရသည်မှန်က ကောင်းလှပေတယ်"

ဝိသာခမထေရ်မြတ်က ဤသို့မိန့်ကြားပြီး နောက်ထပ် လေးလ ဆက်လက်သီတင်းသုံးပြီး တရားအားထုတ်နေသည်။

လေးလပြည့်၍ အခြားသို့ကြွမည်ဟု ကြံစည်ပြန်ရာ နတ်လည်း ရှေးနည်းအတူ ငိုပြန်သဖြင့် ဝိသာခမထေရ်သည် နောက်ဆုံးပရိနိဗ္ဗာန်ပြုသည်အထိ ထိုအရပ်၌ နေထိုင်သီတင်းသုံးလေသည်။

မေတ္တာစိတ်ရှိသော သူတော်ကောင်းတို့ နေရာပတ်ဝန်းကျင်၌ နတ်များသည်ပင် အချင်းချင်း ချစ်ခင်မြတ်နိုး၍ နေထိုင်ကြသော သီဟိုဠ်ဝင်လာ ထင်ရှားသော အဖြစ်အပျက်တစ်ခုပင် ဖြစ်ပါသည်။

## မဟာသမယသုတ်ကိုမြတ်နိုးသော ကံ့ကော်ပင်စောင့်နတ်သမီး

သီဟိုဠ်ကျွန်း၊ ကောဋ္ဌိပဗ္ဗတအမည်ရှိသော ကျောင်းတိုက်ဝယ် နာဂလေဏအမည်ရှိသော လိုဏ်ဂူတစ်ခုရှိသည်၊ ထိုလိုဏ်ဂူဘေးတွင် ပေါက်နေသော ကံ့ကော်ပင်၌ နတ်သမီးတစ်ယောက် နေလေသည်။

တစ်နေ့ဝယ် ရဟန်းငယ်တစ်ပါးသည် ထိုလိုဏ်ဂူအတွင်း၌ မဟာသမယသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်၍နေရာ ကံ့ကော်ပင်စောင့် နတ်သမီးကလေးသည် အားရဝမ်းသာ ကြည်ညိုစွာ နာနေသည်၊ ရဟန်းငယ်၏ မဟာသမယသုတ် သရဇ္ဈာယ်အပြီးတွင် အသံဆွက်၍ ကောင်းချီးမောသာခု ခေါ်လေသည်။

နတ်သမီး၏အသံကို ကြားသောအခါ ရဟန်းငယ်က-

"ယခု ကောင်းချီးပေးသူသည် အဘယ်သူနည်း"

"တပည့်တော်မက ဂူဝက ကံ့ကော်ပင်စောင့် နတ်သမီးဖြစ်ပါသည် ဘုရား"

"အဘယ်ကြောင့် ကောင်းချီးပေးပါသလဲ"

"တပည့်တော်မ မဟာသမယသုတ်ကို မဟာဝုန်တော၌ ဘုရားရှင်ဟောကြား၍ နာရသည့်အတွက် ယခုတစ်ဖန် ကြားနာရခြင်း ဖြစ်ပါသည်၊ ယခု အရှင်ဘုရား ရွတ်ဖတ်သရဇ္ဈာယ်သော မဟာသမယသုတ်သည် ဘုရားရှင် ဟောတော်မူချက်နှင့် တစ်ရံတစ်ပါဒမျှ ကွဲလွဲခြင်းမရှိ၊ မှန်ကန်ပါသည်ဘုရား"

"နတ်သမီး မဟာသမယသုတ်ကို ဘုရားရှင်ဟောကြားသောအခါ၌ လာရောက်ကြသော နတ်ဗြဟ္မာတို့ အလွန်များပြားလှသဖြင့် ကျည်တောက်ထဲ၌ အပ်များ အပြည့်ထည့်ထားသကဲ့သို့

ဖြစ်သည်ဟု မှတ်သားမိရပါသည်၊ ထိုနတ်ပြဟ္မာများ အကြားဝယ် အသင်နတ်သမီးက အဘယ်ဒေနရာမှနေ၍ မဟာသမယသုတ်ကို နာယူခဲ့ရပါသလဲ”

“ထိုအခါက တပည့်တော်မသည် မဟာဝုန်တော၌နေသော နတ်သမီးဖြစ်ပါ၏၊ သို့သော် မဟာသမယသုတ်တရားသဘင်သို့ တန်ခိုးကြီးသော နတ်ပြဟ္မာများ လာရောက်ကြသည်မှာ များလွန်းလှသဖြင့် ဇမ္ဗူဒိပ်ကျွန်းမှာ တပည့်တော်မအတွက် နေရာမရနိုင်ပါ၊ သို့အတွက် တပည့်တော်မ ဤသီဟိုကျွန်းသို့လာပြီး ဇမ္ဗူကောလပဋ္ဋသဘော်ာဆိပ်၌နေ၍ တရားနာရန် ကြိုးစားပါသည်၊ သို့ရာတွင် တန်ခိုးကြီးသောနတ်များ ထပ်မံရောက်လာသဖြင့် ရှောင်ဖယ်ပေးရပါသည်။

နောက်ဆုံး၌ တပည့်တော်မသည် ရောဟဏဇနပုဒ်၊ မဟာဂါမရွာကြီး၏ အနောက်ဘက်၌ရှိသော မဟာသမုဒ္ဒရာရေစပ်မှာ လည်ပင်းထိအောင်ဆင်းပြီး တရားကိုနာရပါသည်။

“နတ်သမီး ဘယ်တရား နာရသောနေရာသည် ဘုရားရှင်တရားဟောရာ မဟာဝုန်တောနှင့် အလွန်ကွာဝေးလှပါသည်၊ အသင်၏ နေရာကနေ၍ ဘုရားရှင်ကို ဖူးမြင်နိုင်ပါသလော”

“အရှင်ဘုရား အဘယ်ကဲ့သို့ မိန့်ကြားပါသနည်း၊ ထိုစဉ်အခါက မဟာဝုန်တော၌နေ၍ မဟာသမယသုတ်ကို ဟောနေတော်မူသော ဘုရားရှင်သည် တပည့်တော်မကို မပြတ်ကြည့်ပြီး ဟောနေတော်မူသည်ဟု ထင်မှတ်ရပါသည်ဘုရား၊ ထို့ကြောင့်ပင် တပည့်တော်မသည် ရံဖန်ရံခါ လှိုင်းတံပိုးတို့၏အကြား၌ ပုန်းကွယ်၍ နေရပါသည်ဘုရား”

"နတ်သမီး မဟာသမယသုတ်ကို ဟောကြားတော်မူသော အခါ ကုဋေတစ်သိန်းလောက်သော နတ်ဗြဟ္မာတို့ အရဟတ္တဖိုလ် သို့ရောက်ကြသည်ဟု သိရသည်။ အသင်နတ်သမီးကော အရဟတ္တ ဖိုလ်သို့ မျက်မှောက်ပြုရပါ၏လော"

"မပြုခဲ့ရပါဘုရား"

"ဒါဆို သကဒါဂါမိဖိုလ်ရော"

"မပြုခဲ့ရပါဘုရား"

"မဟာသမယသုတ်ကို ဟောပြီးသောအခါ အောက်မဂ်၊ အောက်ဖိုလ်ကို မျက်မှောက်ပြုကြသော နတ်ဗြဟ္မာတို့ မရေမတွက် နိုင်အောင် များပြားကြောင်း ကြားသိရဖူးပါသည်၊ အသင်နတ် သမီးသည် သောတာပတ္တိဖိုလ်လောက်ကိုတော့ မျက်မှောက်ပြုခဲ့ ရသည် မဟုတ်ပါလော၊ မဟာသမယသုတ်ဟောကြားပြီးကတည်း က သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ပြီး နတ်သမီးဖြစ်ပါသည်၊ သောတာပတ္တိဖိုလ်မျှသာ ရောက်သဖြင့် ရှက်စနိုးဖြစ်လော"

"အရှင်ဘုရားသည် မမေ့အပ်သော အရာကို ထပ်ခါ တလဲလဲ မေးနေဘိသည်"

"အသင်နတ်သမီး အသင်နတ်သမီး၏ ရုပ်ကို ကျွန်ုပ်မြင် အောင် ပြနိုင်ပါသလော"

"တစ်ကိုယ်လုံးပြခြင်းငှာ မတတ်ကောင်းပါ၊ လက်တစ် ဆစ်မျှကိုသာ ပြနိုင်ပါသည်"

ထိုသို့ လျှောက်ထားပြီး ကံ့ကော်ပင်စောင့်နတ်သမီးသည် လိုဏ်ဂူတံခါး၏ သံကောက်ပေါက်မှ လက်ချောင်းကလေးကို သွင်း ၍ ပြလိုက်သည်၊ ထိုလက်ချောင်းကလေးမှ ထွန်းတောက်သော

အရောင်သည် လပေါင်းတစ်ထောင် ထွန်းလင်းသကဲ့သို့ တောက်ပလေသည်။

"အရှင်ဘုရား ရဟန်းတရားကို မမေ့မလျော့ မပေါ့ဆဘဲ အားထုတ်၍ နေတော်မူပါဘုရား"

ဟု လျှောက်ထားပြီး ကွယ်ပျောက်သွားလေသည်။

## ရက္ခစိုးနတ်ကြီးက လမ်းပြလိုက်ပို့ခဲ့ရသော တောင်တန်းသာသနာပြုဆရာတော်ပုသိမ်ဦးဝိမလ

မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်ရောက်ရှိချိန် တောင်တန်းဒေသများသို့ မြန်မာဘုန်းကြီးများ သွားရောက်ခွင့်မရှိသော အချိန်ကာလတွင် ပုသိမ်ဦးဝိမလသည် ဆရာတော် ဦးဝိစာရ၏ တိုက်တွန်းလမ်းညွှန်ချက်ကို အားကျပြီး ချင်းတောင်သို့ လျှို့ဝှက်စွာ သွားရောက်ပြီး သာသနာပြုရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။

အလွန်တရာ သွားလာခက်ခဲသော ကျယ်ပြန့်သော ချင်းတောင် ဒေသသာသနာပြုလုပ်ငန်း လုပ်တော့မည်ဆိုလျှင် မေတ္တာကမ္မဋ္ဌာန်းနှင့် ပဋ္ဌာန်းဒေသနာတော်ကျမ်းကို မပြတ်ပွားများအား ထုတ်ပြီး ကိုယ်လုံသက်စောင့်ထားကာ သာသနာပြုရန်လည်း ဆုံးဖြတ်ခဲ့ပါသည်။

သို့အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် ကန်ပက်လက်မှတစ်ဆင့် တောင်ပိုင်းချင်းပြည်နယ်ဘက်သို့ ကြွရောက်ခဲ့ပါသည်၊ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါသည်၊ ဆင်းရဲဒုက္ခ အမျိုးမျိုးလည်း ဖော်ပြ၍ မစွမ်းနိုင်လောက်အောင် ကြုံတွေ့ခဲ့ရပါသည်။

ချင်းတောင်ဒေသတွင် ဗုဒ္ဓဘာသာမရှိ၊ နတ်ကိုးကွယ်သူများသာ များပါသည်၊ အချို့ မြို့ပြဆန်သော ဒေသအနည်းငယ်၌ ခရစ်ယာန်တို့က သာသနာပြုနေကြပြီး ဖြစ်သည်။

အခါတစ်ပါးတွင် ကျွန်ုပ်သည် နောက်ပါတပည့်လေး တစ်ဦးနှင့်အတူ ချင်းတောင်လူသူနှင့် ရွာဆက်ပြတ်သော ခရီးတစ်ခုကို မိုးတွင်းကာလတွင် ကြွသွားမိပါသည်၊ ကြွသွားစဉ်ကတော့ ရာသီဥတု သာယာသလိုလိုရှိသည်၊ (၂)နာရီလောက်လျှောက်မိလျှင် မိုးမချုပ်မီကြွလိုသော ချင်းရွာကလေးသို့ ရောက်မည်ဟု ခန့်မှန်း၍ ကြွခဲ့ခြင်း ဖြစ်ပါသည်။

တစ်တောင်ဆင်း တစ်ဟောင်တက်ဖြင့် ကြွခဲ့ရာ တစ်နာရီကျော်မျှ ကြွပြီးသော် မမျှော်လင့်သော မုန်တိုင်းမိုးကြီးသည် သည်းသည်းမဲမဲ ကျရောက်ရွာချပါတော့သည်၊ လမ်းဟူ၍ သဲကွဲစွာမမြင်ရတော့ပါ၊ ပါလာသော တပည့်လေးမှာ ကြောက်ရှာလွန်း၍ ကျွန်ုပ်ကို တစ်အားဖက်ကာ တုန်လှုပ်နေပါသည်။

ကျွန်ုပ်သည် ရှေ့သို့ဆက်လက် သွားမရတော့၊ တောင်စောင်းဘေးရှိ သစ်ပင်ကြီးတစ်ပင်အောက်သို့ ခဏဝင်ကာ မိုးခိုရပါတော့သည်၊ မိုးခိုရင်း တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ်စသည်တို့ကို မေတ္တာပို့သရပါသည်၊ ရှေ့ခရီးမဆက်နိုင်တော့သည့်အတူ ပဋ္ဌာန်းဒေသနာတော် ပစ္စနိဒ္ဒေသကို ရွတ်ဖတ်ပွားများနေရပါသည်၊ မိုးကလည်း သည်းသည်ထက် သည်းလာပါသည်၊ လေကလည်း ပြင်းလာပါသည်၊ ကျွန်ုပ်ကမူ ပဋ္ဌာန်းဒေသနာကိုသာ အာရုံစိုက်၍ ရွတ်ဖတ်ပူဇော်နေရပါသည်၊ ပဋ္ဌာန်းရွတ်ဖတ်၍ သုံးခေါက်အဆုံးတွင် ပတ်ဝန်းကျင်၌ အလင်းရောင်တစ်ခု ပေါ်လာသည်၊ ကျန်အပိုင်းတွင် မည်းမှောင်နေပါသည်။

မျက်စိဖွင့်၍ အာရုံပြုကြည့်လိုက်သောအခါ ချင်းလိုလို တောခေါင်းလိုလို ဒါယကာတစ်ဦး မီးအိမ်နှင့် ပေါ်လာပါသည်။

"ဟော့. . မြန်မာဘုန်းကြီး. . . နင်. . ဒီမှာကြာကြာ နေရင် သေလိမ့်မယ်၊ နင်တို့ ဘယ်ကိုသွားမှာလဲ"

ဟု မေးသည်။

မြန်မာစကားအသံဝဲဝဲနှင့် မေးနေ၍ မြန်မာစကားတတ်သော ဒကာတစ်ဦးဟု ထင်မှတ်မိပါသည်။

"ဟိုဘက်တောင်ထိပ်က ဇုန်းခမွိုးရွာကို သွားမလို့၊ မိုးလေကျပြီး မိုးမှောင်နေလို့ သွားမရလို့ ဒီမှာခဏစောင့်နေတာ"

"ဒါဖြင့်. . . လာ၊ ငါလိုက်ပို့ပေးမယ်"

"မိုးတွေသည်းနေတယ်လေ၊ သွားလို့ရမှာ မဟုတ်ဘူး"

"ရပါတယ်၊ မိုးနည်းသွားပါပြီ"

ထိုခဏမှာပင် ထက်ဝန်းကျင်၌ မိုးစဲသွားပါသည်၊ လေသည်လည်း ငြိမ်သက်သွားသည်၊ တစ်ဖာလုံလောက် ပတ်ဝန်းကျင်တွင်မူ မိုးရောလေပါ သည်းလျက်ပင် ရှိနေသေးသည်။

ထိုဒကာ မီးထိုးပြရာနောက်သို့ လိုက်သွားပါသည်၊ မိုးကားစဲသွားရာ လမ်းတစ်လျှောက်၌ မိုးကင်း၍နေပါသည်၊ မှန်အိမ်ရောင်ကလည်း အမှောင်ထဲမို့လားမသိ၊ အတော်ပင် လင်းထိန်နေပါသည်။

ထိုဒကာ မီးအိမ်ပြမှုဖြင့်ပင် ရည်ရွယ်ထားသောရွာသို့ ရောက်ခဲ့ပါသည်၊ ရွာရောက်၍ မိမိနေရာ တဲကျောင်းသို့ လိုက်ပို့သောအခါ လိုက်ပို့သောဒကာသည် ပြန်တော့မည်ဟုဆိုကာ ပြန်ထွက်သွားသည်၊ မကြာခင် ထိုဒကာသည် မြင်ကွင်းမှ ချက်ချင်း ပျောက်ကွယ်သွားပါသည်။

ကျောင်းထဲသို့ ရောက်သောအခါ တပည့်က-

"ဘုန်းကြီး. . . ဒီချင်းကြီးက ဘယ်ကရောက်လာပြီး ဘယ်လိုလုပ်ပြီး တပည့်တော်တို့ကို လိုက်ပို့တာလဲမသိဘူး၊ အခုလည်း ဘယ်ရောက်သွားလဲမသိဘူး၊ အမှောင်ထဲဝင်သွားပြီး မီးရောင်လည်း ပျောက်သွားတာပဲဘုရား"

"တောကွယ်သွားတာ ဖြစ်မှာပေါ့ကွ"

"မဟုတ်ဘူး- ဘုန်းကြီးက ကြည့်မနေလို့၊ တပည့်တော်က သူ့ကိုထူးဆန်းလို့ လိုက်ကြည့်နေတာ၊ သူ့ကို စတွေ့ကတည်းက တပည့်တော်လည်း ကြောက်စိတ်တွေပြေသွားတယ်၊ ပြီးတော့ သူလာတာကလည်း အနားရောက်မှမြင်ရတာ၊ မီးရောင်ကိုအဝေးကြီးထဲက မြင်ရတာမဟုတ်ဘူး၊ အနားရောက်မှ ဖြုန်းခနဲမြင်ရတာဘုရား"

"ဟေ-ဟုတ်လား. . . ငါကတော့ မျက်စိမှိတ်ပြီး ဘုရားအာရုံပြုပြီး ပဋ္ဌာန်းရွတ်နေတော့ မသိလိုက်ဘူးကွဲ့"

"အခုလည်း မှောင်ထဲကနေ ရုတ်ချည်းပျောက်သွားတာပါဘုရား၊ သရဲထင်တယ်"

"ဟဲ့-သရဲဆိုရင် တို့ကို ဘယ်လိုက်ပို့ပါမလဲကွဲ့၊ တို့က သာသနာပြု သူတော်ကောင်းတွေမို့ နတ်ကောင်းနတ်မြတ်တွေက လူယောင်ဆောင်ပြီး လိုက်ပို့တာ နေမှာပေါ့ကွဲ့"

ကျွန်ုပ်က ဤသို့မိန့်ကြားပြီး လုပ်စရာရှိသော ဝတ်များကို ပြုလုပ်ပြီး အနားယူရပါသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ ဝေယျာဝစ္စ၊ တရားအားထုတ် မေတ္တာပို့မှုပြီးသောအခါ ကျွန်ုပ်ကို လိုက်ပို့သော ဒကာအကြောင်း

ကို စဉ်းစားမိပါသည်၊ မှန်ပါသည်၊ ဤလမ်း၊ ဤခရီးတွင် ဤမျှ မည်းမှောင်သောခရီး ကြမ်းတမ်းသောခရီးတွင် မည်သူမျှ ကျွန်ုပ်တို့ ဒုက္ခရောက်နေသည်ကို သိမည်မဟုတ်ပါ၊ ဤသို့သောဒကာ ပေါ်လာစရာလည်း မရှိပါ။

မေတ္တာတန်ခိုးတော်၊ ပဋ္ဌာန်းတန်ခိုးတော်တို့ကြောင့် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုးနတ်တစ်ပါးပါးက လူယောင်ဆောင်ပြီး လိုက်ပို့ခြင်းဖြစ်မည်ဟု ယုံကြည်မိသွားသည်။

သို့အတွက် ကျွန်ုပ် ချင်းတောင်သာသနာပြုလုပ်ငန်းတွင် ဤကဲ့သို့ အခက်အခဲများကို ကူညီသော နတ်ကောင်းနတ်မြတ်များ ရှိသည်ကို သိရ၍ သာသနာပြုလုပ်ငန်းလုပ်ရာတွင် အားကြိုးမာန် တက်စိတ် ဝင်မိခဲ့ပါသည်၊ ဇွဲသတ္တိလည်း ပိုမိုရရှိမိပါသည်။

သာသနာတော်အတွက် သာသနာပြုကြမည့် ရဟန်း တော်များသည် မိမိနိုင်ငံ၊ မိမိအမျိုးသားအတွက် ကြိုးစားကြရန် တိုက်တွန်းအပ်ပါသည်။

*(ပုသိမ်ဦးဝိမလမိန့်ကြားချက်)*
*ဗုဒ္ဓသာသနာအလင်း၊ အတွဲ-၁၊*
*အမှတ်-၈၊ ၁၉၇၉ ခု၊ ဧပြီလ)*

## ရက္ခစိုးနတ်က ကူညီပေးခဲ့ရသော ဘိုင်ဘင်ဆရာတော်

ရွှေလီမြစ်ကမ်းနံဘေးတွင် ဘိုင်ဘင်ဟူသော အိမ်ခြေ (၂၅)အိမ်မျှသာရှိသော ရွာတစ်ရွာ ရှိပါသည်။ ရွာဦးကျောင်းဆရာ တော်ကား သက်တော် (၃၀)မျှသာ ရှိသေးသည့် ဦးပညာဇောတ ဖြစ်သည်။

ဦးပညာဇောတသည် ဝန်းသိုမြို့၊ ခန္တီပရိယတ္တိ စာသင်တိုက်၌ ပညာဆည်းပူးခဲ့ရုံမျှမက အဘိဓဇမဟာရဋ္ဌဂုရုဝန်းသိုဆရာတော်ဘုရားကြီးထံ၌ တရားများ အားထုတ်ခဲ့ဘူးသည်။

ထို့ကြောင့် ကလေးများ စာသင်ပြီး စာဝါနားသောအခါ ကျောင်းခေါင်းရင်းရှိ ညောင်ပင်ကြီးခြေရင်းတွင်ထိုင်ကာ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း ပြုလုပ်လေ့ရှိပါသည်။

ကျောင်းသည် ငြိမ်သက်အေးချမ်း၏။ ထို့ကြောင့် စိတ်ကြိုက်တရားအားထုတ်၍ ရခဲ့သည်။

တစ်ညတွင် ပြုလုပ်နေကျအတိုင်း ညောင်ပင်ရင်း၌ ထိုင်နေစဉ် အိပ်ပျော်သကဲ့သို့ ဖြစ်သွားသည်။ ထိုအခါ အိပ်မက်ထဲ၌ အဘိုးအိုတစ်ယောက် ရောက်လာပြီး. . .

"ကိုယ်တော် ဒီနားမှာ ကျောင်းဆောက်"

ဟုပြောပြီး ပျောက်သွားသည်။ ချက်ချင်း သတိရလာသည်၊ အိပ်မက်ဟုယူဆကာ ဤအကြောင်းကို မေ့ပျောက်ထားလိုက်သည်။ အမှတ်မရှိသော ညတစ်ညတွင် ယင်းကဲ့သို့ အိပ်ပျော်သလိုဖြစ်ကာ အဘိုးအို ပေါ်လာပြန်သည်။

"အရှင်ဘုရား. . . ကျောင်းဆောက်ဖို့ မလုပ်သေးဘူးလား. . ."

"ဒကာကြီး. . . ဦးပဉ္ဇင်းမှာ ကျောင်းဆောက်ဖို့ အင်အားမရှိပါဘူး. . ."

"ဆောက်သာဆောက်ပါ. . . အားမငယ်ပါနဲ့"

ယင်းသို့ပြောပြီး ပျောက်သွားသည်။

ဦးပညာဇောတသည် ကျောင်းဆောက်မည့် အစီအစဉ်

မရှိပါ။ ရွာမှာလည်း ရွာသိမ်ရွာငယ်ဖြစ်၍ စိတ်ကူးမျှပင် မထည့်ရဲခဲ့ပါ။ ထို့ကြောင့် ဤအကြောင်းကို မေ့ပစ်လိုက်သည်။

တစ်နေ့တွင် ဒကာတစ်ယောက် ကျောင်းပေါ်တက်လာသည်။ ထိုဒကာကပင် ကျောင်းဆောက်၍ လှူလိုကြောင်း တစ်ဦးတည်း တာဝန်ယူမည်ဖြစ်ကြောင်း လျှောက်ထားပြီး ပြန်သွားလေသည်။

ဦးပညာဇောတသည် ရပ်ရွာဒကာများကို ခေါ်ပြီး ထိုဒကာ ကျောင်းဆောက်နိုင်စေရန် မြေနေရာရှင်းလင်းပေးဖို့ တိုင်ပင်သည်။ ယင်းသို့ ကျောင်းဆောက်ရန် ကျောင်းဝင်းနေရာရှင်းလင်းရာ ကျောင်းနေရာနှင့် ညောင်ပင်သည် မလွတ်မလပ် ဖြစ်နေသည်။ ထို့ကြောင့် ထိုညောင်ပင်ကြီးကို တူး၍ပစ်ပြီး မြေညှိလိုက်ကြသည်။

ထိုညတွင် အိပ်မက်ထဲ၌ အဘိုးအိုပေါ်လာပြီး. . .

"အရှင်ဘုရား. . ဘယ်လိုလုပ်လိုက်တာလဲ. ."

"ဘာဖြစ်လို့လဲ. . ဒကာကြီး"

"ညောင်ပင်ကြီးလှဲလိုက်တော့ တပည့်တော် နေစရာမရှိဖြစ်သွားပြီ. . ."

ယင်းသို့ပြောပြီး ပျောက်ကွယ်သွားပြန်သည်။

အိပ်ရာမှ နိုးသောအခါ အိပ်မက်မဟုတ် ရုက္ခစိုးနတ်ကြီးပင် ဖြစ်ရမည်ဟု ယူဆပြီး ကျောင်းနှင့် မနီးမဝေးနေရာတွင် နတ်ကွန်းဆောက်ပေးလိုက်သည်။

ကျောင်းဆောက်လုပ်မှု ပြီးဆုံးခြင်းရောက်သဖြင့် ၁၃၅၁-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၂)ရက်နေ့တွင် ရေစက်ချပြီး

လှူဒါန်းခဲ့ပါသည်။ ကျောင်းဒကာဆိုသူကား ရွှေလီသူဌေးဟု သတင်းကြီးသည့် မိုးလုံရွာ ဦးဘတုတ်နှင့် ဇနီး ဒေါ်ခင်ညိုတို့ပင် ဖြစ်ပါသည်။

ငင်းတို့သည် ယနေ့ထက်တိုင် အသက်ထင်ရှားရှိဆဲ ဖြစ်ပါသည်။

*ထီးချိုင့် – ရွှေညတ်*
*ဗုဒ္ဓဓမ္မလောကစာစောင် အတွဲ–၃၆၊ အမှတ်–၁*
*၁၃–၈–၉၀*

## လယ်တီပဏ္ဍိတ ဦးမောင်ကြီးနှင့် ရုက္ခစိုးနတ်ကြီး

လယ်တီတိုက်ရှိ ရုက္ခစိုးကြီးသည် ယခုအခါ မုံရွာ၌ အလွန်တန်ခိုးကြီးနေသော နတ်မင်းကြီးတစ်ပါး ဖြစ်နေပါသည်။ လယ်တီ ရုက္ခစိုးဘိုးဘိုးကြီးနေသော ထနောင်းပင်ကြီးနှစ်ပင်မှာ လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးရာ စကြံကျောင်းရှေ့တည့်တည့် ကိုက်(၂၀)ခန့်ကွာတွင် တည်ရှိသည်။ ယခု ကျောက်စာတိုင်နှင့် ကျောချင်းကပ်ရှိသည်။ ယခု လယ်တီတိုက် ဘဏ္ဍာရေးမှူး ဦးဘလှ (သဘော်သူဌေး)က ဗိမာန်တည်ဆောက်ပေးထားသည်။

(ရုက္ခစိုးကြီးနှင့် ပတ်သက်၍ ပထမကျော် လယ်တီဦးကောဝိဒ ရေးသားသော လယ်တီပဏ္ဍိတ ဦးမောင်ကြီးနှင့် အနုပတ္တိကထာ နောက်ဆက်တွဲတွင် ထနောင်းပင်နတ်မင်းကြီးနှင့် လယ်တီပဏ္ဍိတအမည်ရှိသော အကြောင်းအရာ ပါဝင်ပါသည်။)

အခါတစ်ပါး လယ်တီပဏ္ဍိတ ရဟန်းတော်သည် ထိုရုက္ခစိုးဘိုးဘိုးကြီးကို သက်ရှိထင်ရှား တွေ့မြင်ရသည်။ အတောင်တစ်

ရာခန့်ဝေးသော အရပ်မှ ထနောင်းပင်ခြေရင်းတွင် တွေ့မြင်ရသဖြင့် ဒ္ဓဟန်းတော်သည် တရားတော်ကို နှလုံးသွင်းလျက် သတိကို မြဲစွာဆုပ်ကိုင်ကာ ရက္ခစိုးနတ်မင်းကြီးရှိရာသို့ ချဉ်းကပ်သွားသည်။

ရက္ခစိုးနတ်မင်းကြီးအနီးသို့ ရောက်လျှင် လယ်တီပဏ္ဍိတ ရဟန်းတော်သည် "ငါ့အား ချမ်းသာပေးမည့် ဒကာကြီး"ဟူသော အမှတ်ဖြင့် ရဲတင်းစွာ အနီးသို့ ချဉ်းကပ်သွားသည်။ ထိုအချိန်တွင် ရက္ခစိုးနတ်မင်းကြီးသည် ငြိမ်သက်စွာ ထနောင်းပင်အရိပ်တွင် ဖိတ်ဖိတ်တောက်မျှ ဖြူဆွတ်သော အဝတ်ပုဆိုးဖြင့် တင့်တယ်စွာ ရပ်လျက်ရှိသည်။

ရက္ခစိုးနတ်မင်းကြီး၏ ဝတ်ပုံစည်းပုံမှာ အပေါ်ဝတ်ရုံသည် အင်္ကျီရှည်ကြီးသဖွယ်ဖြစ်၍ အောက်ခြေသလုံးအရောက် ဖုံးအုပ်ထားသည်။ ယခုကာလ လူများဝတ်သကဲ့သို့ မဟုတ်ချေ။ အတွင်းခံပုဆိုးသည် ဖွေးဖွေးဖြူလျက် လူတို့၏ဘုံမှာ မတွေ့ဖူးသော အရောင်အဆင်း လှပလေသည်။ ပုဆိုးရှည်သဖွယ် ထင်ရသည်။ ရိုးရိုးပုဆိုးကဲ့သို့ မဟုတ်ချေ။

ဦးခေါင်းမှာလည်း ဆံပင်ရှည်ကို သျှောင်ထုံးဖွဲ့ထားသည်ဟု ထင်ရသည်။ ခေါင်းပေါင်းအဖြူကို ရှေးရေဆေးပန်းချီကားများမှာ ပါရှိသော ဇော်ဂျီရုပ်ကဲ့သို့ အုပ်ပေါင်းပေါင်း၍ ထားသည်။

လူပုံမှာ တစ်ခါက ညဥ့်သန်းခေါင်တွင် တွေ့မြင်ရသောသူကဲ့သို့ပင် ဖြစ်ပါသည်။ အလွန်လှပသည့် မျက်နှာသန့်ရှင်းသည်။ အသားမှာ ဝါသကဲ့သို့ ထင်ရသည်။ မျက်လုံးနှစ်ဖက်လည်း မျက်စဉ်းကျောက်ညိုကို လိမ်းကျံထားသကဲ့သို့ ရက္ခစိုးနတ်မင်းကြီးမှာ ထနောင်းပင်ရိပ်တွင် ရပ်နေခြင်းဖြစ်၍ လရောင်နှင့် အနည်းငယ်

ပေးကွာသည်။ သို့ရာတွင် ထနောင်းပင်အရိပ်တစ်ခုလုံး ပြိုးပြိုး ပြက်ပြက် တစ်ခဲနက် တောက်ပြောင်၍ အဖြူရောင်များ ထွန်းပနေ သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသည်။

"ဒကာတော် ရုက္ခစိုးနတ်မင်းကြီး. .၊ ဒကာတော်အား ဦးပဥ္စင်းက အမြဲမေတ္တာပို့သနေပါသည်။ ပြုသမျှကုသိုလ်အဖို့ဘာဂ ကိုလည်း အမျှပေးဝေပါသည်။ တရားကျမ်းဂန် ပိဋကတ်များကို ဖြည့်ဆည်းချိန်မှာဖြစ်စေ၊ စာပေကျမ်းဂန်များကို သင်အံပို့ချချိန်မှ ဖြစ်စေ၊ ပဋိပတ်အလုပ်ခွင်ဝင်၍ ကမ္မဋ္ဌာန်းတရားကို အားထုတ် သည်ဖြစ်စေ၊ ဆရာတော်ဘုရားကြီးအား ဦးချကန်တော့သည့်အခါ ဖြစ်စေ၊ ဒကာတော်အား မေ့လျော့သည်မရှိပါ။ လွန်ခဲ့သော တစ်နှစ်ခန့်က ပျဉ်းမနားမြို့တွင် ဒကာတော်ကြီးကိုယ်တိုင် ဦးပဥ္စင်း အား လာရောက်သတိပေးသည်ကိုလည်း အမြဲသတိရှိနေပါသည်။ ယခု တွေ့ကြုံခိုက် ပြောပါရစေ. . ."

ဆိုပြီး လယ်တီပဏ္ဍိတ ရဟန်းတော်က. . .

"ယခုအခါ မြန်မာပြည်တစ်လွှား လယ်တီဆရာတော် ဘုရားကြီးနှင့်အတူ သူသည် လိုက်ပါ၍ သာသနာပြုလုပ်ငန်းများ ကို လုပ်နေကြပုံ၊ ယခုတစ်ကြိမ်သာ ဆရာတော်ဘုရားကြီးက ကျောင်း၌ စောင့်ရှောက်ရန်ထားခဲ့၍ နေခဲ့ရစဉ် ဒကာတော် ရုက္ခစိုးနှင့် တစ်ဖန်တွေ့ရပုံ၊ ဆရာတော်ဘုရားကြီးကလည်း ဒကာ တော်အကြောင်းကို မကြာခဏ အမိန့်ရှိပုံ၊ သာသနာနှင့် အခြား ရေးရာ လယ်တီတိုက်တာ အရေးအရာတို့ကို အခါမပြတ် စောင့် ကြပ်ကူညီပါ. . ."

ဟု တိုက်တွန်းစကား ပြောဆိုခဲ့သည်။

ဤစကားများအဆုံးတွင် ရက္ခစိုးနတ်မင်းကြီးသည် ဦးသုံးကြိမ်ချလျက် ထိုနေရာမှပင် ကွယ်ပျောက်သွားကြောင်း ရေးသားထားပါသည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် ရဟန်းဘဝမှ လူထွက်၍ လူဝတ်နှင့်နေစဉ်ကာလဝယ် ထိုရက္ခစိုးဘိုးဘိုးကြီးကို အမြဲရှိသေပူဇော်ခဲ့သည်။

ထိုရက္ခစိုးနတ်ကြီးသည် လယ်တီဆရာတော်ဘုရားကြီး၏ မိတ်ဆွေလည်းဖြစ်ပြီး လယ်တီတိုက်ကို အစဉ်စောင့်ရှောက်နေသူလည်းဖြစ်ကြောင်း သိရပါသည်။

## ကျောင်းစောင့်နတ် ကယ်တင်ခံရသော ဒက္ခိဏာရုံဆရာတော် ဦးစန္ဒိမာ

ဆရာတော် ဦးစန္ဒိမာသည် ဖြူးမြို့နယ်၊ ညောင်ပင်သာဘူတာရွာ၌ စတင်ကျောင်းထိုင်ခဲ့ပါသည်။ ၁၉၄၂-ခုနှစ် ဂျပန်များဝင်ရောက်လာသောအခါ ထိုညောင်ပင်သာရွာထိပ်ကို လေယာဉ်ကွင်းပြုလုပ်သဖြင့် ကျောင်းဖျက်ဖယ်ပေးရသဖြင့် ဖြူးမြို့သို့ ရောက်ရှိခဲ့ရသည်။

ဖြူးမြို့၊ ပဲခူးလမ်းနေ ကုန်သည် ဦးဘိုးခိုင်၊ ဒေါ်မိလေးတို့က ဖြူးမြို့တောင်ဘက်တွင် မြေကေ (၁၂)ကေကို ဝယ်ယူပြီး ယာယီကျောင်းဆောက်ပေးပြီး သီတင်းသုံးစေသည်။

၁၉၄၅-ခု ဂျပန်အပြေး အင်္ဂလိပ်အဝင် အုပ်ချုပ်ရေး မတည်ငြိမ်သော အချိန်ကာလတွင် ကျောင်းဒါယကာ ဦးဘိုးခိုင်၊ ဒေါ်မိလေးတို့က သိမ်ဆောက်ရန် စီမံကြသည်။

ထိုအချိန်တွင် သက်န်းမြောင်ရွာသား စိုးသိန်းဆိုသော

ခါးပြသည် ကျောင်းထိုင်ဘုန်းကြီး ဦးစန္ဒိမာထံတွင် ကျောင်း ဆောက်ရန် ငွေများအပ်ထားသည်ဟု ထင်မှတ်ကာ တစ်နေ့ညဉ့် သန်းခေါင်ယံအချိန်တွင် ကျောင်းကို ဖောက်ထွင်းဝင်လာပြီး ခါးပြ တိုက် ငွေတောင်းသည်။

အရှင်စန္ဒိမာက မိမိထံတွင် ငွေမရှိကြောင်း၊ ကြိုက်သလို ရှာယူပါဟု အမိန့်ရှိသည်။ ထိုသည်ကို ခါးပြလူဆိုး စိုးသိန်းက မကျေနပ်၊ လက်မခံ။ အရှင်စန္ဒိမာကို ကြိုးနှင့်တုပ်သည်၊ ရိုက်နှက် သည်၊ အရှင်စန္ဒိမာက မရှိကြောင်းသာ ပြောသည်။

ငွေတောင်းမရသောအခါ လူဆိုးစိုးသိန်းက အရှင်စန္ဒိမာ ကို မီးရှို့သတ်မည်ဟုပြောပြီး ရေနံဆီသွားရှာသည်။

ဤခါးပြသည် ငွေကိုထုတ်ပေးလျှင်ပေး၊ မပေးလျှင် မီးရှို့သတ်မည်ဟု ကြိမ်းဝါးကာ ရေနံဆီသွားရှာနေသည်။ ညဉ့် အချိန် တပည့်ဦးပဉ္စင်း၊ ကိုရင်ကျောင်းသားများလည်း အိပ်မော ကျနေပြီ။ မည်သူမျှ ဤအဖြစ်ကို သိကြမည်မဟုတ်၊ ငါ့မှာကလည်း ငွေမရှိ၊ ငါ့မှာ အားကိုးစရာဆို၍ ရတနာသုံးပါးသာ ရှိတော့သည်။ ငါလည်း မီးရှို့သတ်ခံရပါက ဘုရားရှင်ကို ငါပူဇော်နေကျ ပဋ္ဌာန်း ဒေသနာကို ရွတ်ဖတ်ပူဇော်၍ အသေခံမည်ဟု ဆုံးဖြတ်ပြီး ဘုရား ဘက်သို့လှည့်ပြီး ဘုရားရှင်ကို အာရုံပြုကာ ပဋ္ဌာန်း(၂၄)ပစ္စည်းကို ရွတ်ဖတ်ပူဇော်မိပါသည်။

ခါးပြလူဆိုးသည် အာလာဒင်မီးအိမ်မှ ရေနံဆီကို ယူလာ ပြီး အရှင်စန္ဒိမာပေါ်သို့ လောင်းချပြီး မီးရှို့ရန် မီးခြစ်ကိုခြစ်သည်။ မီးကမပွင့်ချေ။ ယခင်က အရှင်စန္ဒိမာ ဆေးလိပ်သောက်နေကျ ဓာတ်မီးခြစ်သည် ယခုခြစ်မရ ဖြစ်နေသည်။ စိုးသိန်းသည် အကြိမ်

ကြိမ် ကြိုးစားခြစ်သည်။ ခါတ်မီးခြစ်က မီးမပွင့်ချေ။ အရှင်စန္ဒိမာကမူ ဘုရားကို အာရုံပြုပြီး ပဋ္ဌာန်းကိုသာ ဆက်လက်ရွတ်ဖတ်ပူဇော်နေမိသည်။

ကျောင်းလေးပေါ်တွင် အရှင်စန္ဒိမာနှင့် စိုးသိန်းသာရှိသည်။ စိုးသိန်းက စိမ်ပြေနပြေ လုပ်ကိုင်ဆောင်ရွက်နေသည်။ စိုးသိန်းသည် အခြားမီးခြစ်ကို ရှာသည်။ အရှင်စန္ဒိမာ၏ စာအုပ်ပုံပျော့၌ နတ်သမီးတံဆိပ် သစ်သားမီးခြစ်ဘူးကို တွေ့သွားသည်။

စိုးသိန်းက ထိုမီးခြစ်ကိုယူ၍ ခြစ်ပြန်သည်။ ယမ်းသည် မတောက်ချေ။ ထိုအချိန်တွင် ကျောင်းအောက်မှ. . .

"ဆရာတော်. . ဘာဖြစ်နေပါသလဲ ဘုရား. . ."

ဟု တပည့် အရှင်ဥတ္တမအသံလိုလို မေးသံကြားရသည်။ ထိုအသံကိုကြားသော် စိုးသိန်းသည် ကြောက်လန့်တကြား ဝင်ပေါက်မှ ဆင်းပြေးသွားသည်။

စိုးသိန်းဆင်းပြေးသွားပြီးနောက် အရှင်စန္ဒိမာသည် အောက်ကအသံရှင် ကျောင်းပေါ်တက်လာလိမ့်မည်ဟု ထင်မှတ်ပြီး ပဋ္ဌာန်းဒေသနာကို ဆက်လက်ပူဇော်နေသည်။

ငါးမိနစ်ကြာလည်း တက်မလာ၊ ဆယ်မိနစ်ကြာလည်း တက်မလာ၍ နောက်ဆုံး အရှင်စန္ဒိမာသည် ပဋ္ဌာန်းပူဇော်မှု ပြီးဆုံးသောအခါ မည်သူမျှတက်မလာ၍ ကြိုးတုပ်လျက်ပင် ကျောင်းအောက်သို့ ဆင်းလာခဲ့ရသည်။ မည်သူမျှ မတွေ့ရ။ တပည့်ကြီးမှာရှင်ဥတ္တမနှင့် ကိုရင်ကျောင်းသားများအိပ်သော 'ဆွမ်းစားကျောင်း'ဘက်သို့ ကြွခဲ့ပြီး အရှင်ဥတ္တမကို နှိုးရသည်။

အရှင်ဥတ္တမသည် နိုးလာပြီး မီးထွန်းကာ ကဗျာကယာ တံခါးဖွင့်ဆင်းလာသည်။

မီးခွက်၏ မီးရောင်အောက်တွင် ကြိုးတုပ်လျက် ကေသီမပါ တစ်ကိုယ်လုံး ရေနံဆီများ ရွှဲရွှဲစိုလျက်ရှိသော မိမိဆရာဖြစ်အင်ကိုမြင်ရသော အရှင်ဥတ္တမသည် အံ့အားသင့်သွားသည်။ လက်မကိုင်မိ၊ ခြေမကိုင်မိ ဖြစ်သွားရသည်။

"ဥတ္တမ . . ငါ့ကိုယ်ကကြိုးတွေ အရင်ဖြေပေးပါဦး . ."

အရှင်စန္ဒိမာက သူ့အဖြစ်အပျက်ကို အရင်မမိန့်သေးဘဲ ကြိုးကို ဖြေခိုင်းသည်။

ရှင်ဥတ္တမက ကြိုးဖြေပေးရင်း . . .

"ဆရာတော် . . . ဘယ်လိုဖြစ်တာလဲ ဘုရား . ."

"ငါ့ကို . . ဓားပြလာတိုက်တာလေကွယ် . . ။ ငါ့ဆီက ငွေတောင်းမရလို့ ကြိုးတုပ်၊ ရေနံဆီလောင်း မီးရှို့သတ်ဖို့လုပ်တာ၊ မီးခြစ်က ခြစ်မရလို့ နှို့မသွားရဘူး . . ."

"ယခု . . ဓားပြ ပြေးပြီလား ဘုရား . ."

"အေး . . ကျောင်းသားက အော်မေးသံကြောင့် လွှတ်ပြေးသွားပြီ . . ။ ငါက မင်းအသံကြားလို့ စောင့်နေရတာ . . ။ မည်သူမှ တက်မလာလို့ ငါ့မင်းကိုခေါ်ရတာ . ."

"တပည့်တော် မသိဘူးဘုရား . . ။ သာခု ဆရာတော်က နှိုးမှ နိုးရတာ . ."

"အေး . . အေး ရှိစေတော့ကွယ် . . ။ ငါ့ရေချိုးမယ်၊ ကိုရင် တစ်ပါးနှိုးပြီး ရေယာစီစဉ်ပေးကွယ် . ."

အရှင်ဥတ္တမသည် ကိုရင်နှင့် ကျောင်းသားများကို နှိုးပြီး ရေကို စီစဉ်ပေးသည်။ ကျောင်းပေါ်တက်ပြီး ကိုယ်တိုင်ရော သည်။ ရေနံဆီများ ရွှဲရွှဲစိုနေသော ကြမ်းပတ်လည်တွင် မီးခြစ်ဆံများ ပလပွကြဲပြန့်နေသည်။

ဆရာတော် အရှင်စန္ဒိမာ၏ ယုံကြည်ချက်မှာ မီးခြစ်ခြစ်မရခြင်း၊ အောက်က အသံပေးခြင်းတို့သည် ပဋ္ဌာန်းတရားတော်တန်ခိုးကြောင့် ကျောင်းစောင့်နတ်က စောင့်ရှောက်ခြင်း၊ ကယ်တင်ခြင်းဖြစ်မည်ဟု ယုံကြည်မိပါသည်။

*(ပဋ္ဌာန်းတန်ခိုး လက်တွေ့အကျိုးစာအုပ်*
*တက္ကသိုလ်ဆွေ်သီရိ၊ ဓမ္မာစရိယ၊ ဘီအေ)*

## အနာထပိဏ်သူဌေး၏ တံခါးစောင့်နတ်

အနာထပိဏ်သူဌေးကြီး၏ အိမ်သည်ကား ရဟန်းငါးရာတို့အား နေ့စဉ်မပြတ် ဆွမ်းဝတ်ရှိ၏။ သူဌေးကြီး၏ အိမ်သည်ကား ရဟန်းသံဃာတို့အတွက် ခရီးလမ်းခွလေးဆုံ၌ တူးအပ်သောရေကန်နှင့်တူသည်။ ရဟန်းအပေါင်း၏ မိဘသဖွယ် ဖြစ်၏။

အနာထပိဏ်အိမ်သို့ ဘုရားလည်းကြွသည်။ ရှစ်ကျိပ်သော မဟာထေရ်များလည်း ကြွသည်။ ရဟန်းသံဃာ အရေအတွက်ကား အတိုင်းအဆမရှိ ကြွသည်။

အနာထပိဏ်သူဌေး၏ အိမ်သည်ကား ဘုံခုနစ်ဆင့်၊ တံခါးမုခ်(၇)ဆင့်တို့ဖြင့် တန်ဆာဆင်ထားသည်။ ထိုအိမ်၏ (၄)ခုမြောက်တံခါးမုခ်၌ မိစ္ဆာဒိဋ္ဌိနတ်သည် နေလေသည်။

ထိုနတ်သည် ဘုရားသာဝကရဟန်းများ ဝင်ထွက်သည်ရှိသော် မိမိဗိမာန်၌ မရပ်တည်နိုင်၊ သူငယ်တို့ကို ချီ၍ မြေ၌တည်ရသည်။

"ရဟန်းဂေါတမနှင့် သူ့တပည့်များဝင်တိုင်း ငါအား ချမ်း

သာသည်မရှိ၊ အခါခပ်သိမ်း မြေ၌ဘည်ရ၏။ ဤရဟန်းများ ဤအိမ်သို့ မလာနိုင်ရန်အကြောင်းကို ငါပြုသင့်သည်. . ”

ဟု နတ်သည် ကြံစည်သည်။

ထို့နောက် တစ်နေ့တွင် အနာထပိဏ်သူဌေးကြီး၏ ကိုယ်စားလှယ်ကြီး အိပ်ရာဝင်သော် အမှောင်ကို နှံ့စေလျက် ကိုယ်စားလှယ်ကြီး၏ရှေ့၌ ရပ်တည်သည်။

“ဤအရပ်၌ အဘယ်သူနည်း. . ”

“ငါသည် လေးခုမြောက်တံခါး၌နေသော နတ်ဖြစ်ပါသည်. . . ”

“အဘယ်ကြောင့် လာပါသနည်း. . ”

“သင်တို့သည် သူဌေးကြီး၏ အပြုအမူကို မြင်သည်မဟုတ်လော၊ မိမိ၏ နောင်ကာလကို မကြည့်ဘဲ ဥစ္စာတို့ကိုထုတ်၍ ရဟန်းဂေါတမအားသာလျှင် ပေးနေ၏။ ကုန်သွယ်ခြင်းကို တိုးတက်အောင် မလုပ်ပေ။ သင်တို့သည် သူဌေးကြီးကို ဤသို့မပြုလုပ်ရန် ဆုံးမသင့်၇၏။ ရဟန်းဂေါတမနှင့် တပည့်များ မဝင်လာရအောင် ပြုသင့်သည်. . . ”

“နတ်မိုက်. . သူဌေးကြီးသည် ဝဋ်ဆင်းရဲမှ လွတ်မြောက်စေရန် ဥစ္စာကို စွန့်နေပါ၏။ သူဌေးကြီးက ဦးသျှောင်ကိုကိုင်၍ ငါ့ကို ရောင်းစားသော်လည်း ငါသည် သူဌေးကြီးကို တစ်စုံတစ်ခုသော စကားကို ပြောမည်မဟုတ်. . သင်သွားပါလေ. . ”

နတ်သည် ကိုယ်စားလှယ်ကြီးကို ပြောမရသောအခါ သူဌေး၏သားကို ကပ်၍ပြောပြန်၏။ သားကြီးကလည်း လက်မခံ၊ နှင်ထုတ်၏။

ထိုအချိန်တွင် အနာထပိဏ်သူဌေးကြီးတွင် (၁၈)ကုဋေကို ကြွေးမြီးချထားရာ ကြွေးမြီးများ လာမဆပ်၍လည်းကောင်း၊ သူဌေးကြီး၏ အစိရဝတီမြစ်ရေကမ်း၌ မြှုပ်ထားသော (၁၈)ကုဋေသော ဥစ္စာတို့သည်လည်းကောင်း အစိရဝတီမြစ်ရေတိုက်စား ကမ်းပြိုသဖြင့် မဟာသမုဒ္ဒရာထဲသို့ စီးဝင်ရောက်သွားကြသည်။

သူဌေးကြီးသည် မပြတ်သာ အလှူပေးနေပြီး ကုန်သွယ်မှုကို မပြုလုပ်သဖြင့် ဥစ္စာသည် တဖြေးဖြေး ကုန်ခမ်းလာသည်။ သူဌေးကြီး ဆင်းရဲသွားသည်။ အစား၊ အဝတ်များသည် ရှေးကနှင့် မတူတော့။ သို့သော် သူဌေးကြီးက ပအုန်းရည်၊ ဆန်ကွဲဆွမ်းကို ဆက်လက်လှူဒါန်းသည်။ ထိုအကြောင်းကိုလည်း ဘုရားရှင်အား လျှောက်ထားသည်။

"သူကြွယ်. . ရှန့်ရင်းသောအလှူကို ပေးရ၏ဟု စိတ်ကို မတွန့်တိုစေလင့်. . ၊ စိတ်သည် မွန်မြတ်သည်ရှိသော် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့အား လှူရသော အလှူသည်ကား ရှန့်ရင်းသောမည်သည် မရှိ၊ အကျိုးကြီးသည်သာတည်း. . "

ဟူ၍ ဘုရားရှင်က မိန့်ကြားသည်။

ထို့ပြင် ဘုရားရှင်က မိမိ ဝေလာမပုဏ္ဏားဖြစ်စဉ်က အလှူပေးပုံ အကြောင်းစုံကို ဆက်လက်ဟောပြောပြသည်။

မိစ္ဆာဒိဋ္ဌိနတ်သည် သူဌေးကြီး ဥစ္စာပစ္စည်း ပြည့်စုံနေစဉ်က ပြောမရ။ ယခု ဥစ္စာပစ္စည်းမရှိသော် ပြော၍ရမည်အထင်နှင့် ညဉ့်တွင် သူဌေးကြီး၏ ကျက်သရေတိုက်ခန်းသို့ဝင်ကာ အရောင်ကို ထွန်းပစေပြီး ကောင်းကင်၌ ရပ်တည်နေသည်။

"ဤသူကား အဘယ်သူနည်း. . "

"သူဌေးကြီး..ကျွန်ုပ်သည် လေးခုမြောက်သော တံခါးမုခ်၌ စောင့်သောနတ် ဖြစ်ပါသည်.."

"သင်သည် အဘယ်အကျိုးငှာ လာသနည်း.."

"သင့်အား ဆုံးမလို၍ လာပါသည်.."

"ထိုသို့ဆိုက ဆိုပါ.."

"သူဌေးကြီး သင်သည် နောင်ရေးကိုလည်း ထည့်မစဉ်းစား၊ သားသမီးများရဲ့ အကျိုးကိုလည်း မကြည့်၊ ရဟန်းဂေါတမနှင့် တပည့်တွေကိုသာ များစွာသော ဥစ္စာကို စွန့်နေ၏။ သင်သည် ကြာမြင့်စွာ စွန့်လွှတ်နေပြီး ကုန်သွယ်မှုလည်း မပြုခြင်းကြောင့် ရဟန်းဂေါတမကိုမှီပြီး ဆင်းရဲခြင်းသို့ ရောက်ခဲ့ရ၏။ ဤသို့ဖြစ်နေသော်လည်း ရဟန်းဂေါတမကို မလွှတ်၊ ဆက်လက်၍ စွန့်လွှတ်လှူနေသေးသည်။ ယခုလည်း ရဟန်းဂေါတမနှင့် တပည့်များက ဝင်နေသည်။ သူတို့က ဘာပစ္စည်းမှ ယူမလာ သင့်ယ်ယာသော ယူမြ ယူနေကြသည်။ ယနေ့အချိန်တစ်၍ ရဟန်းဂေါတမထံ သွားလည်း မသွားပါနဲ့၊ ရဟန်းဂေါတမရဲ့ တပည့်များကို အိမ်သို့မလာပါစေနဲ့၊ ရဟန်းဂေါတမကိုမှ မမှတ်ပြီး အရောင်းအဝယ်ကို ကြိုးစားလုပ်၍ ဥစ္စာကို ဖြစ်ပါစေ..."

"ဤစကားသည်လား..သင်က ငါ့အား ပေးအပ်သော ဆုံးမစကားလား..."

"ဟုတ်ပါ၏.."

"မြတ်စွာဘုရားသည် အရိယာ၏အဖြစ်ကိုပြုသော ငါ့ကို သင်ကဲ့သို့ နတ်တို့၏ တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းတို့လာ တုန်လှုပ်စေသော်လည်း မတုန်လှုပ်ရာ။ ငါ၏ သဒ္ဓါသည်

မြင့်မိုရ်တောင်ကဲ့သို့ မတုန်မလှုပ် ကောင်းစွာတည်ပါ၏။ ငါသည် ဝင်္ကဆင်းရဲမှ လွတ်မြောက်စေတတ်သော ရတနာတည်းဟူသော သာသနာတော်၌ စွန့်လှူ၏။ သင်သည် မသင့်သောစကားကို ဆို၏။ မြတ်စွာဘုရားရှင် သာသနာတော်၌ ဒဏ်ကို ပေးအပ်၏။ ဤသို့သဘောရှိသော အကျင့်သီလမရှိသော သူယုတ်မာနှင့် တစ်အိမ်တည်း၌ အတူမနေလိုပါ။ လျင်စွာ ငါ၏အိမ်မှထွက်၍ တစ်ခြားအရပ်သို့ သွားပါလေ. . "

နတ်သည် သောတာပန်ဖြစ်သော ဘုရားရှင်၏ တပည့်စကားကို ကြားရ၍ ရပ်တည်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ မိမိနေရာသို့သွား၍ သူငယ်တို့ကိုကိုင်ဆွဲကာ အိမ်မှထွက်ရလေသည်။

ထွက်ပြီး၍ အခြားနေရာကိုရှာသော် နေစရာမရှိ ဖြစ်နေရလေသည်။

"သူဌေးကြီးကို ကန်တော့၍ မူလနေရာပင် ပြန်နေခွင့်ရအောင်ပြုအံ့. . "

ဟု ကြံစည်ပြီး မြို့စောင့်နတ်ထံသို့သွားပြီး အကျိုးအကြောင်းဖြစ်စဉ်ကို ပြောပြသည်။

ထိုအခါ မြို့စောင့်နတ်က. . .

"သင်သည်. . မသင့်သောစကားကို ဆိုအပ်၏။ သာသနာတော်၌ ဒဏ်ပေးအပ်၏။ ငါသည် သင့်ကိုခေါ်၍ သူဌေးကြီးထံ မသွားဝံ့ပါ. . "

ထိုအခါ တံခါးစောင့်နတ်သည် မြို့စောင့်နတ်ထံမှ တောင်းပန်ခြင်းကို မရ၍ စတုမဟာရာဇ် နတ်မင်းကြီးများထံ သွားရောက်၍ အကျိုးအကြောင်းဖြစ်စဉ်ကို ပြောပြသည်။ နတ်မင်းကြီးများကလည်း ငြင်းပယ်လွှတ်လိုက်ပြန်သည်။

သိကြားမင်းထံသို့သွား၍ အကျိုးအကြောင်းဖြစ်စဉ်ကို ပြောပြအကူအညီ တောင်းပြန်သည်။ သိကြားမင်းကလည်း. . .

"သင်သည်. . မသင့်သောစကားကို ဆို၏။ သာသနာတော်၌ သင့်ကို ဒဏ်ပေးအပ်၏။ ငါသည်လည်း သင့်ကို ခေါ်ဆောင်၍ သူဌေးကြီးထံ မသွားဝံ့ပါ။ ဒါပေမယ့် သင့်ကို သူဌေးကြီး သည်းခံနိုင်စွမ်းရှိသော အကြံတစ်ခုကို ငါပြောပြမည်. . "

"အရှင်သိကြားမင်း. . ကောင်းပါပြီ ပြောပါ. . "

"သူဌေးကြီးထံမှ လူတို့သည် ကမ္ပည်းတင်၍ (၁၈)ကုဋေသော ဥစ္စာတို့ကို ယူထားပြီး ပြန်မဆပ်ကြ၊ သင်သည် သူဌေးကြီး၏ အမှတ်အသွင်ကိုယူ၍ တစ်စုံတစ်ယောက်ကိုမျှ မသိစေဘဲ ထိုကမ္ပည်းတို့ကိုယူ၍ နှစ်ယောက်သုံးယောက်သော နတ်လုလင်တို့ခြံရံလျက် လက်တစ်ဖက်ဖြင့် ထန်းရွက်ကို၊ လက်တစ်ဖက်ဖြင့် ကညစ်ကိုယူ၍ ထိုသူများအိမ်သို့သွားပြီး အိမ်အလယ်၌ရပ်ကာ မိမိ၏ နတ်အာနုဘော်ဖြင့် ထိုသူတို့ကို ခြိမ်းခြောက်၍ ဤကမ္ပည်းသည် သင်တို့မြီယူထားသော ကမ္ပည်းတည်း။ ငါ၏သူဌေးသည် မိမိ၏ စည်းစိမ်နှင့် ပြည့်စုံသောကာလ၌ သင်တို့ကို တစ်စုံတစ်ခုသော စကားကိုမဆို၊ ယခု ဆင်းရဲနေသည်ဖြစ်၍ သင်တို့သည် ယူအပ်သော အသပြာတို့ကို ပေးကုန်လောဟု မိမိ၏ နတ်အာနုဘော်ကိုပြ၍ သူဌေး၏ ဟောင်းလောင်းဖြစ်နေသော ကျီတို့ကို ဖြည့်ပေးပါ။ တစ်ဖန် သမုဒ္ဒရာထဲသို့ ရောက်နေသော ဥစ္စာတို့ကို နတ်အာနုဘော်ဖြင့်ယူ၍ ကျီတို့ကို ဖြည့်စေပါ။ ဤမည်သောအရပ်၌ အရှင်မရှိတော့သော (၁၈)ကုဋေသော ဥစ္စာတို့သည် ရှိကုန်၏။ ထိုဥစ္စာတို့ကိုယူ၍ ဖြည့်ပါ။ ဤ (၅၄)ကုဋေသော ဥစ္စာတို့ဖြင့် ကျီကိုဖြည့်စေသော အလျှုဖြင့် သူဌေးကြီးကို ပြန်ကန်တော့ပါ. . "

ထိုနတ်သည် သိကြားမင်း အကြံပြုသည့်အတိုင်း ဆောင်ရွက်ခဲ့ပြီး သန်ခေါင်ယံအချိန်တွင် သူဌေးကြီး၏ ကျက်သရေတိုက်ခန်းသို့ဝင်၍ အရောင်ကိုနှံ့စေလျက် ကောင်းကင်၌ တည်သည်။

"ဤသူသည် အဘယ်သူနည်း. . "

"သူဌေးကြီး ကျွန်ုပ်သည် မုခ်လေးခုမြောက်မှာစောင့်သော အလွန်မိုက်သော နတ်ဖြစ်ပါသည်။ ကျွန်ုပ်သည် အလွန်မိုက်မဲတွေဝေမိသောကြောင့် ဘုရားရှင်၏ ကျေးဇူးကို မသိ၍ ရှေးက သင့်ကို စကားမှားများ ဆိုခဲ့မိပါသည်။ ကျွန်ုပ်ကို သည်းခံပါလော့. .၊ ကျွန်ုပ်သည် ယခု သိကြားနတ်မင်း၏ စကားဖြင့် အရှင်၏ မြေ(၁၈)ကုဋေ၊ သမုဒ္ဒရာရောက်သော (၁၈)ကုဋေ၊ ထိုထိုအရပ်၌ အရှင်မရှိတော့သော ဥစ္စာ(၁၈)ကုဋေတို့ကို အချည်းနှီး ဟာလာဟင်းလင်းဖြစ်နေသော ကျိုတို့၌ ပြည့်စေသဖြင့် ဒဏ်အမှုကို ပြုအပ်ပါပြီ။ သူဌေးကြီး ကျွန်ုပ်မှာ နေစရာမရှိ ဆင်းရဲပင်ပန်းပါ၏။ ကျွန်ုပ်အား သည်းခံခွင့်လွှတ်၍ နေရာ၌ နေခွင့်ပြုပါ. . ."

"ဤနတ်သည် ကျွန်ုပ်ဒဏ်ပြုအပ်ပြီးပါပြီဟု ဆိုသည်၊ မိမိအပြစ်ကိုလည်း ဝန်ခံ၏။ ငါသည် ဘုရားရှင်ထံ ဤနတ်ကိုခေါ်ဆောင်၍ မိမိ၏ ကျေးဇူးကို သိစေအံ့၊ ဘုရားရှင်ကို ထိုနတ်ကိုပြအံ့" ဟု ကြံစည်ပြီး. . .

"အချင်းနတ်. . အကယ်၍ ငါ့ကို ကန်တော့လိုသည်ဖြစ်အံ့၊ ဘုရားရှင်ထံ၌ ငါ့ကို ကန်တော့ပါလော. . "

"သူဌေးကြီး. . ကောင်းပါပြီ၊ ဘုရားထံ ကျွန်ုပ်ကို ခေါ်ဆောင်သွားပါ. . ."

ဟု နတ်က ဝန်ခံသောအခါ နံနက်မိုးလင်သောအချိန်

ဟံဝင်းမြို့မှ စာကြည့်တိုက်

ဝယ် နတ်ကို ဇေတဝန်ကျောင်းရှိ ဘုရားရှင်ထံသို့ ခေါ်ဆောင်သွားပြီး အကြောင်းစုံကို လျှောက်ထားပြလေသည်။

ထိုအခါ ဘုရားရှင်က. . .

"သူကြွယ်. . ဤလောက၌ မကောင်းမှုကိုပြုသောသူသည် အကြင်မျှလောက် မကောင်းမှုသည် အကျိုးမပေးသေး။ ထိုမျှလောက်သော ကာလပတ်လုံး ကောင်းကျိုးကို မြင်ရ၏။ ထိုမကောင်းမှုကို ပြုသောသူအား အကြင်အခါ၌ မကောင်းမှုသည အကျိုးပေး၏။ ထိုအခါ၌ မကောင်းကျိုးကိုသာလျှင် မြင်ရ၏။

ကောင်းမှုကိုပြုသောသူသည် အကြင်မျှလောက်ကောင်းမှုသည် အကျိုးမပေးသေး. .။ ထိုမျှလောက်သော ကာလပတ်လုံး မကောင်းကျိုးကို မြင်ရ၏။ ကောင်းမှုကိုပြုသောသူအား အကြင်အခါ၌ ကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ ကောင်းကျိုးကိုသာ မြင်ရ၏. . ."

ဟူ၍ ဟောတော်မူသည်။ ဘုရားရှင်၏ တရားဂါထာ အဆုံးဝယ် ထိုတံခါးစောင့်နတ်သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

## ရွာစောင့်နတ်က ကူညီပေးခဲ့ရသူ

၁၉၄၅-၅၀ ခုနှစ်၊ ပြည်တွင်းသောင်းကျန်းသူများ ထကြွချိန်ဖြစ်သည်။

ဖြူးမြို့ တောင်ဘက်ရှိ ကျွန်ခင်းရွာရှိ လူတို့သည် သောင်းကျန်းသူဘေးကြောင့် အနောက်ပဲခူးရိုးမခြေရင်းသို့ ရွှေ့ပြောင်းနေကြရသည်။ မိမိတို့၏ ကျွဲ၊ နွားများကိုမူ ထိုရိုးမတောထဲတွင် ကျောင်းရသည်။

ဓတ်ဝဝ်မြို့ စာအုပ်တိုက်

တစ်နေ့တွင် ဇလားရွာနှင့် သပြေလှရွာ၌ တာဝန်ကျနေသော သောင်းကျန်းသူတပ်စုသည် ထိုတောထဲ နွားစားကျက်၌ အစာစားနေကြသော နွားများကို လက်နက်အားကိုးဖြင့် မောင်းယူသွားကြသည်။ နွားကျောင်းသားတို့မှာမူ အသက်ဘေးလု၍ ထွက်ပြေးခဲ့ကြရသည်။

သောင်းကျန်းသူတပ်စု နွားများလုသွားပြီးနောက် (၂)ရက်ကြာသော် ကိုလှတင်၊ မအုန်းမြင့်တို့ လင်မယားတွင် မအုန်းမြင့်သည် ညတွင် အိပ်မက်မက်သည်။

"ငါ ရွာစောင့်နတ်ဖြစ်သည်. .၊ နင်တို့ရဲ့ နွားနှစ်ကောင် ပြန်လွတ်လာ၍ ငါ့ရဲ့ကြို့ပင်မှာ ချည်ထားသည်။ လာရောက်ယူလှဲ့ကြ. . ."

ဟု အိပ်မက်ပေးပြီး ပျောက်သွားသည်။

နံနက်မိုးလင်းသော် မအုန်းမြင့်သည် မိမိယောကျ်ား ကိုလှတင်ကို အကျိုးအကြောင်း ပြောပြသည်။ ကိုလှတင်က မယုံကြည်ချေ။

မအုန်းမြင်က မဟုတ်သော်ရှိ၊ ဟုတ်သော်ရှိ သွားရောက်ကြည့်ရန် တိုက်တွန်းသည်။ ကိုလှတင်သည် မအုန်းမြင့် နားပူနားဆာလုပ်နေသဖြင့် နားအေးစေရန် သဘောဖြင့် ထိုနေရာသို့ လိုက်သွားသည်။

ညက ရွာစောင့်နတ် အိပ်မက်ပေးသည့်အတိုင်းပင် မိမိတို့၏ နွားနှစ်ကောင်သည် ကြို့ပင်တွင် ချည်ထားသည်ကို အံ့ဩစွာတွေ့ရလေသည်။

လင်မယားနှစ်ယောက်မှာ အားရဝမ်းသာစွာပင် မိမိတို့

နွားများကို ဆွဲယူလာခဲ့သည်။ ရွာစောင့်နတ်ကိုလည်း ရှိခိုးပူဇော်ခဲ့ကြသည်။

(ဤသည်မှာ ရွာစောင့်နတ်က အိပ်မက်ပေး၍ ကူညီခဲ့ခြင်း အဖြစ်မှန် ဖြစ်ပါသည်။)

## နတ်ပေးအိပ်မက်ကြောင့် ပျက်စီးရသော ဆရာတော်

သီဟိုဠ်ကျွန်း ရောဟနဇနပုဒ်၊ နာဂတောင်ဝိဟာရနေ မထေရ်ကြီးတစ်ပါးသည် သံဃိကကျောင်း၌ သံဃာကိုမပန်ကြားဘဲ မိမိ၏သဘောဖြင့် ကံ့ကော်ပင်ကြီးတစ်ပင်ကို ခုတ်လှဲလေသည်။

ထိုကံ့ကော်ပင်၌နေသော ရုက္ခစိုးနတ်သည် မိမိ၏ ဘုံဗိမာန်ကို ဖျက်ဆီးရလေမည်လောဟု စိတ်ဆိုးသည်ဖြစ်၍ ထို မထေရ်ကြီး ပျက်စီးစေရန် ကြံစည်လျက် ရှေးဦးစွာ မှန်သော အိပ်မက်တစ်ခုကို ပေးလေသည်။

ထိုမှန်သောအိပ်မက်ကို ရသဖြင့် မထေရ်ကြီး၏စိတ်ထဲဝယ် မိမိမြင်မက်သော အိပ်မက်ဟူသမျှ မှန်ကန်သည်သာဖြစ်သည်ဟု ယုံကြည်သွားလေသည်။

ရုက္ခစိုးနတ်သည် မထေရ်ကြီးကို ပထမပိုင်းတွင် မှန်ကန်သော အိပ်မက်များပေးပြီး ဖြားယောင်းနေခဲ့သည်။

မထေရ်ကြီး၏ မိမိအိပ်မက်အပေါ် ယုံကြည်မှုများလာသောအခါ နောက်တစ်ကြိမ်၌ . . .

"အရှင်ဘုရား. . ၊ ဤနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့တွင် အရှင်ဘုရားတို့၏ အလုပ်အကျွေး ဒါယကာဖြစ်သော ပြည့်ရှင်မင်းကြီးသည် သေလွန်ပါလိမ့်မည်. . "

ဟူ၍ အိပ်မက်ပေးလေသည်။

မထေရ်ကြီးသည် ယခင်က မိမိ၏အိပ်မက်များ မှန်နေ၍ ယခုလည်း မှန်မည်ဟုယုံကြည်ကာ စိမ်မကောင်းခြင်းကြီးစွာဖြစ်လျက် နန်းတော်သို့ကြွကာ မောင်းမတို့အား တိုးတိုးတိတ်တိတ်ပြောကြားသည်။

သို့သော် မောင်းမတို့ကား စိတ်ကို မထိန်းနိုင်ကြသဖြင့် အော်ကြီးဟစ်ကျယ် ငိုကြွေးကြလေသည်။

မောင်းမတို့၏ ငိုသံကြောင့် နန်းတော်တစ်ခုလုံး ပွက်လောရိုက်သွားပြီးလျှင် မင်းကြီးကြားသိသွားလေသည်။

မင်းကြီးက အကြောင်းအကျိုးကို မေးသည်ရှိသော် မထေရ်၏ အိပ်မက်စကား မိန့်ကြားချက်ကြောင့် ငိုကြွေးကြခြင်းဖြစ်ကြောင်း လျှောက်ထားကြလေသည်။

မင်းကြီးကား မထေရ်၏ အိပ်မက်စကားကို ယုံကြည်ခြင်းမရှိသဖြင့် အနည်းငယ်မျှ ကြောက်ရွံ့တုန်လှုပ်ခြင်းလည်း မရှိပေ။

ပြောကြားသောရက်ကိုသာ ရေတွက်ထားစေပြီး စောင့်သည်။ တစ်ရက်၊ နှစ်ရက်မှစ၍ ခြောက်ရက်လွန်ပြီး ခုနစ်ရက်မြောက်ရောက်သောအခါ မောင်းမတို့နှင့်တကွ တစ်နန်းတွင်းလုံးအသည်းတထိတ်ထိတ်၊ ရင်တဖိုဖိုနှင့် စောင့်နေကြရသည်။

သက်ဆိုင်ရာ မှူးမတ်တို့ကလည်း မြို့တော်ပတ်ဝန်းကျင်နှင့် နန်းတော်ပတ်ဝန်းကျင် ရဲမက်အစောင့်အရှောက် အစီအမံတို့ကို ထူထပ်စွာချထားပြီး စောင့်ရှောက်နေကြရသည်။

ခုနစ်ရက်မြောက်နေ့ကား ချောမောစွာ ပြီးမြောက်ကုန်သွားသည်။ မင်းကြီးတွင် မှဲ့တစ်ပေါက်မျှ မစွန်းပဲ ကျန်းမာပကတိချမ်းသာစွာ ရှိလေသည်။

ထိုအခါ မောင်းမမိဿံများနှင့်တကွ မှူးမတ်ပြည်သူတို့မှာ ဝမ်းသာမဆုံး ရှိကြလေသည်။

မင်းကြီးကား အမိပ္ပာယ်မရှိ၊ ယုတ္တိယုတ္တာမင်းမဲ့သော စကားဖြင့် မိမိနှင့်တကွ မောင်းမမှူးမတ်ဗိုလ်ပါ အားလုံးတို့ကို စိတ်ဓာတ်ချောက်ချားအောင် ပြုလုပ်သည်။ သက်သက်လုပ်ကြံပြောဆိုသည်ဟု ယူဆပြီးလျှင် မထေရ်ကြီးအပေါ်တွင် ကြီးစွာသော အမျက်တော်ရှလေသည်။

"ရဟန်းတော်ဖြစ်လျက် ဤမဟုတ်မမှန် လုပ်ကြံစကားပြောလာမှုအတွက် ထိုမထေရ်၏ ခြေလက်တို့ကို ဖြတ်စေ. . ."

ဟု မင်းကြီးက အမိန့်ချမှတ်လေသည်။

ဤကဲ့သို့ ကြီးမားသော မင်းပြစ်မင်းဒဏ်ကို မထေရ်ကြီး ခံသွားရသောအခါ ကုံကော်ပင်စောင့် ရုက္ခစိုးနတ်သည် အလွန်ကျေနပ်ဝမ်းမြောက်သွားလေသည်။

(ဤဖြစ်စဉ်တွင် မထေရ်ကြီးသည် သံဃိကပိုင် ကျောင်းတိုက်မှ သစ်ပင်ကို ခုတ်လှဲလိုလျှင် သံဃာကို ပန်ကြားရမည်ဖြစ်သည်။ သံဃာများ၏ သဘောတူညီချက်ဖြင့် ခုတ်လှဲလျှင် ရုက္ခစိုးနတ် အန္တရာယ်မပြုနိုင်ပါ။

သံဃာ၏အမိန့်ကို နတ်များ မလွန်ဆန်နိုင်ပါ။ နာခံရသည်သာ ဖြစ်ပါသည်။ မထေရ်ကြီးသည် မိမိပိုင်မဟုတ်သော သံဃိကပိုင်သစ်ပင်ကို ခုတ်လှဲ၍ ရုက္ခစိုးနတ်က ဤကဲ့သို့ အကောက်ကြံ အိပ်မက်ပေးခဲ့ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အများပိုင်၊ နိုင်ငံပိုင်၊ အစိုးရပိုင် သစ်ပင်များကို အကြောင်းအားလျော်စွာ ခုတ်လှဲရန် လိုအပ်သည့်အခါ သက်

ဆိုင်ရာ အာဏာပိုင်တို့၏ အမိန့်အာဏာဖြင့်သာလျှင် ခုတ်လှဲရသည်။

ထို့ပြင် မိမိပိုင်ဖြစ်စေ၊ အများပိုင်ဖြစ်စေ၊ သစ်ပင်တစ်ပင်ကို ခုတ်လှဲတော့မည်ဆိုပါက ထိုသစ်ပင်တွင် နေထိုင်ကြသော နတ်တို့ကို. . .

"ဤသစ်ပင်ကို သင်၏ဘုံဗိမာန်ပျက်စီးရန် တမင်ရည်ရွယ်၍ ခုတ်လှဲသည် မဟုတ်ပါ။ အကြောင်းအားလျော်စွာ လိုအပ်သောကြောင့်သာ ခုတ်လှဲရခြင်းဖြစ်ကြောင်း. . " ပန်ကြားမေတ္တာရပ်ခံပြီးမှ ခုတ်ရပါမည်။

ဤသို့ပြုလုပ်သော် မိမိတွင် အန္တရာယ်ကင်းပါသည်။ ရှေးလူကြီးသူမများက သစ်ပင်ကိုခုတ်လျှင် နတ်နေကိုင်း ချန်ထားရမည်ဟု ဆိုဆုံးမလေ့ရှိပါသည်။ ရဟန်းများဆိုလျှင် သစ်ပင်ခုတ်ခွင့်မရှိ။ ခုတ်ပါက ပါစိတ်အာပါတ်သင့်ရလေသည်။)

§ § §

အခန်း ( ၅ )

# ပိဋကတ်နှင့် ဇာတ်တော်လာ

# ရုက္ခစိုး–ဘုမ္မစိုးနတ်များ

## သက်ရှိမိန်းမကို ခေါ်ယူပေါင်းသင်းသော ရုက္ခစိုးနတ်

ရာဇဂြိုလ်မြို့၌ ကုဋေများစွာချမ်းသာသော မဟာဓနသူဌေးကြီး၌ သားတစ်ဦးရှိသည်။ မိဘများက အလွန်းချစ်လှသဖြင့် တစ်သက်သုံးတော်မှ ကုန်နိုင်ဖွယ်မရှိဟု မှတ်ထင်ကာ ပညာသင်ကြားနေက သားငယ်ပင်ပန်းမည်စိုးသောကြောင့် ပညာကိုသော်မှ သင်ကြားခွင့် မပြုခဲ့ကြပေ။

သူဌေးသားသည် ကုသိုလ်ကောင်းမှုပြုရန် သတိမရ၊ သောက်စားမူးယစ်၍သာ ကာမဂုဏ် အပျော်အပါးတို့ကြားဝယ်

ပျော်ပါး၍ နေသည်။ ပညာမျက်စိကန်းသဖြင့် ရှေ့နောက် အကြောင်းအကျိုး ဘာမျှမသိချေ။ စဉ်းစားဉာဏ်လည်း မရှိချေ။

မိဘတို့ ကွယ်လွန်သော သူဌေးသားသည် ပြည့်တန်ဆာ ကချေသည်တို့အား ခေါ်ယူပျော်ပါးပြီး ရက်ရက်ရောရော ပေး ကမ်း၍ ဥစ္စာတို့ကို ဖြုန်းတီး၍သာ နေလေသည်။

အထူးသဖြင့် ထိုအချိန်က ရာဇဂြိုလ်တွင် အချောအလှ အပြုအစု အယုအယ၌ နာမည်ရနေသော သုလသာအမည်ရှိသော ပြည့်တန်ဆာမလေးအပေါ်၌ စွဲလမ်းမိ၍ ငွေကြေးအများအပြား အကုန်အကျခံကာ မကြာခဏ သွားရောက်ပျော်ပါးနေခဲ့သည်။

သူဌေးသားသည် သုံးရင်းဖြုန်းရင်းက ကာလကြာသော် ကိုယ်ပိုင်ဥစ္စာကုန်ခမ်း၍ သူတစ်ပါးထံ ကြွေးမြီချေးငှားပြီး ပျော်ပါး ဖြုန်းတီး၍ နေပြန်လေသည်။ အချိန်ကြာသော် ကြွေးတို့ကို ပြန်မ ဆပ်နိုင်သဖြင့် အိုးအိမ်လယ်ယာတို့ ကြွေးသိမ်းခံရပြီး ခွက်လက်စွဲ ကာ တောင်းစားရသောဘဝသို့ ရောက်လေသည်။

သူဌေးသားသည် သူတောင်းစားဘဝ နေစရာအိမ်မရှိ၍ ဇရပ်၌ နေရသည်။ တစ်ညတွင် ခိုးသူတစ်စုသည် ထိုဇရပ်၌ တိုင်ပင် ဆွေးနွေးကြသည်။ သူဌေးသားတစ်ဖြစ်လဲ သူတောင်းစားကို တွေ့ သောအခါ သူတို့နှင့် အတူလိုက်ပါရန် ဆွဲဆောင်ပြီး ခေါ်သွားကြ သည်။

ခိုးသူတို့သည် အိမ်တစ်အိမ်ကိုဝင်၍ ခိုးကြစဉ် ထိုသူဌေး သားကို ဘယ်သူလာလာ ဤတုတ်ဖြင့် ရိုက်လွှတ်ဟု မှာကြား၍ အောက်စောင့်အဖြစ် စောင့်စေသည်။

အိမ်ရှင်တို့ကနိုး၍ သူခိုး၊ သူခိုးဟု အော်ဟစ်ကြသော်

သူခိုးတို့က ဥစ္စာထုပ်ကို အပါဆွဲ၍ ထွက်ပြေးကြလေသည်။ သူဌေး သားသည် အသိပညာနည်း အရိပ်အကဲကို မခတ်တတ်၍ ထွက် မပြေးသဖြင့် အဖမ်းခံရလေသည်။

လူအများက ရိုက်နှက်ဖမ်းဆီးပြီး မင်းထံပို့ရာ မင်းက ခိုးသူဖြစ်၍ သေဒဏ်ပေးလေသည်။

သူသတ်သမားများသည် သူခိုးကို လက်ပြန်တုတ်၍ သုသာန်သို့ ခေါ်ထုတ်စဉ် လူအများသိစေရန် စည်တီးပြီး လမ်းမ ကြီးမှ သုသာန်သို့ ခေါ်ဆောင်သွားကြသည်။

ထိုအချိန်ဝယ် သုလသာပြည့်တန်ဆာမလေးသည် မိမိ ပြသာဒ်ထက်၌ရပ်လျက် လေသာပြတင်းမှကြည့်သော် ထိုသူခိုးခေါ် ဆောင်သွားသည်ကို တွေ့ရသည်။

သုလသာသည် တစ်ချိန်က ထိုသူဌေးသားနှင့် အကြိမ် များစွာ ပေါင်းသင်းဆက်ဆံ၍ အခကြေးငွေများစွာ ရခဲ့ဖူးသဖြင့် သူဌေးသားအပေါ်၌ သနားကြင်နာစိတ် ဖြစ်ပေါ်ပြီး ကတွတ်မုန့် လေးတစ်ခုနှင့်ရေကို ပို့ပေးလေသည်။ ဤမုန့်နှင့်ရေကို စားသောက် ပြီးမှ သတ်ပါဟူ၍လည်း မှာလိုက်သည်။

ထိုအချိန်ဝယ် အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ဒိဗ္ဗ စက္ခုဉာဏ်ဖြင့်ကြည့်သော် ထိုသူဌေးသား ပျက်စီးမှုကို မြင်လေ သည်။

"ဤယောက်ျားသည် တစ်စုံတစ်ခု ပြုအပ်သော ကောင်းမှု သည် မရှိခဲ့။ မကောင်းမှု၊ အကုသိုလ်သာ များစွာပြုခဲ့သည်။ ငရဲ ဖြစ်ရလတံ့။ အကယ်၍ ငါကြွသွားသည်ရှိသော် မုန့်နှင့်ရေကို ငါ့ အားလှူသဖြင့် ဘုမ္မစိုးနတ်မျိုး၌ ဖြစ်လတံ့။ ငါသည် ဤယောက်ျား

၏ ကိုးကွယ်ရာဖြစ်ရမူ ကောင်းလေစွာ. . ”

ဟု မဟာကရုဏာတော်ထားပြီး ထိုယောက်ျားရှေ့သို့ ကြွ၍ ရပ်လေသည်။ သူခိုးသူဌေးသားသည် ရှင်မောဂ္ဂလာန်ကိုမြင်သော် ကြည်လင်သောစိတ် ရှိသည်ဖြစ်၍ . . .

“ယခုပင် ဤလူသတ်သမားတို့သည် ငါ့ကို သတ်ပေတော့မည်၊ ဤမုန့်နှင့်ရေကို သောက်သုံးသဖြင့် ငါ့အား အကျိုးမရှိ. .၊ ဤမုန့်နှင့်ရေသည် ငါ၏ဘဝ တမလွန်ရိက္ခာ ဖြစ်စေအံ့. . ”

ဟု စဉ်းစားသတိဝင်ပြီး ရှင်မောဂ္ဂလာန်ကို လောင်းလှူလိုက်သည်။ မထေရ်သည် ထိုသူခိုးရှေ့မှာပင် ဘုန်းပေးပြလေသည်။

ထိုယောက်ျား အသတ်ခံကာနီးဝယ်. . .

“ငါသည် သုလသာပြည်တန်ဆာမကို အမှီပြု၍ ဤလှူဖွယ်ဝတ္ထုကို ရပေစွ. .၊ သုလသာသည် အလွန်ချစ်ဖွယ်ကောင်းလေစွ. . ”ဟု တဏှာပေမ စွဲလမ်းမိလေသည်။

ရှင်မောဂ္ဂလာန်ကို မုန့်၊ ရေလှူသော ကုသိုလ်မျိုးစေ့ကြောင့် ဥယျာဉ်တစ်ခုအနီးရှိ ညောင်ပင်၌ ရုက္ခစိုးနတ် ဖြစ်ရလေသည်။

ထိုရုက္ခစိုးနတ်သည် တစ်နေ့တွင် ဥယျာဉ်သို့လာသော သုလသာကိုမြင်၍ တဏှာပေမ ကပ်ငြိသည်ဖြစ်၍ အမိုက်အမှောင်ကို ဖန်ဆင်းပြီးလျှင် သုလသာကို မိမိဗိမာန်သို့ ခေါ်ယူသွားပြီး ပေါင်းသင်းနေလေသည်။

ခုနစ်ရက်စေ့မှ သုလသာကို သူ့မိခင်ထံသို့ ပြန်ပို့ပေးလေသည်။

## ပြိတ္တာဘဝမှ ရက္ခစိုးနတ်ဖြစ်ရသော ရက္ခစိုးနတ်

သာဝတ္ထိပြည်သား ကုန်သည်တစ်ဦးသည် မယားလည်းသေ၊ သမီးငယ်တစ်ယောက်နှင့် ဥစ္စာလည်းကုန်ဆုံးသဖြင့် ဆင်းရဲဒုက္ခ ရောက်နေရသည်။

ထိုကုန်သည်သည် ဤအတိုင်းထိုင်နေက ပို၍ဆင်းရဲမည်။ အလုပ်တစ်ခုပြုလုပ်မှ သင့်မည်ဟု ကြံစည်ပြီး မိမိထံ၌ရှိသော အသပြာတစ်ရာဖြင့် အရောင်းအဝယ်ပြုလုပ်ရန် စီမံလေသည်။

တစ်နေ့တွင် ကုန်သည်သည် သမီးကို မိတ်ဆွေအိမ်ထားခဲ့ပြီး လှည်းကုန်သည်များနှင့်အတူ အရောင်းအဝယ် ထွက်ခဲ့သည်။ မကြာမီ အရောင်းအဝယ်ဖြစ်၍ အသပြာငါးရာ အမြတ်အစွန်းရရှိပြီး လှည်းကုန်သည်များနှင့်အတူ သာဝတ္ထိပြည်သို့ ပြန်လာခဲ့ကြသည်။

လမ်းခရီးတွင် မမျှော်လင့်ဘဲ ခိုးသားဓားပြတို့နှင့်တွေ့ပြီး လုယက်တိုက်ခိုက်ခံရသည်။ ကုန်သည်တို့သည် လွတ်ရာကြံ၍ ရာထွက်ပြေးကြသည်။ ထိုကုန်သည်သည် ဥစ္စာထုပ်ကို တစ်နေရာဝှက်ပြီး မိမိက တစ်နေရာ၌ ပုန်းအောင်းနေလေသည်။

ခိုးသားဓားပြတို့သည် ပြေးလွှားပုန်းအောင်းနေကြသော ကုန်သည်တို့ကို လိုက်လံဖမ်းဆီးပြီး လုယက်သတ်ဖြတ်ကြရာ ထိုကုန်သည်မှာလည်း အဖမ်းခံရပြီး အသတ်ခံရလေသည်။ ကုန်သည်သည် အသတ်ခံရကာနီးဝယ် ဥစ္စာထုပ်ကို မက်မောသောစိတ်ဖြင့် သေ၍ ထိုနေရာ၌ ပြိတ္တာဖြစ်နေရသည်။

ခိုးသားဓားပြဘေးမှ လွတ်သောသူတို့သည် သာဝတ္ထိပြည်သို့ ပြန်ရောက်ကြပြီး သက်ဆိုင်ရာ ဆွေမျိုးတို့ကို အကျိုးအကြောင်း

ပြောပြကြသည်။ ကုန်သည်၏ သမီးသည် ဖခင်ကွယ်လွန်မှု အားကိုးရာမဲ့မှုကြောင့် သည်းစွာငိုကြွေးလေသည်။

ထိုအခါ အဘ၏ အဆွေခင်ပွန်းဖြစ်သော သူကြွယ်သည် ထိုသူငယ်မ စိတ်သက်သာမှု ရရှိစေရန် တရားဓမ္မနှင့်ယဉ်ကာ ပြောပြပြီး မိမိက တာဝန်ယူစောင့်ရှောက်ပေမည်ဖြစ်ကြောင်း ကတိပေး နှစ်သိမ့်သည်။

သူငယ်မသည် ထိုသူကြွယ်ကို အဘအရာထား၍ ကောင်းမွန်စွာ ပြုစုလုပ်ကျွေးသည်။

ဖခင်ကွယ်လွန်၍ (၇)ရက်မြောက်သောနေ့တွင် သူငယ်မသည် ယာဂုချက်၍ ချိုမြိန်သော သရက်သီးတို့ကိုယူကာ ဘုရားရှင်ထံသို့ သွားရောက်ကာ သေသူဖခင်အတွက် ရည်စူးပြီး လှူဒါန်းလေသည်။

မြတ်စွာဘုရားရှင်သည် သေသူဖခင်အတွက် ရည်စူးအလှူကို လက်ခံပြီး အမျှပေးဝေစေသည်။

သူငယ်မ၏ဖခင် ပြိတ္တာသည် ထိုရည်စူးလှူအပ်သော အလှူ၏ အဖို့ဘာဂကိုရသဖြင့် သရက်ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင်၊ ရေကန်တို့ဖြင့် ပြည့်စုံသော ရုက္ခစိုးနတ်စည်းစိမ် အဖြာဖြာကို ရရှိခံစားရသည်။

အချိန်အတန်ကြာသော် လှည်းကုန်သည်များသည် ကုန်ရောင်းထွက်ကြပြန်ရာ ရှေးကနေခဲ့ဖူးသောအရပ်၌ တစ်ညတာနားရန် ဆုံးဖြတ်ပြီး ရပ်နားကြသည်။

ထိုကုန်သည်တို့ကိုမြင်၍ ရုက္ခစိုးနတ်သည် မိမိ၏ ဗိမာန်အဆောင်အယောင်နှင့်တကွ ကုန်သည်တို့အား ကိုယ်ထင်ပြလေသည်။

ကုန်သည်တို့သည် ထိုဗိမာန်ရှင် ရုက္ခစိုးနတ်ကို တအံ့တသြ ငေးမောကြည့်ကြလေသည်။ မည်သူမည်ဝါဖြစ်ကြောင်းကို မေးကြသည်။

ထိုအခါ ရုက္ခစိုးနတ်က မိမိသည် တစ်ချိန်က ဓားပြသတ်ခံရ၍ သေရသော ကုန်သည်ဖြစ်ကြောင်းနှင့် သမီးက အလှူပြု၍ ကုသိုလ်အဖို့ဘာဂရသောကြောင့် ဤကဲ့သို့သော နတ်စည်းစိမ် ခံစားရကြောင်း အလုံးစုံ ပြောပြသည်။

ထိုရုက္ခစိုးနတ်သည် ကုန်သည်တို့ကိုခေါ်၍ မိမိကုန်သည်ဘဝက မြှုပ်နှံထားခဲ့သော ဥစ္စာထုပ်ကို ဖော်ထုတ်ယူ၍ လမ်းညွှန်ပြောကြားပြီး သမီးကိုပေး‚ပေးရန် ပြောကြားသည်။ တစ်ဝက်ကို စားသုံး၍ တစ်ဝက်ကို လူဘဝက တင်ခဲ့သော ကြွေးမြီကို ပေးဆပ်ဖို့ သမီးကို ပြောကြားပေးရန် မှာကြားခဲ့သည်။

ကုန်သည်တို့သည် ထိုရုက္ခစိုးနတ် ပြောပြသည့်အတိုင်း ဥစ္စာထုပ်ကိုယူပြီး သာဝတ္ထိသို့ ကုန်ရောင်းပြီး၍ ပြန်ရောက်သော အခါ ထိုသမီးထံသို့သွားကာ အကျိုးအကြောင်းပြောပြပြီး ဥစ္စာထုပ်ကို ပေးကြလေသည်။

ထိုအမျိုးသမီးငယ်သည် ဖခင်မှာသည့်အတိုင်း ဆောင်ရွက်ပေးခဲ့သည်။ နောင်တွင် မွေးစားဖခင်က မိမိ၏သားနှင့် လက်ထပ်ထိမ်းမြားပေးခဲ့သည်။

နောင်တွင် ထိုအမျိုးသမီးသည် ဘုရားရှင်ထံမှ တရားနာရပြီး သောတာပတ္တိဖိုလ်၌ တည်လေသည်။

## အရှင်လတ်လတ် ရုက္ခစိုးနတ်ဘုံရောက်ရသူ

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလ **အချိန်** ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်သည်လည်း သာဝတ္ထိပြည်၌ သီတင်းသုံးနေချိန် ဖြစ်သည်။

သာဝတ္ထိပြည်မှ ကုန်သည်များနှင့် ပါဋလိပုတ်ပြည်မှ ကုန်သည်များတစ်စုတို့သည် စုပေါင်း၍ သမုဒ္ဒရာကူးလှေးတို့ဖြင့် သုဝဏ္ဏဘူမိသို့ ကုန်ကူးသန်းရောင်းဝယ်ရေး ထွက်ခဲ့ကြလေသည်။

လမ်းခရီးတွင် ကုန်သည်တစ်ယောက်သည် ရုတ်တရက်သည်းထန်စွာ နာမကျန်းဖြစ်လာခဲ့သည်။ ကုန်သည်တို့သည် ပါလာသော ဆေးဝါးဖြင့် လှေပေါ်၌ ပြုစုစောင့်ရှောက် ကုသကြသော်လည်း ကုန်သည်မှာ ရောဂါမသက်သာဘဲ ရောဂါဖိစီးနှိပ်စက်မှုဒဏ်ကို အလူးအလဲ ခံရသည်။

ကုန်သည်သည် ရောဂါခံစားနေရဆဲဝယ် အိမ်**တွင်** **ကျန်**ရစ်ခဲ့သော ဇနီးမယားကိုသာ တမ်းတစွဲလမ်းနေမိသည်။ ကုန်သည်သည် ထိုသို့ မယားကို စွဲလမ်းရင်းပင် လမ်းခရီး၌ ကွယ်လွန်ခဲ့လေသည်။

ကုန်သည်သည် ပြုအပ်ခဲ့သော ကောင်းမှုကုသိုလ်များစွာပင် ရှိငြားသော်လည်း မယားကို စွဲလမ်းသောစိတ်ဖြင့် သေဆုံးသောကြောင့် အပေါ်နတ်ပြည်မရောက်ဘဲ သမုဒ္ဒရာအလယ်ကျွန်းတစ်ကျွန်း၌ ရုက္ခစိုးနတ်ဗိမာန်ရှင် ဖြစ်ရလေသည်။

တစ်ချိန်သောအခါတွင် ထိုကုန်သည်၏ မိန်းမသည် မိမိ၏ခင်ပွန်းသည် လက်ငုပ်လက်ရင်းလုပ်ငန်းကို ဆက်လက်လုပ်

လိုသဖြင့် ထိုလင်၏ မိတ်ဆွေကုန်သည်များနှင့်အတူ သုဝဏ္ဏဘူမိသို့ ကုန်ကူးလိုက်ခဲ့လေသည်။

ဗိမာန်ရှင် ရက္ခစိုးနတ်သည် ထိုကုန်သည်လှေ မိမိကျွန်းအနီးသို့ ဖြတ်သန်းသွားစဉ် ထိုလှေ၌ မိမိ၏မယားဟောင်း ပါလာသည်ကို သိရှိလေသည်။ ရက္ခစိုးနတ်သည် မိမိ၏ မယားဟောင်းကို ခေါ်ထားလိုသောကြောင့် လှေကို ဆက်လက်မသွားနိုင်အောင် တန်ခိုးဖြင့် ရပ်တန့်ထားလေသည်။

ကုန်သည်တို့သည် လှေအဘယ်ကြောင့် ရပ်တန့်ရသည်ကို စူးစမ်းဆင်ခြင်ကြသည်။ လှေ၌ တစုံတရာ ငြိတွယ်သော အခြင်းအရာကို မတွေ့ကြ၍ လှေ၌ သူယုတ်မာတစ်ဦး ပါလာ၍သာ ဖြစ်ရမည်ဟု ဆုံးဖြတ်ကြသည်။ ထို့နောက် မဲချကြလေသည်။

ဗိမာန်ရှင်ရက္ခစိုး၏ တန်ခိုးကြောင့် ထိုမိန်းမသည် သုံးကြိမ်သုံးခါ မဲကျလေသည်။

ဗိမာန်ရှင်ရက္ခစိုး၏ တန်ခိုးကြောင့် ထိုမိန်းမသည် သုံးကြိမ်သုံးခါ မဲကျလေသည်။ ကုန်သည်တို့သည် ဝါးဖောင်ကိုပြုလုပ်၍ ထိုမိန်းမကို ဝါးဖောင်၌တင်ကာ သမုဒ္ဒရာအလယ်သို့ ချကြလေသည်။

ထိုမိန်းမသည်လည်း ကြောက်ရွံ့ငိုယိုလျက်ပင် သမုဒ္ဒရာထဲ၌ နေခဲ့ရလေသည်။

ထိုမိန်းမ ရေသို့ချပြီးသည်နှင့် တစ်ပြိုင်နက် လှေကို့သည် တဟုန်တည်း ထွက်ခွာသွားကြလေသည်။

ဗိမာန်ရှင်ရက္ခစိုးနတ်သည် လှေများထွက်ခွာသွားသောအခါ ဖောင်ပေါ်ရှိ ထိုမိန်းမကို နတ်၏တန်ခိုးဖြင့် မိမိဘုံဗိမာန်သို့

ခေါ်ဆောင်သွားလေသည်။ ရုက္ခစိုးနတ်သည် ထိုမိန်းမနှင့်အတူ မွေ့လျော်ကာ နေလေသည်။

မိန်းမသည် ဗိမာန်ရှင်နတ်နှင့် တစ်နှစ်တာကာလမျှ နေပြီးသော် ပျင်းရိငြီးငွေ့လာသည်ဖြစ်၍ နတ်သားကို ပြောပြလေသည်။

"အရှင် ဤနေရာ၌နေရသော ကျွန်မအား တမလွန်ကောင်းကျိုးအတွက် ကုသိုလ်ပြုလုပ်ခြင်းငှာ မရနိုင်ပါ။ လူ့ပြည်လူ့ရွာ၌သာလျှင် ကုသိုလ်ကောင်းမှုပြု၍ တမလွန်ကောင်းကျိုးကို လုပ်နိုင်ပါသည်။ သို့အတွက် ကျွန်မကို ပါဋလိပုတ်သို့ ပြန်ပို့စေလိုပါသည်။

"ချစ်နှမ. . ငါသည် အကုသိုလ်ကံကြောင့် ငရဲဘဝကိုလည်းကောင်း၊ အာနုဘော်ကြီးသော နဂါးဂဠုန် တိရစ္ဆာန်ဘဝကိုလည်းကောင်း၊ အစာအသောက် ရှေ့ရောက်ကာ ကွယ်ပျောက်ရသော အသူရကာယ်ဘဝကိုလည်းကောင်း၊ ကုသိုလ်ကံကြောင့် စည်းစိမ်ချမ်းသာအဖြာဖြာ ပြည့်ဝသော နတ်ပြည်ကိုလည်းကောင်း၊ ကောင်းမွန်သေချာစွာ သိရပါပြီ။ ကုသိုလ်၊ အကုသိုလ်အကျိုးပေးမှုကိုလည်း ကောင်းစွာသိရပြီ ဖြစ်သည့်အတွက် သင်သည် လူရပ်ဌာန ပါဋလိပုတ်ပြည်သို့ ပြန်ပါလေ. .၊ ငါပြန်ပို့ပေးပါမည်. .၊ ထိုပြည်ရောက်က ကုသိုလ်ကောင်းမှုတို့ကို တတ်နိုင်သရွေ့ ပြုပါလေ. ."

"အရှင်. . ကျွန်ုပ်သည် သင်တန်ခိုးဖြင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့၏ ဘဝကိုလည်းကောင်း၊ နတ်စည်းစိမ်၊ နတ်ဘဝကိုလည်းကောင်း တွေ့မြင်ဖူးပါပြီ. .၊ သင်သည် ကျွန်ုပ်၏ ကောင်းကျိုးများစွာကို လိုလားသူဖြစ်ရသည်. .၊ ကျွန်ုပ်သည် သင့်

အတွက် ရည်စူး၍လည်းကောင်း၊ ကျွန်ုပ်အတွက်လည်းကောင်း၊ ကုသိုလ်ကောင်းမှုတို့ကို မပြတ်ပြုပါမည်. . ”

“ကောင်းပါပြီ. . နှမ၊ ယခုပင် သင်လျှော့ပြည်သို့ ပြန်ပါတော့ ပြန်ပို့ပေးပါတော့မည်. . ”

ဗိမာန်ရှင် ရုက္ခစိုးနတ်သည် အမျိုးသမီးကို နတ်တန်ခိုးဖြင့် သယ်ဆောင်ကာ ကောင်းကင်ခရီးဖြင့်သွားလျက် ပါဋ္ဌလိပုတ်ပြည်သို့ ပြန်ပို့ကာ မြို့အလယ်၌ ချထားပေးခဲ့လေသည်။

ပါဋ္ဌလိပုတ်၌ ထိုမိန်းမ၏ ဆွေမျိုးတို့သည် ထိုမိန်းမကို ပြန်လည်တွေ့ရှိ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ အံ့သြမဆုံးလည်း ရှိကြလေသည်။ လှေနှင့်အတူတူ သွားခဲ့ကြသော ကုန်သည်တို့ကလည်း ထိုမိန်းမပြန်ရောက်သည်ကို ကြား၍ လာရောက်မေးကြသည်။ အချင်းချင်းလည်း ဆွေးနွေးပြောဆိုမိကြ အံ့သြကြလေသည်။

“ငါတို့သည် ဤအမျိုးသမီးကို အလွန်ဝေးလံသော သမုဒ္ဒရာအလယ်၌ ပစ်ချထားခဲ့ရာ သေပြီဟု ထင်မှတ်ထားခဲ့သည်။ ယခုမသေဘဲ ပြန်ရောက်လေသည်မှာ အလွန်အံ့သြစရာ ကောင်းလှလေသည်. . ”

ဆွေမျိုးသားချင်းတို့သည်လည်းကောင်း၊ အပေါင်းအသင်းမိတ်ဆွေတို့သည်လည်းကောင်း ပါဋ္ဌလိပုတ်မှ အတူသွားကုန်သည်တို့သည်လည်းကောင်း ထိုမိန်းမထံ လာရောက်ကြကာ အကြောင်းစုံကို မေးမြန်းကြလေသည်။

ထိုမိန်းမကလည်း မိမိတွေ့ကြုံခဲ့ရသော အကြောင်းစုံကို ပြောပြလေသည်။

ထိုအမျိုးသမီး သတင်းစုံကို သာဝတ္ထိမှ ကုန်သည်များက လည်း ကြားကြရ၍ လာရောက်စုံစမ်း မေးမြန်းကြလေသည်။

သာဝတ္ထိနေ ကုန်သည်တို့သည် ထိုမိန်းမအကြောင်းစုံကို သိရှိပြီးသောအခါ သာဝတ္ထိသို့ ပြန်ပြီးလျှင် ဘုရားရှင်ထံသို့ ဝင်ရောက်ဖူးမြော်ကြပြီးလျှင် ထိုမိန်းမ၏ အကြောင်းစုံကို လျှောက်ထားပြကြလေသည်။

ဘုရားရှင်သည် ထိုအမျိုးသမီး၏ အကြောင်းစုံကို ညနေတရားပွဲတွင် ပရိသတ်လေးပါးတို့အား ဟောပြောပြတော်မူရာ တရားနာပရိသတ်တို့သည် သတိသံဝေဂရကြကာ ဒါနစသော ကောင်းမှုတို့ကို ကောင်းစွာ ပြုကြလေသည်။

## တော၌ တရားအားထုတ်နေသော ရဟန်းတော်များနှင့် ဘုမ္မစိုးနတ်ကြီး၏အမြင်

တောတောင်ထဲ၌ တရားအားထုတ်နေသော ရဟန်းများကို တောအုပ်စောင့်သော ဘုမ္မစိုးနတ်ကြီးသည် ရဟန်းများကြည့်ပြီး

"ဤရဟန်းများ၏ အသားအရေသည် ဘာလို့များ ဒီလောက် ကြည်လင်တောက်ပနေရပါသလဲ. ."

ဟု သံသယဝင်စိတ်များ ဝင်နေမိသည်။

"လောကတွင် ဆီဦးထောပတ် စားနေသောသူမှာ ဖဲမွေ့ရာကောဇောပေါ်မှာ အိပ်နေသူများ၊ အရိပ်အာဝါသအောက်မှာ နေရသူများသာ အသားအရေ ကြည်လင်ဝင်းပနေတတ်သည်။ ဤရဟန်းများသည် စားရသည်က တစ်ထပ်ဆွမ်း၊ ဒါတောင် ကိုယ်စားချင်တာကို စားရသည်မဟုတ်. .၊ သူတစ်ပါး လောင်းလှူတာကို

သာ စားရသည်။ မျှတစွာ နေရသည်၊ အချို့သည် သစ်ပင်အောက်မှာ၊ အချို့သည် လွင်ထီးခေါင်မှာ၊ အချို့မှာ သစ်ရွက်၊ အကာအရံ မလုံမခြုံနှင့် နေရသည်။ ဒါတောင် ဒီရဟန်းများ၏ အသားအရေ အဆင်းသည် အဘယ်ကြောင့် ကြည်လင်ဝင်းပနေပါသလဲ. .၊ ငါသည် ဘုရားထံ သွားရောက်လျှောက်ထားသင့်သည်. . ”

ဟု ဘုမ္မစိုးနတ်သာသည် ဤသို့စဉ်းစားမိပြီး ဘုရားရှင်ထံသို့ ညဉ့်အခါ သွားရောက်ပြီး လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က. . .

“အချင်းနတ်သား. .၊ ဤတောနေရဟန်းများသည် ယခင်က တွေ့ခဲ့ကြုံခဲ့ ဆုံခဲ့ကြသော အတိတ်အကြောင်းကို ပြန်ပြောင်းကြံတွေး ပူဆွေးမနေကြ. .၊ မရောက်သေးသော အနာဂတ်ကာလကိုလည်း မျှော်တွေးကြောင့်ကြပြီး တောင့်တမနေကြပါ. .၊ ယခု လက်ရောက်မျက်မှောက် တွေ့ကြုံနေရသော ပစ္စုပ္ပန်အာရုံဖြင့်သာ တင်းတိမ်အားရ မျှတနေကြသည်။

မရောက်သေးသော အနာဂတ်ကာလကို ကြံတွေးပြောဆိုနေခြင်းကြောင့်လည်းကောင်း၊ တွေ့ကြုံဆုံခဲ့ရသော အတိတ်အကြောင်း ပြန်တွေးကြံဆ ပူဆွေးနေခြင်းဖြင့်လည်းကောင်း၊ ဤအကြောင်းနှစ်ပါးကြောင့် ဓားဖြင့်ခုတ်ဖြတ်ပြီးလျှင် တဖျပ်ဖျပ်ပူလောင်နေသော ကျောက်ဖျာပေါ်တွင် တင်ထားအပ်သော ကျူရိုးတို့သည် ခြောက်ကပ်ရှုံ့တွကုန်သကဲ့သို့ အသိအလိမ္မာ ဉာဏ်ပညာနည်းသော လူပြိန်းတို့သည် ကြုံလှီသွေ့ခြောက်ကြကုန်၏. . ”

ဟူ၍ ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

## သစ်ပင်ခုတ်သော ရဟန်းနှင့် ရုက္ခစိုးနတ်သမီး

မြတ်စွာဘုရားရှင် အာဠဝီပြည် အဂ္ဂဠဝစေတီ၌ သီတင်းသုံးစဉ်အချိန်ဖြစ်သည်။ အာဠဝီပြည်သား ရဟန်းတို့သည် ကျောင်းသစ်ကို ပြုလုပ်လိုသော် သင်တို့ကိုယ်တိုင်တည်း ခုတ်သည်၊ သူတစ်ပါးတို့ကိုလည်း ခုတ်စေသည်။

ရဟန်းတစ်ပါးသည် သစ်ပင်ကို ခုတ်ဖြတ်ရာ ထိုသစ်ပင်ကို စိုးအုပ်၍နေသော နတ်သမီးက. . .

"အရှင်ဘုရား. . ၊ မိမိ၏ဗိမာန်ကို ပြုလုပ်လို၍ အကျွန်ုပ်၏ ဗိမာန်ကို မခုတ်ဖြတ်ပါလင့်. ."

ဟု လျှောက်ထားတောင်းပန်သည်။

ရဟန်းသည် ထိုနတ်သမီးလက်မောင်းကို ခုတ်ဖြတ်မိလေသည်။ ထိုအခါ နတ်သမီးက အမျက်ဒေါသထွက်၍. . .

"ငါသည် ဤရဟန်းကို ဤနေရာတွင် သတ်ဖြတ်လိုက်ရပါမှ ကောင်းမည်. ."

ဟု အကြံဖြစ်မိလေသည်။

"ငါသည် ဤရဟန်းကို ဤနေရာ၌ သတ်ဖြတ်ခြင်းသည် မသင့်လျော်ပါချေ။ မြတ်စွာဘုရားအားသာ ဤအကြောင်းကို လျှောက်ထားက သင့်ပေမည်ဟု ထပ်မံအကြံဖြစ်ပြီး ဘုရားရှင်ထံသို့သွားကာ ဤအကြောင်းကို လျှောက်ထားလေသည်။

"နတ်သမီး. . ကောင်းလေစွ၊ ကောင်းလေစွ၊ သင်သည် ထိုရဟန်းကို အကယ်၍ သတ်ဖြတ်မိပါမူ သင့်အား မကောင်းမှုသည် တိုးပွားလေရာ၏။ နတ်သမီး သင်သွားပါချေ။ ဤမည်သော

အရပ်၌ရှိသော သစ်ပင်သည် အုပ်စိုးသူနတ်မှ ကင်းဆိတ်၏။ ထိုသစ်ပင့်ကို ခွဲမှီ၍နေပါလေ. . ”

ဟု ဘုရားရှင်က မိန့်ကြားပြီး နေရာအသစ် ပေးလေသည်။

ထိုသစ်ပင်စောင့် ရုက္ခစိုးနတ်သမီး အမှုကိစ္စနှင့် ပတ်သက်ပြီး လူတို့သည် ကြားသဖြင့် ရဟန်းတို့ကို ကဲ့ရဲ့ပြစ်တင်ဆိုလာကြသည်။ ထိုအခါ ဘုရားရှင်က ထိုရဟန်းကို ခေါ်ယူစစ်ဆေးပြီး လူအများက သစ်ပင်၌ အသက်ရှိသည်ဟု မှတ်ထင်နေကြသည်။ ပြောဆိုဆုံးမစကား မကြည်ညိုသေးသောသူတို့ ကြည်ညိုစေရန် ဘုရားရှင်က. . .

“ရဟန်းတို့သည် ကြီးပွားပြီး၊ ကြီးပွားဆဲဖြစ်သော မျိုးစေ့၊ မြတ်၊ သစ်ပင်အပေါင်းကို ခုတ်ဖြတ်ဖျက်ဆီးက ပါစိတ်အာပါတ်သင့်စေ. . ”

ဟု ဥပဒေထုတ်ပြန်ခဲ့လေသည်။

## အဝတ်မစီး မြင်းပြူစီး ဘုမ္မစိုးနတ်

ဝေသာလီပြည်ဝယ် နတ္ထိကအယူ (ကုသိုလ်၊ အကုသိုလ် အကျိုးမရှိဟူသော အယူ)ကို သမ္ဘသက္ကရမည်သော လစ္ဆဝီမင်းမင်းပြူစဉ် အချိန်ကာလဖြစ်သည်။

ဝေသာလီပြည်မှ ကုန်သည်တစ်ယောက်သည် သီလရှိသည်၊ အမျက်စောင်းမန်နည်းသည်၊ နူးညံ့သိမ်မွေ့သော စကားရှိသည်။ သူတစ်ပါးတို့၏ ဂုဏ်ကျေးဇူးကိုလည်း အမှန်အတိုင်း ပြောလေ့ရှိသည်။

ထိုကုန်သည်သည် တစ်နေ့တွင် ရွံ့ညွန်များစွာ ထူထပ်သော ဗွက်အိုင်တစ်ခု၌ လူအများ ချမ်းသာစွာ သွားလာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် နွားဈ၏ဦးခေါင်းခွံတစ်ခုကို ချထားလေသည်။ လူတို့သည် ထိုနွားဦးခေါင်းခွံကို နင်းသွားရသဖြင့် ရွံ့ဗွက်အိုင်ကို ခုန်ကျော်၍ မသွားရတော့ပေ။

ထိုကုန်သည်သည် တစ်နေ့တွင် ရေချိုးနေသော မိမိမိတ်ဆွေတစ်ဦး၏ အဝတ်ကို မြူးတူးပျော်ပါး ကစားလိုသောစိတ်ဖြင့် ဝှက်ထားလေသည်။ ထိုမိတ်ဆွေ စိတ်ဆင်းရဲစွာ ခံစားရပြီးမှ ပြန်ပေးလေသည်။

ထိုကုန်သည်၏ တူဖြစ်သူသည် ခိုးယူတတ်သော အကျင့်ရှိသည်။ တစ်နေ့တွင် သူသည် အိမ်တစ်အိမ်မှ ပစ္စည်းတို့ကို ခိုးယူလာပြီးနောက် ဦးလေးအိမ်အတွင်း၌ ဝှက်ထားလေသည်။

ဥစ္စာပျောက်ရှာကုန်သော သူတို့သည် တူဖြစ်သူ ခိုးယူ၍ ဦးလေးအိမ်၌ ဝှက်ထားသည်ကို သိရှိကြပြီး ဆိုင်ကိုဝင်ရောက်ရှာဖွေ၍ ဥစ္စာဘဏ္ဍာနှင့်တကွ ဦးလေးနှင့်တူတို့ကို ဖမ်းဆီးပြီး မင်းထံသို့ ပို့လေသည်။

ဦးလေးသည် ကြီးသူဖြစ်သည့်အလျောက် တူကို ဆိုဆုံးမရမည့်အစား မဆုံးမဘဲ ခိုးရာပါပစ္စည်းကို သဘောတူလက်ခံထားသော အပြစ်ရှိ၍ ခေါင်းဖြတ်၍သတ်စေသည်။ တူကိုမူ နောက်နောင်လူများ ဘဝသင်ခန်းစာရစေရန် သုဿန်၌ တံကျင်ထိုး၍ထားစေသည်။

ထိုကုန်သည်သည် အသတ်ခံရပြီးသောအခါ နွားဦးခေါင်းကို လမ်းခင်းပေးသော ကုသိုလ်ကံကြောင့် စိတ်နှင့်တူသော လျှင်

သောအဟုတ်ရှိသော နတ်မြင်းအာဇာနည် စီးရသော ဘုမ္မစိုးနတ် ဖြစ်ရလေသည်။ သူတစ်ထူးကို စိတ်ဆင်းရဲအောင် ပြုခဲ့သော အဝတ်ပုဆိုး ခိုးဝှက်မှုအကုသိုလ်ကြောင့် အဝတ်မဆီး ကိုယ်လုံးတီး နေရလေသည်။

(အကျယ်အကြောင်းစုံကို ပေတဝတ္ထုပါဠိတော်၊ အမ္ဗသက္ကာရဝတ္ထု၌ ကြည့်ပါ)

## မတကဘတ်၌ ဆိတ်သတ်အလှူနှင့် ရုက္ခစိုးနတ်၏တရား

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗေဒင်သုံးပုံ တတ်ကျွမ်းသော ဒိသာပါမောက္ခဆရာကြီးသည် မတကဘတ် (သေသူအတွက် ရည်စူးထမင်း)ကျွေးရန် ဆိတ်ကုလားတစ်ကောင်ကို ယူစေပြီး တပည့်များကို မြစ်၌ရေချိုးစေပြီး ပန်းကုံးစွပ်နံ့သာ လက်ငါးချောင်းရာပေး၍ ထမ်းစေ၏။

ထိုအခါ ဆိတ်သည် မိမိ၏ ရှေးဘဝကိုမြင်၍ ငါသည် ယနေ့ ဤဆင်းရဲမှ လွတ်တော့အံ့ဟု ဝမ်းမြောက်သည်ဖြစ်၍ မြေအိုးကိုခွဲဘိသကဲ့သို့ သည်းစွာရယ်ခြင်းကို ရယ်၍ တစ်ဖန် ပုဏ္ဏားသည် ငါ့ကိုသတ်၍ ခံရသော ဆင်းရဲကို ရလတံ့ဟု ပုဏ္ဏား၌ သနားခြင်းဖြစ်၍ သည်းစွာသော အသံဖြင့် ငိုကြွေးလေသည်။

ထိုအခါ လုလင်တို့က ဆိတ်ကို ငိုမှု-ရယ်မှု အကြောင်းစုံကို မေးကြသည်။ ဆိတ်က သင်တို့ဆရာထံမှောက် ပို့ပေးပါဟု ဆိုသဖြင့် ဆိတ်ကို ဆရာထံသို့ ခေါ်ဆောင်လာကြသည်။

ဆိတ်၏ ရယ်ခြင်း-ငိုခြင်း အကြောင်းကိုလည်း ပြောပြကြသည်။

"ပုဏ္ဏား ငါသည်လည်း ရှေးက သင့်ကဲ့သို့ ဗေဒင်ရွတ်ဖတ်တတ်သော ပုဏ္ဏားတစ်ဦးဖြစ်ခဲ့၍ မတကဘတ်အတွက် ဆိတ်တစ်ကောင်ကိုသတ်၍ လှူဖူး၏။ ထိုအကုသိုလ်ကြောင့် ငါသည် ၄၉၉-ဘဝ၌ ခေါင်းဖြတ်ခံခဲ့ရပြီး ယခုနောက်ဆုံး ငါးရာပြည့်ခေါင်းဖြတ်ခံရခြင်း ဖြစ်သည်။ ယခု ငါသည် ဤဘဝမှ လွတ်မြောက်တော့မည်ဖြစ်၍ ဝမ်းမြောက်၍ ရယ်ပါသည်။ သင်သည် ငါ့ကိုသတ်သဖြင့် ငါကဲ့သို့ပင် ခံရဦးမည်ဖြစ်၍ သင့်အတွက် သနားမိသောကြောင့် ငိုမိပါသည်. ."

ဟု ဆိတ်က ပြောပြသည်။

"အချင်းဆိတ်. .၊ မကြောက်လင့်. .၊ သင့်ကို ငါမသတ်တော့ပါ. ."

"ပုဏ္ဏား. . သင်သတ်သည်ဖြစ်စေ. .၊ မသတ်သည်ဖြစ်စေ၊ ယနေ့ ငါသည် သေခြင်းမှ မလွတ်နိုင်. ."

"အချင်းဆိတ်. .၊ မကြောက်လင့်၊ သင့်ကို အစောင့်အရှောက်ပေး၍ သင်နှင့်အတူ ငါလိုက်မည်. ."

"ပုဏ္ဏား. .၊ သင်၏အစောင့်အရှောက်ကား အနည်းငယ်သာရှိ၏. .၊ ငါ၏ အကုသိုလ်က ကြီးမားလှဘိ၏. ."

ပုဏ္ဏားသည် ဆိတ်ကိုလွှတ်၍ ဤဆိတ်ကို မည်သူမျှ သတ်စိမ့်သောငှာ မရစေအံ့ဟု တပည့်တို့ကိုခေါ်၍ ဆိတ်နှင့်အတူ သွားလေသည်။ ဆိတ်ကို အစားစားရန်လွှတ်စဉ် ဆိတ်သည် ကျောက်ဖျာကြီးကို အမှီပြု၍ ပေါက်နေသောချုံ၌ လည်ကိုမော့၍ အရွက်တို့ကို စားရန် အားထုတ်နေစဉ်မှာပင် ကျောက်ဖျာကို မိုးကြိုးပစ်ချရာ ကျောက်ဖျာတစ်ခုသည် ဖြတ်တောက်ပြီး ဆိတ်၏လည်ပင်းကိုဖြတ်ရာ ဆိတ်သည် ဦးခေါင်းပြတ်ကျလေသည်။

လူတို့သည် အနီးသို့ စုဝေးလာရောက်ကြည့်ကြသည်တွင် ထိုအရပ်၌ရှိသော ရုက္ခစိုးနတ်သည် နတ်၏အာနုဘော်ဖြင့် ကောင်းကင်၌ရပ်တည်ပြီး. . .

"အချင်းတို့. .၊ သတ္တဝါကို သတ်သောသူသည် အပါယ်လေးပါးတို့၌ ကြီးစွာသော ဆင်းရဲကို ခံစားရလျက်၊ အချိန်ကြာမြင့်စွာ စိုးရိမ်ရ၏။ ဤသို့သော မသိအစဉ်ဖြင့် ကြီးပြင်းရခြင်း၊ အိုနာသေခြင်း၊ မုန်းသောသူတို့နှင့် မိတ်ဖွဲ့ပေါင်းသင်းရခြင်း၊ ချစ်သောသူနှင့် ကွေကွင်းရခြင်း၊ လက်ခြေပြတ်ခြင်း အစရှိသော ဆင်းရဲတို့၏တည်ရာ ဖြစ်ကြရပါ၏။ ဤသို့ ဖြစ်တတ်သည်ကို သတ္တဝါတို့သိကြပါကုန်အံ့. .၊ သတ္တဝါတို့၏ အသက်သတ်ခြင်းကို မပြုလုပ်ကြပါနှင့်. . ."

ဟု ရုက္ခစိုးနတ်သားက လူတို့အား ဟောကြားပြသလေသည်။

## သတ္တဝါတို့အားသတ်၍ နတ်ပူဇော်မှု အကျိုးမရှိပုံကိုဟောသော ရုက္ခစိုးနတ်

သာဝတ္ထိပြည်သား အချို့သောသူတို့သည် ကုန်သွယ်သွားလာသောအခါ သတ္တဝါတို့ကိုသတ်၍ နတ်တို့အား ပူဇော်ခြင်းအမှုကို ပြုကုန်ကြသည်။

"အကျွန်ုပ်တို့သည် အန္တရာယ်မရှိသဖြင့် ကုန်ရောင်းအကျိုး ပြီးစီးခြင်းသို့ ရောက်ပါစေ. .၊ ပြန်လာသော် တစ်ဖန်အရှင်နတ်တို့ကို ပူဇော်ပါမည်. ."

ဟု ပြောကြားတောင်းပန်၍ သွားကြသည်။

ကုန်သွယ်မှု အောင်မြင်ပြန်လာကြသောအခါ ထိုနတ်များ

စောင့်ရှောက်၍ အောင်မြင်သည်ဟု ယူဆကြပြီး များစွာသော ကြက်၊ ဝက်တို့ကိုသတ်ကာ ပူဇော်ကြပြန်သည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ဘုရားရှင်ကို ရဟန်းများက လျှောက်ထားပြရာ ဘုရားရှင်က ရှေးကလည်း ကာသိတိုင်း ရွာငယ်တစ်ခု၌နေသော သူကြွယ်သည် ထိုကဲ့သို့ ကုန်သွယ်မှုပြုသောအခါ ပင်ညောင်ပင်နတ်ကို များစွာသော သတ္တဝါတို့ကို သတ်၍ ပူဇော်ပြီး ပြန်လာသောအခါ၌လည်း ပူဇော်ပါမည်ဟု ဝန်ခံကတိပြုခဲ့သည်။

ကုန်သွယ်မှုအောင်မြင်၍ ပြန်လာသောအခါ ပင်ညောင်ပင်စောင့်နတ်မ,စ၍ အောင်မြင်သည်ဟု ယုံကြည်ပြီး တစ်ဖန်များစွာသော သားသတ္တဝါတို့ကိုသတ်၍ ပူဇော်ရန် လာပြန်သည်။ ထိုအခါ ရုက္ခစိုးနတ်သည် ပင်ညောင်ပင်ခွ၌ ရပ်လျက်. . .

"အချင်းယောကျ်ား. .၊ သင်သည် တာဝန်ခံထားခြင်းမှ အကယ်၍ လွတ်လိုငြားအံ့၊ တမလွန်ဘဝလွတ်အောင် ပြုလုပ်သင့်သည်. .၊ သတ္တဝါအသက်ကို သတ်ခြင်းပြု၍ ဝန်ခံကတိပြုခြင်းမှ လွတ်စေလိုသောသူကို မကောင်းမှုဒဏ်သည် ထိပါသည်။ ပညာရှိတို့သည် ဤသို့ သူ့အသတ်သတ်ခြင်းပြု၍ ဝန်ခံမိကို မပြုကြကုန်၊ လူမိုက်သည်သာ သူ့အသက်သတ်ခြင်းကိုပြု၍ ဝန်ခံကတိပြုခြင်းမှ လွတ်သည်ဟု ယူဆခြင်းသည်ကား မကောင်းမှုဖြင့် မိသည်မည်ပါသည်. ."

ဟု ဟောကြားရာ ထိုအခါကျမှ ကုန်သည်သည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်လျက် တရားကိုကျင့်ခဲ့ရာ သေသော် နတ်ပြည်သို့ ရောက်လေသည်။

## ဖျိုင်းမိုက်ကိုလည်ဖြတ်သော ပုဇွန်ပညာရှိပုံကို ကျူးရင့်ကြွေးကြော်သော ရှကွစိုးနတ်

ရေအိုင်ကြီးတစ်အိုင်တွင် ငါးများစွာနေရာ နွေရာသီရောက်သော် ရေခန်းခြောက်လာ၍ ထိုငါးကိုစားလိုသော ဗျိုင်းသည် ငါးတို့၏ရှေ့၌ မှိုင်ငေး၍ နေပြသည်။

ငါးတို့က မေးသောအခါ. . .

"ရေကန်က ရေခန်းတော့မည်. . ၊ သင်တို့အတွက် ငါ စိုးရိမ်ကြောင့်ကြမိသည်။ သင်တို့ကို အဘယ်သို့ ကယ်ရမည်နည်း ဟု စဉ်းစားနေပါသည်. . ၊ ဤမှမနီးမဝေးတွင် ကြာငါးမျိုးနှင့် ပြည့်သော ရေကန်တစ်ကန် ရှိပါသည်။ ထိုနေရာသို့ သင်တို့ကို တစ်ကောင်စီ တစ်ကောင်စီ ငါယူဆောင်၍ ပို့ပေးချင်ပါသည်. . "

ဟု ပြောသည်။

"အသင်ဗျိုင်း. . လောက၌ ငါး၏အကျိုးကို လိုလားသော ဗျိုင်းမည်သည် မကြားဖူးပါ. . ၊ သင်သည် ငါးတို့ကို စားလို၍ လှည့်ပတ်ခြင်းသာ ဖြစ်ပါမည်. . "

"အသင်တို့. . မယုံလျှင် ငါးတစ်ကောင်ကို ရှေးဦးစွာ ကြည့်စေဦးလော. . "

ငါးတို့က ဗျိုင်း၏စကားကိုယုံပြီး ငါးတစ်ကောင်ကို ထည့်လိုက်သည်။ ဗျိုင်းသည် ထိုငါးကိုချီယူ၍ အိုင်ကိုပြသပြီး ပြန်ခေါ်ခဲ့သည်။ ထိုငါးက အိုင်ကြီးမှာ ရေများကြောင်း၊ အစားအစာပေါကြောင်း၊ ပျော်မွေ့ဖွယ်ရာကောင်းကြောင်း အားရဝမ်းသာစွာ ပြောပြသည်။

ထိုအခါ ငါးတို့သည် ယုံကြည်၍ တစ်ကောင်စီ ပို့ပေးရန် သဘောတူကြသည်။ ဗျိုင်းသည် ပထမတစ်ကောင် ချီယူသွားပြီး အိုင်အနီးရှိ ကတက်ပင်ပေါ်၌ သတ်စားပြီး အရိုးကို အောက်သို့ ချထားသည်။

ဤနည်းဖြင့် စားလာရာ ငါးအားလုံးကုန်၍ ပုဇွန်လုံးတစ်ကောင်သာ ကျန်သည်။ ဗျိုင်းသည် ထိုပုဇွန်ကိုလည်း စားရန် ရှေးနည်းအတိုင်း လှည့်ပတ်ပြောဆိုသည်။ ပုဇွန်သည် ဗျိုင်းကိုမယုံချေ။

"အသင်. . ၊ ငါ့ကို ငါးတို့ကဲ့သို့ ချီးဆောင်လျှင် ငါ၏အခွံကမာ၍ လမ်းတွင် လွတ်ကျသေလိမ့်မည်။ အသင်၏ လည်ပင်းကို ငါ၏လက်မဖြင့် ညှပ်ဆွဲ၍ လိုက်ရမူကား ငါလိုက်ပါမည်. . "

ဟု ပြောသည်။

ဗျိုင်းသည် ပုဇွန်၏အကြံကို မသိဘဲ ဝန်ခံဆောင်ယူ၍ အိုင်ကိုပြပြီး ခတက်ပင်သို့ ပျံလာခဲ့သည်။

ထိုအခါ ပုဇွန်က အဘယ်ကြောင့် အိုင်သို့မပို့ဘဲ ခတက်ပင်သို့ သယ်လာရပါသနည်းဟု မေးသည်။

"ငါသည်. . သင်၏ ဦးရီးလည်းမဟုတ်. . ၊ သင်သည်လည်း ငါ့တူမဟုတ်. . ၊ သင်သည် ငါ့ကို ကျွန်မှတ်ထင်နေယောင်တကား. . ၊ ခတက်ပင်ရင်းရှိ ငါးရိုးတို့ကို သင်ကြည့်ပါလော့. . ၊ ငါးတို့ကို စားသကဲ့သို့ သင်ကိုစားမည်. . "

ဟု ဗျိုင်းက ဆိုသည်။

"အို. . ဗျိုင်း. . ၊ ဤငါးတို့ကား မလိမ္မာကြ၍ သင်ပြုသမျှခံရပြီး အစားခံရ၏။ သင် ငါ့ကို မည်သို့ ထင်ပါသနည်း. . ၊ သင်သာမိုက်၍ ငါ၏လှည့်ပတ်ဉာဏ်ကို မသိပါလေ. . ၊ သင်၏လည်

ပင်းသည် ငါ၏လက်မှအတွင်း ရောက်နေသည်ကို သတိပြုမိရဲ့လား ယခုပင် သိစေအံ့. . "

ဟုပြောပြီး လည်ကို ပြင်းစွာညှပ်လေသည်။

ထိုအခါ ဗျိုင်းသည် ပါးစပ်ပွင့် မျက်စိပြူးလျက် မျက်ရည်တို့သည် ကျကုန်သည်။

"အသင်ပုဇွန်. . ၊ သင့်ကို ငါမစားတော့ပါ. . ၊ ငါ့အသက်ကို ချမ်းသာပေးပါ. . "

ဟု ဆိုသည်။

"ကောင်းပြီ. . ၊ ဒါဆို ငါ့ကို အိုင်သို့ပို့လော့. . "

ဟုဆိုကာ အိုင်သို့ပို့စေသည်။ ပုဇွန်ကို ရေစပ်သို့ချစဉ်. .

"ဤဗျိုင်းကား ယုတ်မာသည်. . ၊ အသက်ရှည်ခြင်းငှာ မထိုက်. . "

ဟုဆိုကာ ကြာရိုးကို ကတ်ကြေးဖြင့်ဖြတ်သကဲ့သို့ ဗျိုင်း၏ လည်ကိုဖြတ်ကာ ရေသို့ဆင်းသွားလေသည်။

ထိုအခြင်းအရာ အံ့ဖွယ်သရဲကို မြင်တွေ့ရသော ခံတက်ပင်စောင့် နတ်ရုက္ခစိုးမြင်လျှင် တောအလုံးကို ပဲ့တင်ထပ်စေလျက်

"အချင်းတို့. . လှည့်ပတ်သူသည် ချမ်းသာကိုမရနိုင်. . ၊ ပုဇွန်၏လက်ဖြင့် ဗျိုင်း၏လည် ပြတ်ရသကဲ့သို့ စဉ်းလဲကောက်ကျစ်သူသည် မိမိ၏ မကောင်းမှုအကျိုးကို စင်စစ်ခံစားရသည်သာတည်း"

ဟု ကျူးရင့်လေသည်။

## ညီညွတ်စွာယှဉ်တွဲသော သစ်ပင်ကို လေကြီးမဖြိုနိုင်ပုံကိုဟောသော ရုက္ခစိုးနတ်

ဟိမဝန္တာတောရှိ အင်ကြင်းတောသည် တစ်ပင်နှင့် တစ်ပင် အချင်းချင်း ခြုံနွယ်တို့ဖြင့် ယှက်စပ်နေ၍ လေပြင်းကြီး တိုက်သောအခါ သစ်ပင်တစ်ပင်မျှလည်း တိမ်းသောအခါမတတ် နိုင်၊ လေတို့သည် သစ်ပင်များကိုသာဖြတ်၍ သွားရသည်၊ လွင်တီး ခေါင်၌ ပေါက်နေသော သစ်ပင်ကြီးသည်ကား အပင်ကြီးမားသော် လည်း တစ်ပါးသော အပင်များနှင့် မယှဉ်စပ်၍ လေတိုက်ဒဏ် ကြောင့် မြေ၌လဲကျရသည်။

ဤကဲ့သို့ပင် ရှေးလွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလ၌ ရှေးဦးစွာဖြစ်သော ဝေဿဝဏ်နတ်မင်းကြီး သည် စုတေသည် သိကြားမင်းသည် တစ်ဦးသော နတ်မင်းကို ဝေဿဝဏ်နတ်မင်းနေရာ၌ အစားထိုး တာဝန်ပေးသည်။

ထိုဝေဿဝဏ်နတ်မင်း အသစ်သည် ရုက္ခစိုးစသောနတ် များကို မိမိတို့နှစ်သက်ရာ သစ်ပင်ကြီး၊ သစ်ပင်ငယ်၊ ချုံနွယ်တို့၌ ဗိမာန်ကို မိမိတို့နှစ်သက်သလိုယူကြစေဟူ၍ အမိန့်ပေးလိုက် သည်။

ထိုအချိန်ဝယ် ဘုရားလောင်းသည် ဟိမဝန္တာအရပ် အင်ကြင်းတောတစ်ခု၌ ရုက္ခစိုးနတ် ဖြစ်နေလေသည်။

ဘုရားလောင်း ရုက္ခစိုးနတ်သည် ဆွေမျိုးနတ်တို့ကို-

"သင်တို့သည် ဗိမာန်ကိုယူသည်ရှိသော် လွင်ပြင်၌ပေါက် သော သစ်ပင်ကို မယူကြကုန်လင့်၊ ဤအင်ကြင်းတော၌ ငါယူအပ်

သောဗိမာန်ကိုခြံရံ၍တည်သောသစ်ပင်၌ ဗိမာန်အဖြစ်ယူကြကုန်လော့"

ဟု ဩဝါဒပေးသည်။

ထိုနတ်အပေါင်းတွင် ဘုရားလောင်းရုက္ခစိုးနတ်၏ စကားကို နားထောင်သော ပညာရှိနတ်တို့သည် ဘုရားလောင်းဗိမာန်၏ ပတ်ဝန်းကျင်ရှိ သစ်ပင်တို့၌ ဗိမာန်ယူကြသည်။

ပညာမရှိသော နတ်တို့သည်ကား တောဗိမာန်ဖြင့် ငါတို့အား အဘယ်အကျိုးရှိပါအံ့နည်း၊ ငါတို့သည် လူပြည်၌သာလျှင် ရွာနိဂုံး မင်းနေပြည်တံခါး၌ ဗိမာန်တို့ကို ယူကြကုန်အံ့၊ လူ၊ ရွာ အစရှိသည်တို့ကိုမှီ၍ နေကုန်ကြသော နတ်တို့သည် လာဘ်လာဘ အရ အခြံအရံအစု ပူဇော်မှုအစုတို့ကို ရယူကုန်သည်"

ဟုဆိုကာ လူပြည်လွင်ပြင်အရပ်၌ဖြစ်သော သစ်ပင်ကြီးတို့၌ ဗိမာန်ပြုလုပ် ယူကြကုန်သည်။

ထိုအခါ တစ်နေ့သ၌ ပြင်းစွာသောမိုးသည် ရွာချလေသည်၊ လေသည် ပြင်းထန်လွန်းသောကြောင့် လွင်ပြင်ရှိမြဲသော အမြစ်ရှိသော သစ်ပင်ကြီးတို့သည် ပြိုလဲကျကုန်သည်၊ အင်ကြင်းတောရှိ သစ်ပင်တို့ကား လုံးဝပြိုလဲမှု မရှိပေ။ သစ်ပင်ကြီးများ လဲကျ၍ ဗိမာန်ပျက်ကြသော နတ်တို့သည် ကိုးကွယ်ရာမရှိဖြစ်ကြ၍ ကလေးများကို လက်ဆွဲကြလျက် အင်ကြင်းတောရှိ နတ်တို့ထံ သွားကြသည်။

ထိုနတ်တို့က ဘုရားလောင်း ရုက္ခစိုးနတ်မင်းအား အသိပေး အကြောင်းကြားကြသည်၊ ထိုအခါ ဘုရားလောင်းရုက္ခစိုး နတ်မင်းက. . .

"ဆွေမျိုးတို့သည် များကုန်မူကား ကောင်း၏၊ တော၌ဖြစ်ကုန်သော သစ်ပင်တို့သည်လည်း များပြားကုန်မူကား ကောင်း၏၊ တစ်ပင်တည်းတည်သော ကြီးစွာသော တောစိုးသစ်ပင်ကြီးကိုမူလေသည် လှဲချနိုင်ပါ၏"

ဟူ၍ အားကိုးရာမဲ့နတ်တို့ကို ဟောပြောပြီး မိမိအင်ကြင်းတော၌ ဗိမာန်နေရာကို ယူစေသည်။

*(ဂ/ဝဂ္ဂဏာဝင်-၇၄-ရုက္ခဓမ္မဇာတ်)*

## ကြောက်ရွံ့ထိတ်လန့်နေသောဆင်ပြောင်ကို ဆုံးမသောရုက္ခစိုးနတ်

ဘုရားလောင်းသည် ဟိမဝန္တာတော၌ ရုက္ခစိုးနတ်ဖြစ်နေသော အချိန်ဖြစ်သည်၊ တာရဏာသီမင်းသည် မင်္ဂလာဆင်ကို စစ်မြေပြင်၌ တုန်လှုပ်ခြင်းမရှိသော အကြောင်းကို သိစိမ့်သောငှာ ဆင်ဆရာတို့အား သင်ပြစေသည်။

ထိုဆင်ကို ဆင်ချည်တိုင်၌ချည်၍ ချွန်လက်စွဲကုန်သောသူတို့ကို ခြံရံစေကုန်၍ စစ်မြေပြင်၌ တုန်လှုပ်ခြင်းမရှိသော အကြောင်းကို ပြုကုန်သည်၊ ထိုဆင်သည် ထိုအမှုကိုပြုသည်ရှိသော် ဝေဒနာကို သည်းခံအပ်သောငှာ မတတ်နိုင်၍ ဆင်ချည်တိုင်ကို ချိုးဖျက်၍ လူတို့အား ပြေးစေပြီး မိမိကမူ ဟိမဝန္တာသို့ထွက်ပြေးခဲ့လေသည်။

လူတို့က ဆက်လိုက်ဖမ်းသော်လည်း ဖမ်း၍မရ၊ ဆင်သည် သေဘေးမှကြောက်သည်ဖြစ်၍ နှာမောင်းတို့ကိုလှုပ်ရမ်း၍ လျင်မြန်စွာ ပြေးလေသည်၊ တုန်လှုပ်ချောက်ချားနေသော ထိုဆင်ကိုမြင်၍ ရုက္ခစိုးနတ်သည် သစ်ပင်ခွ၌ရပ်လျက်-

"ဆင်ပြောင်ကြီး တော၌အားနည်းသော များသည်လည်း ဖြစ်သော သစ်ခက်ချောက်ကို လေသည် ချိုးလေ၏၊ ထိုအသံမှ သင်သည် အကယ်၍ကြောက်အံ့၊ ကြံလိုးသည်သာလျှင် ဖြစ်လိမ့် မည်၊ ဤတော၌ သင့်အားဘေးမရှိပါ၊ သို့အတွက် မကြောက်ပါ လင့်"

ဟူ၍ ဆင်အား အဆုံးအမကို ပေးလေသည်၊ ဆင်သည် ထိုနေ့မှစ၍ ကြောက်လန့်ခြင်းမရှိ ဖြစ်ရလေသည်။

*(၁၁/ပကောသတဝဂ်–၁၀၅ ဒုဗ္ဗလကဋ္ဌဇာတ်)*

## မြေခွေးလုည်စားခံရသော ပုဏ္ဏားကိုဆုံးမသောရုက္ခစိုးနတ်

ဘုရားလောင်းသည် သုသာန်တစ်ခုရှိ တော၌ ရုက္ခစိုး နတ် ဖြစ်နေချိန်ဖြစ်သည်။

ဗာရာဏသီပြည်ဝယ် နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပရာ အချိန်ဖြစ်သည်၊ လူတို့သည် ခရီးလမ်းမအဆုံး၌ ငါး၊ အမဲ၊ သေ ရည်တို့ကို ဖရိုဖရဲကြဲလျက် ထားကုန်၏၊ ညဥ့်သန်းခေါင်ယံအချိန် ဝယ် မြေခွေးတစ်ကောင်သည် ပြွန်ပေါက်ဖြင့် မြို့တွင်းသို့ဝင်ပြီး ငါးအမဲတို့ကို စားသည်၊ သေရည်ကိုသောက်ပြီး ချုံခြားတစ်ခု၌ အိပ်သည်၊ အရုဏ်တက်သည့်တိုင်အောင် အိပ်ပျော်ခြင်းသို့ရောက် ၏၊ နံနက်လင်းသော် မြို့ကမထွက်ရဲတော့ပေ။

ခရီးလမ်းမအနီးသို့ သွားပြီး မထင်ရှားသော ကိုယ်ဖြင့် ဝပ်၍ နေလေသည်။

မျက်နှာသစ်ရန် တစ်ယောက်တည်း တိတ်ဆိတ်စွာ လာသော ပုဏ္ဏားတစ်ယောက်ကိုမြင်သော် "ပုဏ္ဏားမည်သည်ကား

ဥစ္စာ၌ တပ်မက်မောကုန်၏၊ ဤပုဏ္ဏားကို ဥစ္စာဖြင့်ဖြားယောင်း၍ သူ၏ လက်ကတီးကြား၍နေပြီး မြို့မှထုတ်ယူစေအံ့" ဟု ကြံစည်ပြီးလျှင် မြေခွေးသည် လူ၏ဘာသာဖြင့် "ပုဏ္ဏား" ဟုခေါ်လိုက်လေသည်။

"ငါ့ကို အဘယ်သူခေါ်သနည်း"

"ပုဏ္ဏား. . . ငါခေါ်ပါ၏"

"အဘယ့်ကြောင့် ခေါ်ပါသနည်း"

"ပုဏ္ဏား. . ငါ့မှာ အသပြာနှစ်ရာ ရှိပါသည်၊ ငါ့ကို သင့်လက်ကတီးကြား၌ထား၍ ကိုယ်ရုံပုဆိုးဖြင့် ဖုံးလွှမ်း၍ မည်သူမျှ မမြင်အောင် မြို့ပြင်ထုတ်ပေးပါ၊ သင်ထုတ်ပေးနိုင်က ထိုအသပြာ နှစ်ရာကို သင့်အားပေးပါမည်"

ပုဏ္ဏားသည် ဥစ္စာ၌ တပ်မက်မောသဖြင့် ကောင်းပြီဟု ဝန်ခံကာ မြေခွေးဆိုတိုင်းပြု၍ ယူပြီးသော် မြို့မှထွက်၍ အတန်ငယ်သွားသည်။

"ပုဏ္ဏား. . . ယခု အဘယ်အရပ် ရောက်နေပါသနည်း"

"ဤမည်သောအရပ် ရောက်နေပါသည်"

"အတန်ငယ် ဆက်လက်သွားပါဦး"

ဤသို့သောနည်းဖြင့် မြေခွေးသည် ပုဏ္ဏားကို သုသာန်တောသို့ ခေါ်ဆောင်ပြီး သုသာန်၌ ချထားစေသည်၊ ချပြီးသော် ပုဏ္ဏားကိုမြေခွေးက ကိုယ်ရုံဖြူကိုဖြန့်လော့ဟုဆိုကာ ဖြန့်ဝေသည်။

"ပုဏ္ဏား. . . ဤသစ်ပင်ရင်း၌မြေကိုတူးလော့"

ဟုဆိုပြီး ကိုယ်ရုံပုဆိုးပေါ်သို့တက်ပြီးလျှင် လေးထောင့်၌လည်းကောင်း၊ အလယ်၌လည်းကောင်း၊ ကျင်ကြီးကျင်ငယ်စွန့်ပြီး သုသာန်ထဲသို့ ဝင်ပြေးလေသည်။

ဘုရားလောင်းသည် သစ်ပင်ခွ၌နေလျက် ပုဏ္ဏားကို-

"ပုဏ္ဏား. . . သေသောက်သော မြေခွေး၏ စကားကို သင်သည် ယုံကြည်သလော၊ ထိုမြေခွေးအား ယောက်သွားတစ်ရာမျှပင်မရှိ၊ ငွေနှစ်ရာဆိုတာ အဘယ်မှာ ရှိပါအံ့နည်း၊ ပုဏ္ဏား သင်၏ ဝတ်ရုံကို လျှော်ဖွပ်ရေချိုး၍သာ ပြန်ပါလေ"

ဟု ဆိုဆုံးမလွှတ်လိုက်လေသည်။

*(၁၂/ပါဠိဝဂ်-၁၁၃၊ သိဂါလဇာတ်)*

## မဆိုင်ဘဲဝင်စွက်သောမြေခွေးကိုဆုံးမသောရုက္ခစိုးနတ်

ဘုရားလောင်းသည် တစ်ခုသော တောအုပ်ဝယ် သစ်ပင်စောင့်နတ် ဖြစ်နေသည်။

စိတ္တကူဋတောင်ထွဋ်နေ ဟင်္သာငယ်နှစ်ကောင်သည် ထိုသစ်ပင်စောင့်နတ်နေသော သစ်ပင်သို့ အစာရှာရန်လာစဉ် ခေတ္တခဏ အမြဲဝင်နားကြသည်၊ ကြာသော် သစ်ပင်စောင့်နတ်နှင့် အဆွေခင်ပွန်း အကျွမ်းဝင်ကြပြီး လာသော်လည်းကောင်း၊ ပြန်သော်လည်းကောင်း၊ အချင်းချင်း ဝမ်းမြောက်ဝမ်းသာ တရားစကား ပြောဆိုနှုတ်ဆက်ကြသည်။

တစ်နေ့တွင် သစ်ပင်စောင့်နတ်နှင့် ဟင်္သာငယ်တို့ စကားပြောနေစဉ် မြေခွေးတစ်ကောင်သည် သစ်ပင်အောက်၌ ရောက်လာပြီး ဟင်္သာငယ်နှင့် စကားပြောလိုရကား-

"ဟင်္သာငယ်တို့. . . သင်တို့သည် ပြကတေ့အားဖြင့် မြင့်သော သစ်ပင်အခွ၌ တက်ကုန်၍ ဆိတ်ကွယ်ရာအရပ်၌ တိုင်ပင်ပြောဆိုနေကြ၏၊ နိမ့်သော မြေနေရာသို့ သက်ဆင်း၍ တိုင်ပင်လာ

ကြပါကုန်လော့၊ သားများသနင်း ငါမင်းမြတ်သည်လည်း နား ထောင်လိုပါ၏”

ထိုစကားကိုကြားသော် ဟင်္သာငယ်တို့သည် မြေခွေးကို ရွံရှာသဖြင့် ပျံသွားကြလေသည်၊ ထိုအခါ သစ်ပင်စောင့်နတ်က-

“ဟဲ့-မြေခွေးယုတ်. . . ကောင်းသောအဆင်းရှိသော ဟင်္သာသည် ကောင်းသောအဆင်းရှိသော ဟင်္သာနှင့် နတ်၌ဖြစ် သော ဟင်္သာသည် နတ်၌ဖြစ်သော ဟင်္သာနှင့် တိုင်ပင်ပြောဆို၏၊ ထိုသို့ တိုင်ပင်ပြောဆိုရာ၌ ကိုယ်၊ အမျိုး၊ အသံ၊ ဂုဏ်ဟူသော လေးပါးသော ဂုဏ်အင်္ဂါတို့ဖြင့် ကောင်းမြတ်လှသော ဟင်္သာတို့ သည် သင်နှင့် မည်သို့တိုင်ပင်ဆွေးနွေးပါမည်နည်း၊ မြေခွေး သင် သည် တွင်းသို့သာဝင်ပါလေ”

ဟု ဆိုဆုံးမလေသည်။

*(ဒုကနိပါတ/၄အာသဒိသဝဂ်-၃၇-စတုပဋ္ဌဇာတ်)*

## တန်ခိုးရှိသောရုက္ခစိုးနတ်ထက် ဉာဏ်ရှိသောကျူပင်စောင့်နတ်

ဗာရဏသီမင်း၏ ဥယျာဉ်အတွင်းဝယ် မင်းပူဇော်ထား အပ်သော လှပကြီးကျယ်စည်ပင်သော သစ်ပင်တစ်ပင်ရှိသည်၊ ထို သစ်ပင်၌ တန်ခိုးကြီးသော ရုက္ခစိုးနတ်တစ်ပါးက အုပ်စိုးထား၏၊ အလားတူ ထိုဥယျာဉ်ရှိ ကျူပင်၌စောင့်သော တန်ခိုးငယ်သော ဘုမ္မစိုးနတ်ငယ်တစ်ပါး ရှိသည်။

ထိုရုက္ခစိုးနတ်နှင့် ကျူပင်စောင့်နတ်တို့သည် မိတ်ဆွေ ဖွဲ့ထားကြသည်။

တစ်ခါသော် မင်း၏ နန်းတော်တိုင်တစ်တိုင်သည် ဆွေး

မြေ့ပျက်စီး၍ အသစ်လဲလှယ်ရန် လိုအပ်သည်၊ မင်းက မင်္ဂလာသစ်ကိုရှာ၍လဲရန် အမိန့်ပေးသည်၊ လက်သမားတို့သည် မင်္ဂလာသစ်ကို ရှာရာမတွေ့ချေ၊ ဥယျာဉ်ရှိ မင်္ဂလာသစ်ပင်သာ တွေ့ရသည်၊ ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားကြသည်၊ မင်းကြီးက ထိုသစ်ပင်ကိုပင် ခုတ်ယူ၍ တိုင်ပြုပြင်လဲရန် အမိန့်ပေးလေသည်။

ထိုအခါ လက်သမားတို့သည် ဥယျာဉ်သို့သွားရောက်၍ နက်ဖြန်ခုတ်ယူမည့်အကြောင်းပြောပြီး သစ်ပင်ကို ပူဇော်ထားခဲ့ကြသည်။

ရုက္ခစိုးနတ်မင်းသည် မိမိ၏ဗိမာန် ပျက်စီးတော့မည်ကို သိ၍ များစွာသော သားငယ်တို့နှင့် ပြောင်းရွှေ့ရန်အရပ်ကိုကြည့်သော် မမြင်သည်နှင့် ပူပန်ဆင်းရဲစွာ ခံစားနေရပြီး သားတို့ကိုဖက်ကာ ငိုလေသည်၊ အခြားမိတ်ဆွေ ရုက္ခစိုးနတ်များက သတင်းသာလာမေးနိုင်သည်၊ သူတို့လည်း မကူညီနိုင်ကြပေ။

ကျူပင်စောင့်နတ်သည် ထိုရုက္ခစိုးနတ်ထံ လာရောက်ခ,စားရင်း အကြောင်းစုံကိုသိသော်-

"အရှင်မစိုးရိမ်လင့်၊ ဗိမာန်မပျက်စီးအောင် ကျွန်ုပ်ကြံဆောင်မည်"

ဟု နှစ်သိမ့်လေသည်။

နောက်နေ့နံနက် လက်သမားတို့ လာလတ်သော် ကျူပင်စောင့်နတ်သည် ပုတ်သင်သဏ္ဌာန် ဖန်ဆင်းပြီးလျှင် လက်သမားတို့၏ ရှေ့တွင်ပင် မင်္ဂလာသစ်ပင်၏ အမြစ်ကြားသို့ဝင်၍ သစ်ပင်၌ အခေါင်းရှိသကဲ့သို့ အတွင်းမှတက်ယောင်ပြုပြသည်၊ ပင်စည်ထိပ်မှထွက်ပြီးကာ ဦးခေါင်းကိုလှုပ်ကာ ဝပ်နေ၏။

လက်သမားတို့မြင်သော်-"ဤသစ်ပင်ကား အခေါင်းရှိ၏၊ ယမန်နေ့က ငါတို့သေချာစွာ မကြည့်မိ၍သာ ခုတ်ယူမည်ကြံမိ၏"

ဟုဆိုကာ ဖယ်ခွာသွားကြလေသည်။

ရုက္ခစိုးနတ်မင်းသည် အလွန်နှစ်သက် ဝမ်းမြောက်လျက် အလုံးစုံသော ရုက္ခစိုးနတ်မိတ်သင်္ဂဟတို့၏ အလယ်၌ ကျူပင်စောင့်နတ်ငယ်၏ ဂုဏ်ကျေးဇူးကို ထင်ရှားစွာပြလို၍-

"အရှင်နတ်မင်းတို့. . . ကျွန်ုပ်တို့သည် တန်ခိုးကြီးကုန်သော်လည်း ဉာဏ်နုသည်ဖြစ်၍ ဤသို့သောအကြံကို မကြံမိချေ၊ ကျူပင်စောင့်နတ်ငယ်သည်ကား ဉာဏ်ကြီးသည်ဖြစ်၍ ကျွန်ုပ်အား ဗိမာန်ကိုပြန်ပေးနိုင်၏"

ထို့ကြောင့် မိတ်ဆွေမည်သည် ယုတ်သည်မြတ်သည် မရွေးဖွဲ့သင့်၏၊ အဘယ့်ကြောင့်ဆိုသော် အဆွေခင်ပွန်းတို့မည်သည် အထိုက်အလျောက် အကျိုးကျေးဇူး ပြုကြသည်သာ ဖြစ်သည်။

ဟု မိန့်ကြားလေသည်။

***(ဧကနိပါတ်/၁၃/ကုသနာဠိဝတ်/ ၁၂၁/ကုသနာဠိဇာတ်)***

## ရေ-ကုန်းနှစ်ပါးစုံပျက်စီးရသည့် တံငါကိုဆုံးမသောရုက္ခစိုးနတ်

ရှေးအခါက တံငါရွာတစ်ရွာ၌ တံငါသည်သားအဖသည် ငါးများထွက်ကြပြီး ငါးများကြသည်၊ ငါးများချိတ်သည် ရေအောက်ဝ၌ရှိသော သစ်ငုတ်တစ်ခု၌ ငြိနေသဖြင့် ဆွဲငင်၍မရ ရှိနေလေသည်။

ထိုအခါ တံငါသည်က တွေးသည်မှာ-

"ငါးများချိတ်သည် ကြီးမားသော ငါးကြီးတစ်ကောင်ကို ငြိနေ၍ ဖြစ်မည်၊ ငါးကြီးရသော် အိမ်နီးနားချင်းတို့က ဝေစုကောင်း ကြလိမ့်မည်၊ မတောင်းရလေအောင် အိမ်နီးနားချင်းတို့နှင့် ခိုက်ရန် ဖြစ်ထားမှ သင့်ပေမည်"

ဤသို့ကြံစည်ပြီး သားကို -"ငါတို့ ငါးအကြီးရလိမ့်မည်၊ မင်းအမေကို အိမ်နီးချင်းများနှင့် ရန်ဖြစ်ထားရန် သွားပြောပါ"

ဟု မှာပြီး အိမ်သို့ ပြန်လွှတ်လိုက်လေသည်။

သားငယ်ကို ပြန်လွှတ်ပြီးနောက် တံငါသည်သည် ငါးများ ချိတ်ကို ဆွဲမရသည်နှင့် ကြိုးပြတ်မည်စိုးသောကြောင့် အပေါ်ပုဆိုး ကိုချွတ်ပြီး ရေထဲသို့ငုပ်ကာ ငါးကိုစမ်းသည်တွင် သစ်ငုတ်ကိုးမိ သဖြင့် မျက်စိနှစ်လုံး ပေါက်လေသည်။

ကုန်းပေါ်ရှိ ပုဆိုးသည်လည်း အရှင်မရှိထင်ပြီး တစ်ပါး သူက ယူသွားခံရသည်၊ တံငါသည်သည် ပြင်းစွာနာကျင်လျက် လက်တို့ဖြင့် မျက်စိကိုပိတ်ပြီး ရေမှတက်လာသည်၊ ပုဆိုးကိုရှာရာ မတွေ့ရတော့ချေ။

အိမ်မှ မယားသည်လည်း ငါးဝေစု မပေးရလေအောင် ခိုက်ရန်ဖြစ်ထားအံ့ဟူသော အကြံဖြင့် နားတစ်ဖက်၌ ထန်းရွက် နားတောင်းကိုပန်၍ မျက်လုံးတစ်ဖက်၌ ထမင်းအိုးမည်းဖြင့် ကွက် ပြီးလျှင် ခွေးငယ်တစ်ကောင်ကို အိမ်နီးချင်းများ၏ အိမ်ရှေ့သို့ မောတောမောတောနှင့်ပြု၍ သွားလေသည်။

ထိုအခါ မိန်းမတစ်ယောက်က-

"သင်သည် ထူးခြားစွာပြု၍ လာ၏၊ ရူးနေသလား"

ဟုဆို၏။

"ငါသည် မရှုး၊ ငါ့ကို သင်သည် အကြောင်းမဲ့ဆဲရေး၏၊ ယခုပင် ရွာစားထံသို့သွားရောက်တိုင်ကြားပြီး လျော်ကြေးရရန် တရားစွဲဆိုမည်"

ဟု ပြောပြီး တရားသွားစွဲလေသည်။

တရားကိုစစ်ဆေးသည့်ရှိသော် ထိုတံငါမယားအပေါ်၌သာလျှင် လျော်ဒဏ်သင့်သည်ဖြစ်၍ နှောင်ဖွဲ့ပြီး ပုတ်ခတ်ဒဏ်ပေးလေသည်။

ထိုအခါ အိုင်အနီးရှိ ရုက္ခစိုးနတ်သည် ရွာ၌အဖြစ်အပျက်ကိုလည်းကောင်း၊ အိုင်၌ အဖြစ်အပျက်ကိုလည်းကောင်း မြင်တွေ့ရ၍ သစ်ခွကြား၌ရပ်ကာ-

"အို-တံငါယောကျ်ား. . . သင်၏ မျက်စိတို့သည်လည်း ပေါက်ကွဲခဲ့ပြီ၊ ပုဆိုးလည်းပျောက်လေပြီ၊ အိမ်ရှိမယားလည်း ခိုက်ရန်ဖြစ်ပြီး တရားရှုံးကာ ဒဏ်သင့်နေလေပြီ၊ သင်တို့မှာရေ-ကုန်းနှစ်ဖက်စလုံး အကျိုးပျက်စီး ဆုံးရှုံးရလေပြီတကား"

ဟု ဆုံးမလေသည်။

*(ဧကကနိပါတ-၀၄/အသပ္ပဒါနဝဂ်-၁၃၉ ဥဘတောဘဋ္ဌဇာတက)*

## ကျီးမိုက်တို့ကိုချမ်းသာစေသော သမုဒ္ဒရာစောင့်နတ်

ဘုရားလောင်းသည် သမုဒ္ဒရာကိုစောင့်သော နတ်ဖြစ်နေသော အချိန်ကာလ ဖြစ်သည်၊ လူတို့သည် သမုဒ္ဒရာကမ်းနား၌ နဂါးကို ပူဇော်သောအားဖြင့် နို့ယာနာ၊ အမဲ၊ အရက်တို့ကို ပူဇော်ထားခဲ့ကြသည်။

အစာရှာထွက်လာကြသော ကျီးဖို၊ ကျီးမနှစ်ကောင်သည် ထိုအရာများကိုတွေ့၍ စားသောက်ကြသည်၊ သေရည်ကိုသောက်၍ မူးယစ်ကြသည်၊ ရေကစားအံ့ဟုဆိုကာ ရေသို့ဆင်းသော် လှိုင်းတံပိုးတက်လာပြီး ကျီးမကို ပုတ်ယူသွားသဖြင့် ကျီးမရေနစ်၍ သေဆုံးလေသည်။

ကျီးဖိုသည်လည်း ကျီးမသေပြီဟု အော်ဟစ်ငိုကြွေးရာ အခြားကျီးများလည်း ရောက်လာကြပြီး ရော၍ငိုကြသည်။

"ငါ၏အဆွေမယားကို သမုဒ္ဒရာရေ ခန်းခြောက်စေပြီးမှ ယူအံ့. . ."

ဟု ဆိုကြပြီး ရေကိုခံတွင်းဖြင့်ငုံ၍ ကုန်းထက်၌ စွန့်ကြသည်။

ဆားငန်ရေကြောင့် လည်ခြောက်ခြင်း၊ ခံတွင်းခြောက်ခြင်း၊ မေးညောင်းခြင်း၊ မျက်စိနီခြင်း၊ အိပ်ချင်ခြင်းတို့သည် ဖြစ်ပေါ်ကြ၍ အလွန်ပင်ပန်းဆင်းရဲကုန်ကြသည်။

ထိုအခါ စည်းဝေးကြပြန်၍ "ငါတို့သည် ပင်ပန်းလှချေပြီ၊ သမုဒ္ဒရာရေသည်လည်း အနည်းငယ်မျှမလျော့၊ အဆင်းသဏ္ဍာန် ကိုယ်ဟန်ကျော့ရှင်း တင့်တယ်ခြင်းရှိသော၊ သာယာသောအသံနှင့်လည်း ပြည့်စုံသောကျီးမကို ဤသမုဒ္ဒရာဆိုးသည် ငြီးသူရန်ဘက်ကဲ့သို့ ဖျက်ဆီးလေပြီတကားဟုဆိုပြီး တစ်ကြိမ် ထပ်မံ၍ ငိုကြပြန်လေသည်။

ထိုအခါ သမုဒ္ဒရာစောင့်နတ်သည် ကျီးတို့၏ မသင့်လျော်သော အပြုအမူကိုမြင်လျှင် ကြောက်မက်ဖွယ်ကောင်းသော

အဆင်းကိုပြ၍ ပြေးစေကုန်သည်၊ ထိုသို့ပြေးစေသဖြင့် ကျီးတို့ အသက်ချမ်းသာရာကို ရစေသည်။

*(ဇာတကနိပါတ်–ဝ၅–ကာကဝဂ်၊ ၁၄၆၊ သမုဒ္ဒကာကဇာတက)*

## အလှပြိုင်သော ငါး၊ လိပ်နှင့်ရုက္ခစိုးနတ်

ဘုရားလောင်းသည် ဂင်္ဂါမြစ်နားရှိ သစ်ပင်၌ ရုက္ခစိုးနတ်ဖြစ်နေချိန်ဝယ် ဂင်္ဂါနှင့် ယမုံနာမြစ်ဆုံရာအရပ်၌ ဂင်္ဂါငါးနှင့် ယမုံနာငါးတို့သည် သူလှသည်၊ ငါလှသည်ဟု အငြင်းအခုန်ဖြစ်ကြသည်။

ထိုငါးတို့သည် လိပ်ထံသို့သွားရောက်၍ အဆုံးအဖြတ်ခံယူကြရန် သဘောတူပြီး လိပ်ထံသို့ သွားကြသည်၊ လိပ်ထံရောက်၍ အကျိုးအကြောင်း ပြောပြပြီး အဆုံးအဖြတ် ခံယူကြသည်။

"ဂင်္ဂါ ငါသည်လည်း တင့်တယ်၏၊ ယမုံနာငါးသည်လည်း တင့်တယ်၏၊ သင်တို့ထက် ငါကား အတိုင်းထက်အလွန်ပင် တင့်တယ်၏. . ."

ဟု အဆုံးအဖြတ်ပေးသဖြင့် ငါးနှစ်ကောင်သည် မကျေမနပ်ဖြစ်ကြပြီးလျှင်. . .

"ဟယ်-လိပ်ယုတ်. . . မေးသည်ကိုမဖြေ၊ မိမိကိုယ်သာချီးမွမ်းနေ၏၊ ငါတို့အမေးကို မဖြေသော သင့်ကို မနှစ်သက်ချေ"

ဟု ပြောဆိုပြီး ထွက်သွားကြလေသည်။

ထိုအဖြစ်အပျက်ကို ရုက္ခစိုးနတ်သည် ကောင်းစွာတွေ့မြင်လေသည်။

*(ဒုကနိပါတ–၆/နတံဒဠ္ဍဝဂ်–၅၅–ဂင်္ဂေယျဇာတက)*

## ကြက်မုဆိုးနှင့်တောကြက်တို့၏အဖြစ်အပျက်တို့ကိုတွေ့ရှိသောရုက္ခစိုးနတ်

ဘုရားလောင်းသည် တောတစ်နေရာ၌ သစ်ပင်စောင့်နတ် ဖြစ်နေချိန်ကာလ ဖြစ်သည်။

တောမုဆိုးတစ်ယောက်သည် မိမိ၏ တိန်ညင်ကြက်ဖြင့် တောကြက်တို့ကို ကျော့ကွင်းဖြင့် ထောင်ဖမ်းသည်။

တောကြက်တစ်ကောင်သည် သားပြီးကျော့ကွင်း၌ လိမ္မာသည်ဖြစ်၍ ကိုယ်ကိုမိစေရန်အခွင့်မပေးဘဲ ကျော့ကွင်းကိုပျံ၍ပျံ၍နားသည်၊ မုဆိုးသည် ကိုယ်ကို သစ်ရွက်သစ်ခက်တို့ဖြင့် ဖုံးလွှမ်း၍ အဖန်တလဲလဲ ကျော့ကွင်းကိုထောင်ပြီး စောင့်သည်။

တောကြက်သည် ထိုမုဆိုးကို ရှက်စေလို၍-

"အချင်း သစ်ပင်စောင့်နတ်. . . တော၌ အင်ကြင်းပင်၊ သစ်ဆိမ့်ပင်တို့ကို မြင်ဖူးကုန်ပါ၏၊ ထိုသစ်ပင်များသည် သင်၏ သစ်ပင်ကဲ့သို့ ရွေ့လျားခြင်း မရှိကြပါပေ"

ဟု လူစကားဘာသာဖြင့် ပြောပြီး ထွက်ခွာသွားသည်။

မုဆိုးသည် "ကျော့ကွင်းကိုရှောင်တတ်သော ဤကြက်သည် ကျော့ကွင်းကိုရှောင်ပြီး ငါ့ကိုလည်း ကဲ့ရဲ့စကားပြောဆိုသွား၏. . . "

ဟုပြောပြီး ကျော့ကွင်းကိုပြန်၍ သိမ်းယူလေသည်။

ထိုအဖြစ်အပျက်ကို ရုက္ခစိုးနတ်သည် မျက်ဝါးထင်ထင် တွေ့မြင်ရလေသည်။

*(ဒုကနိပါတ်/၆၊ နတ်ဒဿဝဂ်-၅၉၊ ကုက္ကုဋဇာတ်)*

**သားရဲကိုထွက်စေသဖြင့် ဘုံပျက်ရသောရုက္ခစိုးနတ်များ**

ဘုရားလောင်းသည် တောတစ်ခု၌ ရုက္ခစိုးနတ်ဖြစ်နေသော အချိန်ကာလ ဖြစ်သည်၊ ထိုရုက္ခစိုးနတ်၏ ဗိမာန်အနီး၌ တောစိုးသစ်ပင်စောင့်ဖြစ်သော ရုက္ခစိုးနတ်တစ်ပါးလည်းနေသည်။

ထိုတောအုပ်၌ ခြင်္သေ့၊ ကျားတို့သည်လည်း နေကုန်သည် ထိုခြင်္သေ့၊ ကျားတို့ရှိသဖြင့် လူတို့သည် တောသို့ဝင်ပြီး သစ်ပင်တို့ကို မခုတ်ရဲကြပေ။

ခြင်္သေ့၊ ကျားတို့သည် သားတို့ကိုသတ်ပြီး စားကုန်၏၊ စားကြွင်းစားကျန်တို့ကို ထိုတောအုပ်၌ စွန့်ထားသဖြင့် အသားများပုပ်သဖြင့် တစ်တောလုံး၌ အပုပ်နံ့ လှိုင်နေလေသည်။

ထိုအခါ မထင်ရှားသော အလွန်မိုက်သော ရုက္ခစိုးနတ်သည် အကြောင်းသင့်-မသင့်ကိုမစဉ်းစားဘဲ ဘုရားလောင်း ရုက္ခစိုးနတ်မင်းထံလာပြီး. . .

"အဆွေ. . . ဤခြင်္သေ့၊ ကျားတို့ကြောင့် ငါတို့၏ တောအုပ်သည် မစင်ကြယ်၊ အပုပ်နံ့ဖြင့် လှိုင်၏၊ ကျား၊ ခြင်္သေ့တို့ကို မနေနိုင်အောင် ပြေးစေအံ့"

ဟုပြောသည်။

"အဆွေ. . . ဤခြင်္သေ့၊ ကျားတို့ကြောင့် ငါတို့၏ ဗိမာန်သည်မြဲ၏၊ သူတို့မရှိသော် ငါတို့၏ဗိမာန်သည် ပျက်စီးလိမ့်မည်၊ ခြင်္သေ့၊ ကျားတို့ကို မမြင်သော် လူတို့သည် အလုံးစုံသော တောကို ခုတ်သဖြင့် လယ်လုပ်ကြလိမ့်မည်"

"အဆွေ. . . ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းဖော်ရခြင်းကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်ဆုတ်ယုတ်

ရ၏၊ ထိုအဆွေခင်ပွန်းသည် ရှေ့ဦးသာလျှင် နှိပ်စက်အပ်သည်ကို ပညာရှိသည် မျက်စိကဲ့သို့ စောင့်ကြည့်ရာ၏”

“အဆွေ. . . အဆွေခင်ပွန်းကောင်းနှင့် ပေါင်းဖော်ရသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းသည် ပွား၏၊ ထိုအဆွေခင်ပွန်း၏ အလုံးစုံသောကိစ္စတို့၌ ပညာရှိသည် မိမိကိစ္စနှင့်အမျှ ကောင်းသောအကျင့်ကို ပြုရာ၏”

ဟု ဆိုဆုံးမလေသည်။

ထိုရုက္ခစိုးနတ်သည် ဘုရားလောင်း ရုက္ခစိုးနတ်၏ စကားကိုမဆင်ခြင်မူ၍ တစ်နေ့တွင် ခြင်္သေ့နှင့်ကျားတို့ကို ကြောက်မက်ဖွယ်အဆင်းကိုပြ၍ ထွက်ပြေးစေလေသည်။

လူတို့သည် တော၌ ခြင်္သေ့နှင့် ကျားတို့ကိုမတွေ့မြင်သော် တောသို့ဝင်ကာ သစ်ပင်တို့ကို ခုတ်ယူကြလေသည်။

ထိုအခါကျမှ ထိုရုက္ခစိုးနတ်သည် မိမိဗိမာန်ပျက်တော့မည်ကို စိုးရိမ်ပြီး ဘုရားလောင်း ရုက္ခစိုးနတ်ထံ လာရောက်အကြံဉာဏ်တောင်းသည်၊ ဘုရားလောင်းရုက္ခစိုးနတ်က ခြင်္သေ့နှင့်ကျားတို့ကို ဤတောသို့ ပြန်ခေါ်ခဲ့ပါဟု အကြံပြုသည်။

ထိုအခါ ရုက္ခစိုးနတ်သည် ခြင်္သေ့နှင့် ကျားတို့ထံသွား၍ တောသို့ပြန်လာရန် တောင်းပန်သည်၊ ခြင်္သေ့နှင့်ကျားတို့က လက်မခံတော့ချေ။

ခြင်္သေ့နှင့် ကျားတို့မရှိသော် လူတို့သည် ထိုတောအုပ်ကို ခုတ်ထွင်း၍ လမ်းလုပ်ကြလေသည်၊ ရုက္ခစိုးနတ်တို့သည်လည်း ဗိမာန်ပျောက်ကြရတော့သည်။

*(ဒုကနိပါတ–၃/ဥဒပါနဝဂ်–၂၂/ဗျဂ္ဃဇာတ်)*

**ဝက်ခေါင်းဆောင်ကိုချီးကျူးသောရုက္ခစိုးနတ်**

ဘုရားလောင်းသည် တောတစ်ခု၌ ရုက္ခစိုးနတ် ဖြစ်နေသော အချိန်ကာလ ဖြစ်သည်။

လယ်သမားတစ်ယောက်သည် ဝက်ငယ်တစ်ကောင်ကို တွင်းထဲမှ ဆယ်ယူ၍ ကျွေးမွေးထားသည်၊ လယ်သမားက မွေးထား၍ လယ်သမားဝက်ဟူ၍ အမည်ခေါ်တွင်ကြသည်၊ ထိုဝက်သည် အလွန်လိမ္မာသည်၊ အတန်ငယ်ကြီးသော် လူကိုသတ်ဖြတ်စားမည်စိုး၍ တောသို့ လွှတ်လေသည်။

ဝက်သည် မိမိအပေါင်းအဖော်ကိုရှာသော် တစ်ခုသော တောင်ကြား၌ များစွာသော ဝက်တို့ကိုတွေ့၍ စုံစမ်းမေးမြန်းရာ ဝက်တို့က ဤနေရာသည် အရိပ်အာဝါသ အစာအာဟာရနှင့် ပြည့်စုံပါသော်လည်း ကျားတစ်ကောင်သည် နေ့စဉ်လာ၍ ဝက်တစ်ကောင်ကို ဖမ်းယူစားသောက်နေကြောင်း ပြောပြကြသည်။

ထိုဝက်က မစိုးရိမ်ကြလင့်၊ ထိုကျားကိုငါဖမ်းအံ့၊ ငါ့အစီအရင်ကိုသာ လိုက်နာကြပါဟုဆိုလျက် ပဒုမဗျူဟာစစ်ဆင်နည်းကို စီမံလေသည်၊ စစ်ထိုးရန်ကောင်းသော နေရာကိုရွေးပြီး ဝက်အိုမိဘတို့ကို အလယ်၌ထားသည်၊ ယင်းတို့ကိုရံ၍ ဝက်မများကိုနေစေ၏၊ ဝက်မတို့ကိုခြံရံ၍ ဝက်ငယ်များ၊ ဝက်ငယ်တို့ကိုခြံရံ၍ ဝက်အိုများ၊ ယင်းတို့ကိုခြံရံ၍ ဝက်ပျိုများထားသည်၊ စစ်ထိုးနိုင်သော အားရှိသော ဝက်(၂၀)(၃၀)တို့ကို အစုပြုံခြံရံ၍ ထားသည်။

မိမိနေရာရှေ့၌ ဝန်းသောတွင်တစ်ခု တူးစေ၏၊ နောက်၌ ဝှမ်းသောလိုဏ်ဂူကို တူးစေ၏၊ အားလုံးပြီးသောအခါ ဝက်ပျို (၆၀)(၇၀)တို့နှင့်အတူ လယ်သမားဝက်သည် ရှေ့မှနေ၍ ကျားကို ခုခံရန်အသင့်နေသည်။

ကျားသည် မိုးသောက်သော်လာ၍ ဝက်တို့၏ရှေ့တွင် ရပ်လျက် မျက်စိကို အထူးဖွင့်ကြည့်သည်၊ ဝက်မင်းက ကျားအတု ကိုလိုက်၍ ကြည့်ကြရန် အမှတ်သညာပေးသည်၊ ဝက်တို့မှ ကျား ကြည့်သလို ကြည့်ကြ၏၊ နောက်တွင် ကျားလုပ်သလို လိုက်လုပ် ကြ၏။

ထိုအခါ ကျားသည် ရှေးကဝက်တို့သည် ငါကြည့်လျှင် ပြေးကြသည်၊ ယခုမပြေးရုံမက ငါလုပ်သလိုလိုက်လုပ်၍ မထီ လေးစားပြု၏၊ ထိုဝက်တို့ကို စီမံသော ဝက်ခေါင်းဆောင်တစ် ကောင်ရှိရာ၏၊ ယနေ့ ငါသွား၍ နေရာကျမည်မထင်၊ မိမိနေရာသို့ ပြန်ခဲ့သည်။

ထိုကျား နေ့စဉ်ယူလာသော အသားကိုခံယူစားနေသော ရသေ့စဉ်းလဲသည် အစာမပါဘဲပြန်လာသော ကျားကိုတွေ့သော် အကျိုးအကြောင်း မေးကြည့်သည်၊ အကြောင်းစုံသိသော် ကျားကို

“အဆွေမကြောက်လင့်၊ သင်အသံပြု၍ ဟွားသည်ရှိသော် ဝက်တို့ကြောက်၍ တကွဲတပြား ပြေးကြမည်၊ ဟွားသော သွားပါ လေ. . .”

ဟု တိုက်တွန်းလေသည်။

ကျားသည် [illegible] ပြေး လျှင် ရှေ့ဆုံးကနေသော ဝက်မင်း [illegible] ၍ [illegible] သည်၊ ထိုခဏ၌ ဝက်မင်း [illegible] အပြေး [illegible] လိုက်လေသည်၊ ကျားသည် အားမွှန်၍ နောက်၌တူးထားသော တွင်းထဲသို့ကျသွားလေရာ အလွန်ကျဉ်းသော မျက်နှာဝရှိသော တွင်း၌ လက်အုပ်ချီသကဲ့သို့ ခံနေလေသည်။

ထိုအခါ ဝက်မင်းသည် တွင်းမှထွက်၍ ကျားကိုသတ်ပြီးလျှင် ဝက်တို့အား စားစေသည်။

ထို့နောက် ဝက်တို့က-

"အရှင်ဝက်မင်း. . . စားတတ်သော ကျားသေရုံနှင့်မပြီးသေး၊ ကျားကိုစေခိုင်းသော ရသေ့စဉ်းလဲလည်း ရှိပါသေးသည်"

ဟုဆိုကြသည်။

ထိုအခါ ဝက်မင်းသည် "ကောင်းပြီ၊ ထိုရသေ့စဉ်းလဲကိုလည်းသတ်မည်"ဟုဆိုကာ ရသေ့ထံသို့ ချီတက်ကြသည်။

ရသေ့သည်လည်း ကျားလာခဲ့သည်ဟု အကြိုလာခဲ့ရာ လမ်းတွင် ဝက်များနှင့်တွေ့သော်ပြေး၍ ရေသဖန်းပင်ပေါ်သို့တက်ပြေးသည်။

ထိုအခါ ဝက်မင်းသည် ဝက်မတို့ကို သဖန်းပင်ကိုဝန်းရံစေ၍ အမြစ်တို့ကို တူးဆွဖြတ်စေသည်၊ သစ်ပင်လဲကျ၍ ရသေ့ကျလာသော် အပိုင်းပိုင်းဖြတ်၍ စားသောက်ကြလေသည်။

ထို့နောက် ဝက်တို့သည် ဝက်မင်းကို ရေသဖန်းတုံး၌နေစေ၍ ရသေ့၏ အသုံးအဆောင်ဖြစ်သော ခရုသင်းဖြင့်ရေသွန်၍ အဘိသိက်မြှောက်ကြသည်၊ ဝက်မပျိုကစ်ကောင်ကို ဝက်မင်း၏ မိဖုရားအရာ၌ ထားပေးကြသည်။

(ထိုအခါမှစ၍ ထိုအကြောင်းကိုစွဲပြီးလျှင် လူမင်းတို့ကို ရေသဖန်းပလ္လင်၌ နေစေပြီး ခရုသင်းဖြင့် အဘိသိက်သွန်းကြသော ဓလေ့ ဖြစ်ပေါ်လာသည် ဟုဆိုပါသည်)

ထိုအခါ တောအုပ်၌ နေသောရုက္ခစိုးနတ်သည် သစ်ပင်ခွ၌ နေလျက် ဝက်တို့ကိုကြည့်ကာ-

"ဝက်တို့သည် ညီညွတ်ကြသဖြင့် ကျားကိုပင်လျှင် အောင်နိုင်၍ အသက်ဘေးမှချမ်းသာစေ၏"

ဟု ချီးကျူးဆိုလေသည်။

*(ဒုကနိပါတ်–၃–အဗ္ဘန္တရဝဂ်–၃၃ ဝဍ္ဎကီသူကရဇာတ်)*

## မြေခွေးနှင့်ကျီးတို့ကိုဆုံးမသော သပြေပင်စောင့်ရုက္ခစိုးနတ်

ဘုရားလောင်းသည် မထင်ရှားသော သပြေတောအုပ်တစ်ခု၌ ရုက္ခစိုးနတ်ဖြစ်နေသော အချိန်ကာလ ဖြစ်သည်။

ကျီးတစ်ကောင်သည် သပြေခက်၌နားလျက် သပြေသီးမှည့်ကို စားနေသည်၊ ထိုအချိန်ဝယ် မြေခွေးတစ်ကောင်ရောက်လာပြီး အထက်ကိုကြည့်သော် ကျီးကိုမြင်၍-

"ငါသည် ကျီးကို မဟုတ်မမှန်သော စကားဖြင့် ချီးမြှောက်ပြောဆိုသော် သပြေသီးမှည့်ကို စားရအံ့"

ဟု စဉ်းစားပြီး ကျီးကိုကြားအောင်. . .

"ဤငှက်သည် လုံသောအသံရှိ၏၊ သာယာသောအသံရှိ၏၊ အသံနှင့်ပြည့်စုံသော ငှက်တို့ထက် မြတ်၏၊ ရွှေ့လျော့ခြင်းမရှိ၊ သပြေခက်၌ ဥဒေါင်းငှက်ငယ်သို့ တွန်၏၊ အဘယ်ငှက်ပေနည်း. . ."

ဟု ချီးမွမ်းပြောလျက်နေသည်။

"အမျိုးကောင်းသားသည် အမျိုးကောင်းသားကိုချီးမွမ်းအံ့သောငှာ သိ၏၊ ကျားငယ်နှင့်တူသော ကိုယ်ရှိသော အဆွေမြေခွေး သင့်အား ဤသပြေသီးမှည့်ကို ပေးပါ၏၊ သင်သည် စားပါလော့. . ."

ဟု ကျီးက ပြန်လည်ချီးမွမ်းပြောပြီး သပြေခက်ကိုလှုပ်ကာ သပြေသီးတို့ကို ကျစေပြီးကျွေးသည်။

ထိုအခါ သပြေပင်၌နေသော ရုက္ခစိုးနတ်သည် မဟုတ်မမှန်သော ဂုဏ်ကျေးဇူးကိုဆို၍ သပြေသီးမှည့်တို့ကို စားကြသော ကျီးနှင့် မြေခွေးတို့ကိုမြင်၍. . .

"မဟုတ်မမှန်သော စကားကို ဆိုလေ့ရှိသော ဤနှစ်ကောင် ဆုံမိကြသည်၊ ကျီးသည် အန်ဖတ်စား၊ ခွေးသည် အကောင်ပုပ်စား၊ ဤနှစ်ကောင် အချင်းချင်းချီးမွမ်းသည်ကို ယခုမှ တွေ့ဖူးမြင်ဖူးရပေ၏. . ."

ဟု ပြောဆိုလျှင် ကျီးနှင့်မြေခွေးတို့အား ကြောက်မက်ဖွယ်ရာ အဆင်းကိုပြပြီး သပြေပင်မှ ထွက်ပြေးစေသည်။

*(တိကနိပါတ်--၅၊ ကဏ္ဍဝဂ်--၄၄၊ ဇမ္ဗုခါဒကဇာတ်)*

## ဂုဏ်မဲ့ချင်း ဂုဏ်တင်ဆိုသော ကျီးနှင့်မြေခွေးကိုဆုံးမသော ကြက်ဆူပင်ရုက္ခစိုးနတ်

ဘုရားလောင်းသည် ရွာတစ်ရွာဥပစာ၌ ပေါက်သော ကြက်ဆူပင်၌ ကြက်ဆူပင်စောင့်နတ် ဖြစ်လေသည်။

ရွာ၌ ရွာသားတို့သည် သေသောနွားကို ထုတ်၍ ကြက်ဆူတော၌ စွန့်ပစ်ထားကြသည်၊ မြေခွေးတစ်ကောင်သည် လာ၍ ထိုနွားသားကို စားသည်၊ ကျီးတစ်ကောင်လည်းလာပြီး ကြက်ဆူပင်၌နားကာ အသားကိုစားလို၍ မြေခွေးကို မဟုတ်မမှန်သော စကားဖြင့် ချီးမွမ်းလိုက အစာကိုရလတံ့ ဟုကြံစည်ပြီး-

"သားမင်း. . . သင်၏ပုခုံးသည် နွားလားဥသဘပခုံး

ကဲ့သို့ဖြစ်၏၊ သင့်ကိုယ်၏ တင့်တယ်ခြင်းသည် ခြင်္သေ့၏ တင့်တယ် ခြင်းနှင့် တူ၏၊ သင့်အား ရှိခိုးပါ၏၊ စိုးစဉ်းအနည်းငယ်မျှသော အမဲကို ငါရလိုပါ၏. . . ”

ဟု ချီးမွမ်းစကားပြောပြီး အမဲကိုတောင်းလေသည်။

“အမျိုးကောင်းသားသည် အမျိုးကောင်းသားကိုချီးမွမ်း အံ့သောငှာ သိ၏၊ ဥဒေါင်း၏ လည်နှင့်တူသော အဆင်းရှိသော ကျီး သင်သည် ဤအရပ်သို့လာပါလော့”

ဟူ၍ ချီးမွမ်းပြီး ပြန်လည်ဖိတ်ခေါ်လေသည်။

ကျီးယုတ်၊ မြေခွေးယုတ် အမူအရာတို့ကိုမြင်သော ရုက္ခစိုး နတ်သည် စက်ဆုပ်သည်ဖြစ်၍. . .

“သားတို့တွင် မြေခွေးသည် ယုတ်မာ၏၊ ငှက်တို့တွင် ကျီး သည် ယုတ်မာ၏၊ သစ်ပင်တို့တွင် ကြက်ဆူပင်သည် ယုတ်မာ၏၊ အယုတ်သုံးပါးသည် ပေါင်းဆုံမိကြလေတကား. . . ”

ဟု ဆိုလေသည်။

*(ဇာတကနိပါတ်–ကုမ္ဘဝဂ်–၄၅၊ ဇာတ်)*

## သနားကြင်နာသောရုက္ခစိုးနတ်နှင့် ရက်စက်သောရုက္ခစိုးနတ်

ဗာရာဏသီပြည် အနီးတွင် လက်သမားအလုပ်ဖြင့် အသက်မွေးကြသော ရွာတစ်ရွာရှိပြီး ထိုရွာ၌ လက်သမားခေါင်း ဆောင်(၂)ဦးရှိကာ တစ်ဦးလျှင် တပည့်(၅၀၀)စီ ရှိလေသည်။

ထိုလက်သမားတို့သည် လူတို့ထံမှ ခုတင်လုပ်ပေးမည်၊ ဗီရိုလုပ်ပေးမည် စသည်ဖြင့်ပြောပြီး ငွေအသပြာယူကာ သုံးပစ် ကြသည်၊ အချိန်တန်၍ ပစ္စည်းမအပ်နိုင်သောအခါ ပစ္စည်းရှင်တို့က

မင်းထံတိုင်မည်ဟု ပြောသောအခါ ကြောက်လန့်ကြပြီး ကြီးစွာသော လှေတို့ကို ပြုလုပ်၍ သား၊ မယားတို့နှင့်တကွ ထွက်ပြေးကြလေသည်။

သူတို့သည် အစဉ်တစိုက် လှေလှော်ထွက်ပြေးခဲ့ရာ သမုဒ္ဒရာအလယ် ကျွန်းတစ်ကျွန်းသို့ ရောက်ခဲ့ကြသည်၊ ထိုကျွန်းတွင် သင်္ဘောပျက်၍ ရောက်နေသော လူတစ်ဦးသည် ကျွန်းမှထွက်သော ကောင်းမွန်သော သစ်သီးတို့ကို စားနေရသဖြင့် ဆူဖြိုးဝနေသည်။

လက်သမားတို့သည် ကျွန်းသို့ ရောက်သောအခါ ဘီလူးစောင့်ရှောက်သောကျွန်း ဟုတ်-မဟုတ်စုံစမ်းရန် သတ္တိရှိသော လက်သမားငါးဦးကို လက်နက်အပြည့်အစုံနှင့် ယူစေပြီး ကျွန်းပေါ်တက်ကာ စုံစမ်းလေသည်။

ကျွန်းပေါ်တွင် မုတ်ဆိတ်ဖားလျားဖြင့် ဆူဖြိုးဝနေသော ထိုသူကိုတွေ့လျှင် ဘီလူးထင်ပြီးသတ်ရန် မြှားဖြင့်ချိန်ကြသည်၊ ထိုလူက သူ့ကိုမသတ်ရန် မေတ္တာရပ်ခံပြီး ကျွန်း၌ သစ်သီးဝလံပေါများပုံ၊ အလုပ်မလုပ်ပဲ စားနိုင်ပုံ၊ ဘီလူးပိုင်သော ကျွန်းဖြစ်ပုံ၊ မစင်စွန့်လိုပါက သဲဖြင့်မစင်ကို ဖုံးအုပ်ရပုံအကြောင်းစုံကို ပြောပြသည်။

လှေသားတို့သည် ထိုသူကိုခေါ်ကာ လှေသားခေါင်းဆောင်တို့နှင့် တွေ့ဆုံလေသည်၊ ထို့နောက် ထိုကျွန်း၌နေရန် ဆုံးဖြတ်ပြီး နေကြသည်။

လက်သမားခေါင်းဆောင်တစ်ဦးက မိုက်မဲသည်၊ ရသတဏှာ တပ်မက်မောသည်၊ မပင်မပန်း စားနေရသည်ကို မကျေနပ်ဘဲ ကြံကိုအရက်ချက်သောက်ရန် စဉ်းစားပြီး ထိုလက်သမား

ခေါင်းဆောင်နှင့် တပည့်များသည် အရက်ချက်ကာ သောက်စား ပျော်ပါးကြသည်၊ မူးယစ်သောအခါ ကျင်ကြီးကျင်ငယ်တို့ကို မဖုံးဘဲ ထားကြလေသည်။

ထိုအခါ ကျွန်းစောင့်ဘီလူးသည် အမျက်ထွက်၍ လူတို့ ကို သမုဒ္ဒရာရေဖြင့် မျှောသတ်ရန် စီမံလေသည်။

ထိုကျွန်းတွင် တရားစောင့်သော နတ်သားတစ်ပါးသည် လူတို့ကို သနားကရုဏာကြီးစွာရှိ၍ ညနေထမင်းစားပြီး လူတို့နား နေချိန်ဝယ် ကျွန်းတစ်ခုလုံးကို လင်းစေပြီး လူတို့ကို-

"အို-လက်သမားတို့. . . ဘီလူးတို့သည် သင်တို့အား အမျက်ထွက်ကုန်၏၊ ဤအရပ်မှာ မနေကြလင့်၊ ထွက်ခွာသွားကြ လော့၊ ဤကျွန်းကိုလာမည့်(၁၅)ရက်အပွင်း သမုဒ္ဒရာရေဖြင့် ဆေး ပေလိမ့်မည်၊ သင်တို့ကိုလည်း ရေဝယ်မျှောပြီး နှစ်မြုပ်သတ်လိမ့် မည်၊ အမြန်ထွက်ခွာသွားကြကုန်လော့. . ."

ဟုဆိုပြီးထွက်ခွာသွားသည်။

မကြာခင် ကြမ်းကြုတ်ရက်စက်ပြီး ကြင်နာတရားကင်း သော နတ်သားတစ်ပါးသည် ပေါ်ထွက်လာပြီး-

"ဤအရပ်သို့ နတ်သားတစ်ပါးလာပြီး ပြောသည့်စကား ကို သင်တို့ မယုံကြည်ကြလင့်၊ ဤကျွန်းသည် မြတ်သောကျွန်းဖြစ် သည်၊ စားစရာ သောက်စရာလည်း ပေါသည်၊ သမုဒ္ဒရာရေတက် မည်ဆိုသည်မှာ မဖြစ်နိုင်ပါ၊ အေးချမ်းစွာနေ၍ ခါတိုင်းကဲ့သို့ မူးယစ်ပျော်ပါးသီဆို၍ နေကြကုန်လော့. . ."

ဟု ပြောပြီး ထိုနတ်သားသည် ပျောက်သွားသည်။

ရသာတဏှာမက်သော လက်သမားခေါင်းဆောင်သည်

ထိုနတ်သား၏ စကားကိုနာယူကာ မိမိအပေါင်းအဖော်များနှင့် အတူ သောက်စားမူးယစ်နေကြသည်။

အရသာ၌မတပ်မက်၊ ပညာရှိသော လက်သမားခေါင်း ဆောင်ကမူ-

"အချင်းတို့ နတ်နှစ်ဦးသည် ဆန့်ကျင်ဘက်စကားကို ဆို သည်၊ ပထမနတ်သည် ဘေးရှိသည်ဟုဆိုသည်၊ ဒုတိယနတ်သည် ဘေးမရှိဟု ဆိုလေသည်၊ ငါတို့သည် လှေကိုအဆင်သင့်ပြုလုပ် ထားကြသည်၊ ပထမနတ်ပြောသော စကားမှန်က လှေစီး၍သွား ကြမည်၊ ဒုတိယနတ်ပြောသောစကားမှန်က ဤကျွန်းမှာ ဆက်နေ မည်"

ပညာရှိခေါင်းဆောင်က လှေများပြုလုပ်ရန် အားလုံးကို ပြောပြသောအခါ ရသာတဏှာမက်မောသော လက်သမား ခေါင်းဆောင်က-

"အသင်သည် ရေခွက်၌ မိကျောင်းကိုမြင်လေသည်၊ မလွန်လျှင် အရှည်ကိုမြင်လေသည်၊ ပထမနတ်သည် ငါတို့ကို မုန်း၍ဆိုသည်၊ ဤကျွန်းကိုစွန့်၍ အဘယ်သို့သွားလိုသနည်း၊ အသင်သွားလိုက သင့်ပရိသတ်ကိုခေါ်၍ လှေကိုပြုပါလေ. . ."

ဟု ပြောသည်။

ထိုအခါ ပညာရှိလက်သမားသည် မိမိနှင့်သဘောတူ သော မိမိပရိသတ်ကိုခေါ်ကာ လှေတို့ကို ပြုလုပ်ထားကြသည်၊ လပြည့်နားနီးသော် မိမိပရိသတ်ကို ပစ္စည်းအစုံနှင့် လှေပေါ်တင် ပြီး နေစေသည်။

လပြည့်နေ့ရောက်သော် ရေသည် တဖြည်းဖြည်းတက်

လာသည်၊ ပညာရှိလက်သမား၏ ပရိသတ်တို့သည် ရေတက်လာသောအခါ လှေတို့နှင့် ထိုကျွန်းမှ ထွက်ခွာသွားကြသည်။

လူမိုက်လက်သမားခေါင်းဆောင်နှင့် ပရိသတ်တို့မှာ ပြေးစရာလှေမရှိ၊ ကယ်ပါယူပါ တစာစာ အော်ဟစ်ငိုကြွေးကြလျက် ရေဝယ်မျောပြီး နစ်မြုပ်သေဆုံးကြရလေသည်။

*(ဒွါဒသကနိပါတ–သမုဒ္ဒဝါဏိဇဇာတက)*

## သမုဒ္ဒရာရေသောက်မှုကိုတားမြစ်သောကျီးမိုက်ကိုဆုံးမသောရက္ခစိုးနတ်

ဘဝတစ်ခုတွင် ဘုရားလောင်းသည် သမုဒ္ဒရာစောင့်နတ်ဖြစ်လေသည်၊ ထိုအချိန်ဝယ် သမုဒ္ဒရာအနီး၌နေသော ကျီးသည် သမုဒ္ဒရာအထက်သို့ ပျံတက်သွားပြီးသော်-

"သမုဒ္ဒရာရေကို အတိုင်းအရှည် ပမာဏကိုသိပြီး သောက်ကြပါ၊ ရေကို ထိန်းသိမ်းပြီး သောက်ကြကုန်. . ."

ဟု ဆိုပြီး၊ ငှက်အပေါင်း၊ ငါးအပေါင်းတို့ကို တားမြစ်စကားဆိုလေသည်။

ထိုကျီးကိုမြင်၍ သမုဒ္ဒရာစောင့်နတ်သည်. . .

"ဤငှက်သည် သမုဒ္ဒရာရေပတ်ဝန်းကျင်၌ ပြေးလွှားသွားပြီး ငါးနှင့်မကန်းတို့ကို တားမြစ်နေ၏၊ အဘယ်ငှက်နည်း"

ဟု မေးသည်။

"ငါသည် မရောင့်ရဲသောငှက်ဟူ၍ အရပ်လေးမျက်နှာ၌ ထင်ရှား၏၊ အဆုံးမရှိသော သမုဒ္ဒရာရေကိုသောက်သော ငှက်ဖြစ်၏၊ ငါသည် ကောင်းမြတ်သော ရတနာတို့တည်ရာဖြစ်သော မြစ်

တို့၏ အကြီးအမှူးဖြစ်သော သမုဒ္ဒရာရေကို ထာဝရသောက်ခြင်းငှာ အလိုရှိသောသူ ဖြစ်ပါ၏”

ဟု ပြောသည်။

“ထိုသမုဒ္ဒရာရေသည် ယုတ်လည်း ယုတ်၏၊ ပြည့်လည်း ပြည့်၏၊ ဤသမုဒ္ဒရာရေကို အလုံးစုံသော လူအပေါင်းတို့လာပြီး သောက်သော်လည်း ဤမျှ ရေကိုကုန်ပြီးဟူ၍ အရာမထင်ပါ၊ မည်သူတစ်ဦးတစ်ယောက်မျှ သမုဒ္ဒရာရေကို ကုန်အောင်မသောက် နိုင်ပါ. . .”

ဟူ၍ ပြောပြီး ကျီးကိုကြောက်မက်ဖွယ် အဆင်းကိုပြပြီး ထွက်ပြေးစေသည်။

*(တိကနိပါတ်-၅၊ ကာကဝဂ်-သမုဒ္ဒဇာတ်)*

## တမာပင်စောင့်ရုက္ခစိုးနှင့် ညောင်ဗုဒ္ဓဟေပင်ရုက္ခစိုးနတ်

ဘုရားလောင်းသည် ဗာရဏသီပြည်မြို့၏ သုသာန် တော၌ တမာပင်စောင့်နတ် ဖြစ်လေသည်၊ တမာပင်အနီး၌လည်း ညောင်ဗုဒ္ဓဟေပင်နှင့် ရုက္ခစိုးနတ် ရှိလေသည်။

တစ်နေ့တွင် ခိုးသူတစ်ယောက်သည် မြို့ထဲဝင်ခိုးပြီး နောက် သုသာန်သို့ဝင်လာကာ တမာပင်ရင်း၌ ဥစ္စာထုပ်ကိုထား ၍ အိပ်လေသည်။

ထိုကာလဝယ် လူတို့သည် ခိုးသူကိုဖမ်းမိပါက တမာ သားဖြင့် တံကျင်ထိုး၍ ထားလေ့ရှိသည်။

တမာပင်စောင့်နတ်သည် ဤအရပ်သို့ မင်းချင်းတို့လာ၍ ခိုးသူကို ဖမ်းသည်ရှိသော် ငါ၏ တမာပင်အခက်ကိုဖြတ်၍ တံကျင်

ပြုကာ ခိုးသူကို လျှိုကုန်ရာ၏၊ ဤသို့ပြုသော် တမာပင်သည် ပျက်စီးလိမ့်မည်၊ ယခု ငါသည် ခိုးသူကို ဤတမာပင်မှနှင်ထုတ်အံ့”

ဟု ကြံစည်ပြီး ခိုးသူကိုနိုးကာ-

“သူခိုး. . . ထပါလော့. . . အဘယ့်ကြောင့် အိပ်နေပါသနည်း၊ အိပ်နေသဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ ကြမ်းကြုတ်စွာ ပြုတတ်သော မင်းချင်းတို့မလာခင် ဤမှပြေးပါလော့၊ မင်းချင်းတို့၏ အဖမ်းကိုမခံလင့်. . .”

ဟု ခိုးသူကို ကြောက်လန့်အောင် ခြိမ်းခြောက်ပြောဆိုပြီး ပြေးစေသည်။

ခိုးသူပြေးသောအခါ ညောင်ပုဒ္ဓဟောပင်စောင့် ရုက္ခစိုးနတ်က. . .

“ရွာ၌ခိုးသောသူကို မင်းချင်းတို့က ဖမ်းခြင်းပြုပါလိမ့်မည်၊ ထိုခိုးသူကို ဖမ်းမှုနှင့်ပတ်သက်၍ တော၌ရှိသော သင်တမာပင်စောင့်နတ်အား မည်သို့ဖြစ်နိုင်ပါသနည်း. .”

ဟုမေးသည်။

“ညောင်ပုဒ္ဓဟောပင်ရုက္ခစိုးနတ်. . . သင်သည် ခိုးသူနှင့် တစ်ပေါင်းတည်း မနေသင့်သော အကြောင်းကိုမသိ၊ ရွာ၌ ခိုးမှုကို ပြုသောသူကို မင်းချင်းတို့က ဖမ်းဆီး၍ တမာသားဖြင့်တံကျင်ထိုးကြလေ့ရှိ၏၊ ထိုသို့ပြုက ငါ၏အပင်သည် ပျက်စီးရာ၏”

ဟု ပြောသည်။

ထိုခဏမှာပင် မင်းချင်းတို့သည် ရောက်လာပြီး ခိုးသူကို ရှာကြသည်၊ ခိုးသူကိုမတွေ့သော် ပြန်ထွက်သွားကြသည်။

ထိုအခါကျမှ ညောင်ပုဒ္ဓဟောပင် ရုက္ခစိုးနတ်က. . .

"ပညာရှိသည် ရွံရှာအပ်သည်ကို ရွံရှာရာ၏၊ လာလတ့်သောဘေးကို စောင့်ရှောက်ရာ၏၊ လာလတ့်သောဘေးဖြင့် နှစ်ပါးသော လောကတို့ကို ကြည့်မျှော်ရာ၏. . ."

ဟု ဆိုလေသည်။

*(ပုစိမန္တဝဂ်–၁၁၊ ပုစိမန္တဇာတ်)*

## ကျားနှင့် ခြင်္သေ့ မိတ်ဆွေပျက်မှုကို ပြုလုပ်သောမြေခွေးအား ဆိုဆုံးမမှုကို သာဓုခေါ်သောရုက္ခစိုးနတ်

ဘုရားလောင်းသည် တောအုပ်တစ်ခု၌ ရုက္ခစိုးနတ်ဖြစ်နေသော အချိန်ကာလ ဖြစ်သည်။

ထိုတောတွင် ခြင်္သေ့နှင့်ကျားသည် မိတ်ဆွေများ ဖြစ်နေကြသည်။ မြေခွေးတစ်ကောင်သည် ထိုကျား၊ ခြင်္သေ့တို့၏ စားကြွင်းကိုစားပြီး ဆူဖြိုးသောကိုယ် ရှိသည်။

"ငါသည် ခြင်္သေ့၊ ကျားတို့၏ အသားကို မစားရစဖူး၊ ငါသည် ခြင်္သေ့နှင့်ကျားတို့ကို အချစ်မျက်စိမ့်သောငှာ ပြုလုပ်ပြီး သူတို့အချစ်ပျက်၍ ခိုက်ရန်ပြုကြသဖြင့်သေသော် ငါသည် ခြင်္သေ့၊ ကျားတို့၏ အသားကိုစားရလတ့်"

ဟု မြေခွေးသည် ကျေးဇူးရှင်တို့အပေါ်၌ အကောက်ကြံသော ယုတ်မာသောစိတ် မွေးလေသည်။

"ဒခရှင်-အရှင့်အား ကျားနှင့် တစ်စုံတစ်ရာခိုက်ရန် ဖြစ်ဖူးခြင်းရှိပါသလား. . ."

ဟု ခြင်္သေ့ထံသွားမေးသည်။

"အချင်းမြေခွေး. . . ငါနှင့် ကျားတစ်ခါတစ်ရံမျှ ခိုက်ရန်ဖြစ်ဖူးခြင်းမရှိခဲ့ပါ"

"အရှင်. . . ဤကျားသည် အကျွန်ုပ်လာသောကာလ၌ ခြင်္သေ့သည် ကိုယ်အဆင်းအားဖြင့်လည်းကောင်း၊ အလုံးအရင်းအားဖြင့်လည်းကောင်း၊ အမျိုး၊ အား၊ လုံ့လ၊ ဝီရိယအားဖြင့်လည်းကောင်း၊ ငါ၏တစ်ဆယ့်ခြောက်စိတ်တွင် တစ်စိတ်သော အဖို့ကိုမျှမမီဟု အရှင်၏ကျေးဇူးမဲ့ကိုလျှင် ဆိုနေပါ၏"

"မြေခွေး. . . သင်သွားလော့၊ ကျားသည် ဤသို့မဆိုတန်ရာ"

ဟုပြောပြီး မြေခွေးကို နှင်ထုတ်လေသည်။

မြေခွေးသည် ကျားထံသို့သွား၍ ခြင်္သေ့ထံဆိုသည့်အတိုင်း သွားရောက်ပြောပြပြန်သည်။

ထိုစကားကိုကြား၍ ကျားသည် ခြင်္သေ့ထံသို့သွားကာ-

"ခြင်္သေ့မင်း. . . ကျားသည် အဆင်း၊ အလုံး၊ အရပ်ဖြင့်လည်းကောင်း၊ အမျိုးဇာတ်အားဖြင့်လည်းကောင်း၊ အား၊ လုံ့လဖြင့်လည်းကောင်း၊ ငါ့ထက်မလွန်မမြတ်ဟု အရှင်ခြင်္သေ့မင်းက ပြောပါသလား"

ဟု မေးလေသည်။

"ကျား. . သင်သည် ခြင်္သေ့သည် အဆင်း၊ အလုံး၊ အရပ်အားဖြင့်လည်းကောင်း၊ အမျိုးဇာတိအားဖြင့်လည်းကောင်း၊ အားလုံ့လဖြင့်လည်းကောင်း၊ ငါ့ထက်မလွန်မမြတ်ဟု သင်ကျားပင်းဆိုပါသလော"

"အရွယ်တူဖြစ်သော အဆွေကျား. . . သင်နှင့်အညီ

အညွတ်နေသော ငှက်ကို မြေခွေး၏ စကားကိုယူ၍ သင်သည် ငှက်ကို အကယ်၍ ပြစ်မှားအံ့၊ ငါသည် ယခုအခါ သင်နှင့်အတူနေခြင်းကို မနှစ်သက်အပ်တော့ပါ ”

“အကြင်သူသည် သူတစ်ပါး၏ စကားတို့ကို အဟုတ်အမှန်အားဖြင့် ယုံကြည်ရာ၏၊ ထိုလူမိုက်၌ မိတ်ဆွေသည် လျင်စွာပျက်ရာ၏၊ များစွာသော ရန်သည်လည်း ပွားရာ၏”

“အကြင်သူသည် အခါခပ်သိမ်း၊ မမေ့မလျော့သည်ဖြစ်၍ မိတ်ဆွေ၏ ပျက်စီးခြင်းကိုမပေး၊ မိတ်ဆွေ၏ ပျက်စီးခြင်းကို ရှဲရှာ၏၊ အခွင့်အရေးကိုသာလျှင် အစဉ်ရှု၏၊ ထိုသူသည် မိတ်ဆွေကောင်းမည်၏၊ သားသည် အမိရင်ခွင်၌ ရှဲရှာခြင်းကင်းလျက် အိပ်သကဲ့သို့ အကြင်သူ၌ ရှဲရှာခြင်းကင်းလျက် အိပ်၏၊ အကြင်သူသည်လည်း သူတစ်ပါးတို့ကြောင့် မကွဲမပြား ထိုသူသည် စင်စစ်မိတ်ဆွေကောင်းမည်၏”

ခြင်္သေ့မင်းက ဤသို့ဆိုသော် ကျားသည် ငါ၌အပြစ်ရှိပေသည် ဟုဆိုကာ ခြင်္သေ့ကိုတောင်းပန်၍ ကန်တော့လေသည်၊ ခြင်္သေ့နှင့်ကျားတို့သည် မိတ်မပျက် ချစ်ခင်စွာ နေခဲ့ကြသည်။

ထိုအခါ မြေခွေးသည် ကြောက်လန့်၍ ထိုနေရာမှထွက်ပြေးလေသည်၊ ထိုအဖြစ်အပျက်ကို လက်တွေ့မြင်ရသော ရုက္ခစိုးနတ်သည် ကျား၊ ခြင်္သေ့မိတ်ဆွေတို့၏ မြေခွေးကုန်းတိုက်မှုကို ဖြေရှင်းပုံကို သာဓုခေါ်လေသည်။

*(ပဉ္စကနိပါတ်–ဝဏ္ဏာရောဟဝဂ်–ဝဏ္ဏာရောဟဇာတ်)*

## ငှက်မငယ်ကိုစိုးရွံ့သောရုက္ခစိုးနတ်

ဘုရားလောင်းသည် လက်ပံပင်၌ ရုက္ခစိုးနတ်ဖြစ်နေသော အချိန်ဖြစ်သည်၊ ဂဠုန်တစ်ကောင်သည် မဟာသမုဒ္ဒရာရေကိုခွဲ၍ နဂါးမင်းကို သုတ်ယူလေသည်၊ တောအုပ်တစ်ခုအရောက်တွင် နဂါးမင်းသည် လွတ်လိုလွတ်ငြား တွေ့ရသော ညောင်ပင်ကို အမြီးဖြင့် ရစ်ပတ်၍ ဆွဲ၏၊ ဂဠုန်မင်းက အားကောင်းသဖြင့် ညောင်ပင်ပါကျွတ်၍ ပါလာသည်၊ ဂဠုန်မင်းသည် ထိုနဂါးကို လက်ပံပင်ကြီး၌ ရပ်နားပြီး ရင်ကိုခွဲကာ နဂါးဆီကိုစားသောက်ပြီး အကောင်ပုပ်ကို သမုဒ္ဒရာသို့ချလေသည်။

ထိုညောင်ပင်တွင် ပါလာသော ငှက်မတစ်ကောင်သည် ညောင်ပင်မှ ပျံထွက်ပြီး လက်ပံပင်ပေါ်သို့ လာနားလေသည်၊ ငှက်မငယ် လာနားသည်ကိုမြင်ရသော ရုက္ခစိုးနတ်သည် အလွန်တုန်လှုပ်ကြောက်ရွံ့စွာ ခံစားရသဖြင့် လက်ပံပင်ပါ အမြစ်အထိ တုန်လှုပ်လေသည်။

ထိုအခါ ဂဠုန်မင်းက-

"ရုက္ခစိုးနတ်. . . ငါသည် အလံတစ်ထောင်ရှိသော နဂါးကို သုတ်ယူလာခဲ့၏၊ သင်သည် နဂါးကိုလည်းကောင်း၊ ငါ့ကိုလည်းကောင်း တွေ့မြင်ရပြီး မတုန်လှုပ်ပါဘဲနှင့် ယခုအလွန်သေးငယ်သော ငှက်မလေးမြင်ပါမှ အဘယ်ကြောင့် ဤမျှတုန်လှုပ်ကြောက်နေရပါသနည်း"

ဟု မေးသည်။

"ဂဠုန်မင်း. . . သင်သည် အသားကိုစား၏၊ ဤငှက်မငယ်သည် အသီးကိုစား၏၊ ဤငှက်မငယ်သည် ပင်ညောင်စေ့၊

ညောင်ကြွတ်စေ့၊ ရေသဖန်စေ့၊ ညောင်ဗုဒ္ဓဟေပင်စေ့တို့ကိုစား၍ ငါ၏ လက်ပံပင်၌ မစင်ကိုစွန့်လတ့်၊ ထိုမှအစေ့တို့သည် အပင် ပေါက်၍ ထိုအပင်များသည် ငါ၏အပင်ကို ရောယှက်မြိုသဖြင့် ငါ့မှာ သစ်ပင်မရှိသည်ဖြစ်လတ့်၊ ငါသည် အနာဂတ် ငါ့ဘဝပျက်စီး သည့် အနာဂတ်ဘဝကိုမြင်၍ တုန်လှုပ်မိပါသည်"

"ရွံရှာအပ်သည်တို့ကို ရွံရှာရာ၏၊ လာလတ့်သော ဘေးကို စောင့်ရာ၏၊ ပညာရှိသည် လာလတ့်သောဘေးဖြင့် ပစ္စုပ္ပန်လောက တမလွန်လောကကို ရှု၏. . . "

ဟု ရုက္ခစိုးနတ်မင်းက ဆိုသည်။

ထိုအခါ ဂဠုန်မင်းသည် မိမိ၏ အာနုဘော်ဖြင့် ငှက်မကို ပြေးစေသည်။

*(သတ္တကနိပါတ်-ဂန္ဓာရဝဂ်-ကောဋသိမ္ဗလီဇာတ်)*

## ကြို့ပင်စောင့်ရုက္ခစိုးနတ်နှင့် ဝံတို့ ပဋိပက္ခနစ်ဦးနစ်ဝပျက်စီးရ

ဝံတစ်ကောင်သည် ကြို့ပင်အောက်၌ အိပ်နေသည်၊ လေ တိုက်ခတ်သဖြင့် သစ်ကိုင်းခြောက်တစ်ခုသည် ကျိုးကြပြီး ဝံ၏ ကျောထက်၌ ကျလေသည်။

ဝံသည် အတန်ငယ်နာကျင်၍ ကြောက်လန့်တကြား ပြေး သွားပြီးမှ ကြို့ပင်ကိုပြန်ကြည့်ရာ တစ်စုံတစ်ယောက်သော ရန်သူ ကိုမမြင်လေလျှင်. . .

"ကျား၊ ခြင်္သေ့၊ သစ် စသောရန်သူမဟုတ်ရာ၊ ဤကြို့ပင် စောင့်နတ်သည် ငါသူ သစ်ပင်အောက် အိပ်နေသည်ကိုမနာလို ယောင်တကား"

"ဟဲ့-သစ်ပင်စောင့်နတ်. . . ငါသည် သင်၏ သစ်ရွက်ကို မစား၊ အခက်ကိုလည်းမချိုး၊ သို့ပါလျက် သင်သည် ငါ့ကိုနှိပ်စက်ဘိ၏၊ နေလင့်ဦး၊ မကြာခင် နင်သစ်ပင်တို့ပျက်စီးစေအံ့"

ဟု အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့၍ သွားလေသည်။

လမ်းတွင် လှည်းရထားပြုလုပ်သော လက်သမားတစ်ယောက်နှင့်တွေ့၍ မေးမြန်းရာ လှည်းရထားကွပ်ရန် သစ်လာရှာကြောင်း ကြားသိရသော် ဝံသည် ငါ၏အလိုပြည့်တော့မည်ဟု အကြံရကာ. . .

"အဆွေ. . . ရထားကွပ်ပြုလုပ်ရန် ကြို့သားသည် အကောင်းဆုံး ဖြစ်သည်၊ ကြို့ပင်ကိုငါပြအံ့. . ."

ဟုဆိုကာ ယခင်က ကြို့ပင်ကိုပြလေသည်။

လက်သမားသည် ဝမ်းမြောက်ဝမ်းသာ ကြို့ပင်ကိုကပ်၍ ခုတ်လှဲမည်ပြုသော် ကြို့ပင်စောင့်နတ်သည် အကြောင်းအလုံးစုံကိုသိ၍-

"ဤဝံသည် အရာမဟုတ်သည်၌ ငါ့ကိုရန်ငြိုးဖွဲ့၏၊ သင့်ကိုလည်း ပျက်စီးစေအံ့. ."

ဟု ကြံစည်လျက် တောခရီးသွားယောက်ဆောင်ပြီး လက်သမားနားသို့ကပ်ကာ. . .

"အဆွေ. . . ဤကြို့ပင်ကို အဘယ်ကြောင့် ခုတ်လှဲလိုပါသလဲ. . ."

ဟုမေးသည်။

"အချင်း. . . လှည်းရထားအကွပ် ပြုလုပ်ရန် ခုတ်လှဲပါမည်"

"ကြို့သားကောင်းကြောင်း မည်သူကပြောပါသနည်း"

"ဝံတစ်ကောင်က ပြောပါသည်"

"ဝံပြောခြင်းက ကောင်းပါ၏၊ ကြို့သားသည် စင်စစ်ကောင်းလှ၏၊ သို့သော် ဝံရေကိုလေးသစ်ခန့်၊ လေးသစ်ခန့်၊ ရထားကွပ်၌ ပတ်ရစ်ရသည်ရှိသော် ပိုမိုခိုင်ခံ့လတ့်၊ လှည်းရထားအဖိုးအခလည်း ပိုမိုရလတ့်"

"အဆွေ. . . ဝံရေအဘယ်မှာရပါအံ့နည်း"

"သင့်အား ကြို့ပင်ကိုပြသော ဝံကို မည်သည့်နေရာမှ မည်သည့်အပင်ကို ခုတ်ဖြတ်ရမည်ကိုပြလှည့်ပါဟု လှည့်ဖြားခေါ်၍ ထိုဝံကိုသတ်ပြီးလျှင် အသားကိုစား၍ အရေကိုယူပါလေ"

"အံ့ဖွယ်ရှိပေစွတကား၊ ယနေ့အဖို့ ငါ့အား မင်္ဂလာကျက်သရေရှိသောနေ့ပေတည်း. . ."

ဟု ဆိုပြီးလျှင် ဝံကို လှည့်ပတ်ဖြားယောင်းခေါ်ပြီး သတ်သည်၊ ကြို့ပင်ကိုလည်း ဖြတ်လေသည်၊ ထို့နောက် ဝမ်းမြောက်စွာပြန်လေသည်။

ဤသို့လျှင် ဘာမဟုတ်သည်၌ ရန်ငြိုးဖွဲ့ဆောင်ရှက်ကြသဖြင့် ရုက္ခစိုးနတ် ဘုံဗိမာန်ပျောက်ရသလို ဝံသည်လည်း အသက်သေရလေသည်။

*(တေရသကနိပါတ–ဖန္ဒနဇာတ်)*

**ဓမ္မနတ်သားနှင့်အဓမ္မနတ်သား**

ဘုရားလောင်းသည် ကာမာဝစရနတ်ပြည်၌ ဓမ္မနတ်သားဖြစ်၍ ဒေဝဒတ်လောင်းသည် အဓမ္မနတ်သားဖြစ်၍ နေလေသည်။

ဓမ္မနတ်သားသည် နတ်ဝတ်တန်ဆာဝတ်ဆင်ပြီး နတ်ရထားကိုစီးလျက် ခြွေရံသင်းပင်းခြံရံကာ ညနေပိုင်း လူတို့ထမင်းစားပြီးသော အချိန်ဝယ် ရွာနိဂုံးဇနပုဒ် မင်းနေပြည်တော် စသည်တို့၏ ကောင်းကင်၌ရပ်လျက်-

"သတ္တဝါတို့ကို သတ်ခြင်းစသော အကုသိုလ်ဒုစရိုက်ကံဆယ်ပါးကို ရှောင်ကြဉ်ကြကုန်သော်၊ မိဘတို့ကို လုပ်ကျွေးကြကုန်သော်၊ သုစရိုက်တရားတို့ကို ကျင့်ကြကုန်သော်၊ ဤသို့ကျင့်သောသူသည် နတ်ပြည်သို့ ရောက်ရသည်၊ ကြီးစွာသောစည်းစိမ်ကို ခံစားရသည်. . ."

ဟု ဆုံးမဟောပြော၍ ဇမ္ဗူဒိပ်ကျွန်းကို လက်ျာရစ်၍သွားလေသည်။

အဓမ္မနတ်သားကမူ ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကိုပြုလုပ်ရန် ကြွေးကြော်လျက် လက်ဝဲရစ် လှည့်လည်သည်။

တစ်နေ့တွင် ထိုနတ်သားနှစ်ဦးတို့၏ ရထားသည် ကောင်းကင်၌ ဆုံမိကြလေသည်၊ ဓမ္မနတ်သားက အဓမ္မနတ်သားကို-

"အဓမ္မနတ်သား. . . ငါသည် လူတို့၏ ကောင်းကျိုးချမ်းသာကိုသာ ပြုသည်၊ ရဟန်းပုဏ္ဏားတို့အား [illegible] ပူဇော်သည်၊ ဓမ္မမည်သော [illegible] နတ် [illegible] ရှိသူဖြစ်၍ ဤခရီးကိုသွားခြင်းငှာ သင့်၏၊ [illegible]. . ."

ဟု ပြောပြသည်။

"ဓမ္မနတ်သား. . . [illegible] အစကပင် လောက၌ ကုသိုလ်ဓမ္မသည် ဦးစွာဖြစ်၏၊ [illegible] ကုသိုလ်တရားသည် နောက်မှ ဖြစ်ပေါ်လာသည်၊ ထို့ကြောင့် [illegible] ကြီးမြတ်၏၊ [illegible] သည် လမ်းဖယ်ပေးသင့်သည်"

"ဓမ္မနတ်သား. . . ငါသည် သင်တောင်းသော်လည်း မပေး၊ သင့်တင့်စွာ စကားဆိုလည်းမပေး၊ ယခု တို့နှစ်ယောက် စစ်ထိုးခြင်းသည် အကောင်းဆုံးဖြစ်သည်၊ အောင်သူအတွက် ဤ လမ်းခရီးရပါစေ. . ."

"အဓမ္မနတ်သား. . . ငါသည် အရပ်ရှစ်မျက်နှာ၌ ပျံ့နှံ့ ထင်ရှားသည်၊ ကြီးသော ခွန်အားလည်းရှိ၏၊ အခြံအရံလည်းများ ၏၊ ငါနှင့်တူသောသူသည် ဤလောက၌မရှိ၊ ဤဂုဏ်အပေါင်းနှင့် ပြည့်စုံသောငါ့ကို သင်မည်ကဲ့သို့ အောင်နိုင်မည်နည်း"

"ဓမ္မနတ်သား. . . သံသည် ရွှေကိုဖြတ်နိုင်၏၊ ရွှေသည် သံကို မဖြတ်နိုင်၊ ယခု သံသည် ရွှေကိုဖြတ်နိုင်သကဲ့သို့ သင့်ကို ငါဖျက်ဆီးမည်"

"အဓမ္မနတ်သား. . . သင်သည် စစ်ထိုးလိုက သင့်တွင် ကြီးသောသူ၊ အရိုအသေပြုအပ်သော သူတို့သည်မရှိကုန်၊ သင့်ကို မချစ်သော်လည်း လမ်းကိုပေး၏၊ သင်၏ ကြမ်းကြုတ်ခက်ထန် သော စကားကိုလည်း ငါသည်းခံ၏"

ဓမ္မနတ်သား၏ စကားအဆုံးတွင် အဓမ္မနတ်သား၏ ရထားသည် မထိန်းနိုင်တော့ဘဲ ဦးခေါင်းဇောက်ထိုး မြေသို့ကျကာ အဝီစိငရဲသို့ ကျရောက်လေသည်။

*(ဧကာဒသကနိပါတ ဓမ္မဒေဝပုတ္တဇာတက)*

ဏ ဏ ဏ



မဟာသဒ္ဓမ္မဇောတိကဓဇ

# တက္ကသိုလ်သျှင်သီရိ

(ဓမ္မာစရိယ ဘီအေ)

လူသားပတ်ဝန်းကျင်ရှိ

# မြို့စိုး-ရွာစိုးနတ်များ